
# ဝဏ္ဏအောင်

အသွေးရာဇဝင်ချည်း

လုံ ဝ ချ င် ပ ဂ ဆို ။



စာမူကြိုတင်ပုံနှိပ်ခွင့်အမှတ် ၂၉၃/၉၁(၆)
မျက်နှာဖုံးကြိုတင်ပုံနှိပ်ခွင့်အမှတ် ၃၂၂/၉၁(၇)

ပထမအကြိမ်
၁၉၉၁ ခုနှစ် ဩဂုတ်လ၊
အုပ်ရေ (၅၀၀)
တန်ဖိုး ၃၉–ကျပ်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန် (မြဲ–၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
အမှတ် ၁၇၂၊ ၃၁–လမ်း၊ ရန်ကုန်မြို့၊

ထုတ်ဝေသူ ဦးသန်းအောင် (၀၂၁၉၂)
နေဝန်းသစ်စာပေ
အမှတ် ၆၊ ဂ လမ်း
ဗ-ဆ-ပ-လ ၊ ရန်ကုန်။

ပုံနှိပ်သူ ဦးပါကြီး (မြဲ–၀၁၉၅)
သန်းသစ်စပုံနှိပ်တိုက်၊
အမှတ် (၅၀၂)၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

# ဝတ္ထုတော်

## အန္တရာယ်များ

( သိုင်းဝဏ္ဏ၊ လုံးချင်း၊ ၈,ဆုံး )

## ဆုံးဖြတ်ချက်

နှင်းပွင့်များ အဆုပ်လိုက် အခုလိုက် ကျဆင်းနေသည်၊ အေးစိမ့်မှုသည် တဝီဝီမြည်ကာ တိုက်ခိုက်နေသည့် လေကိုပင် အေးခဲကျစ်လစ် သွားစေမည် ထင်ရ၏။

ဆောင်းကာလကား ငြိမ့်ငြိမ့်ဖွယ် ကောင်းလောက်အောင်ပင် ရှည်လျားလွန်းလှပေသည်။

ဤအရပ် ဒေသသည် တော်တောင် ထူထပ် ပေါများလေရာ အခြားသော ရပ်ရွာများထက် ပိုကဲသော အအေးဒဏ် ခံစားရလေ၏။

အရပ်လေးမျက်နှာဝယ် ဘယ်ဆီကို ကြည့်ကြည့် အဖြူရောင် နှင်း ပင်လယ်ကြီး အဖြစ်သာ တွေ့ရမည် ဖြစ်ပေသည်။

တောများ၊ တောင်များ၊ ကွင်းပြင်များ၊ ချိုင့်ဝှမ်းများ အားလုံးလိုလို နှင်းများ ဖုံးနေသည်။

ထို့ကြောင့် တောအုပ်ကလေး ရှေ့မှ သစ်လုံးအိမ်ကလေးကို သတိပြု၍ မကြည့်ပါက တွေ့ရမည် မဟုတ်ပါ။

အိမ်ကလေးရှေ့ဝယ် မြင်းလှည်းသုံးစီး ရပ်ထားသည်ကိုလည်း မဟုတ်ပါချေ။

ဤနေရာသို့ ရောက်လာ နိုင်အောင် မြင်းလှည်း သုံးစီးသည် အန္တရာယ်ကြားမှ ဖြတ်သန်း လာခဲ့ရပေလိမ့်မည်။

ရာသီဥတုဆိုးပြီး လမ်းပန်းဆက်သွယ်ရေး ခရီး ခက်ခဲလှ ချိန်ဝယ် အမဲလိုက်ရာသီ၌ မုဆိုးများ အပန်းဖြေ အနားယူရန် ဆောက်လုပ် ထားသည့် သစ်လုံးအိမ်ကလေးသို့ ရောက်လာကြသူများသည် မည်သို့သော လူစားများ ဖြစ်ကြပါသနည်း။

အဘယ် သို့သော အကြောင်း ကိစ္စဖြင့် ဤနေရာသို့ ရောက်ရှိ လာခဲ့ကြပါသနည်း။

မြင်းလှည်းသုံးစီးကို သေသေချာချာ ကြည့်မည်ဆိုပါက ကျွန်းသားဖြင့်ပြုလုပ်ကာ ကနုတ်ပန်းများဖြင့် တန်ဆာဆင်ထားသည့် အဖိုးတန် ဘီးရှိလှည်းများ ဖြစ်ကြောင်း တွေ့ရပေမည်။

ချမ်းသာ ကြွယ်ဝသူ များသာ စီးနိုင်သည့် မြင်းလှည်းအမျိုးအစားများ ဖြစ်ကြပေသည်။

ထို့ကြောင့် သစ်လုံးအိမ်ကလေးရှေ့၌ မြင်းလှည်းသုံးစီး ရောက်နေသည်ကို တွေ့ရပါက တွေ့သူတိုင်း အံ့ဩသွားကြမည်သာ။



အဘယ့်ကြောင့် ရောက်ရှိလာသည်ကို စုံစမ်း လိုစိတ်များ ဖြစ်ပေါ်လာကြမည်မှာ မလွဲတည်း။

သို့သော်...တကယ်တမ်းတွင် စပ်စပ်စုစု လုပ်မည့်သူ တစ်ယောက် တစ်လေမျှ ရောက်မလာကြပါချေ။

အကြောင်းမှာ သစ်လုံးအိမ်ကလေး ရှေ့သို့ မြင်းလှည်းသုံးစီး ရောက်ရှိလာသည်ကို တွေ့မြင်သူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

* * *

အိမ်ကလေးအတွင်းဝယ် မီးလင်းဖို တစ်ခု ရှိနေသည်။ မီးလင်းဖိုဝယ် ထင်းများထည့်ကာ မီးမွှေးထားလိုက်ပြီ ဖြစ်သည်။

မီးရောင် ရသလို နွေးထွေးမှုလည်း ဖြစ်ပေါ် လာစေသည်။

မီးလင်းဖိုရှေ့ဝယ် စားပွဲတစ်လုံး ရှိနေသည်။ စားပွဲပေါ်ဝယ် အရက်ဘစ်အိုးနှင့် ခွက်သုံးခွက် ချထားသည်။

စားပွဲအားဝယ် လူ သုံးယောက် ဝိုင်းဖွဲ့ ထိုင်နေကြလေသည်။ လူသုံးယောက် ဝိုင်းဖွဲ့ ထိုင်နေ ကြလေသည်။ ထိုလူသုံးယောက်မှာ အသက်လေးဆယ် ပတ်ဝန်းကျင်တွင် ရှိကြသူများ ဖြစ်သည်။

သူတို့သည် အဖိုး ထိုက်တန်သော အဝတ်အစားများ ဝတ်ဆင်ထားကြ၏။ အစိမ်းရောင် ဝတ်ဆင် ထားသူ၏ ဝဲဘက် လက်သူကြွယ်တွင် စိန်လက်စွပ်တစ်ကွင်းနှင့် ရွှေလက်စွပ် တစ်ကွင်း နှစ်ကွင်းကို ထပ်လျက် စွပ်ထားသည်။

ထိုလူက ဝဲဘက်လက်ဖြင့် မျက်နှာကို ပွတ်သပ် လိုက်၏။ ပြီးလျှင် ကျန်လူနှစ်ယောက်ကို ဝေ့ကြည့်ကာ တိတ်ဆိတ်မှုကို စတင် ဖြိုခွဲလိုက်လေသည်။

'ယန်ဝှက် သေသွားပြီ၊ ညာဘီလူး ဂိုဏ်းလဲ ပျက်စီးသွားပြီ'

သူ၏ အသံသည် ကြည်လင် ပြတ်သားစွာ ထွက်ပေါ်လာသည်။

ကျန်လူနှစ်ယောက်အနက် လှုပ်လှုပ် ရှားရှား ဖြစ်သွားကြလေသည်။

ထိုလူနှစ်ယောက်အနက် အဖြူရောင် ဝတ်ဆင်ထားသူက

'သူ့အတွက် ကျုပ်တို့ တစ်ခုခု လုပ်မှ ဖြစ်မယ်'

စကားပြောလိုက်သော အခါ သူ၏ ရွှေသွားနှစ်ချောင်းမှာ မွေးရာပါ သွားများ မဟုတ်ဘဲ ရွှေသွား များဖြင့် အစားထိုးထားကြောင်း ပေါ်လွင်လာသည်။

သူ၏ လေသံတွင် စိတ်လှုပ်ရှားမှု အပြည့်အဝ ပါရှိနေ၏။ ကျန်ရှိ နေသေးသည့် အနက်ရောင် ဝတ်ဆင်ထားသူက ရွှေ၌ ရှိနေသည့် အရက်ခွက်ကို ကိုင်ကာ တစ်ရှိန်ထိုး မော့သောက် လိုက်သည်။

ပြီးလျှင် အရက်ခွက်ကို စားပွဲပေါ် ဆောင့်ချလိုက်ပြီး....



'ကျုပ်တို့ သွေးစည်း ညီညွတ်မှု ရှိတယ် ဆိုတာ ပြသဖို့ အချိန်ရောက်ပြီဗျ'

ဟု ဒေါသတကြီး ပြောလေသည်။

အရက်ခွက်ကိုင်ထားသည့် သူ၏ ယာဘက်လက်မှလက်ဆုံးနှင့် လက်ခလယ်မှ လက်ဆစ်ကလေးများ ပြတ်နေပြီး တုံးတိတိ ရှိနေပါ၏။

အစိမ်းရောင်ဝတ်ဆင်ထားသူ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ တို့က ယန်ဝှက်နဲ့ တစ်စည်း တစ်လုံးတည်း ရှိတယ်ဆိုတာ သက်သေပြရလိမ့်မယ်၊ ဒါမှ မဟုတ်ရင်တော့ ကျန်တဲ့ အဆက်အသွယ်တွေက တို့အပေါ် ယုံကြည်မှု ကင်းမဲ့သွားမှာပဲ'

အဖြူရောင် ဝတ်ဆင်ထားသူက

'ကျုပ်တို့ ဘာလုပ်ကြမလဲ၊ ယန်ဝှက်နဲ့ ညာဘီလူး ဂိုဏ်းကို ဖျက်ဆီးပစ်လိုက်တဲ့ လူကို လက်တုံ့ပြန်ကြမှာလား'

အနက်ရောင်ဝတ်ဆင်ထားသူက ခပ်သွက်သွက် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ၊ ယန်ဝှက်ကို ဖို့မမိတဲ့အတွက် တူညီတဲ့ အပြစ်ဒဏ် ခံစားရလိမ့်မယ်၊ တစ်ယောက်မှ အသက်ရှင်နေနိုင်ကြမှာ မဟုတ်ဘူး'

သူ၏ စကားသံဝယ် ရန်လိုသည့် အရိပ်အယောင်များ အထင်းသား ပေါ်လွင်နေ၏။

အစိမ်းရောင် ဝတ်ဆင် ထားသူကလည်း ထိုစကားကို ထောက်ခံသည့်အလား ဦးခေါင်းကဆတ်ဆတ်ညိတ်နေသည်။

အဖြူရောင် ဝတ်ဆင်ထားသူ ပင့်သက် ရှိုက်လိုက်လေသည်။

'ကျုပ်တို့ သေသေချာချာ စဉ်းစားပြီးမှ လုပ်ကြရင်ကောင်းမယ်၊ ယန့်ဝှက်ဟာ ခေတ္တလူ မဟုတ်ဘူး၊ သူ့ကိုရှင်းပစ်လိုက်တဲ့လူဟာ ဘယ်လို လူစားမျိုးဆိုတာ နားလည်ထားကြဖို့ကောင်းတယ်'

စဉ်းစားချင့်ချိန်သော လေသံဖြင့် ပြောသည်။

အနက်ရောင် ဝတ်ဆင်ထားသူနှင့် အစိမ်းရောင် ဝတ်ဆင်ထားသူက သူ့အား စိုက်ကြည့်လိုက်ကြလေသည်။

အဖြူရောင် ဝတ်ဆင်ထားသူသည် သူ့၏ စကား မမှားဟူသော ယုံကြည်မှုဖြင့် ခပ်တည်တည်ပင် နေလိုက်သည်။

အစိမ်းရောင် ဝတ်ဆင်ထားသူ၏ စကားသံ ထွက်ပေါ်လာလေသည်။

'ယန့်ဝှက်ကို သတ်ပစ်လိုက်တဲ့လူဟာလိုရန်မြို့က စန်းကျင်းဖြစ်တယ်ဆိုတာ တိတိကျကျ သတင်းရထားတယ်'

'စန်းကျင်းတစ်ယောက်ထဲ မဟုတ်ပါဘူး၊ သိုင်းလောကမဟာမိတ် အဖွဲ့က သိုင်းသမားတွေလဲပါတာပေါ့၊ ဒါကြောင့်သာ သူတို့က ညဘီလူးဂိုဏ်းကို ဖျက်ဆီး ပစ်နိုင်ကြတာလူဒုလူဝေးနဲ့ ဝိုင်းတိုက်ကြလို့ပေါ့၊ နို့မဟုတ်ရင် ယန့်ဝှက်နဲ့ညဘီလူးဂိုဏ်းကို ထိပါးလို့ ဘယ်လွယ်မလဲ'

အဖြူရောင် ဝတ်ဆင်ထားသူ ပြုံးလိုက်သည်။

သူတို့မိတ်ဆွေနှစ်ယောက်သည် ယန့်ဝှက်အတွက် ခံပြင်းသော စကားများ ဆိုနေကြ၏။



တစ်ဘက်ရန်သူ၏ စွမ်းပကားကို အထင်အမြင် သေးကြသလိုလျှော့တွက်ထားမှန်းလည်း ထင်ရှား၏။

ထို့ကြောင့်

'ယန့်ဝှက်နဲ့ စန်းကျင်းတို့ တစ်ယောက်ချင်း ရင်ထိုင်ခဲ့ကြတာပဲ၊ သိုင်းကွက် သုံးကွက်အတွင်းမှာ ယန့်ဝှက် လဲကျသွားခဲ့တယ်လို့ မျက်မြင်တွေ့ခဲ့သူတွေ ပြောကြတယ်၊ စန်းကျင်းဟာ သိုင်းလောကရဲ့ ထိပ်သီး အကျော်အမော် စာရင်းမှာ အမှတ်စဉ် ခုနစ် အဆင့်ရှိတဲ့ လူဆိုတာ လျှင်လျှို့ထားလို့ဖြစ်ဘူး'

ယခုတစ်ကြိမ် အစိမ်းရောင် ဝတ်ဆင်ထားသူနှင့် အနက်ရောင် ဝတ်ဆင်ထားကြသူတို့ ငြိမ်နေကြ၏။

ချက်ချင်း တုံ့ပြန်ခြင်း မပြုကြချေ။

သိုင်းလောက အကျော်အမော် စာရင်းဝင် အမှတ်စဉ်ခုနစ်အဆင့် ရှိသူ၏ သိုင်းပညာသည် ထိတ်လန့်ဖွယ်ကောင်းအောင် ထက်မြက်မှု ရှိနေသည်မှာ ထင်ရှားလှသည်။

ညဘီလူးဂိုဏ်းသည် သိုင်းလောက၌ ထင်တိုင်၊ ကျနေခဲ့သည့် အနက်ရောင် သိုင်းအဖွဲ့တစ်ခု ဖြစ်သည်။

ထို့ကြောင့် အဖြူရောင် သိုင်းလောကသား များ၏စုပေါင်းဖြိုခွဲမှု ခံလိုက်ရခြင်း ဖြစ်သည်။

ညဘီလူး ဂိုဏ်းချုပ် ယန့်ဝှက်မှာ ဓားသမား စန်းကျင်းလက်ချက်ဖြင့် သေဆုံးခဲ့ရပေသည်။

ယန်ဝှက်အတွက် လက်တုံ့ပြန်ကြမည်ဆိုလျှင် မိုးကိုဒူးနှင့်တိုက်သလို ရှိပေလိမ့်မည်။ အဖြူရောင် သိုင်းလောကတစ်ခုလုံးနှင့် ရင်ဆိုင်ရမည့် အရေးဖြစ်သည်။

ထိုသို့ မည့်သူ တွေးတောကြံစည်ဝံ့မည်နည်း။

အနက်ရောင် ဝတ်ဆင်ထားသူက

'စန်းကျင်းကြောင့် ကျုပ်တို့က ဒီအတိုင်းလက်ပိုက်ကြည့်နေကြရတော့မှာလား'

ဟု ခံပြင်းသော လေသံဖြင့် ပြောလေသည်။

အဖြူရောင် ဝတ်ဆင်ထားသူ လက်ကာပြလိုက်သည်။

'ကျုပ်က ဒီလို မဆိုလိုပါဘူး၊ ကျုပ်တို့ရဲ့ လှုပ်ရှားမှုကို လူသိမခံဘဲ ပိပိရိရိဆောင်ရွက်ဖို့ သေသေချာချာ အကွက်ချစီစဉ်ဖို့ ပြောတာပါ၊ ကျုပ်တို့ လက်တုံ့ပြန်ကြမယ် ဆိုရင် အန္တရာယ်မျှဉ်းပေါ် ရောက်နေပြီလို့ ဆိုရမှာပဲ၊ နည်းနည်းကလေး တိမ်းစောင်းသွားတာနဲ့ဒုက္ခရောက်မှာ သေချာတယ်'

အစိမ်းရောင် ဝတ်ဆင်ထားသူလည်း အခြေအနေကို နားလည် သဘောပေါက်ဟန်ဖြင့် အဖြူရောင်ဝတ်ဆင်ထားသူ၏ စကားကို ထောက်ခံလိုက်လေသည်။

'ဟုတ်တယ် သတိဝီရိယနဲ့လုပ်ဖို့တော့ အရေးကြီးတယ်၊ ကျုပ်တို့က ယန်ဝှက်အတွက် မခံမရပ်နိုင် ဖြစ်နေကြတယ်ဆိုတာ သိသွားရင် အားလုံး ကျုပ်တို့ဘက် မြားဦးလှည့်လာကြမှာပဲ'

'ဟာ ဒီလိုတော့ ဘယ်အဖြစ်ခံနိုင်မလဲဗျ'



အနက်ရောင် ဝတ်ဆင်ထားသူက ကျယ်လောင်စွာ ပြောလိုက်လေသည်။

သူတို့သည် ယန်ဝှက်အတွက် လက်တုံ့ပြန်လိုကြသည့်တိုင် သူတို့အပေါ် အန္တရာယ် ကျရောက်လာမည်ကိုလည်း စိုးရိမ်ပူပန်နေကြသည်။

အဖြူရောင် ဝတ်ဆင်ထားသူသည် ဆင်ခြင်မှု ပြည့်ဝစွာ ပြောနိုင်သဖြင့် စကားဝိုင်း၌ ဦးဆောင်သူပမာ ဖြစ်လာသည်။

ထိုလူကလည်း ကြည်လင်သော မျက်နှာထားဖြင့်....

'ယန်ဝှက်အတွက် ကျုပ်တို့ကိုယ်တိုင် ရှေ့ထွက်လို့မဖြစ်ဘူး၊ ကျုပ်တို့ကိုယ်စား ရှေ့ထွက်ပေးမယ့် လူတစ်ယောက်တော့ ရှာရလိမ့်မယ်၊ သူက ယန်ဝှက်အတွက် စန်းကျင်းကို ရှင်းပစ်လိုက်တယ်လို့ သိုင်းလောကသားတွေ သိသွားကြရင် ကျုပ်တို့အစီအစဉ် အောင်မြင်ပြီလို့ ဆိုနိုင်တယ်'

ယခုတစ်ကြိမ် အစိမ်းရောင် ဝတ် ဆင် ထားသူသာမက အနက်ရောင် ဝတ်ဆင်ထားသူကလည်း ထောက်ခံလိုက်လေသည်။

'ဟုတ်တယ်....ဟုတ်တယ်'

'ဒီအကြံ ကောင်းတယ်'

အဖြူရောင် ဝတ်ဆင်ထားသူက အားရပါးရ ပြုံးလိုက်သည်။

သူ၏ မိတ်ဆွေနှစ်ယောက်ကို ဝေ့ကြည့်ပြီးမှ ဆက်ပြောသည်။

'စန်းကျင်း မခေဘူးဆိုတာ ကျုပ်တို့အားလုံး သိကြတာပဲ၊ ဒါကြောင့် သူ့ကိုရှင်းပစ်နိုင်ဖို့ လူရွေးမှန်မှ ဖြစ်မယ်၊ ခင်ဗျားကို ဘယ်သူ့ကိုရွေးကြမသဲ'

အနက်ရောင် ဝတ်ဆင်ထားသူနှင့် အစိမ်းရောင် ဝတ်ဆင်ထားသူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ပြီးလျှင် အဖြူရောင် ဝတ်ဆင်ထားသူဘက် လှည့်လိုက်ကြ၏။ အဖြူရောင် ဝတ်ဆင်ထားသူ၏အကြံကို စောင့်ခံလိုက်ကြသည့်သဘော ဖြစ်လေသည်။

အဖြူရောင် ဝတ်ဆင်ထားသူက....

'ကျုပ်သဘောထားကို သိချင်နေတာလားဗျ'

ဟု မေးလိုက်၏။

ကျန် နှစ်ယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်ကြ၏။

အဖြူရောင် ဝတ်ဆင်ထားသူက....

'ကျုပ်သဘော ပြောရမယ်ဆိုရင် အမာရှတ်ကို ရွေးမယ်'

ဟု ပြောလိုက်သည်။

အမာရှတ်, ဟူသည့် အမည်ကြားလျှင် အနက်ရောင် ဝတ်ထားသူနှင့် အစိမ်းရောင် ဝတ်ထားသူတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

အစိမ်းရောင် ဝတ်ဆင်ထားသူက....

'ဟာ....ဒီအမာရှတ်ဆိုတဲ့လူက အစောင့်ကို ကြောက်စရာကောင်းတဲ့လူဗျ'

ဟု ပြောလိုက်သည်။



အနက်ရောင် ဝတ်ဆင်ထားသူကလည်း....

'ဟုတ်တယ်၊ လူဆိုးလူကောင်း ဘာမှနားလည်တာ မဟုတ်မဟုတ်ဘူး၊ ထင်ရာစွတ်လုပ်တဲ့လူ၊ သူ့ကို အမိန့်ပေးလို့လဲမရဘူး၊ စောင်းပန်လို့လဲ မရဘူး၊ ဘော်တော်ခွကျတဲ့လူဗျ'

အဖြူရောင် ဝတ်ဆင်ထားသူ ပြုံးလိုက်သည်။

'ဒီလိုလူစားမျိုးပဲ စန်းကျင်းကို ယှဉ် နိုင် တော့ မပေါ့၊ အမာရှတ်လောက် ကြောက်စရာကောင်းတဲ့ ကြေးစား သိုင်းလောကမှာ မရှိဘူးလို့ လူတိုင်းက ပြောနေကြတယ်မဟုတ်လား'

အစိမ်းရောင် ဝတ်ဆင်ထားသူက—

'သူက ဈေးလဲကြီးတယ်'

'ဈေးကြီးပေမယ့် လက်ခံတဲ့အလုပ်တိုင်းကို ဖြစ်မြောက်အောင် လုပ်နိုင်တာ သူတစ်ယောက်ပဲရှိတယ်'

'သူ့အတွက်ပေးရမယ့်ငွေက....'

'ကျုပ်တို့ရဲ့ စုပေါင်းငွေထဲက ပေးကြတာပေါ့'

အနက်ရောင် ဝတ်ဆင်ထားသူနှင့် အစိမ်းရောင်ဝတ်ဆင်ထားသူတို့သည် ဘာမှ ဆက်မပြောနိုင်အောင် ဖြစ်သွားကြလေသည်။

အဖြူရောင် ဝတ်ဆင်ထားသူသည် ယန့်ဝှက်အတွက် လက်တုံ့ပြန်ရန် ကြိုတင် စဉ်းစားလာခဲ့ဟန် ရှိလေသည်။

အစိမ်းရောင် ဝတ်ဆင်ထားသူက....

'ဒီကိစ္စကို ဘယ်သူ တာဝန်ယူသလဲ'

ဟု မေးလိုက်၏။

အနက်ရောင် ဝတ်ဆင်ထားသူက အဖြူရောင် ဝတ်ဆင်ထားသူအား ညွှန်ပြလိုက်ပြီးလျှင်....

'သူပေးတဲ့ အကြံအစည်မို့ သူပဲ တာဝန်ယူပါစေပေါ့ဗျာ....'

အဖြူရောင် ဝတ်ဆင်ထားသူက....

'ဟုတ်ပါတယ်၊ ကျုပ်ပဲ တာဝန်ယူပါ့မယ်'

ဟု ပြောလိုက်၏။

သူ့စကားဆုံးလျှင် ထိုင်ရာမှ ထလိုက်သည်။

အစိမ်းရောင် ဝတ်ဆင်ထားသူနှင့် အနက်ရောင် ဝတ်ဆင်ထားသူတို့ကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

'ကျုပ်ကို တစ်လအချိန်ပေးပါ၊ တစ်လအတွင်း အမာရွတ်ကို တွေ့အောင်ရှာပြီး အလုပ်အပ်နိုင်အောင် ကြိုးစားမယ်၊ အမာရွတ်က လက်ခံလိုက်ပြီ ဆိုမှတော့ စန်းကျင်း အတွက်ဘာမှ မပူပါနဲ့တော့'

ဟု ပြောလိုက်လေသည်။

အနက်ရောင် ဝတ်ဆင်ထားသူနှင့် အစိမ်းရောင် ဝတ်ဆင်ထားသူတို့ သဘောကျစွာ ပြုံးလိုက်ကြသည်။

သူတို့သည် ယန်ဝှက်အား ချစ်မြတ်နိုးလွန်း၍ တုံ့ပြန်ရန် စီစဉ်နေကြခြင်း မဟုတ်ကြောင်း ရင်ထဲမှ နားလည်ထားကြသည်။

ဤသို့ဆိုလျှင် အန္တရာယ်များလှသည့် လုပ်ငန်းကို လုပ်ကိုင်ရန် အဘယ့်ကြောင့် စိုင်းပြင်းနေကြပါသနည်း။]



လက်စွပ်နှစ်ထပ် စွပ်ထားသည့် အစိမ်းရောင် ဝတ်ဆင်ထားသူ....

လက်ချောင်းကလေး နှစ်ချောင်းမှာ လက်ဆစ်ကလေးများ ပြတ်နေသည့် အနက်ရောင် ဝတ်ဆင်ထားသူ....

ရွှေသွားရှိသည့် အဖြူရောင် ဝတ်ဆင်ထားသူတို့သည်....

သစ်လုံးအိမ်ကလေးသို့ လျှို့ဝှက်စွာ ရောက်ရှိလာခဲ့ကြသလို လျှို့လျှို့ဝှက်ဝှက် ပြန်လည် ထွက်ခွာသွားခဲ့ကြလေတော့သည်။

* * *

## အမာရွတ်

'ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။

တာအင်းရွာကလေးသို့ မြင်းတစ်ကောင် ဒုန်းစိုင်း ဝင်ရောက်လာလေသည်။

မြင်းစီးသမားမှာ အသက် နှစ်ဆယ်ကျော်ခန့်သာ ရှိသေးသည့် လုလင်တစ်ယောက် ဖြစ်လေသည်။

အပြာရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး လက်မောင်းတွင် အဖြူရောင် ပိုးပဝါ တစ်ထည် စည်းနှောင်ထား၏။

ကျောပေါ်ဝယ် ဓားတစ်လက် ပိုးထားသည်။

တည်ကြည် ခန့်ညားသော ရုပ်သွင်နှင့် နုနယ်ပျိုမျစ်သည့် လူငယ်ကလေးဖြစ်ကြောင်း အထင်းသား ပေါ်လွင်နေပါသည်။

တာအင်းရွာသည် နံနက် မိုးစင်စင် လင်းလာသည်နှင့် သက်ဝင် လှုပ်ရှားလာခဲ့ပြီ ဖြစ်သည်။

နံနက်ခင်း နေခြည်နုနုအောက်ဝယ် လယ်ယာလုပ်ငန်းခွင် ဝင်ရန် သွားကြသူများ၊ ဈေးသည်များ၊ လမ်းသွား လမ်းလာများဖြင့် ရွာလယ်လမ်းတစ်လျှောက် စည်ကားနေ၏။

အိမ်ခြေ ငါးရာကျော် ရှိသည်ဖြစ်ရာ တောမြို့ကလေး တစ်မြို့နှင့်မခြား စည်ကားသိုက်မြိုက် နေပေတော့သည်။

မြင်းစီးလုလင်သည် လူစည်ကားသော ရွာလယ်လမ်းသို့ ရောက်လျှင် မြင်းကို အရှိန်လျှော့ချလိုက်သည်။

ထို့နောက် ရွာအလယ်ပိုင်းသို့ ဦးတည်ကာ မောင်းနှင် သွားကြလေသည်။

ရွာလယ်ပိုင်းဝယ် ဈေးဆိုင်များ၊ စားသောက်ဆိုင်များ အစီအရီ ရှိနေသည်ကို တွေ့မြင်ရသည်။

မြင်းစီးလုလင်က မျက်လုံးတစ်ချက် ကစားလိုက်သည်။

ဈေးဆိုင်များအနက်....

'တာအင်း စားသောက်ဆိုင်'

ဟု ဆိုင်းဘုတ် ချိတ်ဆွဲထားသည့် စားသောက်ဆိုင် တစ်ဆိုင်ကို တွေ့မြင်သွားလေသည်။ မြင်းစီးလုလင် သဘောကျစွာ ပြုံးလိုက်သည်။



ထို့နောက် တာအင်းစားသောက်ဆိုင်ဆီသို့ ဦးတည်ကာ မြင်းမောင်းနှင်သွားလေသည်။

တစ်ခဏအတွင်းပင် စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိသွားသည်။ မြင်းစီးလုလင်က မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။

ဆိုင်လုလင်များ ပျာပျာသလဲ ကြိုဆိုလိုက်ကြ၏။

'ဆရာလေး ဘာများ သုံးဆောင်မလဲ၊ အမိန့်ရှိပါခင်ဗျာ'

လူရွယ်လေး ဆိုင်ထဲ ဝေ့ကြည့်လိုက်သည်။ ဆိုင်ထဲ လူရှင်းနေ၏။

လူရွယ်ထံ အနီးသို့ ချဉ်းကပ်လာသည့် ဆိုင်လုလင်ဘက် ပြန်လှည့်ကြည့်လိုက်ပြီး....

'ကျုပ်က ကျားတစ်ကောင်ရဲ့ အသားဟင်း လိုချင်တယ်၊ ရိုးရိုးကျား မဟုတ်ဘူးနော်၊ ဒဏ်ရာရဖူးပြီး တော်တော်ဆိုးတော်တော် သောင်းကျန်းတဲ့ ကျား ဖြစ်ရမယ်'

ဆိုင်လုလင် မျက်လုံးပြူးသွား၏။

လူရွယ်က....

'ခင်ဗျားတို့ ဆိုင်မှာ ရနိုင်တယ်ဆိုတာ ကျုပ် သေသေချာချာ သိတယ်'

ဟု တိကျပြတ်သားသော လေသံဖြင့် ပြောလေသည်။

ဆိုင်လုလင်သည် ဆိုင်အနောက်ဘက်သို့ဝင်သည့် အပေါက်ဘက်သို့ တစ်ချက် လှမ်းကြည့်လိုက်သည်။

ပြီးလျှင် လူရွယ်အား မလုံမလဲ ကြည့်ရင်း....

'ဆရာလေး မှားနေပြီ ထင်ပါတယ်၊ ကျွန်တော်တို့ ဆိုင်မှာ ကျားသား မရောင်းပါဘူးခင်ဗျာ'

ဟု ပြောလေသည်။

လူရှယ် ပြုံးလိုက်သည်။

'ကျုပ် မမှားပါဘူး၊ အထူးဧည့်သည်တွေ့အတွက် ရောင်းပေးတယ်ဆိုတာ ကျုပ်သိပါတယ်'

ဆိုင်လုလင်၏ မျက်နှာထား ပြောင်းလဲသွားလေသည်။

လူရှယ်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....

'ဆရာလေးက အထူး ဧည့်သည်လားဗျာ'

'သိပ်သေချာတာပေါ့၊ တောင်ပိုင်းက ပဝါနီ မိုက္ကမ်းယုဟာ အထူးဧည့်သည်တော် တစ်ယောက်ပဲ ဖြစ်ရမှာပေါ့ဗျာ'

ဆိုင်လုလင်၏ မျက်နှာပေါ်တွင် ရှိသေ လေးစားသည့် အရိပ်အရောင်များ ထွက်ပေါ်လာလေသည်။

ချက်ချင်း ဦးညွှတ်လိုက်ပြီး....

'မှန်ပါတယ် ခင်ဗျာ၊ ဆိုင်ရှင်ဟာ အထူးဧည့်သည် သုံးယောက်ကို ဧည့်ခံဖို့ ကျားသားအဆင်သင့် ပြင်ထားပါတယ်၊ ကျွန်တော့်နောက်ကို လိုက်ခဲ့ပါ ခင်ဗျာ'

စကားဆုံးလျှင် ရှေ့မှ လမ်းပြ ခေါ်ဆောင်သွားလေသည်။

လူရှယ်(ဝါ)ပဝါနီ မိုက္ကမ်းယုဆိုသူက နောက်မှလိုက်သွားလေသည်။

ဆိုင်လုလင်သည် ဆိုင်အနောက်ဘက်သို့ ကူးသည့် တံခါးပေါက်ကို ဖြတ်ကျော်ဝင်ရောက်သွားခြင်း ဖြစ်၏။

မကြာပါချေ။ ဆိုင်လုလင် ပြန်ထွက်လာသည်။



မိုက္ကမ်းယုဆိုသည့် လူရှယ်ကား ပါမလာတော့ချေ။

ဆိုင်လုလင်သည် ဆိုင်ရှေ့သို့ ထွက်ကာ နောက်ထပ်ရောက်လာသည့် ဧည့်သည်များကို ကြိုဆိုလေသည်။

မိုက္ကမ်းယုကဲ့သို့ ကျားသား စားချင်သည့် နောက်ထပ် ဧည့်သည်နှစ်ယောက် ရောက်လာကြသည်။

သံမဏိသက်သီး ထိချီဆိုသူနှင့် နဂါးခေါင်း လုံကျန့်ဆိုသူတို့ ဖြစ်ကြလေသည်။

ဆိုင်လုလင်က သူတို့နှစ်ယောက်ကိုလည်း မိုက္ကမ်းယုအား ခေါ်သွားသကဲ့သို့ပင် ဆိုင်အနောက်ဘက်သို့ ခေါ်သွား၏။

ပြီးလျှင် ဆိုင်လုလင်ရှေ့သို့ ထွက်ကာ ဧည့်သည်များကို ကြိုဆိုပြန်သည်။ စားသောက်မည့်သူများ တဖွဲဖွဲ ရောက်လာသည်။

သို့သော် ကျားသားစားမည့် ဧည့်သည် ရောက်မလာကြချေ။

ကျားသားစားရန် ရောက်လာသည့် ဧည့်သည်သုံးယောက်မှာ သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့် လူငယ် သိုင်းသမား သုံးယောက် ဖြစ်သည်ကို ဆိုင်လုလင် မသိပါ။

ဆိုင်လုလင်သာမက တာအင်း တစ်ရွာလုံးလည်း မသိကြပါ။

ထို့ကြောင့် တာအင်းရွာတွင် သိုင်းလောက တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားစေသည့် ကိစ္စတစ်ခု ပေါ်ပေါက်လာတော့မည်ကို မည်သူမျှ မရိပ်မိခဲ့ကြတော့ချေ။

စားသောက်ဆိုင်ကလေးသည် ထုံးစံအတိုင်း လူစည်ကားနေ၏။

ရှာလမ်းတစ်လျှောက် လူအများ ဥဒဟို သွားလာကြလေတော့သည်။

* * *

ကျူးဖုန်း....

ကျူးဖုန်းမှာ လူဝကြီး တစ်ယောက် ဖြစ်သည်။

တာအင်း စားသောက်ဆိုင် မဖွင့်ခင် လူ့ဗလံ ကလေးတစ်ယောက် ဖြစ်ပြီး တာအင်း စားသောက်ဆိုင်ကို ဖွင့်ပြီးနောက်ပိုင်းမှ အသက်အရွယ်နှင့် မလိုက်အောင် ဝဖိုင့်လာသည်ဟု အများက ဆိုကြ၏။

မည်သို့ဆိုစေ ကျူးဖုန်းသည် လူဝကြီးတစ်ယောက် ဖြစ်သည်ကတော့ အမှန်ပင်။

ယခု...

ကျူးဖုန်းသည် အသားဟင်းတစ်တုံးကို ပလုပ်ပလောင်းဝါးစားနေသည်။ လက်ထဲ၌ အရက်ခွက်တစ်ခွက် ကိုင်ထားသည်။

အစားအသောက်ထက်ပို၍ ဘာကိုမျှ အရေးမစိုက်သည့်အသွင် ရှိ၏။ သို့သော် သူ၏ မျက်လုံးများသည် ဝိုင်းဖွဲ့ ထိုင်နေသည့် လူရွယ်သုံးယောက်ကို စူးစိုက်ကြည့်နေ၏။



သူ၏ ရှေ့၌ ထိုင်နေသူ သုံးယောက်မှာ မိုကွမ်းယု၊ထိချိနှင့် လုံကျန့်တို့ ဖြစ်လေသည်။

သူတို့ သုံးယောက်စလုံး အသက် နှစ်ဆယ်ကျော်ခန့်သာရှိသော လူငယ် လူရွယ်များ ဖြစ်ကြလေသည်။

ရဲရင့်တည်ကြည်ပြီး လူငယ်ပီပီ ဖျတ်ဖျတ်လတ်လတ် ရှိကြသည်။

သူတို့သုံးယောက်၏ အမည် သိုင်းလောက၌ ထွက်ပေါ်လာသည်မှာ ကြာမြင့်လှသေးသည်တော့ မဟုတ်သေးပါ။

သို့သော် သိုင်းလောကသားတိုင်းက သူတို့၏ အမည်ကို ကြားဖူးထားကြပေသည်။

သူတို့ သုံးယောက်သည် တစ်နှစ် အတွင်း လျှမ်းလျှမ်းတောက် ကျော်ကြားလာကြသည်ဟု ဆိုရပေမည်။

တစ်နှစ်အတွင်း သိုင်းလောကဝယ် ထင်တိုင်းကျဲနေသည့် အနက်ရောင် သိုင်းထိပ်သီး ဆယ်ယောက်မက အနိုင်ယူခဲ့ကြသည်။

ယခုလည်း သူတို့သည် အနက်ရောင် သိုင်းလောကမှ လူဆိုးကြီး တစ်ယောက်အား သုတ်သင် ရှင်းလင်းပစ်နိုင်ရန် ကြံစားနေကြပြီ မဟုတ်လား။

ကျူးဖုန်း စားသောက်နေသည်ကို ကြည့်ကာ စိတ်မရှည်နိုင်တော့သည့် သံမဏိလက်သီး ထိချိက....

'ကျုပ်တို့က ကျားတစ်ကောင်ကို ဖမ်းမယ်၊ ပြီးတော့.... ခင်ဗျားကို အဝကျွေးမယ်'

ဟု ပြောလိုက်လေသည်။

ထိုချိန်၊ မိုက္ကမ်းယုနှင့် လုံကျန့် တို့သည် တစ်ကိုယ်တော် လှုပ်ရှားနေကြသူများ ဖြစ်ကြပေသည်။

သူတို့သုံးယောက် ယခုပို မျက်နှာချင်းဆိုင် စုံစုံလင်လင် ရှိနေခြင်းသည် ပထမဆုံး အကြိမ် ဖြစ်သည်။

သိုင်းလောက သားများသာ မြင်သွား လျှင် အကြီး အကျယ် အံ့သြသွားကြမည် ဖြစ်လေသည်။

သူတို့ သုံးယောက်သည် ရည်ရွယ်ချက် တစ်ခုဖြင့် ဤ ထာအင်းရှာလေးသို့ ရောက်လာကြခြင်း ဖြစ်သည်။

မမျှော်လင့်ဘဲ ရည်ရွယ်ချက်ခြင်း တူညီကာ ကျူးဖုန်း၏ ဆိုင်၌ လာ၍ ဆုံမိကြခြင်း ဖြစ်ပေသည်။

လူငယ်လူရွယ်များပီပီ တစ်ယောက်နှင့်တစ်ယောက်အစွမ်း အစ ပြိုင်လိုစိတ်များ ရှိနေကြသလို မိမိကိုယ်ကို ယုံကြည်မှု များလည်း ရှိနေကြသည်။

သုံးယောက်သား တွေ့ဆုံပြီးမှ ထိုသို့တွေ့ဆုံရလေအောင် ကျူးဖုန်းက စီစဉ်ခဲ့သည်ကို သိရ၏။

ကျူးဖုန်းသည် လူတို့အတွက် အထောက်အကူ ပြုမည့်သူ ဖြစ်နေရာ ပြစ်တင်စကား မဆိုနိုင်ကြတော့ချေ။

မည်သို့ဆိုစေ သုံးယောက်စလုံး၏ စိတ်ထဲဝယ် မိမိသတ္တိနှင့် အစွမ်းအစကို ဖော်ထုတ်ပြသလို စိတ်များ ရှိနေကြပေတော့ သည်။

ထိုချိန်၏ စကားကြားလျှင် ကျူးဖုန်းက အရက် တစ်ခွက် သောက်ချလိုက်၏။ အစားအသောက် ပလုတ်ပလောင်း စား နေရာမှ အရက်ကိုကပျာကယာ သောက်ချ လိုက်ခြင်းကြောင့်

လွင်စာပေ



စားပိုးနှင့် သွားပြီး ရုတ်တရက် ဆာချေ မြန်မပြော နိုင်ဘဲ ဖြစ်သွားလေသည်။

မျက်လုံးကြီး မြူးထွက်လာပြီး ရင်ဘတ်ကို လက်သီးဆုပ် ဖြင့် တဘုတ်ဘုတ်မြည်အောင် ထုလိုက်သည်။

ပြီးလျှင် အရက်တစ်ခွက် ကပျာကယာ သောက်ချလိုက် ပြန်သည်၊ သူ၏ အဖြစ်ကြောင့် ထိုချိန်မှာ ဘာမျှဆက်မပြောဝံ့ အောင် ဖြစ်သွားရသည်။

ကျူးဖုန်းက အရက် သောက်ပြီးမှ သက်ပြင်း ချလိုက် သည်။

ပြီးလျှင်....

'ကျားသားတော့ မစားပါရစေနဲ့ကွာ၊ တော်တော်ညှီ တယ်လို့ မုဆိုးတွေ ပြောသံကြားဖူးတယ်ကွ၊ ပြီးတော့.... မင်းတို့ဖမ်းမယ့် ကျားက တကယ့်ကျားမှ မဟုတ်တာ'

'အို...သူက တကယ့် ကျားထက်တောင် ဆိုးပါ သေး တယ်ဗျာ'

ထိုချိန်၏ စကားကို မိုက္ကမ်းယု ထောက်ခံလိုက်သည်။

'ဟုတ်တယ်၊ သူ့ကို အမာရွတ်လို့ လူသိ များကြပေမယ့် ကျုပ်တို့ကတော့ ကျားဆိုးတစ်ကောင်လိုပဲ သဘောထား တယ်ဗျ'

လုံကျန့်က....

'ဒါတွေ ထားပါတော့လေ၊ အမာရွတ် ဘယ်မှာ ရှိတယ် ဆိုတာ ခင်ဗျားသိတယ်၊ ကျုပ်တို့ကို ကူညီမယ်၊ ထာအင်း ရွာကို အရောက် လာခဲ့ကြပါ ဆိုပြီး၊ ခင်ဗျား အကြောင်း

ကြားလိုက်တယ် မဟုတ်လား၊ အခု ကျုပ်တို့ ရောက်လာကြပြီလေဗျာ၊ ခင်ဗျားက အမာရွတ် ဘယ်မှာ ရှိတယ်ဆိုတာ ခုထိ မပြောသေးဘူး’

ဟု ဝင်ပြောလိုက်လေသည်။

ကျူးဖုန်းက ခေါင်းညိတ်လိုက်သည်။

‘ဟုတ်တယ်၊ ကျုပ် မပြောပြ သေးတာ အကြောင်းရှိလို့ပါ’

‘ဘယ်လို အကြောင်းလဲ’

‘ကျုပ် လူတစ်ယောက် ရောက်မလာသေးလို့ပါ’

ထိုခါ၊ မိုက္ကမ်းယုနှင့် လုံကျန့်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြလေသည်။

ကျူးဖုန်းကို စိတ်ချရမှု ရှိမရှိ ပထမဆုံးအကြိမ် သံသယဝင်လာကြခြင်း ဖြစ်ပေသည်။

အမာရွတ်သည် ကြောက်စရာ ကောင်းသူ တစ်ယောက်ဖြစ်ကြောင်း နားလည်ထားကြသည်။

အမာရွတ်နှင့် ရင်ဆိုင်မည် ဆိုလျှင် အစစအရာရာ သတိထားကြရမည် ဖြစ်သည်။ ကျူးဖုန်းသည် မည်သို့ အကွက်ဆင်နေပါသနည်း။

ထိုခါ၏မျက်နှာ တည်သွားသည်။

‘မိတ်ဆွေကြီး ကျူးဖုန်း ကျုပ်တို့က အချိန်ဖြုန်းတာကို သဘောမကျသလို ကျုပ်တို့အပေါ် လိမ်လည် လှည့်ဖြားတာကိုလဲ ဘယ်တော့မှ သည်းခံ မနေတတ်ဘူး ဆိုတာ မှတ်ထားပါ’



ဟု ပြောလိုက်၏။

သူ၏ စကားကို သဘောတူလိုက်ကြသည့်အလား မိုက္ကမ်းယုနှင့် လုံကျန့်တို့ကလည်း ခေါင်းညိတ် လိုက်ကြလေသည်။

ကျူးဖုန်း ကပျာကယာ လက်ကာပြလိုက်သည်။

‘သူရဲကောင်းလေးတို့ ကျုပ်ကို အထင်မလွဲကြပါနဲ့ဗျာ၊ အမာရွတ် ရှိတဲ့ နေရာကို ကျုပ် သိထားပါတယ်၊ အခုလဲ ကျုပ်လူ တစ်ယောက်ကို သူ ရှိနေတယ် မရှိဘူးဆိုတာ သိရအောင် သွားကြည့်ခိုင်းတာပါ၊ သူ ရှိနေသေးတယ် ဆိုတာနဲ့ ပြန်လာပြီး အကြောင်းကြားမှာပါ’

ဟု ရှင်းပြလေ၏။

ထိုခါက...

‘အမာရွတ်က ဘယ်မှာရှိနေတာလဲ’

ဟု မေး၏။

ကျူးဖုန်းက....

‘ရွာ အရှေ့ဘက် သုံးမိုင်လောက် အကွာက ရေကန်ကြီး တစ်ကန် အနီးမှာ ရှိနေတာပါ၊ အဲဒီမှာ ရွှေဗျိုင်း ဆိုတဲ့ လူ တစ်ယောက် နေတယ်၊ ရွှေဗျိုင်းနဲ့ အမာရွတ်ဟာ မိတ်ဆွေတွေ ဖြစ်ကြတယ်ဆိုတာ ကျုပ် သိရတာ မကြာသေးပါဘူး’

‘ကောင်းပြီ... ကျုပ်တို့ လိုက်သွားမယ်’

ပြောပြောဆိုဆို ထိုခါက ထိုင်ရာမှ ထလိုက်လေသည်။

ထိုစဉ် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

အားလုံး လှမ်းကြည့်လိုက်သောအခါ လူတစ်ယောက် ခပ်သွက်သွက် ဝင်လာသည်ကို တွေ့ရ၏။

ထိုလူသည် ကျူးဖုန်းအား ဦးညွတ် ဂါရဝ ပြုလိုက်ပြီး....

'ဆရာ....ရေတန်ခေါင်းက ထဲအိမ်ကလေးထဲမှာ ရွှေမှိုင်းနဲ့ အတူ လူတစ်ယောက် ရှိနေတာ တွေ့ခဲ့ရပါတယ်၊ သူ့ရဲ့ မျက်နှာပေါ်မှာ ဓားဒဏ်ရာ အမာရွတ်ကြီးတစ်ခု ကန့်လန့်ဖြတ် ရှိနေတာကို ထင်ထင်ရှားရှား တွေ့ရပါတယ်'

ဟု အစီရင် ခံလိုက်လေသည်။

ထိုစကား ကြားလျှင် ထိုချိတ်တို့ ဝမ်းသာ သွားကြလေသည်။

အမာရွတ်နှင့် ပတ်သက်သည့် သတင်း တိတိကျကျ ကြားလိုက်ရပြီ မဟုတ်ပါလား။

အမာရွတ်သည် သိုင်းလောက တစ်ခုလုံးက သုတ်သင် ရှင်းလင်းပစ်လိုခြင်း ခံနေရသူ ဖြစ်သည်။

အမာရွတ်အား သုတ်သင် ရှင်းလင်းရန် ကြိုးစားခဲ့သူ၊ လိုက်လံ ရှာဖွေခဲ့သူ မနည်းလှချေ။

သို့သော် ယခုတိုင် အမာရွတ်သည် အသက်ရှင်နေဆဲ....။ သိုင်းလောကကို ဒုက္ခပေးနေဆဲ။

ထိုချိန်က....

'အဲဒီ လူဟာ အမာရွတ်ပဲ'

ဟု ပြောလိုက်၏။



သိုင်းလောကမှ ထိပ်သီး သိုင်းသမား ဆယ်ယောက်ခန့်သည် မြေလတ်ပိုင်း တစ်နေရာတွင် အမာရွတ်အား ထောင်ချောက်ဆင်ကာ ဝိုင်းဝန်း တိုက်ခိုက်ခဲ့ကြ၏။

တိုက်ပွဲ အပြင်းအထန် ဖြစ်ပွားပြီး အမာရွတ်မှာ သေလုမျောပါး ခံခဲ့ရ၏။

သို့သော် သူက ထိပ်သီး သိုင်းသမား ဆယ်ယောက်စလုံးကို ရှင်းပစ်ကာ ထွက်ပြေး လွတ်မြောက် သွားနိုင်ခဲ့သည်။

ထို အဖြစ်အပျက် ဖြစ်ပွားပြီး နောက်ပိုင်းဝယ် အမာရွတ်ကို အဖြူရောင် သိုင်းသမားများပင် မသိမသာ ရှောင်ကြလေတော့သည်။

လူစု လူဝေးနှင့် ဝိုင်းဝန်း တိုက်ခိုက်ခြင်း မပြုနိုင်သမျှ တစ်ဦး တစ်ယောက်ချင်း ရင်ဆိုင်ရန် မည်သူမျှ စိတ်မကူးတော့ချေ။

ယခု လူငယ် သိုင်းသမား သုံးယောက်သည် အန္တရာယ်ကြီးမားမှန်း သိကြသော်လည်း အမာရွတ်ကို သုတ်သင်ရန် ကြိုးစားနေကြချေပြီ။

အကယ်၍ အမာရွတ်ကို သုတ်သင် ရှင်းလင်းနိုင်ခဲ့ပါလျှင် သူတို့၏ အမည်သည် ထင်ရှားသည့် သိုင်းသမားကြီးများထက်ပင် ပို၍ ထင်ရှား ကျော်ကြား သွားပါလိမ့်မည်။

ကျူးဖုန်းက....

'ကဲ... ကြားကြတဲ့ အတိုင်းပဲ၊ အမာရွတ် ရှိနေတယ်ဆိုတာ သေချာပါပြီ၊ မိတ်ဆွေလေးတို့ သွားနိုင်ပါပြီ'

ဟု ပြောလိုက်သည်။

ထိုချို၊ လုံကျန့်နှင့် မိုကွမ်းယုတို့မှာ မတ်တတ်ရပ်ပြီးသား ဖြစ်နေကြချေပြီ။

ထိုချိုက....

'ဟုတ်တယ်၊ ကျုပ်တို့ အခု သွားမယ်'

ဟု ပြောလိုက်လေတော့သည်။

* * *

နေခြည် ဖြာကျနေသည်။

အရွက်ချွန်းချွန်းရှိပြီး စိမ်းလန်းသော သစ်ပင်ကြီးများ မှာ ရှည်လျား မြင့်မားစွာ ရှိနေ၏။

သစ်ပင်ကြီးများ အောက်ဘက်ဝယ် အလေ့ကျ ပေါက် လျက်ရှိသော တောရိုင်း ပန်းချုံများ ရှိနေ၏။

ပန်းချုံများ၌ အရွက် ရှာမတွေ့နိုင်အောင်ပင် ရောင်စုံ ပန်းပွင့်ကလေးများ လှပစွာ ဖူးပွင့်လျက် နေရာ ယူထား လေ၏။

လေပြည် လေညင်း ငွေ့ယမ်း တိုက်ခတ်လာသောအခါ အဝေးမှ ဒေါင်းတွန်သံများ လွင့်မျောလာ၏။

ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေပြည်မှာ အေးမြလှသည်။ သစ်ပင်ကြီးများနှင့် မနီးမဝေးတွင် ရေကန် ကြီးတစ်ခု ရှိနေသည်။



ကန်ရေမှာ ကြည်စိမ်းနေ၏။

ငါးကလေးများ ကူးခတ် သွားလာနေသည်ကို မြင်တွေ့ နိုင်သလို ကြာပန်းများလည်း ပွင့်ဖူးလျက် ရှိနေ၏။

ရေကန်အောက်ဘက် ကြမ်းခင်းမှာ သဲမြေဖြစ်ပြီး ရောင်စုံ ကျောက်တုံး ကျောက်ခဲကလေးများ ရှိနေသည်ကို တွေ့မြင် နိုင်သေး၏။

ရေကန်ဘေး သစ်ပင်ကြီးတစ်ပင်၏ အရိပ်အောက်ဝယ် လူနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေ၏။

သူတို့နှစ်ယောက်အလယ်တွင် အရက်အိုးတစ်လုံး ချထား သည်။

အရက်သောက်ရန် ခွက်မရှိသလို အမြည်းပြုလုပ်ရန် စား သောက်ဖွယ်ရာဆိုသည်း မရှိချေ။

အရက်ရှိနေလျှင်ပင် သူတို့အတွက် လုံလောက်ပြီဟု ယူဆ ကြသော လူစားမျိုးများ ဖြစ်ကြပုံရှိသည်။

ထိုလူ နှစ်ယောက်အနက် တစ်ယောက်မှာ ခန္ဓာကိုယ်ပိန်ပိန် ပါးပါးရှိပြီး အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထား သည်။

ထိုင်နေသည့်အချိန်မှာပင် အလွန် အရပ်ရှည်သူတစ်ယောက် ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။

သူ၏မျက်နှာမှာ စုတ်ချွန်းချွန်းဖြစ်နေပြီး နှာခေါင်းရှည်သူ ဖြစ်၏။ ကျန် တစ်ယောက်မှာ ခန္ဓာကိုယ် ကျစ်လစ် သန်မာသူ တစ်ယောက် ဖြစ်ပေသည်။

မီးခိုးရောင် မှိုင်းမှိုင်း အဝတ်အစားများ ဝတ်ဆင်ထား၏။ သူ၏ရုပ်သွင်သည် အကြောက်အရွံ့ကင်းမဲ့ပြီး ဘာကိုမျှ အမှုမထားသည့်အသွင် အထင်းသား ပေါ်လွင်နေသည်။

သူ့အား မြင်တွေ့သွားသူများ ကြောက်လန့်သွားအောင် ပင် မျက်နှာပေါ်တွင် ကန့်လန့်ဖြတ် ဓားဒဏ်ရာ အမာရွတ်ကြီး တစ်ခု ရှိနေ၏။

အဖြူရောင်ဝတ် ဆင်ထားသူမှာ သိုင်းလောက၌ ထင်ရှားနေသည့် ကြေးစား သိုင်းသမား ရွှေဗျိုင်း ဖြစ်ပေသည်။

မီးခိုးရောင် ဝတ်ဆင်ထားပြီး ဓားဒဏ်ရာကြီးရှိသူမှာ သိုင်းလောကသားတိုင်း ခေါင်းကိုက်ရသည့် အမာရွတ် ဖြစ်ပေသည်။

သူတို့နှစ်ယောက်သည် မျက်နှာချင်းဆိုင်လျက် အရက်အိုးကို မှယူကာ တစ်လှည့်စီ သောက်နေ၏။

ရွှေဗျိုင်းက အရက်မော့သော ပြီးလျှင်....

'ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားက အထင်လွဲမှားမှာ မဟုတ်ဘူးလို့ ကျုပ်ထင်တယ်ဗျ'

ဟု ပြောလိုက်လေသည်။

အမာရွတ် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် မင်းစီစဉ်တာမှ မဟုတ်ပဲ၊ မင်းကငါ့ကို သစ္စာဖောက်မှာ မဟုတ်ဘူးဆိုတာ ငါယုံပါတယ်'

'အို ခင်ဗျားနဲ့ကျုပ်ဟာ ဘဝတူတွေပဲ၊ သစ္စာဖောက်တာထက် ကူညီရိုင်းပင်းတာက ပိုပြီးအကျိုးရှိမှာပေါ့ဗျာ၊ ခင်ဗျားကို သစ္စာဖောက်လိုက်ရင် ကျုပ်ကို ဘယ်သူက ယုံကြည်တော့



မှာလဲ၊ ကျုပ်က အဖြူရောင် သိုင်းသမားတွေကော အနက်ရောင် သိုင်းသမားတွေကော ရင်ဆိုင်ရမှာကို မလိုလားပါဘူးဗျာ၊ ရင်ဆိုင်နိုင်တဲ့ စွမ်းအားသတ္တိလဲ မရှိသေးပါဘူး'

အမာရွတ် သဘောကျစွာ ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား၊ မင်းက စိုးရိမ်စိတ် လွန်ကဲနေတာကိုး၊ ငါက အေးအေးဆေးဆေး အနားယူရအောင် မင်းဆီကို လာခဲ့တယ်၊ နားရမယ်မကြံသေးဘူး ပြဿနာပေါ်လာတယ်၊ ဒါပေမယ့် မင်းလက်ချက်မဟုတ်ဘူးဆိုတာ ငါယုံပါတယ်'

ထိုစကားကိုကြားလျှင် ရွှေဗျိုင်း စိတ်သက်သာရာ ရသွားဟန် ရှိလေသည်။ အမာရွတ်ကို တစ်ချက်ကြည့်လိုက်ပြီး—

'ကျုပ်ဆီရောက်မှ ပြဿနာ ပေါ်လာတယ်ဆိုတော့ ကျုပ်မှာလဲ တာဝန်ရှိပါတယ်ဗျာ၊ ဒီကိစ္စကို ကျုပ်တာဝန်ယူပါရစေ'

အမာရွတ် လက်ကာပြလိုက်သည်။

'နေစမ်းပါစေ၊ သူတို့ဘာတတ်နိုင်ပါလဲ စောင့်ကြည့်ကြတာပေါ့'

ရွှေဗျိုင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'လက်ပိုက်ကြည့်နေလို့တော့ မဖြစ်ဘူးဗျ၊ ဒီကိစ္စဟာ ဘယ်သူ့လက်ချက်လဲဆိုတာ ကျုပ်သိတယ်'

ဟု ပြောလိုက်၏။

အမာရွတ် မျက်မှောင်ကြုတ်သွားပြီး....

'ကဲ ပြောစမ်းပါဦး ဘယ်သူ့လက်ချက်လဲ'

'တာအင်း စားသောက်ဆိုင်ပိုင်ရှင် ကျူးဖုန်း ရဲ့လက်ချက်ပဲဗျ....'

'ကျူးဖုန်းက ဘယ်လိုလူစားမျိုးလဲ'

'နေရာတကာ စပ်စပ်စုစု ဝင်လုပ်တတ်တဲ့ လူစားမျိုးပေါ့၊ သူ့မှာအသိမိတ်ဆွေ ပေါများတာတော့ အမှန်ပဲဗျ'

အမာရွတ် အနည်းငယ် စဉ်းစားလိုက်ပြီး

'ကျူးဖုန်းက ဘာများ စိတ်ဝင်စားစရာ တွေ့သွားလို့လဲ'

ဟု မေးလိုက်သည်။

ရွှေဗျိုင်း မကျေမနပ် ဖြစ်သွား၏။

သူ၏ ရင်ဘတ်ကို လက်ဝါးဖြင့် တဘုတ်ဘုတ်မြည်အောင် ပုတ်လိုက်ပြီး

'ကျုပ်ပေါ့၊ ကျုပ် အသုံးမကျလို့ ဒီလို ဖြစ်ရတာပေါ့'

'ပြောစမ်းပါဦး'

'တာအင်း စားသောက်ဆိုင်က အရက်ခကာ စားသောက်ဖွယ်ရာတွေကော ကောင်းတယ်လေဗျာ၊ ကျုပ်က သူတို့ရဲ့ ဖောက်သည်လို ဖြစ်နေတာပေါ့၊ ခင်ဗျား ရောက်လာတော့ နှစ်ယောက်စာ ပို့ဝယ်ရတယ်ဗျာ'

အမာရွတ် ပြုံးလိုက်သည်။

'တာအင်း စားသောက်ဆိုင်ပိုင်ရှင်က ခင်ဗျားဆီကို ဧည့်သည် တစ်ယောက် ရောက်လာပြီဆိုတာ ချက်ချင်း ရိပ်မိသွားတာပေါ့၊ ဟုတ်လား'

ဟု မေးလိုက်၏။

ရွှေဗျိုင်း ခေါင်းညိတ်လိုက်လေသည်။



'သိပ်မှန်တာပေါ့ဗျာ၊ သူက ကျုပ်ကို ဒုက္ခပေးချင်တဲ့ မျက်လုံးနဲ့ စောင့်ကြည့်နေတာ ကြာပြီဗျ'

အမာရွတ် သက်ပြင်းချလိုက်သည်။

'မင်းက မီးကြွင်း မီးကျန် ချန်ထားတာကိုး'

'ဘာ....ဘယ်လို'

'မီးကြွင်း မီးကျန် ချန်ထားရင် တစ်နေ့ မီးလောင်မှာပဲ'

ရွှေဗျိုင်းက....

'ကျုပ်က ရှင်းပစ်ဖို့ စဉ်းစားမိပါတယ်ဗျာ၊ သူ့ကို ရှင်းပစ်လိုက်ပြီးရင် ဒီနေရာလေးမှာ ဆက်ပြီးနေလို့ ဖြစ်တော့မှာမဟုတ်ဘူး၊ ကျုပ်က သူ့ကိုလဲ ရှင်းပစ်ချင်တယ်၊ ဒီနေရာလေးကိုလဲ မက်မောနေတယ်၊ ဒါကြောင့် ခက်နေတာပေါ့ဗျာ....'

'အခုကော'

'အခုကော မရှင်းလို့ မဖြစ်တော့ဘူး'

အမာရွတ် လက်ကာပြလိုက်ပြန်သည်။

'ဒီကိစ္စကို ကျုပ် တာဝန်ယူပါမယ်ဗျာ၊ မင်း အေးအေးဆေးဆေး ထိုင်ကြည့်နေစမ်းပါ'

ရွှေဗျိုင်းက

'ထိုင်ကြည့်နေလို့ သူတို့ဘက်က ရောင့်တက်လာကြပြီလေ၊ စောစောကပဲ ကျုပ်တို့ကို ကျူးဖုန်းရဲ့ လူတစ်ယောက် လာချောင်းသွားသေးတယ်၊ ရွာထဲကို လူစိမ်းသုံးယောက် ရောက်လာတယ်လို့လဲ ကြားရတယ်ဗျ'

အမာရွတ် ပြုံးလိုက်သည်။

'ကျုပ် ပြောပြီးပါပကော၊ ဒီကိစ္စကို ကျုပ် တာဝန်ယူလိုက်ပါ့မယ်'

ရွှေဗျိုင်း လှုပ်လှုပ်ရွရွ ဖြစ်သွားပြီး

'ခင်ဗျားက တာဝန်ယူမယ်ဆိုပြီး ထိုင်နေလို့တော့ မဖြစ်ဘူး ထင်တယ်'

'ဘာကြောင့် မဖြစ်ရမှာလဲ'

'သူတို့ ရောက်လာကြလိမ့်မယ်ဗျ'

'ရောက်လာတော့ ပိုကောင်းတာပေါ့၊ ကျုပ်တို့ လိုက်မရှာရတော့ဘူးပေါ့'

ရွှေဗျိုင်းသည် နားမလည်နိုင်သည့် အကြည့်ဖြင့် အမာရွတ်ကို ကြည့်လိုက်လေသည်။

အမာရွတ်က

'ကျုပ် သွားသည်ဖြစ်စေ၊ ထိုင်နေသည် ဖြစ်စေ အမာရွတ်ဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ သူတို့ သိသွားရပါစေ့မယ်ဗျာ....'

ဟု ပြောလိုက်၏။

ရွှေဗျိုင်း ရင်ထဲ တင်းကျပ်သွား၏။

အမာရွတ်သည် ကြောက်စရာ ကောင်းသူ ဖြစ်ကြောင်း ကောင်းစွာ နားလည်ထားပါ၏။

အမာရွတ်အား သုတ်သင် ရှင်းလင်းရန် ကြိုးစားသူများသည်....



ရွှေဗျိုင်း၏ စူးရှတောက်ပသော မျက်လုံးများသည် သစ်ပင်များ ကြား၌ လူရိပ်များ လှုပ်ရှားသွားသည်ကို ရိပ်ခနဲ တွေ့မြင်လိုက်ရလေတော့သည်။

* * *

လေပြည်လေညှင်း ဝေ့ယမ်း တိုက်ခိုက်လာသည်။

သစ်ရွက်ကလေးများ လှုပ်ခတ်သွား၏။

အချို့သော ရော်ရွက်များ လေဟုန်စီးကာ မြေပေါ် သက်ဆင်းလာသည်။

မွှေးကြိုင်သော တောပန်းရနံ့များလည်း လွင့်ပျံ့လာ၏။

ပင်ဖျားမြင့်ထက်ဝယ် ဘာသာဘာဝ တေးသီကြွေးနေသည့် ငှက်ကလေးတစ်ကောင်မှာ လေအဝေ့တွင် ဖျတ်ခနဲ ထပျံသွား၏။

'ဖျောက်'

သစ်ကိုင်းခြောက် နင်းမိသံထွက်ပေါ်လာ၏။

သံမဏိလက်သီး ထိချိုက နောက်လှည့်ကြည့်လိုက်လေသည်။

ထိုအခါ နဂါးဓားလုံကျွန်းက ပခုံးတွန့်ပြသည်ကိုတွေ့ရ၏။

သူသည် ရှေ့သို့ အာရုံရောက်နေသဖြင့် သစ်ကိုင်းခြောက်ကို မမြင်ဘဲ တက်နင်းမိလိုက်ခြင်း ဖြစ်ပေသည်။

ထိချိုက အရှေ့ဘက်ပြန်ပြီး မျက်နှာမူလိုက်သည်။

သစ်ပင်များ အကြားမှ ရေကန်အနီးဝယ် ထိုင်နေသူ နှ
ယောက်အား တွေ့မြင်နေရပါ၏။

ထိုလူနှစ်ယောက်မှာ အမာရှုတ်နှင့် ရွှေဗျိုင်းတို့ ဖြစ်
ပေသည်။ အမာရှုတ်သည် သူတို့နှင့် လက်တစ်ကမ်း အက
ဝယ် ရှိနေပြီ ဖြစ်လေသည်။

သိုင်းလောကဝယ် သတင်းကြီးနေသည့် အမာရှုတ်မှ
လူငယ်သိုင်းသမား သုံးယောက်၏ လက်ချက်ဖြင့် မရှုမ
ရှုံးနိမ့်သွားရပေလိမ့်မည်။

ထိချိက မိုးကွမ်းယုကို လှမ်းကြည့်လိုက်သည်။ ထိုအ
မိုးကွမ်းယုမှာ သစ်ပင်ကြီး တစ်ပင်ပေါ်သို့ ရောက်သွာ
ဖြစ်သည်ကို တွေ့မြင်ရလေသည်။

ထိချိပြုံးလိုက်သည်။

မိုးကွမ်းယုသည် ကိုယ်ဖော့ပညာ အလွန်ကောင်းသူ
၏။

သူက သစ်ပင်ပေါ်မှ ခုန်ဆင်းတိုက်ခိုက်လိုက်မည် ဆို
လျှင်

အမာရှုတ် ပြေးမလွတ်အောင် သူတို့က ညှပ်ပူးညှပ်
တာဝန်ယူကြရမည် ဖြစ်ပေသည်။

ထိချိက

'အမာရှုတ်ကို ကျုပ်တာဝန်ယူမယ်၊ ရွှေဗျိုင်းကို ခင်
တာဝန်ယူပါ'



လုံကျန့်ကို ပြောလိုက်လေသည်။

လုံကျန့် ခေါင်းညိတ်လိုက်သည်။

'စိတ်ချ'

အမာရှုတ်နှင့် ရွှေဗျိုင်းတို့ နှစ်ယောက် ရှိနေသည် ဖြစ်ရာ
အမာရှုတ်ကိုချည့် တိုက်ခိုက်ဖို့ မဖြစ်နိုင်တော့ပါ။

ရွှေဗျိုင်းကိုလည်း တိုက်ခိုက်ရတော့မည် ဖြစ်ပေသည်။

ရွှေဗျိုင်းအား သုတ်သင်ရှင်းလင်းပြီးသည်နှင့် အမာရှုတ်
အလှည့် ရောက်လာမည် ဖြစ်ပေသည်။

သူတို့သည် လူငယ် လူရွယ်များပီပီ အမာရှုတ်နှင့် တစ်
ယောက်ချင်းရင်ဆိုင်ကာ အနိုင်ယူလိုကြ၏။

သို့မှသာလျှင် သူတို့၏ အမည် နေ့ချင်း ညချင်းထင်ပေါ်
ကျော်ကြားသွားမည် ဖြစ်ပေသည်။

ထင်ရှားကျော်ကြားသော သိုင်းသမားများအတွက် ရွှေ
ငွေ စည်းစိမ် ဥစ္စာမိန်းမစသည်တို့အတွက်ပူစရာမလိုတော့ပေ။

စွန့်စားလိုစိတ်ကြီးသော လူငယ် လူရွယ်လို၏ထုံးစံအတိုင်း
ထိချိတို့သည် အမာရှုတ်ကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ကြပြီ
ဖြစ်သည်။

ကြောက်စရာကောင်းလှသော အန္တရာယ်ဆိုးနှင့် ရင်ဆိုင်
ရမည် ဆိုလျှင်လည်း သူတို့မှုကြမည် မဟုတ်ပါချေ။

ထိချိနှင့် လုံကျန့်တို့သည် သစ်ပင်များကြားမှ ဖြတ်ကာ
ခြေသံလုံလုံနင်းပြီး ရှေ့တိုးသွား၏။

တောအုပ်နှင့် ရေကန်ကြားဝယ် မြေကွက်လပ်တစ်ခု ရှိနေ၏။ မြေကွက်လပ်ပေါ်တွင် အမာရွတ်နှင့် ရွှေဗျိုင်းတို့ရှိနေကြသည်။

ထိုချိကာ မြေကွက်လပ်အနီးသို ရောက်လျှင် ခြေလှမ်းရပ်ကာ ခါးမှ ဓားကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်လေသည်။

* * *

တေးဆိုနေသည့် ငှက်ကလေး ထပျံသွား၏။

ရွှေဗျိုင်းက

'သူတို့လာကြပြီ'

ဟု ပြောလိုက်လေသည်။

အမာရွတ် ပြုံးလိုက်သည်။

'သုံးယောက်'

လက်သုံးချောင်းထောင်ပြကာ ပြော၏။

ရွှေဗျိုင်း မျက်မှောင်ကြုတ်သွား၏။

'သုံးယောက် ဟုတ်လား'

'ဟုတ်တယ်'

ရွှေဗျိုင်း ခေါင်းကုတ်လိုက်သည်။

'ကျုပ်က ခြေသံကြားတာ နှစ်ယောက်ပဲ'

'သစ်ပင်ပေါ်မှာ တစ်ယောက် ရှိသေးတယ်'



'လက်စသပ်တော့ ဒီလိုကိုး'

အမာရွတ်က

'သစ်ပင်ပေါ်က လူကို ခင်ဗျား တာဝန်သူပါ'

ဟု ပြောလိုက်၏။

ရွှေဗျိုင်း ရယ်မောလိုက်လေသည်။

'ဟား ဟား ဟား၊ သိပ်ကောင်းတာပေါ့၊ သုံးယောက်လာတာ တစ်ယောက်ကို ကျုပ် အတွက် ရတယ် ဆိုတော့ ခင်ဗျားကမိတ်ဆွေပီသတဲ့ သဘောထားပြလိုက်တာလို့ မှတ်ရတော့ မှာပေါ့ဗျာ'

အမာရွတ်က သတိပေးလိုက်သည်။

ထိုစဉ်မှာပင်....

'ဝှစ် ဝှစ် ဝှစ်'

လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ငွေရောင် အလင်းတန်း ကလေး များသည် သူတို့ ထံသို့ လျင်မြန်စွာ တိုးဝင်ရောက်လာပါတော့သည်။

ရွှေဗျိုင်း အံ့သြသွား၏။

လက်နက်ပုန်း ကလေးများသည် သူ ထင်မှတ် ထားသည့်ထက် ပို၍ လျင်မြန်စွာ ရောက်ရှိလာခြင်း မဟုတ်ပါလား။

ထို့ကြောင့် ကပျာကယာ မြေပေါ်လိမ့်ကာ ရှောင်တိမ်းလိုက်ရလေသည်။

အမာရွတ်က အရက်အိုးကို မ,ယူကာ ဝှေ့ယမ်းလိုက်၏။

'ခွမ်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

အရက်အိုး ကွဲသွား၏။

ရွှေရောင် အလင်းတန်း များလည်း ပျောက်ကွယ် သွာ
လေသည်။

မရှေးမနှောင်းမှာပင်....

'ဖျောင်း ဖျောင်း ဖျောင်း'

လက်ခုပ်သံများ ထွက်ပေါ် လာသည်ကို ကြားလိုက်
သည်။

သစ်ပင်များ ကြားမှ လူ နှစ်ယောက် ထွက်လာပါသည်

ထိုလူ နှစ်ယောက်မှာ ထိချီနှင့် လုံကျန့်တို့ ဖြစ်ကြ
သည်။

သူတို့သည် အမာရွတ်အား အလစ် တိုက်ခိုက်၍ မရမှ
နားလည်မိသဖြင့် ပြောင်ကျကျ ထွက်လာခဲ့ကြခြင်း ဖြစ်
သည်။

ရွှေဗျိုင်း ခုန်ထလိုက်သည်။

အမာရွတ်ကလည်း တဖြည်းဖြည်းချင်း ထရပ် လိုက်
သည်။

သူ၏မျက်လုံးအိမ် ကျဉ်းမြောင်းသွား၏။

ထိုအခါ ဓားဇက်ရာ အမာရွတ်မှာ ပို၍ ထင်ရှား
ပေါ်လွင်လာသည်။

သူ၏ မျက်နှာသည် ကြောက်မက်ဖွယ် ကောင်းအော
ခက်ထန် သွားပေတော့၏။ ထိချီနှင့် လုံကျန့်တို့သည်
ကွက်လပ်သို့ ရောက်ရှိလာကြပြီ ဖြစ်သည်။



ရွှေဗျိုင်းနှင့် အမာရွတ်တို့ကလည်း မလှုပ်မယှက် ရပ်နေ
ကြပြီ ဖြစ်သည်။

အခြေအနေမှာ တင်းမာနေပြီး အချိန်မရွေး ပေါက်ကွဲ
သွားနိုင်သည့် အနေအထားတွင် ရှိနေသည်။

ထိချီက....

'အမာရွတ်....ခင်ဗျား ပြေးလို့ မရတော့ပါဘူး'

ဟု ပြောလိုက်လေသည်။

'ဟား ဟား ဟား'

အမာရွတ်က သဘောကျစွာ ရယ်မောလိုက်၏။

သူ၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ် လာလေ
သည်။

ထိချီကို ကြည့်လိုက်ပြီး....

'ဘယ်သူက ထွက်ပြေးနေလို့လဲ ကလေးရဲ့'

ဟု ပြောလိုက်လေသည်။

သူ့အားကလေးဟု လှောင်ပြောင်ခေါ်လိုက်ခြင်းကြောင့်
ထိချီ အကြီးအကျယ် ဒေါသထွက်သွားလေတော့သည်။

မျက်နှာတစ်ခုလုံး နီမြန်းသွားပြီး

'ကျုပ်ကို ကလေးလို့ မခေါ်နဲ့'

ဟု အော်လိုက်လေသည်။

အမာရွတ်က....

'မင်းက နို့နံ့တောင် မစင်သေးဘူး ဆိုတာ ငါ သိပါ
တယ်ကွာ'

'ခင်...ခင်ဗျား သေဖို့သာ ပြင်ထားပေတော့'

ထိချီသည် ဒေါသတကြီး အော်ငေါက်ရင်း အမာရွတ်ထံ ပြေးဝင် တိုက်ခိုက် လိုက်လေသည်။

အမာရွတ်က ရွှေဗျိုင်းကို ခေါင်းညိတ်ပြလိုက်သည်။

သစ်ပင်ပေါ်မှ လူကို သတိထားရန် အချက်ပြလိုက်ခြင်း ဖြစ်သည်။

ရွှေဗျိုင်း ပြုံးလိုက်သည်။

အမာရွတ် ရှိနေရာမှ သူက မည်သို့သော ရန်သူမျိုးကိုမှ မှုတော့မည် မဟုတ်ပါချေ။

ထိုစဉ်မှာပင်....

'ယား'

လုံကျန့်သည် ညာသံပေးရင်း ရွှေဗျိုင်းထံ ခုန်ဝင် တိုက်ခိုက် လာလေတော့သည်။

ရွှေဗျိုင်း ရင်ထိတ်သွား၏။

လူငယ် သိုင်းသမား နှစ်ယောက်သည် အမာရွတ်ကို အဓိက ထားပြီး တိုက်ခိုက်ကြမည်ဟု ထင်မိခဲ့လသည်။

သို့သော် သူထင်မှတ်သလိုဖြစ်မလာဘဲ လုံကျန့်က သူ့အား တိုက်ခိုက်လာပြီ မဟုတ်ပါလား၊

ထို့ကြောင့် သစ်ပင်ပေါ်မှ လူကို ဂရုမစိုက် နိုင်တော့ဘဲ အားဘဲ လုံကျန့်ကို ပြန်လည် တိုက်ခိုက် လိုက်ရ တော့သည်။

ထိချီသည် အမာရွတ်ကို ဒေါသတကြီး တိုက်ခိုက်နေသလို လုံကျန့်ကလည်း ရွှေဗျိုင်းအား ရေပက်မဝင်အောင် တိုက်ခိုက်လျက် ရှိသည်။



သိုင်းလောကဝယ် တစ်နေ့တခြား ကျော်ကြား လာနေသည့် လူငယ် သိုင်းသမားများသည် ခေမည်တော့ မဟုတ်ပါလေ။

သူတို့၏ သိုင်းကွက် များသည် ဆန်းပြားပြီး မထင်မှတ်သည့် ရှုထောင့်မှ တိုက်ခိုက်လာခြင်း ဖြစ်သည်။

ထို့ကြောင့် ရွှေဗျိုင်း မဆိုထားနှင့် အမာရွတ်သည်ပင်လျှင် အဆင်မဒသား ပံ့တဲ နောက်ဆုတ် ပေးလိုက် ရလေသည်။

ရွှေဗျိုင်းလည်း နောက်ဆုတ်လိုက်ရ၏။

သူတို့ နောက်ဆုတ် သွားကြခြင်းကြောင့် ထိချီနှင့်လုံကျန့်တို့ အားတက်လာကြလေသည်။

'လုံကျန့် မလွတ်စေနဲ့'

ထိချီက အော်ပြောလိုက်သည်။

ယာဘက် လက်က ဓားရှည်ကို ကိုင်ရင်း ဝဲဘက်လက်က ဓားတိုတစ်ချောင်း ဆွဲထုတ်လိုက်ပြန်သည်။

ဓားတို တစ်လက်၊ ဓားရှည် တစ်လက် ဓားနှစ်လက်ဖြင့် အမာရွတ်အား ဖိ၍ တိုက်ခိုက်လိုက်လေသည်။

ဓားရောင်များ ဖွေးဖွေးလှုိင်သွား၏။

အမာရွတ်ကပွတ်ကာသီကာ ရှောင်တိမ်းရင်း နောက်ဆုတ်က်ရပြန်သည်။

လုံကျန့်ကလည်း ရွှေဗျိုင်း ပြန်လည် တိုက်စစ် ဆင်ခြင်းမပြုနိုင်အောင် တအား ဖိ၍ တိုက်ခိုက်နေပါ၏။

ရွှေဗျိုင်းသည် လက်ချောင်းကို စုစည်းကာ ငှက်နှုတ်သီး သဖွယ် သိုင်းကွက် ပြင်ကာ တိုက်ခိုက်လေ့ရှိကြောင်း သိထား၏။

ရွှေဗျိုင်း၏ သိုင်းကွက် ထက်မြက်မှန်း သိ၍ ပြန်လည် တိုက်ခိုက်ရန် အခွင့်အရေး မပေးဘဲ တရကြမ်း တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

ရွှေဗျိုင်းမှာ လုံကျန့်အား အထင်သေးမိလိုက်ခြင်းကြောင့် တကယ်တမ်း ရင်ဆိုင်လိုက်ရသည့်အခါ ဖရိုဖရဲ ဖြစ်သွားရတော့၏။

လုံကျန့်၏ တိုက်ကွက်မှ လွတ် မြောက် ရ လေ အောင် နောက်သို့ ဆက်တိုက် ဆုတ်နေရလေသည်။

ထိုစဉ် မမျှော်လင့်သော ပြောင်းလဲမှု ဖြစ်ပေါ်လာ၏။

အမာရွတ်၏ သတိပေးစကားကို ရွှေဗျိုင်း လျစ်လျူရှုထားမိလိုက်ခြင်း ဖြစ်ပေသည်။

ရှတ်တရက် လူရိပ်တစ်ခုသည် သစ်ပင်ပေါ်မှ ဖျံတစ်ကောင်အလား ထိုးဆင်းလာလေသည်။

ထိုလူရိပ်သည် ရွှေဗျိုင်းထံ တည့်တည့်မတ်မတ်ကြီး တိုးဝင်လာခြင်း ဖြစ်၏။

'သတိထား'

အမာရွတ်က လှမ်းအော်ပြောလိုက်၏။

ရွှေဗျိုင်း မျက်နှာပျက်သွား၏။

နောက်သို့ ခုန်ထွက်ရန် ကြိုးစားလိုက်သည်။



ထိုအချိန်မှာပင် သစ်ပင်ပေါ်မှ ခုန်ဆင်းလာသူသည် ရွှေဗျိုင်း၏ အနီးသို့ ရောက်ရှိလာပြီး တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ရွှေဗျိုင်း ရှောင်တိမ်းရန် အသေအလဲ ကြိုးစားလိုက်၏။

သို့ပါသော်လည်း သစ်ပင်ပေါ်မှ ခုန် ဆင်း လာ သည့် မိုကွမ်းယု၏ ဓားသည် သူ၏ ရင်ဝ၌ ဖောက်ထွင်း ဝင်ရောက်သွားလေတော့သည်။

'အား....'

ရွှေဗျိုင်း စူးရှစွာ အော်ဟစ်လိုက်လေသည်။

သူ၏ ရင်ဝ၌ သွေးချင်းချင်း နီရဲသွား၏။

မိုကွမ်းယုက နောက်ဆုတ်လိုက်သည်။

ရွှေဗျိုင်း၏ ရင်ဝ၌ စိုက်ဝင်သွားသည့် ဓားကို ပြန်လည် ဆွဲနှုတ်လိုက်ပြီ ဖြစ်လေသည်။

လုံကျန့်က....

'သေပေတော့'

အော်ငေါက်ရင်း ဓားဖြင့် ခုတ်ချလိုက်သည်။

ရွှေဗျိုင်း မည်သို့မျှ မရှောင်နိုင်ပါတော့ချေ။

'အား....'

စူးရှစွာ အော်ဟစ်လိုက်သည်။

မိုကွမ်းယု၏ ဓားသည် သူ့အား ရှုံးနိမ့်သွားစေခဲ့သလို လုံကျန့်၏ ဓားသည် သူ့အား မြေပေါ် ဘိုင်းခနဲ လဲကျသွားစေတော့သည်။

'ရွှေဗျိုင်း'

အမာရွတ်၏ ခေါသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ရွှေဗျိုင်း ထူးနိုင်တော့မည် မဟုတ်ပါ။

မြေပေါ် လဲကျကာ တစ်ချက် နှစ်ချက်မျှ လူးလွန့်ပြီးနောက် လုံးဝ ငြိမ်သက်သွားလေတော့သည်။

ရွှေဗျိုင်း သေဆုံးသွားပြီ ဖြစ်လေသည်။

* * *

'တောက်'

အမာရွတ်၏ တက်ခေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ရွှေဗျိုင်းမှာ မြေပေါ်ဝယ် စန့်စန့်ကြီး လဲကျနေသည်။

မကြာသေးမီကပင် ရယ်ရယ်မောမော စကားပြောဆိုနေခဲ့သေးသည်ဆိုလျှင် ယုံကြည်နိုင်စရာရှိမည် မဟုတ်ပါချေ။

ရွှေဗျိုင်းသည် အနည်းငယ် ပေါ့ဆမိသည်နှင့် ရန်သူလက်ချက် မိသွားခြင်း ဖြစ်ပေတော့သည်။

လူငယ်သိုင်းသမား သုံးယောက်မှာ ခေသူများ မဟုတ်ကြောင်း ထင်ရှား ပေါ်လွင်နေသည် မဟုတ်ပါလား။

'ဟား ဟား ဟား'



ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထိချို၊ လုံကျန့်နှင့် မိုကွမ်းယုတို့ သဘောကျစွာ ရယ်မောလိုက်ကြ၏။

သူတို့သည် ရွှေဗျိုင်းအား သုတ်သင် ရှင်းလင်းနိုင်ခဲ့ကြပြီ ဖြစ်သည်။

အမာရွတ်အား ကူညီမည့်သူ မရှိတော့သဖြင့် မကြာမီ သုတ်သင်ရှင်းလင်းပစ်နိုင်တော့မည်ဟု တွေးကာ သဘောကျစွာ ရယ်မောလိုက်ကြခြင်း ဖြစ်ပေသည်။

ထိချိုက....

'မိုကွမ်းယုက နာမည်ကြီးမယ် ဆိုရင်လဲ ကြီးလောက်ပါတယ်ဗျာ၊ တိုက်ပွဲထဲကို ခင်ဗျား ဝင်လာတာနဲ့ ရွှေဗျိုင်း မြေပေါ် လဲကျသွားတာပဲ'

ဟု မြှောက်ပင့် ပြောဆိုလိုက်လေသည်။

မိုကွမ်းယု ရင်ကော့လိုက်ပြီး....

'စိတ်ချ၊ သိုင်းလောကကို ဒုက္ခပေးနေတဲ့ အမာရွတ်ကို ကျုပ်က ဆုံးမဦးမှာပါဗျာ၊ ဟား ဟား ဟား'

သူတို့သည် အမာရွတ် မခံချင်အောင် ပြောရင်း တြိဂံပုံသဏ္ဌာန် ဝိုင်းရံထားလိုက်ကြလေသည်။

အမာရွတ်မှာ မတုန်မလှုပ် ကျောက်ရုပ်ပမာ ရှိနေ၏။

သူသည် ထိချို၊ လုံကျန့်နှင့် မိုကွမ်းယုတို့၏ သိုင်းကွက်များ မည်သို့မည်ပုံ ရှိသည်ကို သိလိုသဖြင့် အပေါ်ယံသဘောသာ ခုခံပြီး အကဲခတ် ကြည့်နေခဲ့ခြင်း ဖြစ်သည်။

သူ နောက်ဆုတ်နေသည့်အတွက် မည်သို့မျှ မယှဉ်နိုင်ဟု ထင်မှတ်ကာ ထိချီတို့ သဘောကျနေကြခြင်း ဖြစ်ပေတော့သည်။

အမာရွတ်သည် သူတို့ သုံးယောက်အား စေ့ကြည့်လိုက်ပြီး....

'မင်းတို့ သုံးယောက် တစ်ခါတည်း ဝင်လာကြပေတော့'

ဟု ပြောလိုက်လေသည်။

သူ၏ လေသံ ခက်ထန် မာကျောနေ၏။

ထိချီက....

'စိတ်ချ၊ ခင်ဗျား ထွက်ပြေးဖို့ စိတ်မကူးနဲ့၊ ကျုပ်တို့က လွှတ်ပေးမှာ မဟုတ်ဘူး'

အော်ပြောပြီးလျှင် လျှပ်တစ်ပြက် ခုန်ဝင် တိုက်ခိုက်လိုက်လေသည်။

လုံကျန့်နှင့် မိုကွမ်းယုတို့လည်း တုန့်ဆိုင်းမနေကြတော့ဘဲ ဓားကိုယ်စီဖြင့် ပြေးဝင် တိုက်ခိုက်လိုက်ကြလေသည်။

ဓားရောင်များ ဝင်းလက်သွား၏။

ဓားသုံးလက်သည် သုံးဘက်သုံးတန်မှ အမာရွတ်ကို ညှပ်ပူး ညှပ်ပိတ် တိုက်ခိုက်လာလေသည်။

အမာရွတ်က မလှုပ်မယှက် ရပ်နေဆဲ။

သူက လက်ဝါးနှစ်ဘက်၌ အတွင်းအား စုစည်းထားလိုက်သည်။



ထိချီတို့ အနီးသို့ ရောက်လာလျှင်....

'ယား....'

ညာသံတစ်ချက် ပေးလိုက်သည်။

မြေပေါ်ခြေဆောင့်ကာ အပေါ်သို့ ခုန်တက်လိုက်၏။

သူ၏ ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ အပေါ်သို့ ထိုးတက်သွားလေသည်။

သုံးဘက်သုံးတန်မှ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လာသည့် ဓားချက်များမှာ ပွတ်ကာသီကာ ရှောင်တိမ်း လွတ်မြောက်သွားသည်။

အမာရွတ်သည် အပေါ်ရောက်သွားသည်နှင့်....

'သွားကြစမ်း'

အော်ဟစ်ရင်း ခြေထောက်တစ်ဘက် ဝှေ့ယမ်း ကန်ကျောက်လိုက်၏။

'ဝှီး....ဝှီး....ဝှီး'

လေတိုးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ထိချီ၊ လုံကျန့်နှင့် မိုကွမ်းယုတို့ ရင်ထိတ်သွားကြ၏။

သူတို့၏တိုက်ကွက် မထိရောက်သည်ကို တွေ့ရလျှင် ကပျာကယာ နောက်ဆုတ် ရှောင်တိမ်းလိုက်ကြလေသည်။

သို့တိုင် ထိချီနှင့် မိုကွမ်းယုတို့ လွတ်မြောက်သွားကြသော်သည်း လုံကျန့်မှာ ဝဲဘက်ပခုံး၌အမာရွတ်၏ ခြေထောက်ကန်ချက် ထိမှန် ခံမှုလိုက်ရလေသည်။

'ဝုန်း....'

'အွန့်....'

လုံကျန့် မသဲမကွဲ ညည်းညူလိုက်၏။

ခန္ဓာကိုယ် ဒယိးဒယိုင်ဖြင့် နောက်ဆုတ်သွားပြီး မြေပေါ် ဖင်ထိုင်ကြသွား၏။ မိုက္ကမ်းယူနှင့် ထိချီ တို့ ရင် ထိတ်သွားကြပြီး....

'လုံကျန့်....'

ဟု ပြိုင်တူခေါ်လိုက်ကြလေသည်။

လုံကျန့်က မြေပေါ်မှ ခုန်ထရန် ကြိုးစားလိုက်၏။

ထိုစဉ်မှာပင် အမာရွတ်သည် အနေအထား ပျက်ယွင်းသွားသည့်လုံကျန့်ကို အခိုက်ထား၍ တိုက်ခိုက်လာလေတော့သည်။

ထိချီ မျက်နှာပျက်သွားသည်။

'လုံကျန့် နောက်ဆုတ်လိုက်'

ဟု အော်ဟစ် သတိပေးလိုက်သည်။

လုံကျန့်လည်၊ တမျာတယာ နောက်ဆုတ်ရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်တွင် အမာရွတ်သည် လုံကျန့်ဆီသို့ တဟုန်ထိုးခုန်အုပ် တိုက်ခိုက်လိုက်ပြီး ဖြစ်လေသည်။

သူ၏လက်နှစ်ဘက်သည် စွန်ကုပ်လက်သည်းပုံစံဖြင့် လုံကျန့်၏ဦးခေါင်းကို ကုပ်ဆွဲလိုက်၏။

လုံကျန့်က ခေါင်းယမ်းကာ ရှောင်လိုက်သည်။

အမာရွတ်က ခြေထောက် ဆန့်ထုတ်လိုက်၏။



ခြေထောက်ကို အရှိန်ဖြင့်လွဲကာ ဝိုက်၍ ကန်ကျောက်လိုက်သဖြင့် လုံကျန့် ရှောင်ရန်ကြိုးစားသော်လည်း မလွတ်နိုင်ပဲ ဦးခေါင်းတွင် ထိမှန်သွားလေတော့လည်။

'ခွပ်....'

'အား....'

လုံကျန့် စူးရှစွာ အော်ဟစ်လိုက်လေသည်။

ဦးခေါင်းတစ်ခုလုံး ကြွေမွသွား၏။

မြေပေါ်လဲကျသွားပြီး သုံးလေးပတ် လိမ့်သွားသည်။

ထို့နောက် ငြိမ်သက်သွားလေတော့သည်။

'ဟာ....'

'ဟင်....'

ထိချီနှင့် မိုက္ကမ်းယူတို့ အထိတ်တလန့် အော်ဟစ်လိုက်ကြ၏။

အမာရွတ်က ပြန်လည် တိုက်စစ်ဆင်လိုက်သည်နှင့် လုံကျန့် မရှုမလှ ခံလိုက်ရပြီ မဟုတ်ပါလား။

အမာရွတ်သည် ချက်ချင်းပင် မိုက္ကမ်းယူနှင့် ထိချီတို့ဘက်သို့ လှည့်လိုက်လေသည်။ မိုက္ကမ်းယူနှင့် ထိချီတို့ ဓားများဝှေ့ယမ်းကာ ပြေးဝင် တိုက်ခိုက်လိုက်ကြ၏။

လက်ဦးအောင် တိုက်ခိုက်နိုင်သူသည် အသာစီးရလိမ့်မည်ဟု သူတို့ ယုံကြည်ထားကြလေသည်။

အမာရွတ်က ရင်ဘတ်ကြီး ဖောင်း ကား လာသည်အထိ အသက်ပြင်းပြင်း ရှူရှိုက်လိုက်သည်။

ထို့နောက် လက်နှစ်ဘက်ဆန့်တုတ်ကာ ပြန်လည်တိုက်ခိုက်လေသည်။

'ချင်....'

သူ၏လက်နှစ်ဘက်တွင် ဓားတိုနှစ်လက် ရုတ်ချည်း ရောက်ရှိလာ၏။

အင်္ကျီလက်အိုးထဲ၌ ဝှက်ထားသည့်ဓားများကို ထုတ်ယူလိုက်ခြင်း ဖြစ်လေသည်။

ပိုင်ပြီဟု တွက်ဆထားကြသည့် မိုက္ကမ်းယုနှင့် ထိချီတို့ ရုတ်တိတ် သွားကြလေသည်။

သူတို့ နောက်ဆုတ်ရန်လည်း မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် ဓားရေ့ယမ်းကာ ဆက်ပြီး တိုက်ခိုက်ရလေသည်။

လူရိပ်သုံးခု ပူးကပ် ရောထွေးသွား၏။

'ချွမ်း....ချွမ်း'

သံသံချင်း ပြင်းထန်စွာ ထိတွေ့မိသော အသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင်

'အား'

စူးရှသော အော်သံတစ်ချက် ထွက်ပေါ်လာ၏။

အမာရွတ်က နောက်သို့ ခုန်ဆုတ်သွား၏။

သူ၏ လက်ထဲ၌ ဓားတစ်လက်သာလျှင် ရှိတော့၏။

ကျန်ဓားတစ်လက်မှာ....



ထိချီ မျက်နှာပျက်နေ၏။

'မိုက္ကမ်းယုံ'

ဟု တုန်လှုပ်ချောက်ချားသည့် အသံဖြင့် ခေါ်လိုက်သည်။

မိုက္ကမ်းယုမှာ တောင့်တောင့်ကြီး ရပ်နေ၏။

သူ၏ ရင်ဝ၌ ဓားတစ်လက် စိုက်ဝင်နေလေသည်။

ဓားဒဏ်ရာမှ နီရဲသည့် သွေးများ စီးကျလာနေသည်။

သူ၏ မျက်လုံးအစုံ ပြူးထွက်နေ၏။

အမာရွတ်ကို မယုံကြည်နိုင်စွာ ကြည့်နေလေသည်။

အမာရွတ်က သူ့အား ပြုံးကြည့်နေသည်။

'ခင်....ခင်ဗျား'

မိုက္ကမ်းယု စကားဆုံးအောင် မပြောနိုင်ခဲ့ပါချေ။

သူ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

အားအင်များ ကုန်ခန်းသွားသလို မြေပေါ် ဒူးထောက်ကျသွား၏။

'မိုက္ကမ်းယု'

ထိချီ၏ အသံ ထွက်ပေါ်လာပြန်သည်။

မိုက္ကမ်းယုသည် ထိချီ၏ ခေါ်သံကို ကြားနိုင်တော့မည် မဟုတ်ပါ။

မြေပေါ်မှောက်လျက်လဲကျသွားပြီး ငြိမ်သက် သွားတော့၏။

လုံကျန့်နှင့် မိုကွမ်းယုတို့သည် အမာရွှတ်အား သုဘ်သင်္ချိုင်းလင်းရန် ကြိုးစားရင်း အသက်ပေးသွားကြချေပြီ ဖြစ်လေသည်။

❋ ❋ ❋

'မင်း ဘယ်လို သဘောရသလဲ'

အမာရွှတ်က အေးတိအေးစက် မေးလိုက်သည်။

ထိချို၏ မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားလေသည်။

မိုကွမ်းယုနှင့် လုံကျန့်တို့ မြေပေါ်ဝယ် လဲကျနေကြချေပြီ။

သူတို့သုံးယောက် ပူးပေါင်း တိုက်ခိုက်ခဲ့ကြသော်လည်း အမာရွှတ်ကို အနိုင်မရခဲ့ပါ။

ယခု သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ချေပြီ။

အမာရွှတ်အား မည်သို့ ရင်ဆိုင်နိုင်အံ့နည်း။

ထိချို နောက်သို့ ဆုတ်လိုက်၏။

အမာရွှတ် ခေါင်းယမ်းလိုက်သည်။

'မင်း ပြေးလို့ မရတော့ဘူး'

ဟု ပြောလိုက်၏။

ထိချို အံကြိတ်လိုက်သည်။

'ကျုပ် ဘယ်တော့မှ ထွက်မပြေးဘူးဗျ'



'ဒါဖြင့် မင်းရဲ့ အဖော်တွေ နောက်ကို လိုက်သွားမယ် ဆိုပါတော့'

ထိချို ခံပြင်းစွာ ရယ်မောလိုက်လေသည်။

'ဟား ဟား ဟား၊ ကျုပ်က ခင်ဗျားကိုမရဏတိုင်းပြည် ရောက်အောင် ပို့ပေးမယ်ဆိုတာ မှတ်ထားစမ်းပါဗျာ'

စကားဆုံးလျှင် လှစ်ခနဲ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။ အမာရွှတ် ခေါင်းယမ်းလိုက်သည်။

'မင်းရဲ့ တိုက်ကွက် မဆိုးဘူး၊ ဒါပေမယ့် ဝမ်းဗိုက်မှာ ဟာကွက်တွေ ရှိနေတယ်ကွ'

ဟု ပြောလိုက်၏။

ထိုစကားကြောင့် ထိချို၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

တိုက်ကွက်ကို ရုတ်သိမ်းကာ နောက်သို့ ပြန်ဆုတ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် သူ၏ ဝမ်းဗိုက်၌ နာကျင်သော ဝေဒနာ တစ်ရပ် ဖြစ်ပေါ်လာသည်ကို ခံစားလိုက်ရလေသည်။

ထိချို မျက်လုံးပြူးသွားပြီး ငုံ့ကြည့်လိုက်၏။

ထိုအခါ ဝမ်းဗိုက်၌ ဓားမြှောင်တစ်လက် စိုက်ဝင်နေသည်ကို တွေ့ရ၏။

သူတို့ သုံးယောက်၏ သိုင်းပညာ ထက်မြက်ပါပေသည်။

သို့သော် အမာရွှတ်က သူတို့ထက် အဆပေါင်း များစွာ ပို၍ အတွေ့အကြုံ ရင့်ကျက်နေ၏။

အမြဲတစေ အန္တရာယ်နှင့် ရင်ဆိုင်နေရသူမို့ မည်သို့ဖြေရှင်းရမည်။ ထွက်လမ်း မည်သို့ရှာရမည် ဆိုသည်နှင့် အန္တရာယ်ကို လွတ်အောင် မည်သို့ ရှောင်ရမည် ဆိုသည်တို့ကို နားလည် ကျွမ်းကျင်ထားပြီး ဖြစ်လေသည်။

သိုင်းပညာ မကျွမ်းသော်လည်း အတွေ့အကြုံ ကွာ ခြင်းက တိုက်ပွဲကို အဆုံးအဖြတ် ပေးလိုက်လေတော့သည်။

ထိချိုသည် ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။ အမာရွတ်ကို မယုံကြည်နိုင်စွာ ကြည့်နေ၏။

အမာရွတ်က သူ့အား အရေးမစိုက်တော့ပါချေ။

စူးရှတောက်ပသော မျက်လုံးများဖြင့် တောအုပ်ဆီသို့ လှမ်းကြည့်နေ၏။ ထိချို အံကြိတ်လိုက်သည်။

ရှိသမျှ ခွန်အားကို စုစည်းလိုက်ပြီး....

'သေပေတော့'

အော်ငေါက်ကာ အမာရွတ်ထံ ပြေးဝင် တိုက်ခိုက်လိုက်လေသည်။

အမာရွတ် မလှုပ်မယှက် ရပ်နေ၏။

ထိချို တိုက်ခိုက်လာသည်ကို လုံးဝ မသိသည့်အလား...

ထိချိုမှာ အမာရွတ်ထံသို့ပင် ရောက်အောင် မလာနိုင်ပါချေ။

ခြေသုံးလှမ်းမျှ လှမ်းပြီးသည်နှင့် မဟန်နိုင်တော့ဘဲ...



'ဝုန်း....'

မြေပေါ် လဲကျသွားလေတော့သည်။

* * *

ထိချို၊ လုံကျန့်နှင့် မိုကွမ်းယုတို့ မြေပေါ် လဲကျနေကြပြီ ဖြစ်သည်။

သိုင်းလောကအတွက် အလားအလာရှိသော လူငယ်လေးသုံးယောက် သေဆုံးသွားသည်မှာ နှမြောစရာ ကောင်းလှပေတော့သည်။

လေပြည်လေညင်း ဝှေ့ယမ်း တိုက်ခတ်လာသည်။

သစ်ရွက်ကလေးများ လှုပ်ခတ်သွား၏။

အမာရွတ်က မလှုပ်မယှက် ရပ်နေသည်။

မျက်မှောင်ကြုတ်ထားပြီး တစ်စုံတစ်ခုကို တွေးတောစဉ်းစားနေဟန် ရှိပေသည်။

ထိချိုတို့အား အနိုင်ရလိုက်ခြင်းကြောင့် ဝမ်းသာ ပျော်ရွှင်သည့် အရိပ်အယောင် မတွေ့ရပါ။

သူ့အား တစ်စုံတစ်ယောက် အနိုင်ရသွားပါက ထိုအနိုင်ရသွားသူသည် ဝမ်းသာ ပျော်ရွှင်သွားမည်မှာ သေချာလှ၏။

သူ့အတွက်မူ ဘာဆို ဘာမှ မထူးချေ။

ယခုတစ်ကြိမ် အနိုင်ရလိုက်ခြင်းဖြင့် အရာရာ ပြီးဆုံးသွားမည် မဟုတ်ပါ။

သူ့အား သုတ်သင်ရှင်းလင်းပစ်လိုသူများ ထပ်မံပေါ်ထွက်လာကြပေဦးမည်။

ထပ်မံ ကြိုးစားကြပေဦးမည်။

တစ်လောကလုံးကို တစ်ယောက်တည်း ရင်ဆိုင်နေရသည်နှင့် တူနေ၏။

အမာရွတ်က သက်ပြင်းချလိုက်သည်။

တောအုပ်ဆီသို့ လှမ်းကြည့်ရင်း....

'မင်း ထွက်လာရင် ကောင်းမယ်'

ဟု ပြောလိုက်၏။

သူ၏ အသံ ကြည်လင်ပြတ်သားစွာ ထွက်ပေါ်လာလေသည်။

တောအုပ်အတွင်းဝယ် တိတ်ဆိတ်နေ၏။

တုံ့ပြန်သံ မကြားရသလို လှုပ်ရှားမှုလည်း စိုးစဉ်းမျှ မတွေ့ရပါချေ။

အမာရွတ်က....

'မင်း ပုန်းနေလို့လဲ မလွတ်ဘူး၊ ထွက်ပြေးလို့လဲ မလွတ်ဘူး၊ ဒါကြောင့် အေးအေးဆေးဆေး ထွက်လာရင် ကောင်းမယ်'

ဟု ပြောလိုက်လေသည်။

ယခုတစ်ကြိမ် ထူးခြားမှု တစ်ခု ဖြစ်ပေါ်လာ၏။

သစ်ပင်တစ်ပင် အနီးမှ ချုံနွယ်များ လှုပ်ရှားသွားပြီး....



'ကျုပ်....ကျုပ်ကို ချမ်းသာပေးပါဗျာ'

တောင်းပန်သံနှင့်အတူ လူတစ်ယောက် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ထွက်လာသည်ကို တွေ့မြင်ရလေသည်။

အမာရွတ်က....

'ငါ့ရှေ့ကို လာခဲ့'

ဟု ခေါ်လိုက်၏။

ထိုလူသည်၊ မလွန်ဆန်ဝံ့ဘဲ ထွက်လာ၏။

အမာရွတ်နှင့် ခြေငါးလှမ်းခန့်အကွာသို့ရောက်မှ ခြေလှမ်းရပ်တန့်လိုက်လေသည်။

အမာရွတ်က ထိုလူအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။

ထိုလူမှာ အသက် သုံးဆယ်ခန့်ရှိမည် ထင်ရ၏။

ဝတ်ဆင်ထားသည့် အဝတ်အစားများမှာလည်း ခပ်နွမ်းနွမ်း ဖြစ်နေသည်။ အမာရွတ်က....

'မင်း ဘယ်သူလဲ'

ဟု မေးလိုက်သည်။

ထိုလူက....

'ကျုပ်....ကျုပ်က ဆိုင်လုလင်ပါ'

'လက်စသတ်တော့ ဒီလိုကိုး'

အခြေအနေ အရပ်ရပ်ကို အမာရွတ် သဘောပေါက်နားလည်သွားပြီ ဖြစ်လေသည်။

ဆိုင်လုလင်ကို စိုက်ကြည့်လိုက်ပြီး...

'မင်းကို စားသောက်ဆိုင်ပိုင်ရှင် ကျူးဖုန်းက ခိုင်းလိုက်တာ မဟုတ်လား'

'ဟုတ်....ဟုတ်ပါတယ်ဗျာ'

'မင်းကို ဘာလုပ်ခိုင်းသလဲ'

ဆိုင်လုလင် ကြောက်ကြောက်ရွံ့ရွံ့ဖြင့်....

'ဟို....ဟို....လူငယ် သိုင်းသမားလေးတွေရဲ့ အခြေအနေကို စောင့်ကြည့်ခိုင်းတာပါဗျာ'

'အခု သူတို့ ဘယ်လို ဖြစ်သွားကြတယ်ဆိုတာ မင်း တွေ့တယ် မဟုတ်လား'

'တွေ့....တွေ့ပါတယ်'

'မင်းက မြင်ခဲ့ရတဲ့အတိုင်း ကျူးဖုန်းကို သွားပြောပြမယ်ပေါ့'

'ဟုတ်....ဟုတ်ပါတယ်ဗျာ'

'လူငယ်သိုင်းသမားလေးတွေ ခံလိုက်ရပြီဆိုရင် ကျူးဖုန်း ထွက်ပြေးသွားတော့မှာပေါ့'

ဆိုင်လုလင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်....ဟုတ်ပါတယ်ဗျာ၊ အခြေအနေဟန်ပုံ မပေါ်ရင် ထွက်ပြေးဖို့ သူက အဆင်သင့် ပြင်ထားပါတယ်'

'ကောင်းပြီ၊ မင်းက သွားပြောမပြရင် သူ သိနိုင်ပါ့မလား'

'မ....မသိနိုင်ပါဘူး'

'ဒါဆို ပြီးတာပဲ'



စကားဆုံးလျှင် အမာရွတ်က, ရှေ့သို့ လျှပ်တစ်ပြက် ခုန်တိုးလိုက်သည်။

လက်တစ်ဘက် ဆန့်ထုတ်ကာ လက်ဝါးစောင်းဖြင့် ဆိုင်လုလင်၏ လည်ဂုတ်ကို ခုတ်ချလိုက်၏။

'ဖျောက်'

'အား'

ဆိုင်လုလင် စူးစူးဝါးဝါး အော်ဟစ်လိုက်၏။

မြေပေါ် ဘိုင်းခနဲ လဲကျသွား၏။

အမာရွတ်က လှည့်မကြည့်တော့ဘဲ ကျောခိုင်းကာ ခပ်သွက်သွက် ထွက်သွား၏။

သူ၏ ခြေလှမ်းများသည် တာအင်းစားသောက်ဆိုင်ဆီသို့ ဦးတည်နေလေတော့သည်။

* * *

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ရေကန်ကြီးဘက်သို့ ထွက်သွားသည့် လူငယ်သိုင်းသမားသုံးယောက်မှာ ပြန်ရောက်မလာသေးချေ။

ကျူးဖုန်း သက်ပြင်းချလိုက်သည်။

သူ၏ အတွေ့အကြုံအရ လူငယ်သိုင်းသမား သုံးယောက် အခြေအနေ မဟန်မှန်း ရိပ်မိလေသည်။

သူက လောင်းကစားမှု တစ်ခု ပြုလုပ်လိုက်ခြင်း ဖြစ်လေသည်။ တစ်စထက်တစ်စ ကျော်ကြားလာနေသည့် လူငယ်သိုင်းသမား သုံးယောက်အပေါ် သူက ယုံကြည်မိသည်။

ထို့ကြောင့်လည်း အမာရွတ်အား သုတ်သင်ရှင်းလင်းရန် ကြိုးစားရာတွင် အားသွန်ခွန်စိုက် ပါဝင်ခဲ့ခြင်း ဖြစ်သည်။

အမာရွတ်အား သုတ်သင် ရှင်းလင်းနိုင်လျှင် လူငယ်သိုင်းသမား သုံးယောက်မှာ နေ့ချင်းညချင်း လျှမ်းလျှမ်းတောက် ကျော်ကြားသွားကြမည် ဖြစ်သည်။

သူသည်ကား ကျော်ကြားစရာ လမ်းမရှိပါ။

စားသောက်ဆိုင် ပိုင်ရှင်ဘဝမှ လွတ်မြောက်နိုင်မည့်လည်း မဟုတ်ပါ။

သို့သော် လူငယ်သိုင်းသမား သုံးယောက် ကျေးဇူးသိတတ်လျှင် သူလည်း အကျိုးခံစားရပေလိမ့်မည်။

ကျူးဖုန်းသည် အောင်မြင်ကျော်ကြားလာစေရန် ကြိုးစားခဲ့ခြင်းလည်း မဟုတ်ပါ။

ကျူးဖုန်း၏ အဓိကမျှော်လင့်ချက်သည် **အမာရွတ်ကို** သုတ်သင် ရှင်းလင်းပစ်နိုင်ရန် ဖြစ်ပေသည်။

ထိုသို့ သုတ်သင်ရှင်းလင်းပစ်လို ရသည့် အကြောင်းအရင်းသည်ကား....။ကျူးဖုန်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

သူ၏ မျက်လုံးများ ပြူးကျယ်သွားပြီး အရှေ့ဘက် တည့်တည့်ဆီသို့ ကြည့်လိုက်လေသည်။

ရွာလမ်းကလေးအတိုင်း လူတစ်ယောက် ခြေလှမ်းကျဲကျဲဖြင့် လှမ်းလာနေသည်ကို တွေ့မြင်နိုင်သည်။



ထိုလူမှာ အမာရွတ် ဖြစ်ပေသည်။

ကျူးဖုန်း သက်ပြင်းချလိုက်သည်။

'အမာရွတ်ကို ဘယ်သူမှ ရင်မဆိုင်နိုင်ဘူးဆိုတဲ့ စကားဟာ မှန်နေပါလား'

ဟု တီးတိုး ညည်းညူလိုက်လေတော့သည်။

* * *

အမာရွတ် ပြုံးလိုက်သည်။

'မင်းက ဆိုင်လုလင်ကို စောင့်နေတာလား'

ဟု မေးလိုက်လေသည်။

ကျူးဖုန်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

'သူ လာနိုင်တော့မှာ မဟုတ်ဘူး'

'ခင်ဗျားကို မြင်လိုက်ကတည်းက ကျုပ် သိပါတယ်၊ နှစ်မြောဖို့ကောင်းတယ်၊ သူဟာ လူတော်လေးတစ်ယောက်ပဲဗျ'

အမာရွတ်က....

'လူတော်တွေ မသေရဘူးလို့ ဘယ်သူ ပြောသလဲ'

စကားဆုံးလျှင် သဘောကျစွာဖြင့် တဟားဟား-ရယ်မောလိုက်လေသည်။

ကျူးဖုန်း ခေါင်းညိတ်လိုက်ပြန်သည်။

'ဟုတ်တယ် လူတော်တွေ သေချင်သေလိမ့်မယ်၊ ဒါပေမယ့် လူဆိုးတွေကတော့ သက်ဆိုးရှည်တယ်ဗျ'

အမာရွတ်၏ရယ်မောသံ ပို၍ ကျယ်လောင်စွာ ထွက်ပေါ် လာလေသည်။

ကျူးဖုန်း ရင်ကော့လိုက်သည်။

'လွန်ခဲ့တဲ့ သုံးနှစ်တုန်းက ကျုပ်ညီ ကျူးဝမ်းဟာ ခရီး သွားရင်း အသက်ခံလိုက်ရတယ်၊ စုံစမ်းကြည့်လိုက်တော့ ကျုပ် ညီကို သတ်သွားတဲ့လူဟာ ပြိုင်ဘက်ကင်း လူဆိုးကြီး တစ် ယောက် ဖြစ်နေတယ်ဆိုတာ သိခဲ့ရတယ်ပေါ၊ဒါကြောင့် ကျုပ် က အဲဒီလူဆိုးကြီးကို လက်တုံ့ပြန်ဖို့ အချိန်ရှိသရွေ့ ကြိုးစား နေခဲ့တာပေါ့ဗျာ....'

'ဒါပေမယ့် မင်း ကြိုးစားသမျှ သဲထဲရေသွန်ဖြစ်သွားရ တယ် မဟုတ်လား'

အမာရွတ်က ကြားဖြတ် မေးလိုက်လေသည်။

ကျူးဖုန်းက....

'ကျုပ်က အခုဘက် ပိုပြီး နည်းနည်းလေး စိတ်ရှည်လိုက် မယ်ဆိုရင် မအောင်မြင်စရာအကြောင်း မရှိပါဘူးဗျာ'

'ပြောစမ်းပါဦး'

'ရွှေဗျိုင်းက ကျုပ်ကို သနားဘကျနေပြီလေ၊ တကယ်လို့ ရွှေဗျိုင်းက သစ္စာဖောက်ပြီး လူငယ်သိုင်းသမား သုံးယောက်နဲ့ လက်တွဲလိုက်မယ်ဆိုရင်....

သူက စကား တစ်ပိုင်းတစ်စဖြင့် ရပ်ကာ အမာရွတ်အား စိုက်ကြည့်လိုက်လေသည်။



အမာရွတ်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။ ကျူးဖုန်းပြောသည့်အတိုင်း ရွှေဗျိုင်းက သစ္စာဖောက်မည် ဆိုလျှင် ယခုလို အသက်ရှင်နေနိုင်မည်မထင်ပါ။

အန္တရာယ်ရှိသော အခြေအနေမှ လွတ်မြောက်လာခဲ့ခြင်း ဖြစ်သည်။ နောက်နောင် ဤကဲ့သို့ မဖြစ်ရလေအောင် သတိ ထားရပေတော့မည်။

'ကျူးဖုန်းကိုကြည့်ကာ....

'မင်းမဆိုးဘူး၊ ဒါပေမယ့် နောက်ကျနေပြီလေကွာ' ဟု ပြောလိုက်၏။

ကျူးဖုန်းက....

'ဟုတ်တယ်၊ နောက်ကျသွားပြီဆိုတာ ကျုပ်သိတယ်'

'နောက်ကျတယ်ဆိုတာ ကောင်းတာမဟုတ်ဘူးကွ'

ကျူးဖုန်း ပြုံးလိုက်သည်။

'ကိစ္စ မရှိဘူး၊ လောကမှာ သေချင်းတရားကို ရှောင် နိုင်တဲ့လူဆိုတာ မရှိဘူး၊ မကောင်းတာ လုပ်တဲ့လူဟာ မကောင်းတဲ့ဘေးဒဏ် ခံရမှာပဲ၊ ကျုပ်အကြံ မအောင်မြင်ခဲ့ ပေမယ့် အောင်မြင်တဲ့လူ တစ်ယောက်မဟုတ် တစ်ယောက် ရှိလာဦးမှာပဲ၊ ခင်ဗျား အမြဲတမ်း ကံကောင်းမနေနိုင်ပါဘူး'

အမာရွတ်၏မျက်နှာ တည်သွား၏။

သူသည် ကျူးဖုန်းအား အချိန်မရွေး သုတ်သင်ပစ်နိုင်၏။ သို့သော် လူကိုသာရမည် စိတ်ဓာတ်ကို ချိုးနှိမ်ပစ်၍ရမည် မဟုတ်ပါ။ လူမရှိလျှင် စိတ်ဓာတ်သည် မည်သို့ အသုံးဝင် အံ့နည်း။

'မင်းငါ့ကို သင်ခန်းစာတစ်ခု ပြောပြခဲ့တဲ့အတွက် ဝေဒနာ မခံစားရအောင် ငါကူညီပါ့မယ်ကွာ'

ဟု ပြောလိုက်သည်။

ကျူးဖုန်း မလှုပ်မယှက် ရပ်နေသဲ။

သူ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပြောင်နေ၏။ အမာရွတ်ကို ခပ်စိမ်းစိမ်း ကြည့်နေသည်။

အမာရွတ်က ခန္ဓာကိုယ် တစ်ချက် လှုပ်ရှားလိုက်၏။

ရွှေသို့ ဖြတ်ခနဲတိုးကာ လက်တစ်ဘက် ဆန့်ထုတ်လိုက်ခြင်း ဖြစ်လေသည်။

ခါးရောင် ဝင်းခနဲ လင်းလက်သွား၏။

'အား....'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာ၏။

ကျူးဖုန်းသည် ရင်ဝကို လက်ဖြင့်အုပ်ကာ ကြမ်းပြင်ပေါ် တအိအိ ပြိုလဲကြသွားလေသည်။

ထိုစဉ်....

'ဖြောင်း....ဖြောင်း....ဖြောင်း'

လက်ခုပ်တီးသံများ ထွက်ပေါ်လာသည်။

အမာရွတ် လှမ်းကြည့်လိုက်သောအခါ ဆိုင်ထဲသို့ လူတစ်ယောက် လှမ်းဝင်လာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *



အမာရွတ် မျက်မှောင် ကြုတ်သွား၏။

လက်နှစ်ဘက်ကို ခပ်ကားကားကလေး ထားလိုက်သည်။

အင်္ကျီလက်တို့အတွင်း၌ ဝှက်ထားသည့် ဓားများကို အချိန်မရွေးထုတ်ယူကာ တိုက်ခိုက်နိုင်အောင် အသင့်ပြင်ထားလိုက်ခြင်း ဖြစ်လေသည်။

စားသော က်ဆိုင်ထဲဝယ် လူရှင်းနေသည်။

စားသောက်သူများ မဆိုထားနှင့် ဆိုင်လုလင်များကိုပင် တစ်ယောက်တစ်လေမျှပင် ရှာမတွေ့ပါချေ။

ကျူးဖုန်း ကြမ်းပြင်ပေါ်တွင် စန့်စန့်ကြီး လဲကျနေ၏။

ကျူးဖုန်းနှင့် မနီးမဝေးတွင် အမာရွတ်ရပ်နေ၏။

ပြတင်းပေါက်မှ တိုးဝင် တိုက်ခတ်လာသည့် လေရူး ကြောင့် အမာရွတ်၏ အင်္ကျီစများ တဖျပ်ဖျပ် လူးလွန့် သွားလေတော့သည်။

စားသောက်ဆိုင်အတွင်းသို့ လူတစ်ယောက် လှမ်းဝင်လာ၏။ ထိုလူမှာ အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထား၏။

အသက် သုံးဆယ်ကျော်ခန့် ရှိသူ ဖြစ်သည်။ သူ၏မျက်နှာ ပြုံးရွှင်နေပြီး အမာရွတ်အား ခြေဆုံးခေါင်းဆုံး ကြည့်နေ၏။

ပစ္စည်း တစ်စုံတစ်ရာ ဝယ်ယူမည့်အချိန်တွင် သေသေချာချာ စစ်ဆေးကြည့်ရှုနေပုံမျိုး ဖြစ်၏။

အမာရွတ် ကျွဲမြီးတိုသွား၏။

မည်သူ့ကိုမဆို ရင်ဆိုင်ရန် ဝန်လေးသူ မဟုတ်ရကား ထိုလူနှင့် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

ထိုစဉ်မှာပင် အဖြူရောင် ဝတ်ဆင်ထားသူ၏ စကားသံ
ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ချီးကျူးလောက်ပါတယ်ဗျာ၊ တစ်ဘက်လူ ခုခံဖို့တောင်
အချိန်မရလိုက်ဘူး'

အမာရွတ် မျက်မှောင်ကြုတ်သွား၏။

ထိုလူအား စေ့စေ့ကြည့်လိုက်ပြီး....

'ခင်ဗျား တွေ့လိုက်လို့လား'

ကျူးဖုန်းအား သတ်သင် ရှင်းလင်းလိုက်သည့် အဖြစ်ကို
ရည်ရွယ်ကာ မေးလိုက်ခြင်း ဖြစ်လေသည်။

ထိုလူ ခေါင်းညိတ်လိုက်၏။

'မြင်လိုက်ရတာပေါ့၊ ကျုပ်ရောက်နေတာ ကြာပြီ၊ ခင်
ဗျားတို့ကို အမှုမဲ့အမှတ်မဲ့ နေခဲ့ကြလို့ပါဗျာ'

အမာရွတ်က ကျူးဖုန်းအား ညွှန်ပြလိုက်ပြီး....

'သူက ခုခံခဲ့တာ မဟုတ်ဘူး'

'သူ ခုခံမယ်ဆိုရင်လဲ ခင်ဗျားလက်က မလွတ်ပါဘူး၊
ဘာပဲဖြစ်ဖြစ် အန္တရာယ်ပေးနိုင်တဲ့သူကို ပြတ်ပြတ်သားသား
ရှင်းပစ်တဲ့စိတ်ထားကို ကျုပ်က ချီးကျူးတာပါဗျာ'

'ခင်ဗျား ဘယ်သူလဲ'

အမာရွတ်သည် မြှောက်ပင့် ပြောဆိုနေသည့် စကား
များကို ဂရုမစိုက်ဘဲ ခပ်ပြတ်ပြတ် မေးလိုက်သည်။

ထိုလူက သူ၏ရင်ဝကို လက်ညှိုး ပြန်ညွှန်ရင်း

'ကျုပ်လား'

အမာရွတ် ပါးစပ်ပိတ်ထားလိုက်သည်။



ထိုလူပြုံးလိုက်သည်။

'ကျုပ်က ပွဲစားလေဗျာ'

ဟု ဆက်ပြောလိုက်လေသည်။

ပွဲစားဟူသော အမည်ကို ကြားလိုက်ရလျှင် အမာရွတ်၏
မျက်ဝန်းအစုံ၌ ထူးခြားသည့် အရိပ်အယောင်များ ထွက်
ပေါ်လာလေသည်။

အမာရွတ်ဆိုသူသည် နာမည်တစ်လုံးဖြင့် သိုင်းလောက၌
ထင်ရှားနေသကဲ့သို့ ပွဲစားဆိုသည့် အမည် တစ်လုံးလည်း
ထင်ရှားနေသည် မဟုတ်ပါလား။

အမည်ထင်ရှားသည်က ထူးခြားသည်တော့ မဟုတ်ပါ။
သို့သော် အမည်ကို ကိုယ်စားပြုပုံချင်းကား ကွာခြားလှ၏။

အမာရွတ်ဘည် ရက်စက်ကြမ်းကြုတ်ပြီး ကြောက်မက်
ဖွယ် အသွင်ဆောင်သည်။ ပွဲစားသည်ကား ရယ်ရှင်ဖွယ်
ကောင်းသလို ဉာဏ်များသည့်အသွင်ဆောင်နေပေတော့သည်။

အမာရွတ်က

'မင်းအတွက် ပွဲခ ဘယ်လောက်ရသလဲ'

ဟု မေးလိုက်လေသည်။

ပွဲစားက

'တစ်သောင်း'

အမာရွတ်ပြုံးလိုက်သည်။

'ဘယ်ဆိုးလို့တုံး အရောင်း အဝယ် ဖြစ်မယ့်ဈေးက
နည်းမယ် မထင်ဘူး'

'ဟုတ်တယ်၊ ကျုပ်က ဆယ်ပုံတစ်ပုံ ပွဲခယူလေ့ ရှိတယ်
လေဗျာ'

'ဒါဆို တကယ့် အလုပ်အတွက် တစ်သိန်းပေါ့'

'ဟုတ်တာယ်'

'ခက်လောက်စရာပါပဲ'

ပွဲစားကျေနပ်သွား၏။

'ခင်ဗျား စိတ်ဝင်စားတယ်ပေါ့'

အမာရွတ် ခေါင်းယမ်းလိုက်သည်။

'ကျုပ်အတွက် ငွေမလိုဘူးဗျ'

'ဘာဖြစ်လို့လဲ'

'သင်ခန်းစာလေးတစ်ခုက ကျုပ်ကို စိတ်အနှောင့်အယှက်
ဖြစ်အောင် လုပ်နေတယ်လေ'

ပွဲစား၏ မျက်နှာတည်သွားသည်။

'အမာရွတ် ကျုပ်က ခင်ဗျားအတွက် အလုပ်ကြီး တစ်ခု
လာရှာခဲ့တာ ခင်ဗျား လက်လွှတ်ဖို့ မကောင်းဘူးဗျ'

'ကျုပ်က စိတ်မဝင်စားဘူး ဆိုရင်ကော'

'ခင်ဗျားအတွက် ရန်သူတစ်ယောက် တိုးလာမှာပေါ့'

'ဒီလောက်တောင်ပဲလား'

ပွဲစားခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူတို့ဟာ ခင်ဗျားကို သိပြီး လိုအပ်
တယ်၊ ခင်ဗျားလက်မခံလို့ကို မဖြစ်ဘူး၊ သူတို့အတွက် လု
ပေးနိုင်တာ ခင်ဗျားတစ်ယောက်ပဲ ရှိတယ်'

'ဟား ဟား ဟား'



အမာရွတ် သဘောကျစွာ ရယ်မောလိုက်လေသည်။

ပွဲစားက အလိုက်သိစွာပင် ငြိမ်နေလိုက်သည်။

ပွဲစားဟု အမည်ခံထားသူသည် အခြေအနေအချိန်အခါ
ကို တတ်သိ နားလည်ရမည် မဟုတ်ပါလား'

အမာရွတ်က သဘောကျစွာ ရယ်မောပြီးလျှင်

ကျုပ်က ကပ်စေးနှည်းတဲ့လူတွေကို ပိုပြီးတောင် စိတ်
ပျက်သေးတယ်'

ဟု ပြောလိုက်၏။

မည်သူမျှ မလုပ်နိုင်သည့် ကိစ္စ သူ တစ်ဦးတည်းသာ
ဆောင်ရွက်နိုင်မည့်ကိစ္စ ဖြစ်သည် ဆိုပါလျှင် သူ့အတွက်
ရမည့်ငွေမှာ နည်းလွန်းနေသည် မဟုတ်ပါလား။

ပွဲစားက

'ခင်ဗျားဘယ်လောက်လိုချင်သလဲ'

ဟု မေးလိုက်၏။

အမာရွတ်က

'ခင်ဗျားက ကျုပ်အတွက် တန်ဖိုး သတ်မှတ် ပေးနိုင်တဲ့
အခွင့်အရေး ရှိတယ်ပေါ့'

'ဟာ....ဒီလိုမဟုတ်ပါဘူး၊ ခင်ဗျား စိတ်ဝင်စားတယ်ဆို
ငွေဘယ်လောက်ရမှ လက်ခံ ဆောင်ရွက် နိုင်မယ် ဆိုတာကို
ကျုပ်က ပြန်ပြောပြဖို့ပါ၊ ဖဲ့တာ မပေးတာ သူတို့အလုပ်
ပါ'

'ကောင်းပြီ၊ ကျုပ်က အလုပ်ကြီး တစ်ခု လုပ်ပြီးမှ
အေးအေးဆေးဆေး စဉ်းစားတော့မယ်၊ ခင်ဗျားလူတွေကို

ပြောလိုက်ပါ၊ ငွေဆယ်သိန်းပေးနိုင်မယ်ဆိုရင် လဆန်း ငါးရက်နေ့ လူရှန်မြို့က ရွှေမြင်းစားသောက်ဆိုင်မှာ စောင့်နေပါလို့'

ရွှေဗျိုင်းသစ္စာဖောက်လျှင်မည်သို့လုပ်မည်နည်းဟုကျူးဖုန်းပြောသွားအတည်းက မိမိ၏ခံယူချက်နှင့် သွားလာ လှုပ်ရှားမှုများ အပေါ် ပြန်လည် ဆင်ခြင် သုံးသပ်သည်ဟု ယူဆမိသည်။

တစ်ချက်ကလေး မှားလိုက် သည်နှင့် သေမင်း ချောက်ကျွမ်းပါးထဲ ကျသွားမည် မဟုတ်ပါလား။

ဟာကွက်မည်မျှ များများ ပြုလုပ်ခဲ့သနည်း ဆိုသည်ကို ငွေများများ ရမည့် အလုပ်တစ်ခုလုပ်ပြီးမှ ဆက်စဉ်းစားရန် ဆုံးဖြတ်လိုက်သည်။

သူ့၏ စကားကို ပွဲစားက ချက်ချင်း သဘောတူလိုက်လေသည်။

'ကောင်းပြီ၊ ကျုပ် ပြောပြလိုက်မယ်၊ ခင်ဗျားဆက်ဆက်လာခဲ့ပါ၊ သူတို့ သဘောတူဖို့ သေချာပါတယ်၊ ကဲ... ကျုပ် သွားမယ်'

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွား၏။

အမာရွတ် စိတ်သဘောထား ပြောင်းလဲ သွားပုံကို လိုလားပုံ မရပါ။

အမာရွတ်စကား မပြင်မီ စကားစဖြတ်ကာ ထွက်သွားခြင်း ဖြစ်ပေတော့သည်။



ဤသည်ကား ပွဲစား၏ အောင်မြင် ကျော်ကြားနေသော အဓိက အကြောင်းရင်းများအနက် တစ်ခု အပါအဝင် ဖြစ်ပေတော့သည်။

အမာရွတ်က မလှုပ်မယှက် ရပ်လျက်....

ပွဲစားမှာ တစ်ခဏအတွင်း ဆိုင်အပြင်ဘက် ရောက်သွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ပွဲစား ကွယ်ပျောသွားမှ အမာရွတ် လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

'သူ့ကို ဘယ်သူ လွှတ်လိုက်တာလဲ ငါဒီမှာ ရှိနေတာကို ဘယ်သူ သိထားကြတာလဲ၊ ပွဲစားရဲ့ နောက်ကလူတွေ မခေဘူး'

တီးတိုး ရေရွတ်ကာ ကိုယ့်ကိုယ်ကို သတိပေးလိုက်၏။

မည်သို့ဆိုစေ ငွေဆယ်သိန်းရလျှင် ဘာမဆို လုပ်မည်ဟု စိတ်ပိုင်းဖြတ်ထားလေသည်။

* * *

လဆန်း ငါးရက်....

ယနေ့သည် လဆန်း ငါးရက်နေ့ ဖြစ်နေပသည်။

လူရှန်မြို့သည် ထုံးစံအတိုင်း စည်ကား သိုက်မြိုက်နေ၏။

လူရှန်မြို့ အရှေ့ဘက် ပိုင်းဝယ် စားသောက်ဆိုင်ပေါင်း တစ်ရာကျော် ရှိသည့်အနက် ရွှေမြင်း စားသောက်ဆိုင်သည်

နာမည်အကြီးဆုံး၊ အရောင်းရ အသွက်ဆုံးဆိုင် ဖြစ်ချေ သည်။

ရွှေမြင်း စားသောက်ဆိုင်မှာ နှစ်ထပ် အဆောက်အဦး ကြီး၌ ဖွင့်လှစ်ထားခြင်း ဖြစ်သည်။

အောက်ထပ်ဝယ် အများသူငါ စားသောက်နိုင်ရန်စီစဉ် ထားပြီး အပေါ်ထပ်၌မူ ချမ်းသာကြွယ်ဝသူများ ကြို တင် နေရာယူထားသူများအတွက် စီစဉ်ထားလေသည်။

နေ့လယ်စာ စားချိန်ရောက်သလျှင် ရွှေမြင်းစားသော ဆိုင်ရှေ့သို့ အဘိုးအို တစ်ယောက် ရောက်ရှိ လာလေသည်။

ရွှေရောင် အနားကွပ် အပြာရောင် ပိုးမှဲအင်္ကျီ ဝတ်ဆ ထားပြီး ပါးစောင်ဝယ် ဆေးတံတစ်ချောင်း ကိုက်ထား၏

'ရွှေမြင်းစားသောက်ဆိုင်' ဟု ရေးသား ထားသည့် ဆိုင် တုတ်ကို တစ်ချက် မော့ကြည့်လိုက်ပြီး ဆိုင်ရှေ့သို့ လှမ်းလာ သည်။

လက်နှစ်ဘက် နောက်ပစ်ပြီး အေးအေး ဆေးဆေ လျှောက်လာ နေပုံမှာ အဝန်းခြေ အခေပျော်ခရီး ထွက်လာ သည်နှစ်ပင် တူနေ၏။

သူ၏ အဝတ်အစား များကို ကြည့်ရုံဖြင့် ချမ်းသာ ကြွယ်ဝသူ တစ်ယောက် ဖြစ်မှန်း သိနိုင်လေသည်။

ဆိုင်လုလင်များသည် အဘိုးအိုကို မျှော်မျှော်သလဲ ကြို လိုက်ကြလေတော့သည်။

'ကြွပါခင်ဗျာ၊ ကြွပါ၊ လူရန်မှီမှာတော့ ကျွန်တော် စားသောက်ဆိုင်ဟာ အကောင်းဆုံးပါပဲ'



အဘိုးအို ပြုံးလိုက်သည်။

ဆိုင်လုလင်များ၏ စကားကို အသိအမှတ်ပြုသည့်အလား ခေါင်းညိတ်ပြလိုက်၏။

ထို့နောက် စားသောက်ဆိုင်ထဲ လှမ်းဝင်လိုက်လေသည်။ သူက အပေါ်ထပ်သို့ တောက်လျှောက် တက်သွားခြင်း ဖြစ်သည်။

အောက်ထပ်ဝယ် လူစည်ကားနေသည့်တိုင် အပေါ်ထပ် ယ် လူရှင်းနေ၏။

ငွေကုန်ကြေးကျ ခံနိုင်သူများ အေးအေးဆေးဆေး စား သောက်နိုင်ရန် တမင် စီစဉ်ထားခြင်း ဖြစ်၏။

အပေါ်ထပ်အတွက် ရနိုင်သည့် စားသောက်ဖွယ်ရာများ ည် အောက်ထပ်တွင် ရောင်းချသည့် စားသောက်ဖွယ်ရာ ထက် သုံးဆခန့် ပိုပြီး ဈေးကြီးလေ၏။

အဘိုးအိုသည် အပေါ်ထပ်သို့ ရောက်လျှင် တစ်ချက် ဝေ ကြည့်လိုက်၏။ အပေါ်ထပ်တွင် စားပွဲ ဆယ်လုံး ခင်းကျင်း ားရာ ဝရန်တာနှင့် ကပ်လျက် ရှိသော စားပွဲနှစ်လုံး၌သာ းသောက်ကြသူများ ရှိနေကြသည်ကို တွေ့ရ၏။

စားပွဲတစ်ဝိုင်း၌ မိသားစု တစ်စု ထိုင်ကာ စားသောက် ကြ၏။

အခြား စားပွဲ၌မူ လူတစ်ယောက် ထိုင်နေသည်။ ထိုလူသည် စားသောက်ဖွယ်ရာများကို စိတ်မဝင်စားတဲ့ ရန်တာကို ကျော်ကာ အပြင်ဘက်သို့ ငေးကြည့်နေ၏။

တစ်စုံတစ်ယောက်နှင့်ချိန်းထားပြီး ရောက်လာမည့် အချိ
ကို စောင့်မျှော်နေဟန် ရှိလေသည်။

အဘိုးအို ပြုံးလိုက်သည်။

'ပွဲစား'

ဟုလည်း စိတ်ထဲမှ ကြိတ်ပြီး ရေရွတ်လိုက်လေသည်။

အမှန်တော့ အမာရွတ်က အဘိုးအိုအဖြစ် ရုပ်ဖျက်လ
ခဲ့ခြင်း ဖြစ်ပေသည်။

အမာရွတ်သည် ပွဲစားထိုင်နေသည့် စားပွဲနှင့် ကပ်လျ
ရှိသည့် စားပွဲတစ်လုံး၀ယ် ထိုင်ချလိုက်သည်။

ထို့နောက် စားသောက်ဖွယ်ရာ မှာကြားလိုက်လေသည်

သူဌေးကြီးတစ်ယောက်နှင့် တူရလေအောင် ဈေးအကြ
ဆုံး ဟင်းလျာ ငါးမျိုး မှာကြားလိုက်ခြင်း ဖြစ်ပေသည်

စားသောက်ဖွယ်ရာများသည် သူ၏ ရှေ့သို့ ချက်ချ
ရောက်လာသည်။ ပွဲစားက တစ်ချက် လှမ်းကြည့်ပြီး လမ်း
ဘက်သို့ မျက်နှာ ပြန်လှည့်လိုက်လေသည်။

အမာရွတ် ပြုံးလိုက်သည်။

ပွဲစားသည် သူ့အား စောင့်မျှော်နေခြင်း ဖြစ်ပေသည်

သူ ရောက်လာသည်ကို မသိသေးသဖြင့် အမာရွ
ကြိတ်ပြီး ရယ်မိလေသည်။

ပွဲစားကား အပြင်ဘက် ငေးကြည့်နေဆဲ။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

'ဒုက္ခပဲ၊ မလာတော့ဘူး ထင်တယ်'



ပွဲစား၏ နှုတ်ဖျားမှ ညည်းညူသံ ထွက်ပေါ်လာလေ
သည်။

အဘိုးအိုအဖြစ် ရုပ်ဖျက်ထားသည့် အမာရွတ်က သက်ပြင်း
ချလိုက်သည်။

ပွဲစားသည် တစ်ယောက်တည်း လာခဲ့ခြင်း ဖြစ်ပြီး သူ
အကောက်ကြံရန် အစီအစဉ်ပြုလုပ်ထားခြင်း မရှိဟု အကဲခတ်
မိခဲ့ပြီ မဟုတ်ပါလား။

တာအင်း စားသောက်ဆိုင်ပိုင်ရှင် ကျုံးဖုန်းနှင့် တွေ့ပြီး
သည့် နောက်ပိုင်း၀ယ် သူက အစစအရာရာ ပိုပြီး သတိထား
နေခဲ့သည်။

ပွဲစားကိုပင် ယုံကြည်စိတ်ချခြင်း မရှိခဲ့ချေ။ ပွဲစားသည်
အလုပ်တစ်ခု အပ်မည်ဟု အကြောင်းမြှုပြီး အကောက်ကြံနိုင်
သေးသည် မဟုတ်ပါလား။

ထို့ကြောင့်လည်း အခြေအနေ စောင့်ကြည့်နေခဲ့ခြင်းပင်။

ပွဲစားသည် တစ်ယောက်တည်း လာပြီး သူ့အား စောင့်
နေခြင်း ဖြစ်မှန်း သေချာစွာ အကဲခတ်မိမှ....

'စိတ်ရှည်တဲ့ လူဟာ အသက်လဲ ပိုရှည်တယ်'

ဟု ပြောလိုက်လေသည်။

စားပွဲချင်း နီးကပ်နေခြင်းဖြစ်ရာ သူ၏ စကားကို ပွဲစား
ကောင်းစွာ ကြားသွားလေသည်။

ဆတ်ခနဲ ခေါင်းထောင်လာပြီး လှည့်ကြည့်လိုက်လေသည်။

အမာရွတ်က....

'အသက်ရှည်ရှည်နေနိုင်တော့ သူများထက် ပိုပြီး လောက

စည်းစိမ် ခံစားနိုင်တာပေါ့၊ ဥပမာ ငွေဆယ်သိန်းလောက် ရကြည့်ပါလား'

'ဟင်'

ပွဲစား လွတ်ခနဲ ရေရွတ်မိ၏။

အမာရွတ်ကို လှမ်းကြည့်လိုက်သည်။

ရုပ်ဖျက်ထားခြင်းကြောင့် အမာရွတ်ဟု မမြင်ဘဲ အဘိုးအို တစ်ယောက်အဖြစ်သာ တွေ့မြင်နေလေသည်။

အမာရွတ်က ဆက်ပြောလိုက်သည်။

'ငွေဆယ်သိန်းရမယ်ဆိုရင် ကျုပ်က ဘာပဲ လုပ်ရ လုပ်ရ

သူ၏ စကားသည် လမ်းကြောင်း ပြောင်းလဲသွားပြီ ဖြစ်လေသည်။

သို့သော် ပွဲစားအား လှုပ်လှုပ်ရှားရှား ဖြစ်သွားစေ တော့သည်။

ပွဲစားက မျက်လုံးကြီးပြူးကာ သူ့အား စိုက်ကြည့်လိုက် သည်။

အမာရွတ်က ပြုံးပြလိုက်လေသည်။ ပွဲစား ကျွမြီးတို့သွား သည်။

အမာရွတ်ကိုကြည့်ကာ

'ခင်ဗျား ဘာတွေပြောနေတာလဲဗျ'

ဟု လှမ်းမေးလိုက်လေသည်။



အမာရွတ်က

'ဩော် တစ်ယောက်ယောက်က ငွေဆယ်သိန်း ပေးရင် ဆိပ်ကောင်းမှာပဲလို့ ပြောတာလေ'

'ခင်ဗျား'

ပွဲစား ဝုန်းခနဲ ခုန်ထလိုက်သည်။

အမာရွတ်ထိုင်နေသည့် စားပွဲဆီသို့ ချက်ချင်း ကူးသွား လေသည်။

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

သူတို့နှစ်ယောက် သဘောကျစွာ ရယ်မောလိုက်ကြလေ သည်။

ပွဲစားက ရယ်မောပြီးမှ

'ခင်ဗျားက သက်သက်ဒုက္ခခံပြီး အချိန်ဖြုန်းနေတာပဲဗျ'

ဟု ပြောလိုက်လေသည်။

အမာရွတ် ခေါင်းယမ်းလိုက်သည်။

'တကယ်လို့ မင်းက အလုပ်အပ်ဖို့မဟုတ်ဘဲ ငါ့ကိုရှင်းပစ် ချင်လို့ လှည့်စားနေတယ် ဆိုရင်ကော'

ဟာ ခင်ဗျားသေသွားလို့ ကျုပ်အတွက် ဘာအကျိုး ကျေးဇူးရှိမှာလဲ'

'ရှိတယ် ဆိုရင်ပေါ့ကွာ'

'ဒါတော့ ခင်ဗျားက စကားနိုင်လုပြီး ပြောနေတာပဲဗျ'

အမာရွတ် လက်ကာပြလိုက်သည်။

'ကောင်းပြီ၊ ဒါတွေ ထားလိုက်ပါတော့လေ၊ မင်းလူ တွေက ကောင်းတဲ့ငွေ ပေးကြမှာလား'

ဟု မေးလိုက်၏။

ပွဲစားခေါင်းညိတ်လိုက်သည်။

'ပေးမယ်လို့ သူတို့ ဆုံးဖြတ်လိုက်ကြတယ်၊ ဒါပေမယ့် တစ်ဝက်ပဲ ရရှိပေးနိုင်မယ်၊ အလုပ်ပြီးမှ ကျန်တဲ့ တစ်ဝက် ရမယ်'

အမာရွတ်ပြုံးလိုက်သည်။

'ဖြစ်ပါတယ်'

'ခင်ဗျား သဘောတူတယ်ပေါ့'

'ငွေဘယ်မှာလဲ'

'ခင်ဗျား လက်ခံပြီဆိုတာနဲ့ ကျား အာမခံဌာနမှာ အချိန် မရွေးသွားထုတ်နိုင်ပါတယ်'

အမာရွတ်ကျေနပ်သွား၏။

ကျားအာမခံဌာနသည် များပြားလှသော အာမခံဌာန များအနက် စိတ်အချရဆုံး အာမခံဌာနတစ်ခု ဖြစ်ပေသည်။

ကျားအာမခံဌာန အမှတ်တံဆိပ်ပါသည့် ငွေလွှဲလက်မှတ် ပြနိုင်လျှင် မည်သူ့ကိုမဆို ငွေထုတ်ပေးမည်သာ ဖြစ်၏။

ငွေငါးသိန်းမဆိုထားနှင့် သိန်းငါးဆယ် ထုတ်ယူမည် ဆို လျှင်လည်း ချက်ချင်း ထုတ်ပေးလိမ့်မည် ဖြစ်သည်။

ငွေလာထုတ်သူ ငွေလာသွင်းသူ စသည်တို့မှာ လူကောင်း ဖြစ်စေ၊ လူဆိုးဖြစ်စေ ကျားအာမခံဌာနက ဂရုစိုက်မည် မဟုတ်ပါ။



သယ်ယူပို့ဆောင်ပေးရမည့်ပစ္စည်းများသည် မည်သို့သော ပစ္စည်းများပင် ဖြစ်ပါစေ ပို့ဆောင်ခပေးနိုင်လျှင် လိုရာ ခရီးသို့ ချောမောစွာ ရောက်ရှိသွားအောင် ပို့ဆောင်ပေးမည် သာ ဖြစ်၏။

ကျားအာမခံဌာနသည် အကျိုးအမြတ် တစ်ခုတည်းကို သာ ရှေးရှုပြီး လုပ်ကိုင်နေသည့် အာမခံဌာနတစ်ခု ဖြစ်ပေ သည်။

မည်သို့ဆိုစေ ကျား အာမခံဌာနသည် အခြားသော အာမခံဌာနများထက် ပို၍ အောင်မြင် ကျော်ကြား နေပေ တော့သည်။

'ငွေလွှဲလက်မှတ်'

အမာရွတ်က ပြောလိုက်၏။

ပွဲစားက ငွေလွှဲလက်မှတ် ထုတ်မပေးသေးချေ။

အမာရွတ်ကို စိုက်ကြည့်လိုက်ပြီး

'ငွေရေး ကြေးရေးအတွက် စိတ်ချရပြီ ဖြစ်သလို အလုပ် ရှင်ဘက်က တာဝန်ကျေပြီ ဆိုတော့'

သူ၏စကားမဆုံးမီ အမာရွတ် ခေါင်းညိတ်လိုက်ပြီး

'ဟုတ်သားပဲ၊ ကဲ....ပြောပါ ကျုပ်က ဘာလုပ်ရမလဲ'

'လူတစ်ယောက်ကို ရှင်းပေးရမယ်'

'ဘယ်သူလဲ'

ပွဲစားက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

အပေါ်ထပ်ဝယ် စားသောက် နေခဲ့ကြသည့် မိသားစုမှာ စားသောက်ပြီးစီးသွား၍ ထွက်သွားကြချေပြီ။

စားသောက်သူဟူ၍ သူတို့ နှစ်ယောက်သာ ရှိနေ၏။

ဆိုင်လုလင်အချို့သည် အလိုရှိသမျှ လုပ်ကိုင်ပေးရန် ခံ လှမ်းလှမ်း၌ ရပ်နေကြသော်လည်း လှမ်းမခေါ်မချင်း အနီး သို့ လာကြလိမ့်မည် မဟုတ်ပါချေ။

'ဘယ်သူလဲ'

အမာရွတ်က ထပ်မေးလိုက်သည်။

ပွဲစားက....

'ခင်ဗျား ရှင်းပစ်ရမယ့်လူက....'

ရှတ်တရက် သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။

အကြောင်းကား အပေါ်ထပ်သို့ တက်လာသည့် ခြေသံ များ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက် ခြင်းကြောင့် ဖြစ်ပေသည်။

သူတို့နှစ်ယောက်စလုံး လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ လူတစ်စု လှမ်းတက်လာသည်ကို တွေ့လိုက်ကြ လေတော့သည်။

* * *

စားသောက်ဆိုင်ပေါ်သို့ လူတစ်စု လှမ်းတက်လာကြလေ သည်။



ရှေ့ဆုံးမှ တက်လာကြသည်မှာ အဖြူရောင် အဝတ်အစား များ ဝတ်ဆင်ထားသည့် မိန်းကလေးလေးယောက် ဖြစ်လေ သည်။

ထိုမိန်းကလေး လေးယောက်နောက်ဝယ် ရွှေရောင်အဝတ် အစားများ ဝတ်ဆင်ထားသည့် မိန်းကလေးနှစ်ယောက် လိုက် ပါလာ၏။

တစ်ဖန် အစိမ်းရောင် ဝတ်ဆင်ထားသည့် မိန်းကလေး တစ်ယောက်က အိခြေရရ တက်လာသည်။

နောက်ဆုံးမှ သန်မာထွားကျိုင်းသည့် လူသန်ကြီး ရှစ် ယောက် လိုက်ပါကြသေသည်။

ထိုလူစု ရောက်ရှိလာသည်ကို တွေ့ရလျှင် ဆိုင်လုလင်များ များပျာသလဲ ဖြစ်သွားကြလေသည်။

ချက်ချင်းပင် နေရာထိုင်ခင်း ပြင်ဆင်ပေးကြသည်။

သို့သော် ထိုလူစုသည် အားလုံး ထိုင်လိုက်ကြသည်တော့ မဟုတ်ပါချေ။

ခုံတစ်လုံးဝယ် အစိမ်းရောင်ဝတ်ဆင်ထားသည့် မိန်းကလေး တစ်ယောက်သာလျှင် ထိုင်ချလိုက်ခြင်း ဖြစ်၏။

အဖြူရောင် မိန်းကလေး လေးယောက်က အနောက် ဘက်၌ စီတန်းရပ်လိုက်ကြပြီး ရွှေရောင် ဝတ်ဆင်ထားသည့် မိန်းကလေး နှစ်ယောက်က ဘေးတစ်ဘက်တစ်ချက် ရပ်လိုက် ကြ၏။

လူသန်ကြီး ရှစ်ယောက်ကား မလှမ်းမကမ်းဝယ် မတုန် မလှုပ် ကျောက်ရုပ်များပမာ စီတန်းရပ်နေလိုက်ကြ၏။

မင်းသမီးလေးတစ်ပါး ရောက်လာသည်နှင့်ပင် တူလှ၏
သို့သော် အစိမ်းရောင်ဝတ် ဆင်ထားသည့် မိန်းကလေး
မင်းသမီးလေးတစ်ပါး မဟုတ်သည်ကို အမာရွတ် ကော
စွာ နားလည်ထားပေတော့သည်။

ထိုမိန်းကလေး၏ ပုံသဏ္ဌာန်နှင့် လှုပ်ရှားမှုမှာ ထက်
သည့် သိုင်းပညာ တတ်မြောက်ထားသူ တစ်ယောက်အသွ
ပေါ်လွင်နေသည်ကို သူ ရိပ်မိလိုက်၏။

ထိုမိန်းကလေးသည် သိုင်းဆရာကြီးတစ်ယောက်၏ သ
ဖြစ်ရမည်ဟုလည်း တွက်ဆမိလိုက်၏။

ပွဲစားက....

'အဲဒီမိန်းကလေးကို သေသေချာချာ ကြည့်ထား'

ဟု အသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

အမာရွတ် အံ့ဩသွားသည်။

'ဘာဖြစ်လို့လဲ'

'သူ့နာမည်က စန်းကျူးလို့ခေါ်တယ်၊ သိုင်းလော
သားတွေက ရွှေပုံလွှားမယ်ကလေးလို့တင်စား ခေါ်ကြ

ပွဲစားသည် အမာရွတ်၏ အမေးကိုမဖြေပဲ သူပြော
သာ ပြောနေ၏

မည်သို့ဆိုစေ အမာရွတ်က စန်းကျူး ဆိုသည့်အမ
ကောင်းစွာ မှတ်သားလိုက်လေသည်။

ပွဲစားက....

'သိုင်းပညာ တော်တယ်၊ မာနကြီးတယ်၊ သူအနားက
ကပ်ဖို့မလွယ်ဘူး'



ဟု ပြောလိုက်၏။

အမာရွတ်က....

'ဒါတွေ ငါနဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်တယ်၊ သူဟာ ခင်ဗျား ရှင်းပစ်ရမယ့်လူရဲ့ သမီးဖြစ်
နေလို့ပဲ'

'ဟင်'

အလွန်ကြီးစွာနှင့် ဝေးသက်ပြီး အမာရွတ် ပထမ ဦးဆုံး
အကြိမ် အံ့ဩသွားရပေလေတော့သည်။

ပွဲစားက....

'သူ့မှာအခိုက်အတန့်ယောက်ျားသားတယ်၊ စန်းတုံးလို့ ခေါ်
တယ်၊ သိုင်းလောကသားတွေက....'

'ရွှေလိပ်ပြာလို့ ခေါ်ကြတယ် မဟုတ်လား'

အမာရွတ်က ကြားဖြတ် ပြောလိုက်၏။

ပွဲစား ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခင်ဗျား သိနေလို့မို့မယ်ဆိုတာ ကျုပ် တွက်
ပြီးသားပါ'

'ဒါဖြင့် ကျုပ် ရှင်းပစ်ရမယ့် လူဟာ'

သူ၏ စကားမဆုံးမီ...

'ဟဆိတ်လောက် ခွင့်ပြုကြပါရှင့်'

ချိုလွင် သာယာသော စကားသံတစ်ချက် ထွက်ပေါ်လာ
သည်ကို ကြားလိုက်ရသည်။ အမာရွတ်နှင့် ပွဲစားတို့ လှည့်
ကြည့်လိုက်ကြ၏။

ထိုအခါ ရွှေရောင်ဝတ်ဆင်ထားသည့် မိန်းကလေး တစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

* * *

ရွှေရောင် ဝတ်ဆင် ထားသည့် မိန်းကလေးသည် သူတို့အနီးသို့ ရောက်ရှိလာပြီ ဖြစ်သေသည်။

လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်ရင်း ရှိသေလေးစားသည့် အသွင်ဖြင့်....

'ကျေးဇူး ပြုပြီး ဟိုဘက် စားပွဲကို ကူးလာခဲ့ဖို့ သခင်မလေး စန်းကျူးက ဖိတ်ခေါ်လိုက်ပါတယ်ရှင်'

ဟု ပြောလာလေသည်။

အမာရွတ်နှင့်ပွဲစားတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။

သူတို့သည် အတွေ့အကြုံ ရင့်ကျက်ပြီး အသက်ကြီးရင့်သူများ ဖြစ်နေ၍သာ ဣန္ဒြေမပျက် နေနိုင်လိုက်ကြခြင်း ဖြစ်ပေသည်။

နှုတ်သွက်လျှာသွက် ရှိသည့် ပွဲစားက....

'ကျုပ်တို့ကို ဖိတ်ခေါ်တာလားဗျ'

ဟု မေးလိုက်၏။

ရွှေရောင် ဝတ်ဆင်ထားသည့် မိန်းကလေး ခေါင်းညိတ်လိုက်သည်။



'ဟုတ်ပါတယ်ရှင်'

'ဘာကိစ္စရှိလို့လဲ'

'သခင်မလေးက ဖိတ်ခိုင်းလိုက်ပါတယ်'

'အေးလေဟာ'

ပွဲစား၏ စကားမဆုံးမီ အမာရွတ်က....

'သခင်မလေးက ဖိတ်တယ် ဆိုတော့လဲ ကျုပ်တို့ လာရမှာပေါ့ဗျာ'

ဟု ကြားဝင်ပြောလိုက်လေသည်။

သူ့၏စကားကို ရွှေရောင်ဝတ်ဆင်ထားသည့် မိန်းကလေး သဘောကျသွားလေသည်။

'ကြွပါရှင်'

အရိုအသေပြုရင်း ပြောလိုက်သည်။

အမာရွတ်ထိုင်ရာမှ ထလိုက်သဖြင့် ပွဲစားလည်း ထရပ်လိုက်ရလေသည်။

သူတို့ နှစ်ယောက်သည် ရွှေရောင် ဝတ်ဆင် ထားသည့် မိန်းကလေး နှစ်ယောက် နောက်သို့ လိုက်ပါ သွားကြလေသည်။

အစိမ်းရောင် ဝတ်ဆင် ထားသည့် မိန်းကလေး ထိုင်နေသည့် စားပွဲအနီးသို့ ရောက်ရှိသွားလျှင်....

'ထိုင်ပါရှင်'

ရွှေရောင် ဝတ်ဆင်ထားသည့် မိန်းကလေးက ထိုင်ခုံများပေးကာ ပြော၏။ အမာရွတ်နှင့် ပွဲစားတို့ ထိုင်ချလိုက်ကြလေသည်။

အစိမ်းရောင် ဝတ်ဆင် ထားသည့် မိန်းကလေးကိုလည်း သေသေချာချာ စိုက်ကြည့်လိုက်ကြ၏။

ထိုမိန်းကလေးမှာ ပျိုလွှားလေး စန်းကျူး ဖြစ်ကြောင်း သိထားကြ၏၊ စန်းကျူးသည် အသက် ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေး၏။

ငယ်ရွယ်နုပျိုပြီး ချောချောလှပသူကလေး ဖြစ်ပေသည်။

သူမသည် အလှဂုဏ်၊ ငွေဂုဏ်၊ သိုင်းပညာဂုဏ်တို့ကြောင့် မာနကြီးပုံ ရလေသည်။

အမာရွတ်တို့က အကဲခတ်ကြည့်နေသလို သူမကလည်း ပြန်၍ အကဲခတ် ကြည့်နေသည်။

တစ်ယောက်ကို တစ်ယောက် အတန်ကြာ အကဲခတ် ကြည့်ပြီးလျှင် စန်းကျူးကပင် စကား စ,လိုက်လေသည်။

'ဦးတို့နှစ်ယောက်–ဒီမြို့ကို ရောက်လာတာ မကြာသေးဘူး ထင်ပါတယ်၊ ကျွန်မပြောတာ မှန်ပါရဲ့လားရှင်'

ပွဲစား ခေါင်းညိတ်လိုက်သည်။

'သိပ်မှန်တာပေါ့ဗျာ၊ ကျုပ်တို့က ခြေသလုံး အိမ်တိုး လျှောက်သွားနေကြတာဗျ၊ လုရန်မြို့ စည်ကား သိုက်မြိုက်တယ်ဆိုတဲ့ သတင်းကြားလို့ လာကြည့်တာ'

'ဦးတို့ အမည်နာမကို ဘယ်လို ခေါ်တယ်ဆိုတာ သိ ရစေလားရှင့်'

စန်းကျူးက ပြုံး၍ မေးလာလေသည်။

ပွဲစား ငိုင်သွား၏။

အမာရွတ်ကို လှမ်းကြည့်လိုက်လေသည်။



အမာရွတ်က....

'မိန်းကလေး ကျုပ် တို့က အညတရ တွေပါ၊ ကျုပ်တို့ နာမည်ကို ဘာကြောင့် သိချင်ရတာလဲ'

ခပ်တည်တည်ဖြင့် ပြန်မေးလိုက်လေသည်။

စန်းကျူးက....

'ဦးတို့ နှစ်ယောက်ကို ကြည့်တာနဲ့ သာမန်လူတွေ မဟုတ်ဘူးဆိုတာ ကျွန်မ ရိပ်မိပါတယ်ရှင်၊ လုရန်မြို့ကို ရောက်လာကြတဲ့ သိုင်းလောကသားတွေ ဆိုရင် ကျွန်မတို့ အိမ်ကို ဝင်ပြီး ဖေဖေ့ကို နှုတ်ဆက်လေ့ ရှိကြတာပါပဲ၊ ဦးတို့ နှစ်ယောက်ဟာ ကျွန်မတို့ အိမ်ကိုလဲ မရောက်ခဲ့ကြဘူး ဆိုတာ ကျွန်မ သိနေလို့ပါ'

ယခုမှ စန်းကျူးက အဘယ့်ကြောင့် ဖိတ်ခေါ် လိုက်ရသည်ကို အမာရွတ်တို့ နားလည် သဘောပေါက် လာကြလေသည်။

စန်းကျူးသည် သူမ၏ ဖခင်အား သိုင်းလောကမှ သိုင်းသမားများ လုရန် မြို့သို့ ရောက်လာသည်နှင့် ချက်ချင်း တွေ့ဆုံကာ ဂါရဝ ပြုလေ့ရှိရသည်ဟု ပြောခဲ့သည်။

လုရန်မြို့သို့ ရောက်လာသူတိုင်းသည် သူမ၏ ဖခင်အား ဦးစွာ ဂါရဝပြုရမည်ဟု သတ်မှတ်လိုက်သည့် သဘော ရှိနေသည်။

ထိုသို့ဂါရဝ မပြုခဲ့ပါလျှင် သူတို့အား စော်ကားသည်ဟု သဘောထားမှန်းလည်း သိသာ ထင်ရှားနေ၏။

စန်းကျူး၏ မောက်မာမှုကို ကြည့်မရလျှင် ပြဿနာများ ဖြေရှင်း၍ ဆုံးနိုင်တော့မည် မဟုတ်ပါချေ။

စန်းကျူးနှင့် အဆင်ပြေရန်မှာလည်း လွယ်ကူလှသည်။

ပွဲစားက....

'မိန်းကလေး စိတ်မရှိဖို့ တောင်းပန်ပါတယ်၊ မိန်းကလေးရဲ့ ဖခင် ဘယ်သူဘယ်ဝါဆိုတာ သိပါရစေလားဗျာ'

ဟု ပြောလိုက်၏။

စန်းကျူး၏ဖခင်မှာ မည်သူမည်ဝါဖြစ်သည်ကို သိထားပြီး ဖြစ်သည်။

ပွဲစား ပြောလိုက်သည့် စကား အဓိပ္ပာယ်ကို အမာရွတ် နားလည်ထား၏။

သိက္ခာကျသည်ဟု ဆိုနိုင်သော်လည်း ဘာမျှ မပြောဘဲ ငြိမ်နေလိုက်၏။ ပွဲစား၏ စကားကြားလျှင် စန်းကျူး သဘောကျစွာ ပြုံးလိုက်သည်။

ဂုဏ်ယူဝင့်ကြွားသော လေသံဖြင့်....

'ကျွန်မ ဖေဖေဟာ သိုင်းလောကမှာ ကျော်ကြားတဲ့ ရွှေစွန်ရဲ့ စန်းကျင်းပါတဲ့ရှင်'

ဟု ပြောလိုက်လေသည်။

ထိုစကားကြားလျှင် ပွဲစားက သူ၏ နဖူးပြင်ကို လက်ဝါးဖြင့် ဖြန်းခနဲ မြည်အောင် ရိုက်ချလိုက်ပြီး....

'လက်စသပ်တော့ ရွှေစွန်ရဲ့ စန်းကျင်း ဆိုတဲ့ ပုဂ္ဂိုလ်ကြီးဟာ လုရှန်မြို့မှာ နေတာကိုးဗျ၊ ကျုပ်တို့ မသိတာ နာတာပဲ'

အမာရွတ်ဘက် လှည့်ကာ ပြောလိုက်၏။



အမာရွတ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်သားပဲ၊ ကျုပ်တို့ ရောက်လာမှတော့ ဝင်ပြီး ဂါရဝပြုသင့်တာပေါ့ဗျာ'

ဟု ခပ်ပင့်ပင့်ကလေး ပြောလိုက်လေသည်။

သူတို့နှစ်ယောက်၏ စကားများ ကြားလျှင် စန်းကျူး ကျေနပ်သွားဟန် ရှိလေသည်။

ပွဲစားက....

'မိန်းကလေးရေ....ကျုပ်တို့ကိုခွင့်ပြုပေတော့၊မိန်းကလေးရဲ့ ဖခင် ဘယ်မှာရှိတယ်ဆိုတာ ပြောပါ၊ ကျုပ်တို့ အခုချက်ချင်း သွားတွေ့ပြီး ဂါရဝပြုလိုက်ပါ့မယ်'

စန်းကျူးက....

'ဖေဖေ့ နာမည်သာ ပြောပြလိုက်ပါ၊ ဘယ်သူမဆို အိမ်တိုင်ယာရောက် လိုက်ပို့ပေးကြပါလိမ့်မယ်ရှင်'

'ကောင်းပါပြီဗျာ၊ ကျုပ်တို့ သွားလိုက်ပါဦးမယ်'

သူတို့နှစ်ယောက် ထိုင်ရာမှ ထကာ ခပ်သွက်သွက်လေး ထွက်လာကြ၏။

အောက်ထပ်သို့ ရောက်လျှင် စားသောက်ခ ကျသင့်ငွေ ပေးချေလိုက်ကြသည်။

သူတို့သည် ဆိုင်ထဲမှ ထွက်သွားကြပြီး လူရှင်းသော နေရာရောက်မှ ခြေလှမ်း ရပ်လိုက်ကြသည်။

ပြီးလျှင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ....

'ဟား ဟား ဟား'

သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

ပွဲစားက...

'ခင်ဗျား တောင်းသလောက် သူတို့ မငြင်းတဲ့ အကြောင်း ပေးလိုက်တယ် ဆိုတာ ခင်ဗျား သဘောပေါက်သင့်ပါပြီဗျာ'

ဟု ပြောလေသည်။

အမာရွတ် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ရွှေစွန်ရဲ့ စန်းကျင်းကို ရှင်းခိုင်းမယ်ဆိုတာ သိရင် ဒီထက်မက ပိုတောင်းတာပေါ့'

'ခင်ဗျားက တကယ် ထပ်တောင်းမှာလား'

'ကျုပ်သဘောနဲ့ ကျုပ် တောင်းခဲ့တာ၊ ပေးတဲ့ လူကသဲ ပေးမယ် ပြောပြီး ဒါကြောင့် ထပ်မတောင်းတော့ပါဘူးဗျာ'

ပွဲစား သက်ပြင်းချလိုက်လေသည်။

'ဒါဖြင့် ဟော ဒီမှာ ငွေလွှဲလက်မှတ်၊ ကျားအာမခံဌာနရဲ့ ဘယ်ဌာနခွဲမဆို ထုတ်ယူနိုင်တယ်'

ပြောပြောဆိုဆို ငွေလွှဲလက်မှတ် တစ်စောင် ထုတ်ပေးခဲ့သည်။

အမာရွတ်က လှမ်းယူလိုက်သည်။

ကျားအာမခံဌာနသည် အမြို့မြို့ အနယ်နယ်တွင် ဌာနခွဲ ပေါင်း များစွာ ဖွင့်လှစ်ထားရှိ၏။

မည်သည့် နေရာ၌မဆို ထုတ်ယူနိုင်သည့် ငွေလွှဲလက်မှတ် ဖြစ်နေရာ အမာရွတ် သဘောကျသွားလေသည်။



ငွေလွှဲလက်မှတ် အစစ် ဟုတ်မဟုတ် စစ်ဆေးကြည့်ပြီး အစစ်ဖြစ်မှန်း သေချာမှ ခေါက်ကာ အင်္ကျီအိတ်ထဲ သိမ်းဆည်းထားလိုက်လေသည်။

ပွဲစားက....

'ခင်ဗျား ရှင်းပစ်ရမယ့် လူဟာ ရွှေစွန်ရဲ့ စန်းကျင်း ဆိုတာ သိတယ်နော်'

ဟု မေး၏။

အမာရွတ် ခေါင်းညိတ်လိုက်သည်။

'သိတယ်'

'ခင်ဗျားက'

'ကျုပ်က ငွေလက်ခံပြီးပြီပဲ'

ပွဲစားကကျေနပ်သွားသည်။

'ကောင်းတယ်၊ ခင်ဗျားကို သူတို့ သဘောကျကြမှာပါ'

အမာရွတ်က

'ရွှေစွန်ရဲ့ စန်းကျင်းဟာ သိုင်းလောကကို ခြေချကတည်းက တစ်ခါမှ မရှုံးခဲ့ဘူးဆိုတာ ကျုပ် ကြားဘူးတယ်၊ ဒီတော့ ကျုပ်က အသက်ရှင်နေဦးမယ်ဆိုရင်သုံးလပိုင်း လပြည့်နေ့ နောက်ပိုင်း စန်းကျင်ရဲ့ နာမည်ကို ကြားရတော့မှာ မဟုတ်ဘူး'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။

ပွဲစား သက်ပြင်းချလိုက်၏။

ရွှေစွန်ရဲ့စန်းကျင်းအား သုတ်သင် ရှင်းလင်းပစ်ရန်လွန်စွာ မှုပင် ခက်ခဲမည် ဖြစ်ကြောင်း နားလည်ထားပါ၏။

ရွှေစွန်ရဲစန်းကျော်သည် ပြိုင်ဘက်ကင်း သိုင်းသမားကြီး
တစ်ယောက် ဖြစ်သလို အမာရွတ်သည်လည်း ပြိုင်ဘက်ကင်
ကြေးစားလူသတ်သမားတစ်ယောက် ဖြစ်လေသည်။

သူတို့၏ ထိပ်တိုက်ရင်ဆိုင်ပွဲသည် လွန်စွာမှပင် ကြည့်
ကောင်းပေလိမ့်မည်။

ရှုံးနိမ့်သွားရသူသည် မည်သည့်နည်းနှင့်မျှ အသက်ရှင်နို
မည် မဟုတ်ပါချေ။

အမာရွတ်သည် ငွေလက်ခံပြီးသည့်နောက် ကျိန်းသေ
ရင်ဆိုင် တိုက်ခိုက်မည်သာ ဖြစ်ပေသည်။

အမာရွတ်သာ ရှုံးနိမ့်သွားပါလျှင်....

ပွဲစားခေါင်းကုပ်လိုက်သည်။

သူ့အား ဆက်သွယ်လာသူများက ရွှေစွန်ရဲ စန်းကျော်
အား သုတ်သင် ရှင်းလင်းပစ်ရန် နောက်ထပ် ကြေးစာ
တစ်ယောက် ရှာဖွေခိုင်းဦးမည် ဖြစ်သည်။

ထိုအခါ သူက မည်သူ့အား ရှာဖွေရမည်နည်း။

အမာရွတ်၏ ခြေရာနင်းနိုင်သူ အမာရွတ်ကဲ့သို့ လူစာ
မျိုး နောက်ထပ်ရှာ၍ ရနိုင်တော့မည် မဟုတ်ပါ။

အမာရွတ် အောင်မြင်သွားပါစေဟု ဆုတောင်းရတော့
မည် ဖြစ်ပေသည်။

ပွဲစား တွေးတောစဉ်းစားနေစဉ် အမာရွတ်၏ စကားသ
ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ပွဲစား ငါ့အသက်ကို ငွေပေးပြီးဝယ်လိုက်တာဘယ်သူလဲ



ထိုစကားကြားလျှင် ပွဲစား၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါ
သွားလေသည်။

နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ပြီး....

'ကျုပ်....ကျုပ်မသိဘူးဗျ'

'မလိမ်ချင်စမ်းပါနဲ့ကွာ၊ မင်းသိပါတယ်'

'ကျုပ်....ကျုပ်တကယ်ကို မသိဘူးဗျ'

'ကောင်းပြီလေ၊ ရွှေစွန်ရဲ စန်းကျော်ကို ရှင်းပြီးတဲ့ အခါ
ကျရင်တော့ ဘယ်သူတွေလဲ ဆိုတာ ငါ့ကို ပြောပြရမယ်'

ပွဲစား သက်ပြင်းချလိုက်သည်။

'ကောင်းပြီ၊ ခင်ဗျားသာ စန်းကျော်ကို ရှင်းနိုင်အောင်
ကြိုးစားပါ'

'မင်းက ပြောပြမယ် ဆိုပါတော့'

'အချိန်တွေ ရှိပါသေးတယ်ဗျ'

အမာရွတ်၏ မျက်နှာတည်သွားဆည်။

'သူတို့ကို သတိထားပြီး ဆက်ဆံဖို့တော့ မင်းကို ငါ သတိ
ပေးလိုက်ချင်တယ်၊ အဖြူရောင်သိုင်းသမားတွေဟာ ကတိ
သစ္စာ တည်ကြည်ကြသလို တို့အနက်ရောင် သိုင်းလောက
သားတွေ အတွက်လဲ စည်းမဖောက်မိဖို့ သတိထားကြရ
တယ်၊ မင်းကို ခိုင်းတဲ့လူတွေဟာ အဖြူရောင်နဲ့ အနက်
ရောင် ကြားထဲက လူတွေဆိုတာ မှတ်ထားစမ်းပါ'

'ကျုပ်က အမြဲသတိထားနေပါ့မယ်ဗျာ'

'ကောင်းပြီ၊ သုံးလပိုင်း လပြည့်ညမှာ စန်းကျော်ရဲ့
သတင်း ကြားရလိမ့်မယ်လို့ ပြောလိုက်ပါ'

ပွဲစား အဓားရှတ်ကို စိုက်ကြည့်လိုက်ပြီး....

'ကျုပ်တို့ ပြန်ပြီး တွေ့ကြသေးတာပေါ့ဗျာ'

ဟု ပြောလိုက်သည်။

ပြီးလျှင် ချာခနဲလှည့်ကာ မြေးထွက်သွား၏။

တစ်ခဏအတွင်းပင် မြင်ကွင်းမှ ပျောက်ကွယ် သွားလေ [illegible]

တော့သည်။

* * *

အသက်လုပွဲ

သုံးလပိုင်း လပြည့်နေ့

လေပြည်လေညင်၊ ဝေ့ယမ်းတိုက်ခတ်လာသည်။

ပန်းဥယျာဉ်အတွင်းမှ ပန်းများ၏ မွှေးကြိုင်သော ရန [illegible]

များ လွင့်ပျံ့လာသည်။

နေခြည် ဖျာကျနေရာ သာသာယာယား ရှိလှပေသည် [illegible]

ပြတင်းပေါက်ဘောင်ကိုမှီ၍ စန်းကျင်းက အပြင်ဘက် [illegible]

မေ့ကြည့်နေမိလေသည်။

စန်းကျင်းသည် အသက် ငါးဆယ် ကျော်ခဲ့ပြီ ဖြစ်သည် [illegible]



သို့သော် အသက် ဆယ့်သုံးနှစ်သား အရွယ်ကပင် သိုင်းပညာကို တစိုက်မတ်မတ် လေ့ကျင့်ခဲ့သည်အလျောက် ကျစ်လစ်သန်မာပြီး ကြံ့ခိုင်သူတစ်ယောက်အဖြစ် အသက်ကြီးရင့်လာသည့်တိုင် ရပ်တည် နေနိုင်ခဲ့ပေတော့သည်။

ရုတ်တရက်ကြည့်လျှင် အသက်သုံးဆယ်ကျော် လေးဆယ်နီးပါးမျှသာ ရှိသေးသည်ဟု ထင်မှတ်ရမည် ဖြစ်လေသည်။

စန်းကျင်းသည် လွန်စွာမှပင် ဥပဓိရုပ် ကောင်းသူ တစ်ယောက်လည်း ဖြစ်ပေသည်။

ခါတိုင်းဆိုလျှင် နံနက်စောစောအချိန်တွင် သိုင်းလေ့ကျင့်သည့် အဆောင်သို့ဝင်ကာ သိုင်းလေ့ကျင့်လေ့ရှိ၏။

ယနေ့မူ စိတ်မရွှင်မပျ ဖြစ်နေခြင်းကြောင့် သိုင်းလေ့ကျင့်ဆောင်သို့ မသွားသေးပဲ အိပ်ခန်း ပြတင်းပေါက်အနီး၌ ရပ်ကာ ငေးမော ကြည့်နေခဲ့ခြင်း ဖြစ်ပေသည်။

ယနေ့ အိပ်ရာမှ နိုးလာကတည်းက အလိုလိုနေရင်း ရင်ထဲလေးနေမိသည်။

အဘယ်ကြောင့် ထိုသို့ စိတ်လေးနေရသည်ကို သူ မတွေးတတ်ချေ။ စိတ်လေးနေခြင်းသည် ကောင်းသည့် အရိပ်လက္ခဏာ မဟုတ်ကြောင်းကား သိုင်းသမားပီပီ နားလည်ထားသည်။

ပြတင်းဘောင်ကိုမှီကာ ပန်းဥယျာဉ်ဆီသို့ ငေးမောကြည့်ရင်း တွေးတော စဉ်းစားနေမိလေသည်၊

လှပသော ရောင်စုံပန်းများ၊ ပန်းရုံအလယ်မှ ကျောက်ပြားခင်းထားသည့် လမ်းကလေး ဘေးတစ်ဘက်တစ်ချက်

တွင် စိုက်ပျိုးထားသည့် မြက်ခင်းပြင်၊ တိုမှတစ်ဆင့် ရေကန်နှ
တောင်အတု စသည်ဖြင့် ခြံဝင်းတစ်ခုလုံး သာယာလှပ
အောင် ဥယျာဉ်မှူးက အလှဆင်ထားသည်ကို တွေ့မြင်နိုင်သည်
သို့သော် စန်းကျင်းမျက်လုံးထဲ၌ ခြံဝင်း၏ သာယာလှပမှု
များကို တွေ့မြင်ခံစားရခြင်း မရှိချေ။

အကြောင်းကား မျက်လုံးထဲဝယ် လူနှစ်ယောက်၏ ပုံရိ
က ကြီးစိုးနေခြင်းကြောင့် ဖြစ်ပေသည်။

ထိုလူနှစ်ယောက်မှာ....

စန်းကျင်း ဟင်းခနဲ သက်ပြင်းချလိုက်သည်။

'မလွယ်ပါလား၊ သူတို့နှစ်ယောက်စလုံး ဒီအတိုင်း ဆ
နေသွားကြမယ်ဆိုရင် တစ်နေ့တော့ ဒုက္ခ ရောက်ကြလိမ့်မယ်

ဟု ညည်းညူလိုက်လေသည်။

ထိုစဉ်....

'ဒေါက်....ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ
သည်။

စန်းကျင်းက တံခါးပေါက်ဆီသို့ လှမ်းကြည့်လိုက်၏။

'ဖေဖေ....ဖေဖေ'

အပြင်ဘက်မှ ခေါ်သံ ထွက်ပေါ်လာသည်။

စန်းကျင်း ပြုံးလိုက်သည်။

'တွန်းလိုက်'

ဟု ပြောလိုက်၏။



သူ၏ စကားသံနှင့် မရှေးမနှောင်းတွင် ကျွီခနဲမြည်သံနှင့်
အတူ တံခါး ပွင့်သွားလေသည်။

အခန်းတွင်းသို့ လူငယ်တစ်ယောက် လှမ်းဝင်လာသည်။

ထိုလူငယ်မှာ အသက်နှစ်ဆယ်ကျော်ခန့် ရှိလေသည်။

သန့်သန့်ပြန့်ပြန့်ရှိသော အဖြူရောင် အဝတ်အစားများ
ဝတ်ဆင်ထား၏။ ထိုလူငယ်၏ရုပ်သွင်မှာ စန်းကျင်းနှင့်
အတော်ကလေး ဆင်လှသည်။

ထိုလူငယ်မှာ ရွှေစွန်ရဲ စန်းကျင်း၏သား ရွှေလိပ်ပြာ
စန်းတုံး ဖြစ်လေသည်။

စန်းတုံးကိုမြင်လျှင် စန်းကျင်း သဘောကျစွာ ပြုံးလိုက်
သည်။ သူ၏သားသည် တစ်နေ့ သူ၏ခြေရာ နင်းလာလိမ့်မည်
ဟု ယုံကြည်ထား၏။

သိုင်းပညာ အဆင့်အနေနှင့် စံနှစ်တကျ လေ့ကျင့်စေခဲ့
သဖြင့် သုံးပုံတစ်ပုံခန့် ရထားပြီဖြစ်သည်။

နောက်ထပ် နှစ်အနည်းငယ်အတွင်း သူ၏ခြေရာကို ကောင်း
စွာ မီသွားပေမည်။

ထိုအခါ အတွေ့အကြုံနှင့် ဗဟုသုတ ရှာဖွေရန်အလို့ငှာ
သိုင်းလောကသို့ စေလွှတ်ရပေမည်။

သိုင်းလောကဝယ် ကျင်လည်ကျက်စားပြီးသည့် နောက်
ပိုင်း သူ၏ဘဝကို သူကိုယ်တိုင်ဖန်တီးမည့်သူ ဖြစ်လာပေမည်။

သိုင်းလောကအတွက် "သားကောင်းရတနာတစ်ပါး မွေး
ထုတ်ပေးလိုက်ခြင်းပင် မဟုတ်ပါလား....

သို့သော် သူ၏ရင်ခွင်ထဲမှာ သားကို သိုင်းလောကအတွက်
ပေးလိုက်ရခြင်းလည်း မည်ပေ၏။

သားဖြစ်သူကို မျက်စိအောက်မှ အပျောက်မခံလိုပါ။

အချိန်တန် အရွယ်ရောက်လျှင် ကိုယ့်လမ်း ကိုယ်လျှောက်
သွားရမည်ကို သိထား၍သာ ဖြေသိမ့်နိုင်ခဲ့ခြင်း ဖြစ်သည်။

သူ၏လက်မှ လွတ်မသွားမီ စန်းတုံး၏ရင်ထဲမှ မကောင်း
သည့် အကျင့်ဆိုးကို သုတ်သင် ဖယ်ရှား ပစ်လိုက်ရပေမည်။

စန်းကျင်းက သားဖြစ်သူကို ပြုံး၍ကြည့်ရင်း

'ယောစောစီးစီး ဖေဖေ့ကို လာတွေ့ရအောင် သားမှာ
အရေးကြီးတဲ့ကိစ္စ ရှိနေပြီထင်တယ်၊ ကဲ ဘယ်လိုကိစ္စလဲ ပြော
စမ်းပါဦး'

ဟု မေးလိုက်လေသည်။

စန်းတုံး ခေါင်းငုံ့ထားလိုက်၏။

ဖခင်ဖြစ်သူ၏ အနမ်းကို တော်တော်နှင့် အဖြေမပေးချေ

စန်းကျင်းက

'ဖေဖေမေးတာကို ဖြေဦးမှပေါ့ သားရဲ့'

ဟု ပြောလိုက်၏။

ထိုအခါမှ စန်းတုံး ခေါင်းမော့လာသည်။

'ဖေဖေ သား....သား ကို'

'ပြောလေ၊ ပြောပါ သားရဲ့'

'သား....သားကို ငွေတစ်သောင်းလောက်....'

စန်းတုံး စကား တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေ
သည်။



စန်းကျင်း သက်ပြင်းချလိုက်သည်။

သူ တွေးထင်ထားသည့်အတိုင်းပင် မဟုတ်ပါလား၊

'သား'

'ခင်ဗျာ'

'သားဟာ လောင်းကစားမှုကို နှစ်သက် ခုံမင်နေတယ်လို့
ဖေဖေ ပြောချင်တယ်၊ သား ငြင်းမလား'

စန်းတုံး သက်ပြင်းချလိုက်သည်။

'သား....သားမငြင်းပါဘူး ဖေဖေ၊ ဖေဖေပြောတာ မှန်
ပါတယ်'

'လောင်းကစားမှုဟာ ကောင်းတဲ့ အလုပ်လားမကောင်း
တဲ့ အလုပ်လား ပြောစမ်းပါဦး'

'မ....မကောင်းတဲ့ အလုပ်ပါ ဖေဖေ'

'မကောင်းမှန်း သိလျက်နဲ့ ဘာကြောင့် လုပ်ချင်ရတာလဲ
သားရယ်'

စန်းတုံး ခေါင်းငိုက်စိုက် ကျသွားလေသည်။

စန်းကျင်းက....

'မကောင်းမှုဟာ မီးနဲ့တူတယ်၊ မကောင်းတာ လုပ်တဲ့
လူဟာ ဘယ်တော့မှစိတ်ချမ်းမြေ့ရမယ် မထင်နဲ့၊မကောင်းတဲ့
မီးက အမြဲတမ်း လောင်မြိုက်နေမှာပဲ'

ဆုံးမစကားပြောရင်း စန်းတုံးကို အကဲခတ် ကြည့်လိုက်
လေသည်။

စန်းတုံး တုတ်တုတ်မျှ မလှုပ်ချေ။

စန်းကျင်းက ဆက်ပြောလိုက်လေသည်။

'အခုပဲ ငွေလိုသို့ သား စိတ်ညစ်နေရပြီ မဟုတ်လား တကယ်လို့သားဟာ ငွေကိုလွယ်လွယ်နဲ့ မရနိုင်တဲ့ အခြေ အနေမှာ ရှိတယ် ဆိုရင် လောင်းကစားချင်စိတ် ပြင်းပြ လွန်းနေတော့ မတရားတဲ့နည်းလမ်း၊ လွယ်ကူတဲ့နည်းလမ်းနဲ့ ငွေရှာမိမယ်ဆိုရင် နောက်ဆပ် အမှားမပေါ်ပေါက်လာပေ ဘူးလား'

စန်းတုံး ဆတ်ခနဲ ခေါင်းထောင်လာလေသည်။

ဖခင်ဖြစ်သူကို စိုက်ကြည့်ရင်း....

'ဖေခမ့ သားဟာ ဘယ်တော့မှ မတရားတဲ့အလုပ် မလုပ် ဘူးဆိုတာ ကတိပေးပါတယ်'

ဟု ပြောလိုက်လေသည်။

စန်းကျင်း ပြုံးလိုက်သည်။

'လောင်းကစားတာက ကော'

'ဒါ....ဒါက ကံတရားအတိုင်းပါ ဖေဖေ၊ ရှုံးရင် ကိုယ့် မှာရှိတာ ပေးလိုက်ရမှာပဲ နိုင်ရင် ကိုယ်ရမယ် နှစ်လမ်း ရှိပါတယ်'

'လောင်းကစားမှုဟာ ကိုယ့်ရဲ့အရင်း ပါနေတယ်ဆိုတော့ တရားတဲ့ကိစ္စလို့ သားက မြင်တယ်ပေါ့'

စန်းတုံးပါးစပ်ပိတ်ထား လိုက်လေသည်။

စန်းကျင်းက—

'ကိုယ်က နိုင်ပါပြီတဲ့ ရှုံးတဲ့လူ ဘယ်လို ခံစားရမလဲ ကဲ....စဉ်းစားကြည့်စမ်းပါဦး၊ ရှုံးသွားလို့ ငွေကို ရတဲ့နည်း ပြန်ရှာမယ်ဆိုရင်ကော လောင်းကစားမှုဟာ ကြောက်စ



ကောင်းတဲ့ ဒုစရိုက်တစ်ခုပါပဲ၊ သားက ငွေလိုနေတယ်ဆိုတာ ဘာကြောင့်လဲ သူများကို ပေးစရာ ရှိနေလို့လား'

စန်းတုံး ချက်ချင်း ခေါင်းခါယမ်းလိုက်သည်။

'ဗျို....ဒီလို မဟုတ်ပါဘူး ဖေဖေ'

'သားကစားဖို့ အတွက်ပေါ့'

'ဟုတ်ပါတယ်'

စန်းကျင်းက

'ဖေဖေ မပေးဘူးဆိုရင်ကော'

'သား သား'

စန်းကျင်း၏ မျက်နှာတည်သွားသည်။

စန်းတုံးကို စိုက်ကြည့်လိုက်ပြီး....

'ဖေဖေ မပေးနိုင်ဘူး သား၊ လောင်းကစားတဲ့အလုပ်ကို စွန့်ပစ်လိုက်ပါတော့၊ ဒါမှ သားဟာ ဖေဖေ့ ခြေရာ နင်း နိုင်မယ့် လူတစ်ယောက်ဖြစ်လာလိမ့်မယ်၊ ကဲ....သားဘယ်လို သဘောရသလဲ'

'သား သား'

စန်းတုံး အဖြေမပေးနိုင်ဘဲ ဖြစ်နေ၏။

စန်းကျင်း စိတ်ပျက်သွားလေသည်။

သို့သော် စန်းတုံးအတွက် အချိန်ပေးရမည် ဖြစ်ကြောင်း နားလည်ထား၏။

ထို့ကြောင့်....

'သား စဉ်းစားပါ တစ်လတိတိ အချိန်ပေးမယ်၊ တစ်လ ပြည့်တဲ့အခါ သားရဲ့ ဆုံးဖြတ်ချက် ဖေဖေ့ကို ပြောပြပေ ဟုတ်ပြီလား'

'ဟုတ်...ဟုတ်ကဲ့'

'ကဲ...သွားတော့'

စန်းတိုးသည် ဘာမျှ ထပ်မပြောတော့ဘဲ ချာခနဲ လှည့် ကာ ထွက်သွားလေသည်။

စန်းကျောင်းက စန်းတိုး ထွက်သွား သည်ကို ကြည့်ကာ ခေါင်းယမ်းလိုက်သည်။

ထိုစဉ်....

'ဖေဖေ'

ခေါ်သံနှင့်အတူ မိန်းကလေး တစ်ယောက် လှမ်းဝင်လာ သည်ကို တွေ့ရ၏။

ထိုမိန်းကလေးမှာ စန်းကျောင်း၏ သမီး စန်း ကျူး ဖြစ်လေ သည်။

* * *

စန်းတိုး ထွက်သွားပြီ ဖြစ်လေသည်။

စန်းကျူးက အခန်းတွင်းသို့ လှမ်းဝင်လာ၏။

မောင်နှမနှစ်ယောက် တံခါးဝ၌ ဆုံမိကြသော်လည်း တစ် ယောက်နှင့် တစ်ယောက် စကား မပြောကြပါချေ။



သူတို့နှစ်ယောက် ခပ်တန်းတန်း ဖြစ်နေသည်ကို စန်းကျောင်း သတိထားမိခဲ့သည်မှာ အတန် ကြာချေပြီ။

စန်းတိုးက လောင်းကစား ဝါသနာပါသလို စန်းကျူးက မာန ခေါင်ခိုက်နေ၏။

သားနှင့်သမီး၏ အကျင့်စရိုက်များကြောင့် စန်းကျောင်း သက်ပြင်း အခါခါ ချမိလေတော့သည်။

စန်းကျူးသည် အခန်းတွင်းသို့ ရောက်လာသည်နှင့် ဖခင် ဖြစ်သူကို ပြုံးပြလိုက်ပြီးလျှင်

'ဖေဖေ ကိုကိုက ငွေလာတောင်းပြန်ပြီလားဟင်'

ဟု မေးလိုက်လေသည်။

စန်းကျောင်းက ဘာမှ ပြန်မပြောဘဲ ရယ်နေလိုက်၏။

စန်းကျူးက....

'မပေးနဲ့ဖေဖေ၊ အပေါင်းအသင်းတွေနဲ့ ပေါလားဝါး လား လုပ်ပြီး သုံးဖြုန်းနေတာ၊ မြို့စွန်က ဒေါ်မျှားချိတ် စား သောက်ဆိုင်ကိုလဲ သွားတယ်၊ ဒီဆိုင်ကို ဖေဖေ သိတယ် မဟုတ်လား၊ ဆိုင်ရှင်ဟာ ကွမ်းဖိန့်ဆိုတဲ့ လူဝကြီးလေ၊ သူက စားသောက်ဆိုင် ဗန်းပြပြီး နောက်မှာ လောင်းကစားဝိုင်း ဖွင့်ထားတာ'

ဟု ပြော၏။

စန်းကျောင်း ခေါင်းညိတ်လိုက်သည်။

'ဖေဖေ သိပါတယ်၊ လောင်းကစားဝိုင်းတွေ မထောင်ဖို့ ဖေဖေ သူ့ကို သတိပေးထားပါတယ်၊ ဒါထက် သမီးကော

စောစောစီးစီး ဖေဖေ့ကိုလာတွေ့တာ ဘာကြောင့်လဲ၊ ဘယ်လို
ကိစ္စများ ရှိနေပြန်ပြီလဲ’

ဟု မေးလိုက်သည်။

စန်းကျူး ပြုံးလိုက်သည်။

‘ဖေဖေက သမီးမှာ အကြောင်းကိစ္စ ရှိနေတာကို သိနေ
နေတယ်ပေါ့’

‘ဒါပေါ့ သမီးဟာ အဝတ်အစားတွေရှိလျှ အသစ်ပေါ
ဝယ်၊ အဆင်ဆန်းတယ်ဆိုရင် ဝယ်မယ်၊ အခြေအရံတွေ
အကောင်းဆုံး၊ ဈေးအကြီးဆုံး စားသောက်ဆိုင်မှာ စားမယ်
ပြီးတော့ လူကြီးတွေကို ပမာမခန့်....’

သူ၏စကားမဆုံးမီ စန်းကျူးက

‘ဖေဖေက သမီးကို အပြစ်တင်နေတာကိုး၊ တော်ပြီ
တော်ပြီ၊ သမီး ဘာမှမပြောတော့ဘူး၊ ဘယ်မှလဲ မသွား
တော့ဘူး၊ ဘာမှလဲ မဝတ်တော့ဘူး’

နှုတ်ခမ်းကလေးစူကာ ထွက်သွားရန် ဟန်ပြင်လိုက်လေ
သည်။

‘နေဦးလေ သမီးရဲ့’

စန်းကျင်းက ကပျာကယာ ဟန့်တားလိုက်ရသည်။

မိခင်ကြီး ကွယ်လွန်သွားသည့်အတွက် မိတဆိုး မောင်နှ
နှစ်ယောက်အပေါ် အလိုလိုက် အကြိုက်ဆောင်ခဲ့ရာ မော
နှမ နှစ်ယောက်စလုံး ဖခင်၏မေတ္တာနှင့် အခွင့်အရေးပေးမှ
လွှဲမှားစွာ အသုံးချနေပြီ ဖြစ်ကြောင်း စန်းကျင်း ဆင်ခြ
သည်။



သိုင်း လောကအကျိုး အများအကျိုး ဆောင်ရွက်ရန်
ကြောခက ခရီးထွက်နေရသည် ဖြစ်ရာ ရင်အုပ်မကွာ စောင့်
ရှောက်နိုင်ခဲ့ခြင်း မရှိခဲ့၍လည်း သားသမီးနှစ်ယောက် ယခုလို
ဖြစ်ရသည်မှာ မိမိ၏ အပြစ်မကင်းဟု ခံယူထား၏။

ထို့ကြောင့် ပြင်းပြင်းထန်ထန် နှိပ်ကွပ်ဆုံးမခြင်း မပြု
သေးတဲ ပျော့ပျောင်း ညင်သာစွာ ကိုင်တွယ် ဖြေရှင်းနေခြင်း
ဖြစ်လေသည်။

စန်းကျူးကို ကြည့်ကာ

‘ကဲ....ကဲ....ဒါတွေ ထားလိုက်ပါတော့လေ၊ သမီးရဲ့ကိစ္စကို
ပြောစမ်းပါဦး’

ဟု မေးလိုက်သည်။

စန်းကျူးက

‘ဖေဖေက သမီးကို အပြစ်မြင်နေတော့ သမီးပြောလဲ အပို
ပဲပေါ့’

‘မဟုတ်သေးဘူးလေ၊ သမီးပြောမှ ဖေဖေသိရမှာပေါ့၊
ဖေဖေက အပြစ်မြင်တာလဲ မဟုတ်ပါဘူး၊ သမီးဆင်ခြင်ဖို့
သတိပေးနေတာပါ’

စန်းကျူးသည် ဖခင်၏စကားကို လျစ်လျူရှုထားလိုက်
လေသည်။ သူမပြောလိုရာကိုသာ ပြောချလိုက်တည်။

‘ဖေဖေ မြို့လယ်က အာရှမ်း ဆိုတဲ့ အဘိုးကြီးကို ဖေဖေ
သိတယ်မဟုတ်လား’

‘သိတယ်လေ အစ်ကိုကြီးအာရှမ်းနဲ့ ဖေဖေ ခင်မင် ရင်းနှီး
ကြတာပေါ့၊ ဘာဖြစ်လို့လဲ သမီးရဲ့’

စန်းကျူးက

'မနေ့က သမီး အိမ်ပြန်လာတဲ့အခါ လမ်းပိတ်ပြီး နှောက်ယှက်ခဲ့တယ်၊ သမီးက သူ့ကို လမ်းဖယ်ပေးဖို့ပြောတော့ သူက သမီးကို ဆူပူ ကြိမ်းမောင်းတယ်'

သူမ၏စကား မဆုံးမီ စန်းကျင်းက ကြားဖြတ်ပြောလိုက်လေသည်။

'ဒါနဲ့ပဲ သမီးက သူ့ရဲ့ မြင်းလှည်းမောင်း သမားကို ပါးရိုက်ခဲ့တယ် မဟုတ်လား'

'တင်....ဖေဖေ သိတယ် ဟုတ်လား'

စန်းကျူး အံ့အားသင့်စွာ ပြောလေသည်။

စန်းကျူး ခေါင်းညိတ်လိုက်သည်။

'သူနဲ့ ဖေဖေ တွေ့ပြီးပြီ'

စန်းကျူး ခေါင်းငိုက်စိုက် ကျသွားလေသည်။

စန်းကျင်းက....

'သမီးတို့ လာတဲ့အချိန်မှာ သူ့ရဲ့ မြင်းလှည်းဝင်ရိုး ကျိုးသွားလို့ လမ်းပိတ်ထားသလို ဖြစ်နေခဲ့တယ်၊ ဒါကို သူက ရှင်းပြပေမယ့် သမီးက လက်မခံဘဲ သူ့ရဲ့ မြင်းလှည်းမောင်းသမားကို ပါးရိုက်ခဲ့တာ မဟုတ်လား၊ သူက မလွန်ဘူး လွန်တာက သမီး၊ အာရှမ်းလို လူမျိုးကို ရိုရိုသေသေ ဆက်ဆံသင့်ပါလျက်နဲ့ မောက်မောက်မာမာ ဆက်ဆံခဲ့တာ သမီးမှားတယ်'

ဖခင်ဖြစ်သူ ဆူပူကြိမ်းမောင်းလိုက်သဖြင့် စန်းကျူး၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာလေသည်။



စန်းကျူးက ဆက်ပြောလိုက်သည်။

'တကယ်ဆိုရင် အာရှမ်းဟာ လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက တိုက်ပွဲတစ်ခုမှာ ဖေဖေ အသက်ကို ကယ်ခဲ့ဖူးတယ်၊ ဖေဖေရဲ့ အသက်သခင် ကျေးဇူးရှင် တစ်ယောက်လဲ ဖြစ်တယ်၊ သမီးက ရိုရိုသေသေ မဆက်ဆံသင့်ဘူးလား'

စန်းကျူး ပါးစပ်ပိတ်ထားဆဲ....

သူမ နှုတ်ခမ်းကို ကိုက်ထားသဖြင့် ကျေနပ်မှု မရှိကြောင်း သိသာထင်ရှား၏။

စန်းကျူးက....

'သမီးရဲ့ အစ်ကိုကို ဖေဖေ တစ်လ အချိန်ပေးလိုက်သလို သမီးကိုလဲ တစ်လ အချိန်ပေးမယ်၊ ယဉ်ကျေးလိမ္မာတဲ့ ဗိုင်းတောင်းကျောက်ဖိ မိန်းကလေးတစ်ယောက် ဖြစ်လာအောင် ကြိုးစားပါ၊ သမီးကိုယ်သမီး မပြုပြင်နိုင်ဘူးဆိုရင် တစ်လပြည့်တဲ့နေ့မှာ ဖေဖေရဲ့ သဘောထားကို သိရလိမ့်မယ်'

ဟု ပြတ်သားစွာ ပြောလိုက်လေသည်။

စန်းကျူးသည် ဖခင်ဖြစ်သူက မပြောဖူး ဆူပူမာန်မဲလိုက်သဖြင့် မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ငိုရှိုက်လိုက်လေ၏။

အခန်းတွင်းမှ ပြေးထွက်သွားရန်လည်း ဟန်ပြင်လိုက်လေသည်။

စန်းကျင်းက....

'ဖေဖေဟာ ကျောသားရင်သား မခွဲပဲ ကောင်းတဲ့လူကို ကောင်းသလို မကောင်းတဲ့လူကို မကောင်းသလို ဆက်ဆ
တတ်တယ်ဆိုတာ သမီး နားလည်ပါ'

စန်းကျူးက ဘာမှ ပြန်မပြောပါ။

အခန်းတွင်းမှ ခပ်သွက်သွက် ပြေးထွက်သွားလေသည်၊

စန်းကျင်း ရှင်မောစွာ ပင့်သက်ရှိုက်လိုက်၏။

အနာမရှင်းမီ ပြည်ဖောက်ပစ်ရပေလိမ့်မည်။

ကွယ်လွန်သွားပြီဖြစ်သော ဇနီးသည်ကို သတိရလာလေ
သည်။

ဇနီးသည်သာ လက်ရှိထင်ရှား ရှိနေဦးမည်ဆိုလျှင် တစ်
မျိုးစီ ဆိုးနေကြသည့် သားသမီးနှစ်ယောက် လိမ္မာယဉ်ကျေး
လာအောင် မည်သို့မည်ပုံ ဆုံးမမည်ဆိုသည်ကို သိလိုလှ၏။

သားရေးသမီးရေး စိတ်မအေးရတဲ့ သောကရောက်နေ
စဉ်မှာပင် နောက်ထပ် ပူပန်သောက တစ်ခုဖြစ်ပေါ်လာ
သည်။

ယခုတစ်ကြိမ် သူနှင့် တိုက်ရိုက်ပတ်သက်နေ၏။

စန်းတိုးနှင့် စန်းကျူးတို့ ထွက်သွားပြီး မရှေးမနှောင်း
တွင် ဝင်ရောက်လာသည့် အိမ်ဖော်လုလင်က သယ်ဆောင်လာ
ခဲ့ခြင်း ဖြစ်ပေတော့သည်။'

* * *



အိမ်ဖော်လုလင်သည် ရိုကျိုးစွာ ရပ်နေသည်။

သူ ယူဆောင်လာသည့် စာကို စန်းကျူးအား ပေးလိုက်
ပြီး ဖြစ်သည်။

စန်းကျင်းက စာကို ယူကာ ပြတင်းပေါက်ဆီသို့ လျှောက်
သွား၏။

ထို့နောက် ပြတင်းပေါက်ဘောင်ကို မှီကာ ဖတ်လိုက်
လေသည်။

စာထဲ၌....

ရွှေစွန်ရဲစန်းကျင်း

ခင်ဗျား‌ရဲ့ အသက်ကို ကျုပ်ကဝယ်လိုက်ပြီ၊ ဒါကြောင့်
ဒီကနေ့ည သန်းခေါင်ယံအချိန် လုရန်မြို့ပြင်က ဝံပု
လွေတောင်ကို လာခဲ့ပါ၊ ကျုပ်စောင့်နေမယ်။

အမာရွတ်

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

စန်းကျင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

'အမာရွတ်'

ဟုလည်း တီးတိုး ရေရွတ်လိုက်လေသည်။

အိမ်ဖော်လုလင်ဘက်သို့ ချာခနဲ လှည့်လိုက်ပြီး

'ဒီစာကို ဘယ်သူ လာပေးတာလဲ'

ဟု မေးလိုက်သည်။

စန်းကျင်း၏ အမူအရာကို ကြည့်ကာ အရေးကြီးသော စာတစ်စောင် ဖြစ်ကြောင်း အိမ်ဖော် လုသင် ရိပ်မိလိုက်၏။

ထို့ကြောင့် ချက်ချင်းပင် ပြည့်စုံစွာ အဖြေပေး လိုက်လေသည်။

'ကလေး တစ်ယောက် လာပေး တာပါ၊ မသင်္ကာလို့ ကလေးကို သေသေချာချာ စစ်မေးခဲ့ပါတယ်၊ လူကြီး တစ်ယောက်က မုန့်ဖိုး ပေးပြီး စာပေးခိုင်းလိုက်တာလို့ ပြောပါတယ်၊ အဲဒီလူ ဘယ်သူဘယ်ဝါမသိဘူးလို့ ပြောပါတယ်'

စန်းကျင်း ခေါင်းညိတ်လိုက်သည်။

'ခြိမ်းခြောက်စာ ပို့သူ များသည် ထိုသို့ပင် လုပ်တတ်ကြသည် မဟုတ်ပါလား'

'ကလေးကော'

'ရှိပါတယ်၊ ကျွန်တော်တို့ ခေါ်ထားပါသေးတယ်'

စန်းကျင်း လက်ဝှေ့ယမ်းပြလိုက်သည်။

'လွှတ်ပေးလိုက်ပါ'

'ကောင်းပါပြီ သခင်ကြီး၊ ကျွန်တော်က သခင်ကြီးအတွက် ဘာများ ဆောင်ရွက်ပေးရမယ်ဆိုတာ အမိန့်ရှိပါ'

'အကြောင်းရှိရင် ငါပြောမယ်၊ မင်းသွားတော့'

အိမ်ဖော် လုသင်သည် ဦးညွတ် အရိုအသေ ပြုလိုက်ပြီး ထွက်သွားလေသည်။

တစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါမှ စန်းကျင်း စာကို တစ်ခေါက်ထပ်ပြီး ဖတ်လိုက်သည်။



သူ၏ မျက်နှာတွင် စိတ်ရှုပ်သည့် အသွင်သဏ္ဌာန် အထင်းသား ပေါ်လွင်နေ၏။

'အမာရွတ်....၊ သူဟာ နာမည်ကြီး ကြေးစား လူသတ်သမား တစ်ယောက်ပဲ၊ ငါ့အသက်ကို ဝယ်လိုက်တယ်ဆိုတော့ ငါ့ကို ရှင်းပစ်ဖို့ တစ်ယောက်ယောက်က ငွေပေး ခိုင်းလိုက်ပြီထင်တယ်၊ ငါ့ကို ဘယ်သူက ရှင်းပစ်ချင်တာလဲ'

တွေးတော စဉ်းစားလိုက်လေသည်။

သိုင်းလောကအကျိုး အများအကျိုး ဆောင်ရွက်ခဲ့ရာ၌ အနက်ရောင် သိုင်းလောကသားများ၏ ရန်ငြိုးဖွဲ့ခြင်း ခံရမည်မှာ မဆန်းချေ။

သူ့အား သုတ်သင် ရှင်းလင်း ပစ်လိုသည့် အနက်ရောင် သိုင်းသမားများစွာ ရှိနေသည်။

မည်သူမည်ဝါ၏ လက်ချက် ဖြစ်သည်ကို သိရန် လွယ်မည် မဟုတ်ပါ။ သို့သော် သူ တွေးမိသည့်အချက်မှာ အမာရွတ်နှင့် ပတ်သက်နေသည်။

အမာရွတ်သည် ကြေးစားလောကတွင် အကြီးဆုံး ထိပ်ဆုံး အဆင့်တွင် ရှိသူ ဖြစ်ပေသည်။

တော်ရုံတန်ရုံ လူသည် အမာရွတ်ကို ငှားရမ်း အသုံးချနိုင်မည် မဟုတ်ပါ'

အမာရွတ်အား ငှားရမ်းနိုင်သည့် အစွမ်းရှိသူ၊ သူ့အား သုတ်သင် ရှင်းလင်းပစ်ရန် ကြိုးစားသူသည် ခေသူ မဟုတ်ကြောင်း ပေါ်လွင် ထင်ရှားနေသည် မဟုတ်ပါလား။

'ဘယ်သူလဲ'

စန်းကျင်း လွှတ်ခနဲ ရေရွတ်လိုက်၏။

ခေသူ မဟုတ်သည်ကို ရိပ်မိသည်မှ အပ မည်သူမည်ဝါ ဖြစ်သည်ကို မသိနိုင်ပါ။

'အမာရွတ်နဲ့ တွေ့ပြီး ဖြေရှင်းလိုက်တာ အကောင်းဆုံးပဲ'

တစ်ခုတည်းသော နည်းလမ်းကိုသာ တွေးမိသည်။

စန်းကျင်း ပင့်သက်ရှိုက်မိပြန်သည်။

အမာရွတ်မှာ ခေသူမဟုတ်ပါ။

အမာရွတ်အား သူက ရင်ဆိုင်နိုင်ပါမည်လော။

အမာရွတ်နှင့် ရင်ဆိုင်ခြင်းသည် သေမင်းနှင့် ယှဉ်ပြိုင်ရသည်နှင့် တူ၏။

အနိုင်ရသူ သာလျှင် အသက်ရှင် ကျန်ရစ် ခဲ့ပေလိမ့်မည်။

သူက နောက်ဆုတ်နိုင်မည် မဟုတ်ပါ။

သူ၏ ကိုယ်ရေးကိုယ်တာ အတွက်သာမက သိုင်းလောက အတွက်ပါ အမာရွတ်အား သုတ်သင် ရှင်းလင်း ပစ်ရန် လိုအပ်နေသည် မဟုတ်ပါလား။

ထို့ကြောင့် ယနေ့ည သန်းခေါင်းယံ အချိန်တွင် ဝံပုလွေ တောင်သို့ သွားရန် ဆုံးဖြတ်လိုက်သည်။

အမာရွတ်နှင့် ယှဉ်ပြိုင်မည့် ကိစ္စအား မည်သူ့ ကိုမျှ မပြောဘဲ လျှို့ဝှက် ထားရန်လည်း ဆုံးဖြတ်လိုက်လေတော့ သည်။

* * *



ည....

တောင်းကောင်းပေါ်ဝယ် လဝန်းထိန်ထိန်သာနေသည်။

လရောင်ကြောင့် စန်းကျင် တစ်ခုလုံး သာယာ လှပနေလေသည်။

ယနေ့ညသည် သုံးလပိုင်း၏ လပြည့်ည ဖြစ်သည် မဟုတ်ပါလား။

လုရန်မြို့နှင့် သုံးမိုင်ခန့် အကွာတွင် ဝံပုလွေတောင် တည်ရှိလေသည်။

ဝံပုလွေတောင်သည် မြင့်မား မတ်စောက်သော တောင် တစ်လုံး ဖြစ်၏။

တောင်ပေါ်၌ ကျောက်တုံး ကျောက်ခဲ ပေါများသည့် ကွင်းပြင်ကြီးများ ရှိနေ၏။

တောင်ခြေ၌မူ စိမ်းလန်း စိုပြည်သော တောအုပ်များ ဖုံးလွှမ်းနေပြီး ချောင်းကလေး တစ်ခုက ရစ်ခွေစီးဆင်းလျက် ရှိပေသည်။

ဝံပုလွေတောင်ဟု အမည်တွင်ခဲ့ခြင်းကား....

ယခင်က ဤနေရာဝယ် အမဲလိုက် မုဆိုးများ ကျင်လည် ကျက်စားခဲ့ကြ၏။ တောအုပ်ထဲ၌ အမဲလိုက်ရင်း တောင် ပေါ်သို့ တက်မိကြသူများ ရှိ၏။

တောင်ပေါ် ရောက်သည့်အခါ ထောင်ပေါင်း များစွာသော ဝံပုလွေများ တွေ့ခဲ့ရသည်ဆို၏။

ဝံပုလွေတစ်ကောင်ချင်း မှုစရာမရှိသော်လည်း အုပ်စုလိုက်
ဖြစ်လာသောအခါ မုဆိုးများပင် တောင်ပေါ် မတက်ရဲ
တော့ချေ။

ထိုတောင်ကိုလည်း ဝံပုလွေများ ကြီးစိုးသည့် ဝံပုလွေ
တောင်ဟု ကင်ပွန်းတပ်ခဲ့ကြ၏။

ထို့ကြောင့် ယခုအခါ ဝံပုလွေ တစ်ကောင်တလေမျှ
မရှိတော့သော်လည်း ဝံပုလွေတောင်ဟု ခေါ်နေကြသေးခြ
ဖြစ်ပေတော့သည်။

အေးမြသော ညလေများ တိုက်ခတ်လာသည်။ ဝံပုလွေ
တောင်သည် လရောင်အောက်ဝယ် ထီးထီးမားမား တည်
နေလေသည်။

ရုတ်တရက် တောင်ပေါ်တက်သည့် လမ်း၌ လူရိပ်တစ်
ထွက်ပေါ်လာလေသည်။

ထိုလူရိပ်သည် လေနှင့်အတူ လွင့်မျောလာသည့် အခ
လျင်မြန်စွာ ရွေ့လျားလာရင်း တောင်ထိပ်ပိုင်းဆီသို့ ရော
လာ၏။

တောင်ထိပ်ဝယ် ကျယ်ပြန့်သော မြေကွက်လပ်ကြီး ရှိ
ပါ၏။ မြေကွက်လပ် ပတ်လည်တွင် ကျောက်တုံး ကျော
ကြီးများ စုပုံလျက် ရှိလေသည်။

လူရိပ်သည် မြေကွက်လပ်သို့ ရောက်လျှင် ရပ်တန့်သွား
လရောင်ဖြင့် ထိုလူအား ထင်ရှားစွာ မြင်နိုင်ပါ၏။



ထိုလူမှာ အသက် ငါးဆယ်ခန့်ရှိသူ တစ်ယောက် ဖြစ်
သည်။ ခရမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး
လက်ထဲ၌ ဓားတစ်လက် ကိုင်ထားလေသည်။

ထိုလူမှာ သိုင်းလောက၌ ထင်ရှား ကျော်ကြားနေသည့်
ရွှေစွန်ရဲ စန်းကျင်း ဖြစ်လေသည်။

စန်းကျင်းက စွန်ရဲတစ်ကောင်၏ မျက် လုံး များ ဖြင့်
ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်လေသည်။

ပတ်ဝန်းကျင်ဝယ် လူသူ ကင်းရှင်းနေပါ၏။

စန်းကျင်းက ကောင်းကင်ပေါ် မော့ကြည့်လိုက်ပြန်သည်။
လဝန်းမှာ ဦးခေါင်းအပေါ် တည့်တည့်သို့ ရောက်ရှိတော့
မည်တည်း။

'သန်းခေါင်အချိန် ရောက်တော့မှာပဲ'

တီးတိုး ရေရွတ်လိုက်၏။

ထိုစဉ်....

'အောက်အီး အီး အွတ်'

တောင်အောက်မှ တောကြက်တွန်သံများ တိုက်ခတ်လာ
သည့် လေပြည်နှင့်အတူ လွင့်ပျံလာသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေခြင်းကြောင့်သာ ကြား
လိုက်ရခြင်း ဖြစ်လေသည်။

စန်းကျင်း ပြုံးလိုက်သည်။

'ခင်ဗျား ထွက်လာဖို့ ကောင်းပြီ'

ဟုလည်း ပြောလိုက်၏။

ယခုတစ်ကြိမ် သူ၏ စကားသံ ကျယ်လောင်စွာ ထွက်ပေါ်
လာလေသည်။

သူ့ အား ချိန်းလိုက်သည့် အမာရွတ်သည် ကျိတင်ရောက်ရှိ
နေမည် ဖြစ်ကြောင်း နားလည်ထားလေသည်။

သူ၏ စကားသံနှင့် မာရှုမနှောင်းမှာပင်...

'ဟား ဟား ဟား'

ရယ်မောသံ တစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာ
သည်ကို ကြားလိုက်ရလေသည်။

ရယ်မောသံသည် အေးစက်မှု၊ အန္တရာယ်ရှိမှု၊ ကြောက်
မက်ဖွယ် ကောင်းမှုတို့ ရောယှက် ပေါ်လွင်နေသည်။

စန်းကျင်း အသက် အောင့်ထားလိုက်သည်။

ရယ်မောသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေ
သည်။

ထိုအခါ ကျောက်တုံးကြီး တစ်တုံး နောက်ကွယ်မှ လူ
တစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

'အမာရွတ်'

စန်းကျင်း ရင်ထဲမှ ရေရွတ်လိုက်သည်။

အမာရွတ်၏ စာကို ရပြီးနောက် ဝံပုလွေဘောင်ပေါ်ဝယ်
အမာရွတ် တစ်ယောက်တည်းနှင့် ရင်ဆိုင်ရမည်ဟု တထစ်ချ
ယုံကြည်ထား၏။

သူက အဖော်ခေါ်မလာသလို အမာရွတ်ကသည်း အဖော်
ခေါ်လာမည် မဟုတ်ကြောင်း နားလည်ထား၏။



သူ တွေးထင်ထားသည့်အတိုင်းပင် အမာရွတ်သည် တစ်
ယောက်တည်း ထွက်လာခဲ့ပြီ ဖြစ်လေသည်။

စန်းကျင်း မျက်တောင်မခတ် စိုက်ကြည့်နေ၏။ ထစ်ချက်
ကလေးမျှ အလွတ်မပေးချေ။

အကြောင်းကား သူ ရင်ဆိုင်ခဲ့ရသည့် လူဆိုး ဓားပြများ
ထက် အဆပေါင်းများစွာ ပို၍ ကြောက်မက်ဖွယ်ကောင်းသူ
တစ်ယောက်ဟု နားလည်ထား၍ ဖြစ်လေသည်။

မှန်ပေသည်။ ကျောက်တုံးကြီးတစ်တုံး၏ နောက်ကွယ်မှ
ထွက်လာသူမှာ အမာရွတ် ဖြစ်သည်။

အမာရွတ်သည် စန်းကျင်းထံသို့ ခပ်သွက်သွက် လှမ်းလာ
၏။ သူသည် အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထား
ပြီး ကျောပေါ်တွင် ဓားတစ်လက်ကို မိုးထားလေသည်။

လရောင်ဖြင့် သူ၏မျက်နှာပေါ်မှ အမာရွတ်ကြီးမှာ အထင်း
သား ပေါ်လွင် နေလေတော့သည်။

စန်းကျင်းနှင့် ခြေငါးလှမ်းခန့် အကွာတွင် ခြေလှမ်း
ရပ်လိုက်၏။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်
လိုက်ကြလေသည်။ ကျားနှင့်နဂါး အကြည့်ချင်းပြိုင်နေသည်
နှင့်ပင် တူလှပေသည်။

အတန်ကြာမှ စန်းကျင်းက

'မင်းအတွက် ဘယ်လောက်ရသလဲ'

ဟု မေးလိုက်လေသည်။

အမာရွတ် ပြုံးလိုက်လေသည်။

'ဘာလဲ ခင်ဗျားက ကျုပ်ရဲ့လုပ်ငန်းကို သဘောကျမေ
ပြီလား'

'မဟုတ်ဘူး ကျုပ်ရဲ့အသက် ဘယ်လောက် တန်ဖိုးရှိတယ်
ဆိုတာ သိချင်လို့'

'ဆယ်သိန်း....'

'ဆယ်သိန်း ဟုတ်လား'

စန်းကျင်း အံ့ဩသွားလေသည်။

သူ့အား သုတ်သင်ရှင်းလင်းရန် ငွေဆယ်သိန်းဗင် ပေး
လေသည်။

မည်သို့သောလူစားက ဤမျှများပြားလှသည့် ငွေ အကုန်
ခံနိုင်ပါသနည်း။

သူ့အား သုတ်သင် ရှင်းလင်းပစ်ရန် ကြိုးစားသူမှာ
ခေသူမဟုတ် ဟူသည့် အတွေး ခိုင်မာလာလေသည်။

ငွေရှိသည့် အဆက်အသွယ်ကောင်းသည့် အမာရွတ်ကဲ့သို့
လူစားမျိုးကိုပင် အသုံးချနိုင်သည်။

ထိုသို့သော လူစားမျိုး လောက၌ များများစားစား
ရှိမည်မဟုတ်ချေ။

မည်သူမည်ဝါ ဖြစ်သည်ကို သိလိုစိတ် ပြင်းပြလာလေ
တော့သည်။ အမာရွတ်ကို စိုက်ကြည့်လိုက်ပြီး....

'ဘယ်သူလဲ'

ဟု မေးလိုက်သည်။

အမာရွတ် ခေါင်းယမ်းလိုက်သည်။

'ကျုပ် မသိဘူး'



'ခင်ဗျားက မပြောချင်တာလား'

'မဆိုင်ဘူး၊ ကျုပ်ရှင်းပစ်ရမယ့်လူဟာ ဘယ်သူဘယ်ဝါ
ဆိုတာ သိရဘို့ပဲ အရေးကြီးတယ်၊ ခိုင်းတဲ့လူက ဘယ်သူဆို
တာ ကျုပ် အလုပ်မဟုတ်ဘူး၊ ကျုပ်ကိုခိုင်းနေတာ ငွေပဲဗျ'

စန်းကျင်း ပြုံးလိုက်သည်။

'ဒီလောက် များများစားစား ပေးနိုင်တဲ့လူဟာ ခင်ဗျား
နဲ့ ပတ်သက်နေနိုင်မယ် ကျုပ်မထင်ဘူး၊ ကြားခံလူ တစ်
ယောက်နဲ့ ခင်ဗျားကို ဆက်သွယ်တာပဲဖြစ်မယ်'

သူ၏ ထင်မြင်ယူဆချက်ကို အမာရွတ်က ဝေဖန်ချက်
မပေးဘဲ နေလိုက်လေသည်။

စန်းကျင်း ထင်ချင်သလို ထင်နိုင်သည် မဟုတ်ပါလား။

သူ၏ အဓိကတာဝန်မှာ စန်းကျင်းအား သုတ်သင်ရှင်း
လင်း ပစ်ရန်သာ ဖြစ်ပေသည်။

စန်းကျင်းက

'လူတစ်ယောက်ရဲ့ အသက်ဟာ ငွေဆယ်သိန်းမက တန်ဖိုး
ရှိတယ်ဆိုတာကို တစ်ချို့လူတွေ မသိကြဘူးဗျ'

ဟု ပြော၏။

အမာရွတ် ပြုံးလိုက်လေသည်။

'တချို့လူတွေကျတော့ ဆယ်သိန်းမပြောနဲ့ ငွေတစ်ဆယ်
တောင် မတန်ပါဘူးဗျာ'

'ဒါဆိုရင်လဲ ခင်ဗျားဟာ လူ့တောင် လောကအတွက်
မလိုအပ်တဲ့လူတွေကို တွေ့ခဲ့လို့ပဲ ဖြစ်မယ်'

အမာရွတ် ပခုံးတွန့်လိုက်သည်။

'လူ့ဘောင် လူလောကအတွက် ဘယ်လို လူမျိုး လိုအပ်တယ် ဆိုတာလဲကျုပ်မသိဘူး၊ အဲဒီလို လိုအပ်တဲ့ လူစားမျိုး ရှိနိုင်ပါမလား ဆိုတာလဲ ကျုပ် သံသယ ရှိတယ်'

'ခင်ဗျား အဆိုးမြင်တတ်တဲ့လူပဲ'

အမာရှုတ် ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားနှင့်ပြီး ကျုပ်က အသက်ရှင်နေနိုင်အောင် ဘယ်လို ကျင့်ကြံ ကြိုးစားရမယ်ဆိုတာ ဘစ်ခုဘည်းနားလည်တဲ့ လူဗျ'

'ဒါဆိုရင် ကျုပ်ကိုချိန်းလိုက်တာက ခင်ဗျားရဲ့ နားလည်မှုကို မထိခိုက်စေဘူးလား'

'မထိခိုက်နိုင်ပါဘူးဗျာ'

'ဘာဖြစ်လို့လဲ'

'ကျုပ်က ခင်ဗျားကို သုတ်သင် ရှင်းလင်းပစ်နိုင်မှာမို့ပါ'

'ဟား ဟား ဟား'

စန်းကျင်း သဘောကျစွာ ရယ်မောလိုက်သည်။

အမာရှုတ်သည် စန်းကျင်းအား အလွယ်တကူ အနိုင်ရမည် မဟုတ်မှန်း နားလည်ထားပါ၏။

ထို့ကြောင့် အချိန်ဆွဲကာ စကား ပြောနေစဉ် အတွင်း စန်းကျင်း၏ ဟာကွက် များကို သေသေချာချာ အကဲခတ် ရှာဖွေနေလေသည်။

သို့ပါသော်လည်း ဟာကွက် တစ်ခု ရှာမရသဖြင့် စိတ်ပျက် သွားလေတော့သည်။

စန်းကျင်းက ရယ်မောလိုက်ပြီးသျှင်—



'ခင်ဗျားရဲ့ အတွေး မှားနေပြီဆိုတာ ကျုပ် သက်သေ ပြနိုင်တယ်'

ဟု ပြောလိုက်သည်။

အမာရှုတ် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်တို့ စကားပြော နေတာကို ရပ်ဖို့ အချိန်တန်ပြီဗျ'

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့် လိုက်ကြသည်။

လေပြည်လေညင်း ငွေ့ယမ်းတိုက်ခတ်လာသည်။

သူတို့၏အဝတ်အစားများ တဖျပ်ဖျပ် လှုပ်ရှား သွား၏။ အေးမြသော လရောင်သည် လူသားနှစ်ယောက်၏ ပူလောင်မှုကို ငြိမ်းသတ်နိုင်စွမ်း မရှိတော့ချေ။

ရုတ်တရက်....

'ယား'

ကျယ်လောင်စွာသောအသံ ထွက်ပေါ်လာသည်။

စန်းကျင်းနှင့် အမာရှုတ်တို့သည် ဓားကိုယ်စီဖြင့် ရင်ဆိုင် တိုက်ခိုက်လိုက်ကြလေတော့သည်။

* * *

လေပြည်လေညင်း ငွေ့ယမ်းတိုက်ခတ်နေရာမှ ရုတ်တရက် လေပြင်းအဖြစ် ပြောင်းလဲသွား၏။

အေးချမ်း ငြိမ်သက်နေခဲ့သည့် ဝိပုလ္လေ တောင်ပေါ်တွင် ဆူဆူညံညံအသံများ ညဥ့်ယံကို ထိုးဖောက် ထွက်ပေါ် လာလေသည်။

စန်းကျင်းနှင့် အမာရွတ်တို့ ရင်ဆိုင် တိုက်ခိုက် နေကြပြီ ဖြစ်လေသည်။

စန်းကျင်းသည် သူ၏ ရတနာဓားကို အသုံးပြု နေသလို အမာရွတ်ကလည်း ကျောပိုးထားသည့် ဓားကို ဆွဲယူတ်ကာ တိုက်ခိုက်နေပြီ ဖြစ်သည်။

လရောင်အောက်တွင် ဓားရောင်များ ဝင်းခနဲ ဝင်းခနဲ လင်းလက်သွားသည်။

စန်းကျင်းသည် လည်းကောင်း၊ အမာရွတ်သည် လည်းကောင်း တစ်ယောက်ကို တစ်ယောက် အနိုင်ရဖို့ အပြင်းအထန် ကြိုးစားတိုက်ခိုက်နေကြ၏။

သူတို့၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှပေသည်။

အဖြူရောင် သိုင်းလောကဝယ် ထင်ရှားလှသည့်ရွှေစန်းရဲ စန်းကျင်းနှင့် အနက်ရောင် သိုင်းလောက၌ နာမည်ကြီးလှသည့် အမာရွတ်တို့တိုက်ပွဲ၌ မည်သူအနိုင်ရမည်နည်း။

'ခြွမ်း'

ကျယ်လောင်သော အသံ တစ်ချက် ထွက်ပေါ် လာလေသည်။

ပူးကပ်သွားသည့် လူရိပ်နှစ်ခု လူချင်းကွဲသွား၏။



စန်းကျင်းရော အမာရွတ်ပါ နောက်သို့ ဆုတ်လိုက်ကြလေသည်။

စန်းကျင်း၏ဝဲဘက်ပခုံး၌ အဝတ်အစားများ စုတ်ပြဲကာ သွေးချင်းချင်း နီရဲနေ၏။

ထို့နည်းတူ အမာရွတ်၏ ယာဘက် ပခုံး၌လည်း ဒဏ်ရာရကာ သွေးများ စီးကျနေလေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်လိုက်ကြ၏။ သူတို့နှစ်ယောက်၏သိုင်းပညာမှာ အဆင့်အတန်းချင်း မတိမ်းမယိမ်း ရှိနေ၏။

တစ်ယောက်ကို တစ်ယောက် အနိုင်ယူဖို့ မလွယ်ကြောင်း နှစ်ယောက်စလုံး နားလည်ထားကြလေသည်။

စန်းကျင်းက....

'ခင်ဗျားမဆိုးဘူး၊ ခင်ဗျားထက် အရင် ကျုပ်ကို ဒဏ်ရာရအောင် လုပ်နိုင်တဲ့လူ တစ်ယောက်ပဲ ရှိခဲ့ဖူးတယ်'

ဟု ပြောလိုက်၏။

အမာရွတ် စိတ်ဝင်စားသွားသည်။

'သူဘယ်မှာလဲ'

'သေသွားပြီ'

အမာရွတ်ပါးစပ်ပိတ်ထားလိုက်လေသည်။

အမှန်တော့ သူသည် ပညာကုန်ထုတ်ဖော်ကာ ရင်ဆိုင်ခဲ့ခြင်း ဖြစ်၏။

သို့သော် စန်းကျင်းအား ဒဏ်ရာရသွားစေရုံမျှသာ စွမ်းဆောင် နိုင်ခဲ့၏။

ထို့ကြောင့် နောက်ထပ် တိုက်ခိုက်မည် ဆိုလျှင်လည်း သုတ်သင်ရှင်းလင်းပစ်နိုင်မည် မဟုတ်ချေ။

အခြေအနေမပေးလျှင် သူပင် ဒုက္ခရောက်သွားနိုင်၏။

ထပ်မံတိုက်ခိုက်ရမည်ကို ဝန်လေးသလို ရှိလာ၏။ မည်သို့ ဆိုစေ စန်းကျောင်းအား သုတ်သင်ရှင်းလင်းပစ်ရန် ငွေ ယူထားပြီး ဖြစ်သည်။

ထပ်မံတိုက်ခိုက်ရန်မှလွဲပြီး ရှောင်တိမ်း၍ ရမည် မဟုတ်ချေ။ စန်းကျောင်းအား စိုက်ကြည့်လိုက်ပြီး....

'ကျုပ်ဆတော့ ခင်ဗျားကို ရှင်းပစ်နိုင်မှာပါ'

ဟု ပြောလိုက်သည်။

တစ်ဆက်တည်းပင် ဓားကို ဝှေ့ယမ်းကာ ခုန်ဝင် တိုက်ခိုက်လိုက်၏။ ယခုတစ်ကြိမ် သူက တိုက်ခိုက်ပုံ ပြောင်းလဲလိုက်ပြီ ဖြစ်သည်။

တရကြမ်းတိုးဝင်ပြီးသည်နှင့် ချက်ချင်းနောက်ဆုတ်လိုက်သည်။ တစ်ဖန် တိုးဝင် တိုက်ခိုက်လိုက်ပြန်သည်။

ပူးချည် ခွာချည်ဖြင့် အခြေအနေ ရှုပ်ထွေးသွားစေရန် ပရိယာယ် ဆင်လိုက်ခြင်း ဖြစ်ပေသည်။

အကယ်၍ စန်းကျောင်းက စိတ်မရှည်ဘဲ တိုက်ခိုက်လာမည် ဆိုပါလျှင် အမာရွတ်က အင်္ကျီလက်အိုးထဲဝယ် ဝှက်ထားသည့် ဓားနှစ်လက်ကို အသုံးချရန် စိတ်ကူးထားပေသည်။

စန်းကျောင်းမှာ အကင်းပါးသူ ဖြစ်ပေသည်။

အမာရွတ် တိုက်ခိုက်ပုံ ပြောင်းလဲ သွားသည်နှင့် အကြောင်းတစ်ခုခု ရှိရမည် ဖြစ်သည်ကို နားလည်ထား၏။



ထို့ကြောင့် အမာရွတ် ရှေ့တိုးလာသောအခါ ပြင်းထန်စွာ တိုက်ခိုက်ပြီးနောက် ဆုတ်သွားချိန်ဝယ် ဖိ၍လိုက်၍ မကြိုးစားဘဲ ရပ်နေလိုက်၏။

အမာရွတ် အကြံပ်ရိုက်သွားလေသည်။

သူက ဓားရေးမြှုနေခြင်း ဖြစ်သည်။

စန်းကျောင်းက ဖိ၍ တိုက်လာလျှင် သိုင်းကွက်ကို တစ်မျိုးတစ်ဖုံ ပြောင်းလိုက်ဦးမည် ဖြစ်ပေသည်။

စန်းကျောင်းက လိုက်လံတိုက်ခိုက်ခြင်း မပြုသဖြင့် သူ၏အကြံ သဲထဲရေသွန် ဖြစ်သွားရလေတော့သည်။

စန်းကျောင်းအား စိတ်မရှည်အောင် ဆွပေးလိုက်သော်လည်း တကယ်တမ်းတွင် သူသာလျှင် စိတ်မရှည်နိုင်အောင် ဖြစ်လာရလေသည်။

'ခင်ဗျား ဘာလုပ်နေတာလဲ သတ္တိမရှိဘူးလား'

စန်းကျောင်း မခံနိုင်အောင် အော်ပြော၏။

စန်းကျောင်းက ဘာမှ ပြန်မပြောချေ။

ရှေ့ဆက်တိုက်ခိုက်သွားပါက အမာရွတ်အားအနိုင်ရမည်ဟု ယုံကြည်လာလေသည်။

အမာရွတ်သည် စန်းကျောင်း တိုက်ခိုက်နေရာမှ 'ရှုတ်ခြည်း ရပ်တန့်လိုက်၏။ တစ်ဖန် ကျောက်တုံးကျောက်ခဲများ စုပုံနေသည့် နေရာတစ်ခုဆီသို့ ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။

စန်းကျောင်း ရင်ထိတ်သွား၏။

'မပြေးနဲ့'

ဟု အောင်ငေါက်ကာ တားဆီးလိုက်လေသည်။

သို့သော် အမာရွတ်က အရေးမစိုက်ဘဲ ထွက်ပြေးသွား၍ စန်းကျင်း ဒေါပွသွားသည်။

'မင်းပြေးလို့ လွတ်မလား'

အောင်ငေါက်ရင်း နောက်မှ ပြေးလိုက်သွားလေသည်။

အမှန်တော့ ထွက်ပြေးခြင်းသည် အမာရွတ်၏ လှည့်ကွက် တစ်ခု ဖြစ်နေ၏။

ကျောက်တုံးကျောက်ခဲပေါများသည့် နေရာသို့ ရောက်လျှင်....

'အမလေး'

အမာရွတ် ကျယ်လောင်စွာ အော်လိုက်၏။

ကျောက်တုံးတစ်ခုနှင့် ခလုတ်တိုက်ပြီး လဲကျတော့မလို ဟန်ဆောင်းလိုက်၏။

စန်းကျင်းက

'မသေပေတော့'

အောင်ငေါက်ရင် ဓားဖြင့် ဝိုက်၍ ခုတ်ချလိုက်လေသည်။

အမာရွတ် ဟန်ချက်ပျက်သွားသည်ကို အခွင့်အရေး သူက တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

အမာရွတ်သည် ဟန်ဆောင်ထားရကား စန်းကျင်း၏ ဓားချက်ကို ပွတ်ကာသီကာ ရှောင်နိုင်ခဲ့၏။

လဲကျသွားသလို ဟန်ဆောင်ရင်းမှပင် ယာဘက်လက်ကို မသိမသာ ဝှေ့ယမ်းလိုက်သည်။



ထိုအခါ အင်္ကျီလက်အိုးကြား၌ ဝှက်ထားသည့် ဓားမြှောင် တစ်ချက် လွင့်ထွက်လာပြီး စန်းကျင်း၏ ရင်ဝ၌ စိုက်ဝင်သွားလေတော့သည်။

'အွန့်....'

စန်းကျင်း မသဲမကွဲ ညည်းညူလိုက်သည်။

အမာရွတ် ဝမ်းသာသွား၏။

သူ၏ အကြံ အောင်မြင်ပြီဟု တွေးကာ ချက်ချင်းပင် နောက်ကိုယ် ဆတ်ခနဲ လှည့်လိုက်ပြီး စန်းကျင်းထံ ခုန်ဝင်လိုက်၏။

ဤတွင် စန်းကျင်းသည် သေသူမဟုတ်ကြောင်း ထင်ရှားစွာ သိလိုက်ရလေတော့သည်။

စန်းကျင်းက နောက်ကိုယ် ဒယီးဒယိုင် ဖြစ်သွားသော်လည်း အမာရွတ် ခုန်ဝင်၍ တိုက်ခိုက်လာလျှင် ချက်ချင်းပင် ခြေတစ်ဘက် ဆန့်ထုတ်လိုက်၏။

သူ၏ လက်ထဲမှ ဓားကိုလည်း ဘယ်ပြန်ညာပြန် ငါးကြိမ် တိတိ ဝှေ့ယမ်းလိုက်လေသည်။ အမာရွတ် ကြောင်အမ်းအမ်း ဖြစ်သွား၏။

စန်းကျင်းပင် နောက်ပြန်ဆုတ်ရန် ကြိုးစား လိုက် ၏။ သို့သော် သူလည်း အတွက်မှားသွားပြီး နောက်ကျခဲ့လေသည်။

စန်းကျင်း၏ ဓားတစ်ချက်သည် သူ၏ ရင်ဝသို့ တိုးဝင် ထိသွား၏။

'အင့်....'

အမာရွတ် လွှတ်ခနဲ အော်လိုက်၏။

နသကျင်မှု ဝေဒနာကြောင့် တုန့်ဆိုင်းသွားသည့် တဒင် အချိန်အတွင်း၌ စန်းကျင်း၏ ခြေထောက်ကန်ချက် တိုးဝင် လာလေတော့သည်။

အမာရွတ်မှာ မည်သို့မျှ မရှောင်နိုင်ပါတော့ချေ။

'ဝုန်း....'

'အား...'

စူးရှ ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည် အမာရွတ်၏ ခန္ဓာကိုယ် အပေါ် မြောက်တက်သွား၏

'ဟား ဟား ဟား'

စန်းကျင်း သဘောကျစွာ ရယ်မောလိုက်လေတော့သည်။

* * *

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

စန်းကျင်းသည် လရောင် ဖြာကျနေသော မြေကွက်လပ် ပေါ်ဝယ် မားမားမတ်မတ် ရပ်နေ၏။

သူ၏ ပခုံး၌ လည်းကောင်း၊ ရင်အုပ်၌ လည်းကော ဒဏ်ရာ ရရှိထားလေသည်။

ဒဏ်ရာမှ စီးကျလာသည့် သွေးများက သူ၏ အသွင်ကို ပို၍ ရဲရင့် တည်ကြည်နေစေ၏။



သူ၏ လက်ထဲဝယ် ဓားတစ်လက် ဆုပ်ကိုင်ထား၏။

သိုင်းလောကအား နှောင့်ယှက် ဖျက်ဆီးနေသူ သိုင်း လောက၏ အန္တရာယ် တစ်ခုကို ဖယ်ရှားပစ်နိုင်ခဲ့ပြီဟုလည်း မှတ်ထင် ယုံကြည်နေမိလေသည်။

အမာရွတ်သည် တိုက်ပွဲ ပြီးဆုံးသွားချိန်ဝယ် မြေပေါ်၌ လဲကျနေပြီ မဟုတ်ပါလား။

စန်းကျင်းက အမာရွတ်ကို ကြည့်လိုက်သည်။ အမာရွတ်က မြေပေါ်မှ လူးလိမ့် ထရန် ကြိုးစားနေ၏။

သို့သော် ထ၍ မရဘဲ ပြန်ပြီး လဲကျသွား၏။

တစ်ဖန် ထရန် ကြိုးစားပြန်သည်။ အမာရွတ်၏ လှုပ်ရှားမှု ကို ကြည့်ကာ ဒဏ်ရာ ပြင်းထန်စွာ ရသွားပြီဟု စန်းကျင်း ယုံကြည်မိသည်။

ထို့ကြောင့် လက်ပိုက် ကြည့်နေလိုက်လေသည်။

အမာရွတ်သည် စန်းကျင်းအား ခေါင်းထောင် ကြည့် လိုက်ပြီး....

'ကျုပ်...ကျုပ် ရှုံးသွားပြီ'

ဟု ပြောလိုက်လေသည်။

စန်းကျင်း သဘောကျသွား၏။

အမာရွတ်သည် ရှုံးလျှင် ရှုံးသည် ဆိုခြင်းကို ရဲရဲဝံ့ဝံ့ ခံရဲသူတစ်ယောက် မဟုတ်ပါလား။

'အဟွပ်....အဟွပ်....အဟွပ်'

အမာရွတ် ချောင်းတဟွပ်ဟွပ် ဆိုးလာလေသည်။

စန်းကျင်းက....

'မင်း သိပ်ပြီး ခံစားနေရသလား'

ဟု မေးလိုက်သည်။

အမာရွတ်က အဖြေမပေးနိုင်ဘဲ မောဟိုက်နေပါ၏။

စန်းကျင်း ခေါင်းညိတ်လိုက်သည်။

'မပူပါနဲ့၊ မင်းကို ငါ ကူညီပါ့မယ်'

ပြောပြောဆိုဆို ရွေ့တိုးလာသည်။

သူက အမာရွတ်အား သုတ်သင်ရှင်းလင်းခြင်းဖြင့် ကူညီမည် ဖြစ်သည်။

အမာရွတ်က

'ကျေးဇူးပဲဗျ'

ကြိုးစားပြီး ပြောလိုက်သည်။

စန်းကျင်းသည် သူ၏ အနီးသို့ တစ်စထက်တစ်စ နီးကပ်လာပြီ ဖြစ်လေသည်။

ထိုစဉ်မှာပင် အမာရွတ်သည် မြေပေါ် ခုန်ထလာတော့သည်။

ဓားဖြင့် ခုတ်ချရန် ဟန်ပြင်လိုက်သည့်စန်းကျင်း ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။

အမာရွတ်က

'ယား....'

ဉာသံ ပေးလိုက်သည်။

ခန္ဓာကိုယ် တစ်ပတ် လှည့် ကာ ခြေ ထောက် ဖြင့် ကန်ကျောက်လိုက်၏။ စန်းကျင်း ရင်ထိတ်သွား၏။



ရှောင်တိမ်းရန် ကြိုးစားလိုက်ပါသော်လည်း မလွတ်မြောက်နိုင်ပါတော့ချေ။

'ဝုန်း....'

'အား....'

ဝူး၍ ကျယ်လောင်သော အသံများ ထွက်ပေါ်လာ၏။

စန်းကျင်း၏ခန္ဓာကိုယ် အပေါ်သို့ မြောက်တက်သွားပြီး မြေပေါ် ခြေပစ် လက်ပစ် ပြုတ်ကျသွားသည်။

'ဟား ဟား ဟား'

အမာရွတ် သဘောကျစွာ ရယ်မောလိုက်သည်။

မြေပေါ်မှ လူးလိမ့်ထရန် ကြိုးစားနေသည့် စန်းကျင်းကို ကြည့်ရင်း....

'အယ်လိုလဲ ခင်ဗျားကိုတော့ ကျုပ် ကူညီရမှာလား'

ဟု မေးလိုက်လေသည်။

စန်းကျင်း အားယူပြုံးလိုက်သည်။

အမာရွတ်၏ လက်ချက်ကြောင့် အတော်ခံလိုက်ရသည် မဟုတ်ပါလား။

တစ်ယောက်ကို တစ် ယောက် အနိုင်ယူဖို့ဆိုသည်မှာ တကယ်တမ်း မလွယ်လှကြောင်း လုံးဝ လက်ခံ ယုံကြည်သွားပြီ ဖြစ်လေသည်။

အမာရွတ်သည် သူ့ထံ ချဉ်းကပ်လာသည်။

'စိတ်ချ ကျုပ်က ကူညီမှာဗျ'

ဟု ပြောနေ၏။

စန်းကျင်းသည် ခန္ဓာကိုယ်တွင်းမှ အဘွင်းအားကို စုစည်းလိုက်၏။

အမာရှတ် အနီးသို့ ရောက်လာသည်နှင့် ပြန်လည်တိုက်ခိုက်ရန် အသင့် ပြင်ထားလိုက်လေသည်။

အမာရှတ်က ဓားကို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း ရှေ့တိုးလာ၏။ တိုက်ခိုက်မည်ဟုသာ ဟန်ပြင်ထားသည်။

သူ၏ ခြေလှမ်းများကား မှန်လှသည်တော့ မဟုတ်ချေ။ သူ၏ခန္ဓာကိုယ် တုန်တုန်ယင်ယင် ဖြစ်နေ၏။

ရှေ့ဆက် တိုက်ခိုက်သွားပါက နှစ်ဦးစလုံး ဒဏ်ရာများ ရရှိကာ သေဆုံးသွားကြပေတော့မည်။

စန်းကျင်းက

'အမာရှတ် မင်းဟာ ယောကျ်ားပီပီ ထိပ်တိုက်ရင်ဆိုင်လိမ့်မယ်လို့ ငါမျှော်လင့်ခဲ့တယ်၊ အခုလို အကောက်ကြံမယ် မထင်ဘူး၊ အမာရှတ်ဆိုတဲ့နာမည် ဘာကြောင့် ကျော်ကြားနေတယ်ဆိုတာ အခုမှ ငါ ကောင်းကောင်းကြီး သိလိုက်ရပြီ'

ဟု ပြေခလိုက်လေသည်။

ထိုစကားကြားလျှင် အမာရှတ်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ခြေလှမ်း တုန့်ခနဲ ရပ်သွားပြီး....

'ဘာ....ဘာပြောတယ်'

'ယောကျ်ားပီပီ ယှဉ်ပြိုင်မယ်ဆိုရင် မင်းကငါ့ကို ဘယ်နည်းနဲ့မှ မယှဉ်နိုင်ပါဘူး'

စန်းကျင်းက ထပ်ပြောလိုက်သည်။



အမာရှတ် ဒေါသ ချောင်းချောင်း ထွက်သွားလေသည်။ မြေပေါ် ခြေဆောင့်လိုက်ပြီး....

'ဟား....ဟား....ဟား'

ကျယ်လောင်စွာ ရယ်မောလိုက်၏။

သူ၏ ရယ်မောသံသည် ရယ်သံနှင့်မတူပဲ ငိုသံနှင့် တူနေပေတော့သည်။ စန်းကျင်းက မြေပေါ်မှ လူးလိမ့်ထရန် ကြိုးစားနေသည်။

အမာရှတ်သည် ရယ်မောလိုက်ပြီးမှ

'ကောင်းပြီ၊ ယောကျ်ားပီပီ ယှဉ်ပြိုင်ကြတာပေါ့၊ ခင်ဗျား ထရပ်လိုက်စမ်းပါ'

ဟု အော်ပြောလိုက်လေသည်။

စန်းကျင်းက တဖြည်းဖြည်းချင်း ထရပ်လိုက်၏။

သူ၏လက်ထဲ၌ ဓားကို ကိုင်ထားဆဲ....

တစ်ခဏအကြာတွင် ကောင်းစွာ ရပ်လာနိုင်ခဲ့သည်။

မြေကွက်လပ်တွင် သူတို့နှစ်ယောက် မျက်နှာချင်း ဆိုင်မိကြပြန်ပြီ ဖြစ်သည်။

ယခုတစ်ကြိမ် အနိုင် အရှုံး ကွဲပြားသွားသည်အထိ ယှဉ်ပြိုင် တိုက်ခိုက်ကြတော့မည် ဖြစ်သည်။

သူတို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။

ထို့နောက်

'ယား'

ညာသံပြိုင်တူ ပေးလိုက်ကြသည်။

ရှိသမျှအင်အားကို ဖျစ်ညှစ်ထုတ်ကာ ရှေ့သို့ ခုန်တက်ရင်း
ဆစ်ယောက်ကို တစ်ယောက် ပြင်းထန်စွာ တိုက်ခိုက်လိုက်
ကြလေတော့သည်။

❋ ❋ ❋

လပြည့်ဝန်း ည် အရှေ့ဘက်သို့ တဖြည်းဖြည်း တိမ်
စောင်း သွား၏။

တိုက်ခဲ့သလာသည့် လေပြည်လေညင်းမှာ ပို၍ အေး
လာသည်။

အမောရှုတ်နှင့် စန်းကျင်းတို့၏ ရင်ထဲ၌ကား ပူလော
ပြင်းပြလာလေသည်။ သူတို့၏တိုက်ခိုက်မှုသည် ပို၍ ပြင်းထန်
လာသည်။

နှစ်ယောက်စလုံး ဒဏ်ရာ ရကာ နာကျင် နေသော
ကျားဆိုးများပမာ ဖြစ်နေကြပြီတည်း။

တစ်ယောက်ကို တစ်ယောက် အလွတ်မပေးဘဲ တရကြမ်း
တိုက်ခိုက်နေ၏။

အချိန်ကြာလာလေလေ သူတို့၏ ခန္ဓာကိုယ်ပေါ် ဝယ်ဒဏ်ရာ
များ တစ်ချက်ပြီးတစ်ချက် တိုးလာလေသည်။

နှစ်ယောက်သား အငြိုး ကြီးစွာ တိုက်ခိုက် နေကြစဉ်
မှာပင် ရုတ်တရက် တောင်ပေါ်သို့ လူရိပ်တစ်ခု ပြေးတက်
လာသည်ကို တွေ့မြင်လိုက်ရလေသည်။



ထိုလူရိပ်သည် ကိုက်တဆိတ် တက်လာခြင်းလည်း ဖြစ်
ပေသည်။

တောင်ပေါ်သို့ ရောက်သည်နှင့် စန်းကျင်းတို့၏ တိုက်ပွဲကို
အံ့ကဲခတ် ကြည့်လိုက်၏။

မြင်ကွင်းကို ကျေနပ် သဘောကျ သွားသည့် အလား
ဦးခေါင်း ဆတ်ခနဲ ညိတ်လိုက်လေသည်။

ထို့နောက် ဓားတစ်လက်ကို ဆွဲထုတ်ကာ ခပ်သွက်သွက်
ချဉ်းကပ်သွားလေသည်။

ထိုလူသည် တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစားများ
ဝတ်ဆင် ထား၏။ မျက်နှာ ပေါ်၌လည်း အနက်ရောင်
ခေါင်းစွပ်တစ်ခု စွပ်ထား၏။

မျက်လုံးပေါက် နှစ်ပေါက်သာလျှင်ပါရှိသော ခေါင်းစွပ်
ဖြစ်ပေသည်။

ထိုလူ၏ ဝတ်စား ဆင်ယင်ပုံမျိုးသည် သိုင်းလောက၌
တွေ့ရခဲ၏။

ထိုလူသည် ကြောင်တစ်ကောင် ပမာ ခြေသံ မကြားရ
အောင် ဖော့နင်းကာ လျှင်မြန်စွာ ချဉ်းကပ်သွားခြင်း ဖြစ်
ပေသည်။

လျှပ်တစ်ပြက် အတွင်းမှာပင် စန်းကျင်းနှင့် အမောရှုတ်တို့
အနီးသို့ ရောက်ရှိသွားလေသည်။

ထိုလူသည် ဓားကိုင် ထားသည့် လက်ကို မြှောက်လိုက်
သည်။ ထို့နောက် စန်းကျင်းအား တအားခုတ်ချလိုက်လေ
သည်။

သူ၏ လှုပ်ရှားမှုမှာ လျင်မြန် လှသလို ဓား ခုတ်ချက်မှာလည်း ပြင်းထန်လှ၏။ ဓားခုတ်ချက်သာ ထိသွားလျှင် စန်းကျင်း အသက်ရှင်နိုင်တော့မည် မဟုတ်ချေ။

ထိုစဉ်မှာပင် မမျှော်လင့်သော ပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်လာသည်။

စန်းကျင်းနှင့် အမာရွတ်တို့သည် နောက်သို့ ပြိုင်တူလှည့်လိုက်ကြ၏။

'ယား'

ညာသံပေးကာ အနက်ရောင် ဝတ်ဆင် ထားသူအား ပြိုင်တူ တိုက်ခိုက်လိုက်ကြလေသည့်။

သူတို့ နှစ်ယောက် ပူးပေါင်း တိုက်ခိုက်ကြသဖြင့် အနက်ရောင် ဝတ်ဆင် ထားသူမှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

နောက်ဆုတ် ရှောင်တိမ်းရန် ကပျာကယာ ကြိုးစားလိုက်သည်။

သို့သော် နောက်ကျသွားပြီ ဖြစ်၏။

သူတို့ နှစ်ယောက် ပူးပေါင်း တိုက်ခိုက် လာမည် မထင်မိချေ။

ထို့ကြောင့် မည်သို့မျှ မရှောင်နိုင်တော့ဘဲ။

'အား'



ဦးရှစ္စာ အော်ဟစ်ရင်း မြေပေါ်ပုံလျက်သား လဲကျသွားလေတော့သည်။

*　*　*

လရောင်ဖြာကျနေဆဲ....

အနက်ရောင် ဝတ်ဆင်ထားကာ မျက်နှာဖုံး စွပ်ထားသူသည် မြေပေါ် စန့်စန့်ကြီး လဲကျနေလေသည်။

အမာရွတ်နှင့် စန်းကျင်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။

သူတို့ တစ်ယောက်ကို တစ်ယောက် တိုက်ခိုက်ခြင်း မပြုကြချေ။

နှစ်ယောက် စလုံး အနက်ရောင် ဝတ်ဆင် ထားသူထံ ပြိုင်တူ လှမ်းသွားကြ၏။

အနက်ရောင် ဝတ်ဆင်ထားသူကား တုတ်တုတ်မျှ မလှုပ်တော့ချေ။

အမာရွတ်နှင့် စန်းကျင်းတို့သည် အနက်ရောင် ဝတ်ဆင်ထားသူ ဘေး၌ ဒူးထောက် ချလိုက်ပြီး မျက်နှာပေါ်မှ မျက်နှာဖုံးစွပ်ကို ချွတ်ပစ်လိုက်ကြ၏။

ထိုအခါ အသက်သေးဆယ်ကျော်ခန့်ရှိသူ တစ်ယောက်၏ ရုပ်သွင် ထွက်ပေါ်လာလေသည်။

'ဟင် ဓားဘီလူး တင်မင်းပါလား'

အမာရှုတ် လှတ်ခနဲ ရေရွတ်လိုက်လေသည်။

စန်းကျင်းက

'ခင်ဗျား သူ့ကို သိသယ်ဟုတ်လား'

ဟု မေးလိုက်လေသည်။

အမာရှုတ် ခေါင်းညိတ်လိုက်၏။

'သိတယ် ကြေးစားတစ်ယောက်ပဲ'

'သူက ဘာကြောင့် ကျုပ်တို့ကို တိုက်ခိုက်တာလဲ'

အမာရှုတ်က စန်းကျင်းကို စိုက်ကြည့်လို့ပြီး....

'ခင်ဗျားကို တိုက်ခိုက်တာဗျ'

'ဟင်'

စန်းကျင်း မျက်မှောင်ကြုတ်သွားလေသည်။

အမာရှုတ်က....

'ဒါဟာ အလုပ်ရှင်တွေရဲ့ လုပ်နည်းလုပ်ဟန်ပဲ၊ ကျုပ်ကို ငှားလိုက်ပေမယ့် ကျုပ်နောက်ကို အရိပ်လို လိုက်နေမယ့် နောက်လူ တစ်ယောက်ကို ထပ်ပြီး အသုံးပြုကြသေးတယ်လေ၊ ကျုပ်တို့ စကားနဲ့ ပြောရရင် ဝှက်ထားတဲ့ဓားပေါ့၊ ရှေ့ကဓားနဲ့ မပြီးနိုင်ရင် ဝှက်ထားတဲ့ဓားနဲ့ ရှင်းပစ်ရတယ် ဆိုတဲ့ သဘောပေါ့'

ဟု ရှင်းပြလိုက်လေသည်။

စန်းကျင်း ခေါင်းညိတ်လိုက်၏။

'ဓားဘီလူး တင်မင်းကို ဘယ်သူများ ငှားတာလဲ'

'ကျုပ်ကို ငှားတဲ့လူပဲ ဖြစ်မှာပေါ့'

'ခင်ဗျားကို ငှားတဲ့လူဟာ'



အမာရှုတ်ပါးစပ်ပိတ်ထားလိုက်လေသည်။

သူ့အား ငှားရမ်းသူမှာ မည်သူမည်ဝါဖြစ်သည်ကို သူ မသိပါ။

ထိုနည်းတူ ဝှက်ထားသည့်ဓားဖြစ်သော ဓားဘီလူး တင်မင်းအား ငှားရမ်းသူမှာ မည်သူမည်ဝါ ဖြစ်သည်ကိုလည်း သူသိမည် မဟုတ်ပါ။

သို့သော် ပွဲစားကတော့ သိနိုင်ပေလိမ့်မည်။

ဓားဘီလူးတင်မင်းအား ရှင်းပစ်ရာ၌ သူလည်း ပါဝင်ကြိုးစားခဲ့သည်ကို ပွဲစားသိသွားလျှင် မည်သို့ သဘောထားမည်နည်း။

ပွဲစားသည်လုံးဝသဘောကျမည် မဟုတ်ဘဲ အပြစ်တင်မည် ဖြစ်ကြောင်း ထင်ရှားပေသည်။

အမာရှုတ် မဲ့ပြုံး ပြုံးလိုက်သည်။

ပွဲစား အပြစ်တင်သည်ကို သူကဂရုစိုက်မည် မဟုတ်ပါ။

အကြောင်းကား စန်းကျင်းသည် သူ့အတွက် ဖြစ်သည်။

သူ၏လက်ထဲမှ မည်သူကမျှ လုယူသွား၍ ရမည် မဟုတ်ပါ။ သူ့အားကျော်ပြီး စန်းကျင်းအား လုယူရန် ကြိုးစားလာသူကို သူက ရှင်းပစ်ရမည်သာ ဖြစ်ပေသည်။

သူ၏ အလုပ်ကိစ္စထဲ ဝင်ရှုပ်သူသည် သူ၏ ရန်သူပင် ဖြစ်သည် မဟုတ်လား။ စန်းကျင်းက နောက်ဆုတ်လိုက်၏။

အမာရှုတ်ကလည်း သူနှင့် မျက်နှာချင်းဆိုင်ကာ အသင့်ပြင်လိုက်လေသည်။

စန်းကျင်းက....

'ကျုပ်တို့ထပ်ပြီး တိုက်ခိုက်ကြဦးမှာလား'
ဟု မေးလိုက်လေ၏။
အမာရွတ် ခေါင်းညိတ်လိုက်သည်။
'ဟုတ်တယ်'
စန်းကျင်က သက်ပြင်းချလိုက်သည်။
အမာရွတ်ကို စိုက်ကြည့်လိုက်ပြီး....
'ခင်ဗျားက ဘာကြောင့် ဒီလောက်တောင် သဲကြီးမဲကြီး ဖြစ်နေရတာလဲ'
'ကျုပ်က ငွေတက်ခံပြီးပြီဗျ'
'ခင်ဗျားက ငွေကို အဓိကထားတော့မှာလား'
အမာရွတ် ရယ်မောလိုက်လေသည်။
'ဟား....ဟား....ဟား ကျုပ်ဟာ ငွေအတွက် အသက်ရှင်နေတဲ့ လူတစ်ယောက်ဆိုတာ ခင်ဗျားမှ မသိသေးပဲကိုး'
'ခင်ဗျား တော်တော်ခက်ပါလား'
'စကားမရှည်နဲ့ ကျုပ်ရဲ့ တိုက်ကွက်လာပြီ သတိထား'
စကားဆုံးလျှင် အမာရွတ်က စတင် တိုက်ခိုက်လိုက်လေသည်။
စန်းကျင်း မည်သို့မျှ မတတ်သာတော့ချေ။
ဓါးကို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း ပြန်လည် တိုက်ခိုက်လိုက်ရလေတော့သည်။

* * *



'အောက် အီး အီး အွတ်'
အဝေးမှ ကြက်တွန်သံ ထွက်ပေါ်လာသည်။
အရှေ့ဘက်ဆီဝယ် ရောင်နီများ ပျို့အန်လာပြီ ဖြစ်သည်။
မကြာမီ မိုးလင်းလာတော့မည် ဖြစ်လေသည်။
တောင်ထိပ်ပေါ်ဝယ် အမာရွတ်နှင့် စန်းကျင်းတို့ကား ရင်ဆိုင် တိုက်ခိုက်နေကြဆဲ။
တစ်ညလုံး ယှဉ်ပြိုင်ခဲ့ကြသည် ဖြစ်ရာ နှစ်ယောက်စလုံး မောဟိုက် နွမ်းနယ်နေကြပြီ ဖြစ်သည်။
ဒဏ်ရာ ဒဏ်ချက်များလည်း ခန္ဓာကိုယ်ပေါ်ဝယ် မွစာကြဲနေပြီ ဖြစ်၏။
အချိန်ကြာလာသည်နှင့်အမျှ တိုက်ကွက်များ နွေးကွေးလေးလံလာသည်။
ခုခံရှောင်တိမ်းမှုများလည်း ဖရိုဖရဲ ဖြစ်လာသည်။
ထို့ကြောင့် တစ်ယောက်က အားသွင်း တိုက်ခိုက်လိုက်သည်နှင့် ကျန်တစ်ယောက်မှာ ဒဏ်ရာရသွားသည်ချည်းပင်။
တစ်ညလုံး သဲကြီးမဲကြီး ယှဉ်ပြိုင် တိုက်ခိုက်လိုက်ကြမှ စန်းကျင်းသည် အမာရွတ်ထက် ပို၍သက်လုံကောင်းကြောင်း ပေါ်လွင်လာတော့သည်။
အရေးကြုံလျှင် သက်လုံကောင်းရမည် မဟုတ်ပါလား။
အရုဏ်ဦး၏ ရောင်ခြည်များ ထွက်ပေါ်လာသည် နှင့် အမာရွတ်မှာ ရှုံးနိမ့်စ ပြုလာလေတော့သည်။
စန်းကျင်းက ဖိပြီး တိုက်ခိုက်လိုက်သည်။
'ချမ်း....'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။ အမာရွတ်၏ လက်ထဲမှ ဓား အဝေးသို့ လွင့်စဉ်သွား၏။ စန်းကျင်းက ရှေ့တိုးပြီး ဓားကို ဆွဲယမ်းလိုက်လျှင်...

'အား....'

အမာရွတ်မှာ စူးရှစွာ အော်ဟစ်ကာ မြေပေါ် လဲကျသွားလေတော့သည်။ တိုက်ပွဲ ပြီးဆုံးသွားလေ၏။

* * *

စန်းကျင်း နောက်ဆုတ်လိုက်၏။

သူ၏ ခန္ဓာကိုယ် ဒယီးဒယိုင် ဖြစ်နေ၏၊၊

တိုက်ပွဲတွင် သူ အနိုင်ရလိုက်ပြီ ဖြစ်သည်။

သို့သော် သူလည်း မသက်သာပါချေ။

ယခုအချိန်မှ ဝှက်ထားသော ဓား ထွက်ပေါ်လာလျှင် မည်သို့မျှ ခုခံနိုင်မည် မဟုတ်ပါ။ သူလည်း လုပ်ကြံခံလိုက်ရမည် ဖြစ်ပေသည်။

ဝှက်ထားသည့် ဓား (၀၁) ဓားဘီလူး တင်မင်းက အချိန်စောပြီး ထွက်လာခဲ့၍ ကံကောင်းသွားခြင်း ဖြစ်လေသည်။

စန်းကျင်းသည် အမာရွတ်ကိုလှမ်းကြည့်လိုက်၏။ အမာရွတ် မြေပေါ် လဲကျနေ၏။

သူ၏ တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေ၏။



နောက်ဆုံး ဓားတစ်ချက်သည် သူ့အား လဲကျသွားစေခြင်း ဖြစ်သည်။ သို့တိုင် အမာရွတ် သေဆုံးသွားခြင်း မရှိသေးချေ။

တစ်ချက် နှစ်ချက် လူးလွန့် ညည်းတွားကာ မြေပေါ်မှ လူးလိမ့် ထလာ၏။

အမာရွတ် အသက်ရှင်နေသမျှ ကာလပတ်လုံး သူ့အား နှောင့်ယှက်ပေးနေဦးမည်သာ ဖြစ်လေသည်။

အမာရွတ်အား သုတ်သင် ရှင်းပစ်မှ ဖြစ်ပေသည်။

သို့သော် အမာရွတ်အား သုတ်သင် ရှင်းလင်းပစ်ရန် ခွန်အား မရှိတော့ပါ။

မြေပေါ်၌ ရပ်တည်နေနိုင်အောင်ပင် မနည်း ကြိုးစားနေရသည် မဟုတ်ပါလား။

စန်းကျင်း စိုက်ကြည့်နေစဉ်မှာပင် အမာရွတ်က လူးလိမ့်ထလာလေသည်။ အမာရွတ်သည် ဒယီးဒယိုင် ဖြစ်နေသည်။

မြူးကျယ်သော မျက်လုံးအစုံဖြင့် စန်းကျင်းကို စိုက်ကြည့်လိုက်ပြီး....

'ကျုပ်တို့ နောက်တစ်ကြိမ် တွေ့ကြသေးတာပေါ့ဗျာ' ဟု ပြောလိုက်သည်။

စန်းကျင်းမှာ ခေါင်းညိတ်ပြရုံမှအပ ဘာမျှ မပြောနိုင်ချေ။

အမာရွတ်က ချာခနဲ လှည့်ကာ ပြေးထွက်သွား၏။

ခြေသုံးလေးလှမ်း ပြေးသွားပြီး မြေပေါ် ဝုန်းခနဲ လဲကျသွား၏။

သို့သော် သူက ပြန်လည် လူးလိမ့် ထလိုက်သည်။

ထို့နောက် ရှေ့ဆက် ပြေးသွား၏။

လဲကျသွားလိုက်၊ လူးလိမ့် ထကာ ပြေးသွားလိုက်ဖြင့် ယှက်သွားရာ အတန်ကြာလျှင် မြင်ကွင်းမှ ကွယ်ပျောက်သွားလေသည်။

ထိုအခါမှ စန်းကျင်း သက်ပြင်းချလိုက်သည်။

စိတ်လျော့ချလိုက်သဖြင့် မြေပေါ်မှ ဒူးထောက် ကျသွား၏။

အမာရွတ်နှင့် တစ်ညလုံး ပြင်းထန်စွာ ယှဉ်ပြိုင် တိုက်ခိုက်ခဲ့ရခြင်းကြောင့် ဒဏ်ရာ ဗရပွ ရခဲ့သည့်အပြင် သိုင်းအားတစ်ဝက်ခန့် ဆုံးရှုံးခဲ့ရပြီ ဖြစ်သည်။

အမာရွတ်နှင့် ယှဉ်ပြိုင် တိုက်ခိုက်ခြင်းမပြုမီက အခြေအနေမျိုး ပြန်လည် ရောက်ရှိလေအောင် နောက်ထပ် ငါးနှစ်ခန့် အားမွေးကာ ပြန်လည်လေ့ကျင့်ရလိမ့်မည် ဖြစ်သည်။

ငါးနှစ်အတွင်း နောက်ထပ် ယှဉ်ပြိုင်ပွဲများ ပြုလုပ်နိုင်မည် မဟုတ်ပါ။ ထိုအချက်သည် သူ၏အားနည်းချက် ဖြစ်လာမည်သာတည်း။

တစ်စုံတစ်ယောက်က ငါးနှစ်အတွင်း ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မပြုနိုင်သည့်အခြေအနေကိုရိပ်မိသွားပါလျှင် သူ့အပေါ် မကျေနပ်သည့် အနောက်ရောင် သိုင်းသမားများ သူ့အား သုတ်သင်ရှင်းလင်းပစ်ရန် အပူတပြင်း ကြိုးစားလာကြလိမ့်မည် ဖြစ်သည်။



ယခုပင်လျှင် အမာရွတ် ရောက်လာသည်ကို ထောက်ချင့်ကာ သူ့အား လုပ်ကြံလိုသူများရှိနေကြောင်း၊ ထိုလူများသည် ခေသူများမဟုတ်ကြောင်း၊ သိလာနိုင်သည် မဟုတ်ပါလား။

သူ၏အခြေအနေ သူ၏အဖြစ်မှန်ကို မည်သူမျှမသိအောင် ဖုံးထွယ်ထားရပေလိမ့်မည်။

ထိုနည်းအတိုင်းပင် အမာရွတ်သည်လည်း သိုင်းလောကတွင် ကျင်လည် ကျက်စားနိုင်တော့မည် မဟုတ်ပါ။

ရရှိသွားသော ဒဏ်ရာများသည် သူ့အား ဒုက္ခိတမဖြစ်စေသည့်တိုင် သိုင်း ပညာ အသုံးပြု၍ မရနိုင်လောက်သည့် သာမန်လူ တစ်ယောက်အဖြစ် ပြောင်းလဲသွားစေမည် ဖြစ်ပေသည်။

အမာရွတ်သည် နောက်တစ်ကြိမ် ယှဉ်ပြိုင်ရန် စိန်ခေါ်သွား၏။ နောက်တစ်ကြိမ်ဆိုသည်မှာ ရှိတော့မည် မဟုတ်ဟု ယုံကြည်မိသည်။

မည်သို့ဆိုစေ သူက အသက်ရှင်နေသေး၏။

အမာရွတ်ကို နာလန်မထူအောင် တိုက်ခိုက်နိုင်ခဲ့သည်။

ကြောက်မက်ဖွယ်ကောင်းသည့် အသက်လု ယှဉ်ပြိုင်ပွဲဝယ် သူအနိုင်ရခဲ့ပြီ ဖြစ်သည်။

သိုင်းလောက၌ ခြေချခဲ့စဉ်မှစပြီး ယခုလို ရင်ဆိုင်တိုက်ပွဲများ၌ တစ်ကြိမ်တစ်ခါမျှ မရှုံးခဲ့ဖူးသည့် အစဉ်အလာကို ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ပြီလည်း ဖြစ်သည်။

စန်းကျင်း ရင်ကော့လိုက်သည်။

ထို့နောက် တောင်ပေါ်မှ ဆင်းသွားလေတော့သည်။

* * *

အခန်းတွင်းဝယ် အမှောင်ရိပ် ကြီးစိုးနေ၏။

တမင် မီးမထွန်းပဲထားသဖြင့် မှောင်မဲနေပြီဟု ဆိုရမည် ဖြစ်ပေသည်။

မည်သို့ဆိုစေ အခန်းအလယ်တွင် စားပွဲတစ်လုံး ရှိနေပြီး ထိုစားပွဲ၌ လူတစ်ယောက် ရှိနေမည်ဖြစ်ကြောင်း ပွဲစား နား လည် ထား၏။

ထိုလူသည် သူ့အား အလုပ်အပ်ခဲ့သူ ဖြစ်သည်။ ထိုသူနှင့် လျှို့ဝှက်စွာ တွေ့ဆုံရစဉ်ကတည်းက အလုပ်ကြီးတစ်ခု လုပ် လိမ့်မည်ဟု ပွဲစား နားလည်ခဲ့၏။

သူ ထင်မှတ်ထားသည့်အတိုင်းပင် အလုပ်ကြီးတစ်ခု လက် ခံခဲ့ရသည်။ ထိုအလုပ် အောင်မြင်နိုင်စေရန် သူက အစွမ်းကုန် ကြိုးစား ဆောင်ရွက်ခဲ့၏။

တွေ့ရန်ပင် မလွယ်သည့် အမာရွတ်ကို ရအောင်ရှာ သည်။ ထို့နောက် ဓားဘီလူး တင်မင်း....

သူသည် အစစ အရာရာ ကြိုတင်ပြင်ဆင်ပြီး တာဝန်ကျေ အောင် ဆောင်ရွက်ခဲ့သည်။ သို့သော် ယခုတော့ သူကြိုးစား စီစဉ်ခဲ့သမျှ သဲထဲရေသွန် ဖြစ်ရချေပြီ။ တင်မင်းသည် တော ပေါ်သို့ အချိန်ကိုက် ရောက်သွားခြင်း ဖြစ်သည်။



အမာရွတ်နှင့် စန်းကျော်တို့၏ လိုင်းအားကို လျှော့တွက် ခဲ့ခြင်းဟု ဆိုရပေမည်။

နံနက် မိုးလင်းလုအချိန်တွင် အမာရွတ်နှင့် စန်းကျော်တို့ နှစ်ယောက်စလုံး ဒဏ်ရာကိုယ်စီဖြင့် နာလန်မထူနိုင်တော့သည့် အနေအထားသို့ ရောက်ရှိနေမည်ဟု သူတွက်ဆသလို တင်မင်း လည်း တွက်ဆခဲ့သည်။

သူတို့၏ တွက်ဆမှု မှန်ကန်နေပါသော်လည်း အမာရွတ် နှင့် စန်းကျော်တို့ ပူးပေါင်း တိုက်ခိုက်လိုက်သောအခါ တင် မင်း သေဆုံးသွားရတော့သည်။

တင်မင်း၏ ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာများကို ကြည့်ကာ နှစ်ယောက်ပေါင်း တိုက်ခိုက်ခြင်း ခံခဲ့ရသည်ဖြစ်ကြောင်း သူ နားလည်မိခဲ့ခြင်း ဖြစ်သည်။

တင်မင်းသည် တာဝန်နှစ်ခုကို ဆောင်ရွက်ရန် တောင် ပေါ် တက်သွားခဲ့ခြင်း ဖြစ်ပေသည်။

ပထမ တာဝန်မှာ စန်းကျော်အား သုတ်သင်ရှင်းလင်းရန် ဖြစ်သည်။ ဒုတိယ တာဝန်သည်ကား အမာရွတ်အား နှုတ် ပိတ်ပစ်ရန် ဖြစ်လေသည်။

အမာရွတ် သည်လည်းကောင်း စန်းကျော် သည်လည်း ကောင်း ခေသူများ မဟုတ်ကြပေ။

ထို့ကြောင့် အစီအစဉ်အားလုံး ပျက်စီးခဲ့ရလေတော့ သည်။ ပွဲစား၏ အာခေါင်များ ခြောက်ကပ်လာသည်။

အလုပ်ရှင်အား အဖြစ်အပျက်များနှင့် စပ်လျဉ်းပြီး မည် သို့ ရှင်းပြရန်ပင် မသိတော့ချေ။

ရွှေလည်းမတိုးဝံ့ နောက်လည်းမဆုတ်ဝံ့ပဲ အခန်းတံခါးဝ၌ ငူငူကြီး ရပ်နေမိသည်။

ထိုစဉ် အေးတိအေးစက် စကားသံ ပေါ်ထွက်လာသည်ကို ကြားလိုက်ရလေသည်။

'သုံးလပိုင်း လပြည့်နေ့ကျော်သွားပြီ၊ စန်းကျင်းဟာ သူ့အိပ်မှာပဲ ရှိနေသေးတယ်'

ပွဲစား၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွား၏။

'အမာရွတ်ကော တင်မင်းပါ၊ ရှုံးသွားပါတယ်'

မပြောချင်သည့်စကားကို ပြောလိုက်ရလေသည်။

အမှောင်ထဲမှ အသံရှင်က

'စန်းကျင်းအကြောင်း သေသေချာချာ သိပြီးပြီလား'

'မ၊ မသိရသေးပါဘူး၊ သူက သတင်းမှောင်ချထားပါတယ်၊ ဒါကိုထောက်ရင် သူလဲ အတော်ခံလိုက်ရတယ်ဆိုတာ သိနိုင်ပါတယ်'

'ကျုပ်က ခံလိုက်ရတယ်ဆိုတာကို လိုချင်တာမှ မဟုတ်ပဲ'

ပွဲစား ခေါင်းယမ်းလိုက်သည်။

'စန်းကျင်းရဲ့ အိမ်ဂေဟာထဲဝင်ပြီး လုပ်ကြံဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးဗျာ'

'သူ အပြင် ထွက်လာမယ်ဆိုရင်ကော'

'အမာရွတ်လို လူမျိုးကလွဲပြီး သူ့ကို အပြင်ထွက်လာအောင် လုပ်နိုင်တဲ့လူ မရှိပါဘူး'



'ထားပါတော့လေ၊ စန်းကျင်းကို ရှင်းပစ်ဖို့ ခင်ဗျားတာဝန်ယူထားတဲ့ကိစ္စက အခုထိ မပြတ်သေးဘူး၊ ဒါကို ခင်ဗျား ဘယ်လိုလုပ်မလဲ'

'ကျုပ် နည်းလမ်း ရှာပါဦးမယ်'

'ကောင်းပြီ၊ စန်းကျင်းကိစ္စကို အသာထားပြီး အမာရွတ်အကြောင်း ပြောကြရအောင်'

ပွဲစား၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

လောကပေါ်ဝယ် သူ အကြောက်ဆုံးလူကို ညွှန်ပြပါဆိုလျှင် အမာရွတ်ကို ညွှန်ပြရမည် ဖြစ်ပေသည်။

အမှောင်ထဲမှ အသံရှင်သည် မအောင်မြင်သည့် ကိစ္စနှင့် အမာရွတ်ကို ကျေနပ်တော့မည် မဟုတ်ပါချေ။

အမှောင်ထဲမှ အသံရှင်က

'ထိုကိစ္စတွေကို အမာရွတ်ဘယ်လောက်များများ သိထားပြီလဲ'

ဟု မေးလာသည်။

ပွဲစား ခေါင်းယမ်းလိုက်သည်။

'စန်းကျင်းကို သုတ်သင် ရှင်းလင်းရမယ်ဆိုတာကလွဲပြီး ဘာမှ မသိပါဘူး'

'အလုပ်ရှင် ဘယ်သူဘယ်ဝါဆိုတာကော'

'ဒါလဲ မသိပါဘူး'

'မင်း သေချာရဲ့လား'

'သေချာပါတယ်'

'ကျုပ်က စိတ်မချဘူးဆိုရင်ကော'

'ဗျာ....'

ပွဲစား ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

အသံရှင်က

'စန်းကျင်းကော အမာရွတ်ကော မခေတ္တ၊ သူတို့ကို လျှော့တွက်လို့ မရဘူးဆိုတာ မင်း သဘောပေါက်သင့်တယ်'

ပွဲစား ခေါင်းယမ်းပြန်သည်။

'သူတို့ ဘယ်လိုမှ သိမသွားနိုင်ပါဘူး'

'ကျုပ်က စိတ်မချဘူးဆိုရင်ကော'

ပွဲစားက ပါးစပ် ပိတ်ထားလိုက်လေသည်။

အသံရှင်က

'မင်းကို အလုပ်အပ်တဲ့အခါ ကြိုတင်စည်းကမ်း သတ်မှတ်ထားတာကို မင်း သိတယ်မဟုတ်လား'

အကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါလျှင် အစီအစဉ် အရပ်ရပ်တွင် ပါဝင်နေသူများထံမှ သတင်း ပေါက်ကြားသွားခြင်း မရှိရလေအောင် ဆောင်ရွက်ရမည် ဆိုသည့် အချက်ကို ပွဲစား သတိရလာ၏။

ဆိုအချက်သည် သူ၏အသက် အန္တရာယ်ပင် ဖြစ်လာနိုင်သည်ဟု နဂိုကတည်းက ပွဲစား တွေးမိခဲ့ပါသည်။

အသံရှင်က ဆက်ပြောသည်။

'အမာရွတ်ဟာ ဖြစ်မြောက်အောင် မလုပ် နိုင်ခဲ့ဘူး။ ဒါကြောင့် သူဟာ တို့အတွက် မလိုအပ်တဲ့ လူတစ်ယောက် ဖြစ်နေပြီ၊ ဒီကိစ္စကို မင်းပဲ တာဝန်ယူရမယ်'

ပွဲစား သက်ပြင်းချလိုက်သည်။



သူ့အတွက် ရွေးချယ်စရာလမ်း မရှိတော့ပါ။

'ဟုတ်ကဲ့'

ဟု ပြောလိုက်ရသည်။

အသံရှင်က....

'အချိန်ဘယ်လောက်ကြာမလဲ'

'တစ်လ'

'ကောင်းတယ်၊ တစ်လပြည့်တဲ့ အခါ တို့ ဒီမှာ ပြန်ဆုံကြသေးတာပေါ့'

သူတို့နှစ်ယောက်၏ တွေ့ဆုံမှု ပြီးဆုံး သွားပြီဟု ပွဲစား နားလည်လိုက်၏။

ထို့ကြောင့် လက်နှစ်ဘက်ဆုပ်ကာ ဦးညွတ်ဂါရဝပြုလိုက်သည်။

ထို့နောက် ချာခနဲ လှည့်ကာ ထွက်လာခဲ့လေတော့သည်။

* * *

မီးလောင်ရာ လေပင့်

လေပြည်လေညင်း တိုက်ခတ်လာသည်။

လေထဲဝယ် ဆေးကျို ချက်ရာမှ ထွက်ပေါ် လာသည့် ဆေးနံ့များ ပါလာ၏။

ဆေးနံ့ကို ရှူမိလျှင် အမာရွတ်၏ မျက်နှာ ရှုံ့မဲ့သွားလေသည်။

'အဘိုးအိုရှမ်းကတော့ ငါ့အမြန်ဆုံး တူထူထောင်မထောင်ဖြစ်လာမယ်လို့ ပြောတာပဲ၊ ဒါပေမယ့် သောက်ရတဲ့ ဆေးတွေဟာ အဝင်ဆိုးလိုက်တာ'

ဟုလည်း ညည်းညူလိုက်မိလေသည်။

ခုတင်ပေါ်မှ လူးလှိမ့်ထလိုက်၏။

'အား ကျွတ်ကျွတ်'

လွှတ်ခနဲ ညည်းမိသည်။

တစ်ကိုယ်လုံးဒဏ်ရာဗလပွ ရထားသည် မဟုတ်ပါလား။

အဘိုးအိုရှမ်းသည် သမားတော်တစ်ယောက် မဟုတ်ပါ။

ပရဆေးပင်များ ရှာဖွေ ဆောင်းချသူ တစ်ယောက်သာဖြစ်၏။

သို့သော် သမားတော်များထက်ပင် ပို၍ ကျွမ်းကျင်စွာကုသနိုင်သူ ဖြစ်ကြောင်း အမာရွတ် နားလည် ထားလေသည်။

အဘိုးရှမ်းနှင့်သိခဲ့သည်မှာ ဆယ့်ငါးနှစ်ခန့် ရှိပြီ ဖြစ်လေသည်။

အဘိုးအိုရှမ်း ဒုက္ခရောက်နေစဉ် သူက ကူညီခဲ့ဖူးသည်။ အမှတ်မထင် ကူညီမိခဲ့ခြင်းသည် နောင်တွင် သူ့အတွက် အကျိုးကျေးဇူး ရှိနေကြောင်း ယခုလို ဒဏ်ရာ အနာတရဖြစ်သည့်အချိန်မျိုးမှ သိနိုင်ပေတော့သည်။



သူ၏ ဒဏ်ရာ မည်မျှပင် ဆိုးဝါးသည်ဖြစ်စေ အဘိုးအိုရှမ်းက ပျောက်ကင်းအောင် ကုသ နိုင်မည်ဟု ယုံကြည်ထားလေသည်။

အမာရွတ် တွေးတော စဉ်းစား နေစဉ်မှာပင် ခြေသံများ ထွက်ပေါ်လာပြီး အဘိုးအိုရှမ်းက ပန်းကန်လုံးတစ်လုံးကိုင်ဆော ဝင်လာနေသည်ကို တွေ့မြင်ရလေသည်။

အမာရွတ် စိတ်ပျက်သွားသည်။

'ကျုပ်က ဘယ်လောက်တောင် သောက်ရဦးမှာလဲဗျာ'

ဟု ညည်းညူးလိုက်သေးသည်။

အဘိုးအိုရှမ်းက....

'မင်း နေကောင်းတဲ့အထိ သောက်ရမယ်'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

အမာရွတ် ပါးစပ်ပိတ်ထားလိုက်သည်။

အဘိုးအိုရှမ်းက

'ကဲ....သောက်လိုက်'

ပန်းကန်လုံးကို လှမ်းပေးလိုက်သည်။

ပန်းကန်လုံးထဲဝယ် အစိမ်းရောင် ဆေးရည်များ ရှိနေပါသည်။

ထိုဆေးရည်မှာ အလွန်ခါးကြောင်း အမာရွတ် သိလေသည်။

မည်သို့ဆိုစေ အဘိုးအိုရှမ်း၏ စေတနာကို လေးစားသောအားဖြင့် သောက်ရပေမည်။

ဆေးသောက်ခြင်းသည် သူ့ အတွက် အကျိုး ကျေးဇူးပြု မည်ပေသည်။

ဆေးရည်မှာ ခပ်နွေးနွေး ရှိနေသည်။

အမာရွတ်က ဆေးရည်သောက် ချလိုက်၏။

အဘိုးအိုရှမ်းထံသို့ သူ ရောက်လာ ခဲ့သည်မှာ ဆယ်ရက် ကျော်ခဲ့ပြီ ဖြစ်သည်။

ဆယ်ရက်အတွင်း အဘိုးအိုရှမ်း၏ ပြုစုကုသပေးမှုကြောင့် ထူထူထောင်ထောင် ဖြစ်လာခဲ့သည်။

သူ့၏ အခြေအနေကို စန်းကျင်း သိသွားလျှင် အကြီး အကျယ် အံ့ဩသွားလိမ့်မည် ဖြစ်ပေသည်။

နောက်ထပ် ဆယ်ရက်ခန့် ဆေးကုသပြီးလျှင် စန်းကျင်းကို ဒုတိယအကြိမ် ရင်ဆိုင်နိုင်ပေလိမ့်မည်။

ယခုတစ်ကြိမ် စန်းကျင်းသည် သူ့ အား ယှဉ်နိုင်တော့မည် မဟုတ်ပါ။

ပွဲစားနှင့် ပတ်သက်သည့် ကိစ္စများကို သူက မစဉ်းစားတော့ မေ့ထား၏။ သူသည် စန်းကျင်းအား သုတ်သင်ရှင်းလင်း ပစ်ရန် တာဝန်ယူခဲ့သည်။

စန်းကျင်း အသက်ထင်ရှား ရှိနေပြီး သူက သေလု မျောပါး ခံခဲ့ရသည်။

ထို့ကြောင့် သူ၏ တာဝန် မကျေခဲ့ပါ။

တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် သူ မြန်မြန် နေကောင်းမှ ဖြစ်ပေလိမ့်မည်။

အဘိုးအိုရှမ်းက ပန်းကန်လုံးကို လှမ်းယူလိုက်ပြီး....



'ကဲ....တစ်ရေးတစ်မော ပြန်အိပ်လိုက်ဦး၊ မင်းဟာ နေကောင်းရင် စားဖို့ အိပ်ဖို့တောင် သတိရတဲ့ လူစား မဟုတ်ဘူး၊ ဒါကြောင့် အခုလို အချိန်မှာ မင်း အနားယူနေသင့်တယ်'

စကားအဆုံးလျှင် အပြင်ဘက် လှမ်းထွက် သွားလေတော့သည်။

အမာရွတ် ပြုံးလိုက်သည်။

'ခင်ဗျားက လူမမာတစ်ယောက်ကို ကလေးတစ်ယောက်လို သဘောထားနေတာပဲကိုး'

ဟု ညည်းညူလိုက်၏။

အဘိုးအိုရှမ်းမှာ အပြင်ဘက် ရောက်ရှိသွားပြီ ဖြစ်လေသည်။

အမာရွတ်က အိပ်ရာပေါ် ပြန်လည်လှဲချရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်....

'အား....'

စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အမာရွတ်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

အော်သံမှာ အဘိုးအို၏ အော်သံ ဖြစ်ကြောင်း ရိပ်မိ၏။

အဘိုးအိုရှမ်းသည် မည်သို့သော အန္တရာယ်နှင့် တွေ့ကြုံနေရပါသနည်း။

အမာရွတ် ကုတင်ပေါ်မှ ခုန်ဆင်းလိုက်သည်။

ထို့နောက် အပြင်ဘက် ပြေးထွက်ခဲ့လေတော့သည်။

* * *

အဘိုးအိုရှမ်း မြေပေါ် လဲကျနေလေသည်။

သူ၏ တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေ၏။

သူ၏ နောက်ကျောတွင် ဓားတစ်လက် စိုက်ဝင်နေသည်။

တစ်ချက် ကြည့်လိုက်ရုံဖြင့် အဘိုးအိုရှမ်း သေဆုံးနေပြီဖြစ်ကြောင်း သိနိုင်၏။ အဘိုးအိုရှမ်းအား မည်သူက လုပ်ကြံလိုက်ပါသနည်း။

'ဟား….ဟား….ဟား'

ရယ်မောသံများ ထွက်ပေါ်လာလေသည်။

အမာရွတ်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ရယ်သံထွက်ပေါ်လာဆီသို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ လူသုံးယောက်မှာ အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားကြ၏။ လက်ထဲဝယ် ဓားကိုယ်စီ ကိုင်ဆောင်ထားကြလေသည်။

အန္တရာယ်ရှိပြီဆိုသည်ကား ငြင်းမရပါ။

အမာရွတ်သည် အန္တရာယ်ကို မမျှော်လင့်သည့်အပြင် အဘိုးအိုရှမ်း သေဆုံးသွားခြင်းကြောင့် ဒေါသချောင်းချောင်း ထွက်နေပေတော့သည်။

အံတင်းတင်း ကြိတ်ရင်း….



'မင်းတို့ ဘယ်သူတွေလဲ'

ဟု မေးလိုက်သည်။

ထိုလူသုံးယောက်အနက် တစ်ယောက်က….

'စန်းကျောင်းက လွှတ်လိုက်တာလေ၊ ခင်ဗျားကို သုတ်သင်ရှင်းလင်းပစ်မယ့် လူတွေပေါ့ဗျာ'

ဟု ပြော၏။

အမာရွတ် ဒေါပွသွားလေသည်။

'ဘာ….ဘာခွ၊ စန်းကျောင်း လွှတ်လိုက်တာ ဟုတ်လား'

'ဟုတ်တယ်'

'တော်တော် ယုတ်မာပါလား'

'ခင်ဗျားကတော့ သူ့ကို ရှင်းပစ်ဖို့ ကြံစားခဲ့သေးတာပဲ မဟုတ်လား'

'ကျုပ်က ယောကျ်ားပီပီ တစ်ယောက်ချင်း ရင်ဆိုင်ခဲ့တာ'

'ဘာပဲဖြစ်ဖြစ်လေ ခင်ဗျားလို ကြေးစားတစ်ယောက်ကို သိင်းလောက စည်းကမ်း စောင့်ထိန်းနေစရာ မလိုပါဘူး၊ ကဲ….သတိသာ ထားပေတော့'

စကားဆုံးလျှင် ဓားရှေ့ယမ်းကာ ပြေးဝင် တိုက်ခိုက်လိုက်လေသည်။ သူ၏ အဖော်နှစ်ယောက်လည်း—

'ယား….'

ညာသံပေးကာ ပြေးဝင်လာကြ၏။

အမာရွတ်က အဘိုးအိုရှမ်း၏ နောက်ကျော၌ စိုက်ဝင်နေသည့် ဓားကို ဆွဲနုတ်လိုက်သည်။

ထို့နောက် ပြန်လည်ခုခံ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်။

ထိပ်တိုက် ရင်ဆိုင်မိသည်နှင့်....

'ဝုန်း....'

'အား'

'အမလေး'

ဟူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ အတိုးအိုရှမ်းအား လုပ်ကြံလိုက်သူ သုံးယောက်မှာ အမာရွတ်၏ ပြင်းထန်သော တိုက်ခိုက်မှု မခံနိုင်တော့ဘဲ မြေပေါ်လဲကျသွားကြ၏။

အမာရွတ်သည် ဤမျှ ပြင်းထန်စွာ တိုက်ခိုက်လာနိုင်မည်ဟု သူတို့ မထင်မှတ်မိခဲ့ကြပါချေ။

အမာရွတ်သည် အိပ်ရာထဲ လဲနေမည်ဟု ထင်မှတ်ထားကြ၏။

သို့သော် တကယ်တမ်း ရင်ဆိုင်လိုက်ရသည့်အခါ အမာရွတ်သည် သူတို့အား မြေပေါ် လဲကျသွားသည်အထိ တိုက်ခိုက်နိုင်ခဲ့ပေတော့သည်။

သူတို့၏ တိုက်ပွဲကို မလှမ်းမကမ်း တစ်နေရာရှိ သစ်ပင်တစ်ပင် နောက်ကွယ်မှ လူတစ်ယောက် စောင့်ကြည့်နေသည်ကို အမာရွတ် ကိုယ်တိုင်လည်း သတိမပြုမိခဲ့ပါချေ။

ထိုလူမှာ ပွဲစား ဖြစ်သည်။

ပွဲစား ခေါင်းယမ်းလိုက်သည်။



'အမာရွတ်ကို အထင်သေးမရဘူးလို့ ငါပြောတာ ဘယ်သူမှ မယုံကြည်ဘူး ကောင်းပါတယ်လေ၊ သူတ ခေါ်းကိုင်နိုင်သေးတယ်ဆိုရင် စန်းကျင်းအတွက် ပူစရာမလိုတော့ဘူးပေါ့'

တိုးတိုး ရေရွတ်လိုက်သည်။

ထို့နောက် ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။ ပွဲစား ထွက်သွားပြီး မကြာမနှောင်းမှာပင် အမာရွတ်သည်လည်း အတိုးအိုရှမ်း၏ အလောင်းကို ပခုံးပေါ် ထမ်းကာ ထွက်သွားလေတော့သည်။

* * *

'အမာရွတ်ကို တွေ့ပြီလား'

အမှောင်ထဲမှ အသံထွက်ပေါ်လာသည်။

ပွဲစား ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ တွေ့ထားပြီ'

'သူ့အခြေအနေ ဘယ်လိုလဲ'

'သူ့ကို နှုတ်ပိတ်ဖို့ လွှတ်လိုက်တဲ့ လူသုံးယောက်ကို သူကချင်းပစ်လိုက်တယ်'

အမှောင်ထဲမှ အသံထွက်ပေါ်လာခြင်း မရှိဘဲ တိတ်ဆိတ်ငြိမ်သက်သွား၏။

အမာရွတ်မှာ လွန်စွာ ကြောက်မက်ဖွယ် ကောင်းသူဖြစ်ကြောင်း တွေးတော စဉ်းစားနေဟန် ရှိသေသည်။

ပွဲစားလည်း ငြိမ်နေလိုက်သည်။

အတော်ကလေးကြာမှ....

'စန်းကျင်းကော'

အမှောင်ထုထဲမှ အသံရှင်က မေးလာလေသည်။

ပွဲစားက....

'သူ့သတင်း ဘာမှ မကြားရဘူး၊ မှောင်ချထားတာ သေချာတယ်၊ သူလဲ သက်သာမယ် မထင်ဘူး'

'အမာရွတ်တောင် ဖေးကိုင်နိုင်ပြီဆိုရင် စန်းကျင်းက ဘာကြောင့် ဖေးမကိုင်နိုင်ရမှာလဲ'

ပွဲစား ပါးစပ် ပိတ်ထားလိုက်လေသည်။

အသံရှင်က....

'စန်းကျင်းရဲ့ သတင်းကို ကျုပ် စုံစမ်းပေးမယ်၊ မင်းအ အမာရွတ်ကို မျက်ခြည်မပြတ်စေနဲ့၊ အခုအတိုင်းဆိုရင် သူ့ နှစ်ယောက်ကို ပြန်ပြီး ထိပ်တိုက်တွေ့ပေးတာပဲ ကောင်းမယ်'

ပွဲစား ခေါင်းညိတ်လိုက်သည်။

'ဒီ အကြံ အကောင်းဆုံးပါပဲ'

'ကောင်းပြီ မင်း သွားတော့'

ပွဲစားက ဘာမှ မပြောဘဲ ချာခနဲလှည့်ကာ ထွက်သွား လေ တော့သည်။

* * *



ညီအစ်ကို

လုရန်မြို့....

လုရန်မြို့သည် တုံးစံအတိုင်း စည်ကား သိုက်မြိုက်နေလေသည်။

လုရန်မြို့ရှိ ရွှေစွန်ရဲ စန်းကျင်း၏ အိမ်ဂေဟာမှာလည်း ထုံးစံအတိုင်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိပေသည်။

ခြံဝင်းရှေ့တွင် အစောင့်နှစ်ယောက် စောင့်ကြပ်နေ၏။

ပန်းဥယျာဉ် အတွင်း၌ အလုပ်သမား ငါးယောက်ခန့် ပေါင်းသင်ခြင်း၊ မြေတူးခြင်း၊ ပန်းပင်စိုက်ခြင်းစသည့်ဥယျာဉ် လုပ်ငန်းများ လုပ်နေကြသည်။

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ မြင်းလှည်းဘီးလှိမ့်သံများ ထွက်ပေါ်လာလေသည်။

ပန်းဥယျာဉ်အတွင်းမှ အလုပ်သများ လှမ်းကြည့်ကြသည်။

ထိုအခါ ခြံဝင်းရှေ့သို့ မြင်းလှည်းတစ်စီးရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

မြင်းလှည်းမှာ အဖိုးတန်ဘီရိုလှည်းတစ်စီး ဖြစ်ပေသည်။

မြင်းလှည်းမောင်းသူ နေရာတွင် ရွှေရောင် ဝတ်ဆင်ထားသူတစ်ယောက် ရှိနေသည်။

မြင်းလှည်းပေါ်၌ တံဆိပ်သင်္ကေတနှင့် အလံတစ်ခု စိုက်ထူထား၏။

အလံပေါ်တွင် ကျားတစ်ကောင် ခုန်အုပ်တော့မည့်ပုံကို ရွှေချည်ဖြင့် ရေးထိုးထားလေသည်။

ထိုအလံကို တွေ့ရသူတိုင်းသည် ကျားအာမခံဌာနမှ မြင်းလှည်း တစ်စီး ဖြစ်ကြောင်း သိသွားကြမည် ဖြစ်သည်။

ကျားအာမခံဌာနမှာ ဘိုင်းလောကဝယ် လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့် အာမခံဌာနတစ်ခု မဟုတ်ပါလား။

ခြံဝင်းရှေ့၌ စောင့်ကြပ်နေကြသည့် အစောင့်နှစ်ယောက်မှာ ချက်ချင်း ခြံဝင်းတံခါးကို ဖွင့်ပေးလိုက်ကြ၏။

မြင်းလှည်းမှာ တံခါးကို ဖြတ်ကျော်ကာ အတွင်းဘက် ဝင်ရောက်လာပြီး အဆောက်အဦးရှေ့ဝယ် ရပ်တန့်သွားလေသည်။

မြင်းလှည်းရပ်တန့်သွားသည်နှင့် မြင်းလှည်းမောင်းသမား ခုန်ဆင်းလာပြီး မြင်းလှည်းတံခါး ဖွင့်ပေးလိုက်လေသည်။

မြင်းလှည်းအတွင်းမှ အသက် လေးဆယ်ခန့်ရှိသူ တစ်ယောက်လှမ်းထွက်လာ၏။ ထိုလူမှာ အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။

သူ၏ပုံပန်းသဏ္ဌာန်ကို ကြည့်ရုံဖြင့် ချမ်းသာကြွယ်ဝသူ တစ်ယောက် ဖြစ်ကြောင်း သိနိုင်၏။



ထိုလူက လက်နှစ်ဘက် နောက်ပစ်ကာ အဆောက်အဦးကို အကဲခတ်ကြည့်လိုက်လေသည်။

ထိုစဉ် အဆောက်အဦး အတွင်း လူရွယ်တစ်ယောက်လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူရွယ်မှာ ရွှေစွန်ရဲစန်းကျင်း၏ သား စန်းတုံး ဖြစ်လေသည်။ စန်းတုံးသည် အဖြူရောင် ဝတ်ဆင်ထားသူအား တွေ့မြင်လျှင်....

ဟွင်....ဦးလေးကျန်းချစ် ပါလား၊ ကြွပါခင်ဗျာကြွပါ

ဟု လေးလေးစားစား ဖိတ်ခေါ်လိုက်လေသည်။

အဖြူရောင်ဝတ်ဆင်ထားသူသည်ကျေနပ်စွာပြုံးလိုက်သည်၊ စကားတစ်ခွန်းမျှ မပြောဘဲ အပေါ်ဘက် လှမ်းတက်လာ၏။ စန်းတုံးက အတွင်းဘက်သို့ ဖိတ်ခေါ်သွားသည်။

အတွင်းဘက် ဧည့်ခန်းသို့ရောက်လျှင် ကျန်းချစ်အတွက် နေရာထိုင်ခင်း ပေးလိုက်သည်။

ကျန်းချစ်ထိုင်ပြီးလျှင် စန်းတုံးက အသင့်ရှိနေသည့် လုလင်များကို လက်ဝှေ့ယမ်းပြလိုက်သည်။

ရွှေစွန်ရဲဂေဟာမှ လုလင်များသည် ချက်ချင်းပင် အရက်နှင့် စားသောက်ဖွယ်ရာများ ယူလာခဲ့ကြသည်။

စန်းတုံးကိုယ်တိုင် အရက်တစ်ခွက်ငှဲကာ ကျန်းချစ်အား လှမ်းပေးလိုက်၏။

ကျန်းချစ် ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

အရက်တစ်ငုံသောက်လိုက်ပြီး....

'ငါ့တူကြီး ဖေဖေကော ဘယ့်'

ဟု မေးလိုက်လေသည်။

စန်းတုံး သက်ပြင်းချလိုက်သည်။

'ဖေဖေ အနားယူနေပါတယ်ခင်ဗျာ'

'ဘာများ ဖြစ်လို့လဲကွယ့်'

သူ၏ အမေး စကားကြောင့် စန်းတုံးက ကျန်းချစ်အား ကြည့်လိုက်သည်။ ကျန်းချစ်က....

'အခုဘလော သူ့ကို မတွေ့ရတာ အတော်ကြာသွားပြီ၊ နေထိုင်မကောင်းများ ဖြစ်နေသလားလို့ပါ၊ ပြီးတော့ မင်းတို့ နှစ်ယောက်ကလဲ အခုဘလော ခြေဖြိမ်နေလိုက်ကြတာ'

စန်းတုံး ပင့်သက်ရှိုက်လိုက်သည်။

ကျန်းချစ်၏ ပြောစကား မှန်နေ၏။

ဖခင်ဖြစ်သူသည် သူတို့အား သူပုန်ကြီးမင်းပြီးနောက် ရန်သူတစ်ယောက်နှင့် ရင်ဆိုင် တိုက်ခိုက်ခဲ့သည်။

ဖခင်ကြီး တစ်ညလုံး ပြန်မလာသဖြင့် စိတ်ပူနေကြ၏။

နံနက်မိုးစင်စင် လင်းချိန်ဝယ်ဖခင်မှာ သေလုမျောပါး ဒဏ်ရာကြီးဖြင့် ပြန်လည် ရောက်ရှိလာသည်။

ထိုနေ့ ထိုအချိန်မှစပြီး သူတို့မောင်နှမနှစ်ယောက် အပြင် မထွက်ကြတော့ချေ။ ဖခင်ကြီး အတွက် အိမ်တော်မှ သမား တော်ကြီးများဖြင့် ကြပ်မတ် ကုသပေးခဲ့ရသည်။

ကျန်းချစ်က....

'အခြေအနေတစ်ခုခု ထူးခြားနေပြီ ဆိုတာ ကျုပ် ရိပ်မိ တယ်လေ၊ ဒါကြောင့် မိတ်ဆွေတစ်ယောက် အနေနဲ့ အခုလို လာမေးရတာပါပဲ'



စန်းတုံးမှာ မည်သို့ပြန်ပြောရမှန်းမသိ ဖြစ်နေ၏။

ဖခင်ဖြစ်သူမှာ သမားတော်ကြီးများ၏ ကြပ်မတ် ကုသ ပေးမှုကြောင့် သက်သာလာပြီ ဖြစ်သည်။

သို့တိုင် ဒဏ်ရာ ရထားသည့် အကြောင်း မည်သို့မျှမသိရ လေအောင် လျှို့ဝှက် ထားရမည်ဟု အမိန့်ပေးထား၏။

အရေးအကြောင်းရှိလျှင် ဖခင်ကြီး နေမကောင်းသဖြင့် နောက်မှလာရန် ပြောဖို့လည်း မှာကြားထားသည်။

ကျန်းချစ်၏ စကားကြောင့် မည်သို့ပြန်ပြောရမှန်း မသိ အောင် ဖြစ်သွားသည်။

ကျန်းချစ်က....

'ပြောစမ်းပါဦး၊ မင်း နေမကောင်းဘူးလား၊ ကျုပ်က သူ့ကို မိတ်ဆွေတစ်ယောက်အနေနဲ့ ဝင်တွေ့လို့ မဖြစ်နိုင်ဘူး လား'

ဟု မေးလာသည်။

စန်းတုံးမှာ....

'ဟို....ဟို....ဖေဖေက....'

စကား ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

ထိုစဉ်မှာပင်

'ဧည့်သည် ရောက်လာတယ် ဆိုလို့ ဘယ်သူများလဲ မှတ် တယ်၊ မိတ်ဆွေကြီး ကျန်းချစ် ရောက်လာတာကိုး'

စကားသံတစ်ချက် ထွက်ပေါ် လာသည်ကို ကြားလိုက်ရ သည်။

ကျန်းချစ်နှင့် စန်းတုံးတို့ လှည့်ကြည့်လိုက်ကြသည်။

ထိုအခါ အတွင်းဘက်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင် ရလေသည်။ ထွက်လာသူမှာ ရွှေစိန်ရဲ့ စန်းကျင်း ဖြစ်လေသည်။

* * *

'ဖေဖေ'

စန်းတိုး လှတ်ခနဲ ခေါ်လိုက်သည်။

ဖခင်ဖြစ်သူထံ ပြေးသွားပြီး ဖေးမရန် ဟန်ပြင်လိုက်၏။

စန်းကျင်းက လက်ကာ၍ပြလိုက်သည်။

ထို့နောက် ကျန်းချစ်နှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်လေသည်။

စန်းကျင်းသည် နေထိုင်မကောင်း ဖြစ်နေသူတစ်ယောက်နှင့် လားလားမျှ မတူပါချေ။

စန်းကျင်းသည် သာမန် လူကောင်းနှင့် မခြား ဖြစ်နေသည်။

စန်းတိုးအကြီးအကျယ် အံ့ဩနေလေသည်။

ကျန်းချစ်က ပြုံးရွှင်သော မျက်နှာထားဖြင့်

'မိတ်ဆွေကြီးကို မတွေ့ရတာ ကြာလို့ နေထိုင်မကောင်း ဖြစ်နေသလားလို့ ကျုပ်က သဘောင်းမေးရအောင် လာတာပါ'

ဟု ပြောလိုက်လေသည်။



စန်းကျင်း ပြုံးလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်က တမင် နေမကောင်း ဘူးလို့ သတင်းလွှင့်ထားတာပါ'

'ဗျာ...တမင် သတင်းလွှင့်ထားတာ ဟုတ်လား'

'ဟုတ်တယ်'

'မိတ်ဆွေက....'

'ကျုပ်က မြို့တက်ကောင်း သိုင်းပညာတစ်မျိုးကို ကြိတ်ပြီး လေ့လာချင်လို့ပါဗျာ'

'ဟား ဟား ဟား'

ကျန်းချစ်သဘောကျစွာ ရယ်မောလိုက်လေသည်။

စန်းကျင်းက လက်ဝှေ့ယမ်းပြလိုက်သည်။

အခန်းတွင်းမှ ထွက်သွားရန် အချက်ပေးလိုက်ခြင်း ဖြစ်သည်။

စန်းတိုး အံ့ဩသွားသည်။

'ဖေဖေ'

စန်းကျင်းက ဘာမှမပြောဘဲ လက်ဝှေ့ယမ်းပြ လိုက်ပြန်သည်။

စန်းတိုး မနေနိုင်တော့ပါ။

အခန်းတွင်းမှ မသွားချင့် သွားချင် ထွက်သွား ရလေသည်။

လိုအပ်သမျှ ပြုစု လုပ်ကိုင်ပေးရန် အသင့် စောင့်ဆိုင်းနေကြသည့် အိမ်ဖော် လုလင်များလည်း ထွက်သွားကြလေသည်။

အခန်းတွင်းဝယ် စန်းကျင်နှင့် ကျန်းချစ်တို့ နှစ်ယောက်သာလျှင် ကျန်ရစ်ခဲ့ပေတော့သည်။

ထိုအခါမှ စန်းကျင်းက....

'မကြာသေးခင်က ကျုပ်ကို လုပ်ကြံဖို့ လူတစ်ယောက်က ကြိုးစားခဲ့သေးတာဗျ'

ဟု စကား စ လိုက်လေသည်။

'မိတ်ဆွေကို လုပ်ကြံဖို့ ဟုတ်လား၊ အတင့်ရဲလှချည်လား၊ ဘယ်သူများပါလိမ့်'

'အမာရွတ်'

'ဗျာ'

ကျန်းချစ် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

စန်းကျင်းက ငြိမ်နေ၏။

ကျန်းချစ်က....

'ကြေး....ကြေးစား သိုင်းသမား အမာရွတ် ဟုတ်လား'

ဟု မေးလိုက်သည်။

စန်းကျင်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

'အမာရွတ်က ကြောက်စရာကောင်းတယ်လို့ သတင်းကြားထွက်နေတယ်'

စန်းကျင်း ပြုံးလိုက်သည်။

'နောက်ဆိုရင် သူ့နာမည် သိုင်းလောကမှာ မကြားရတော့ပါဘူး'

'ဘာ....ဘယ်လို၊ သူ သေသွားပြီ ဟုတ်လား'



စန်းကျင်း ခေါင်းယမ်းလိုက်သည်။

'မဟုတ်ဘူး၊ သူ အသက်ရှင်နေပါသေးတယ်'

'ဒါဖြင့်....'

'သူ့ရဲ့ သိုင်းပညာ ဆုံးရှုံးသွားပြီလေ'

ကျန်းချစ် ပါးစပ် ပိတ်ထားလိုက်လေသည်။

စန်းကျင်းက ဆက်ပြောလိုက်လေသည်။

'ကျုပ် သေသေချာချာ စဉ်းစားပြီးပြီ၊ အမာရွတ်နဲ့ ကျုပ်ဟာ ရန်ငြိုးရန်စ ရှိတာ မဟုတ်ဘူး၊ ပြီးတော့ သူကလဲ လူတစ်မျိုး၊ ငွေမရဘဲ ဘာမှ လုပ်မှာ မဟုတ်ဘူး၊ ကျုပ်ကို လုပ်ကြံဖို့ ကြိုးစားတာဟာ တစ်ယောက်ယောက်က သူ့ကို ငွေပေးပြီး ခိုင်းလို့ပဲ ဖြစ်မယ်'

'ဘယ်သူလို့ ခင်ဗျား ထင်သလဲ'

စန်းကျင်း သက်ပြင်းချလိုက်သည်။

ရွှတ်တရက် အဖြေမပေးသေးဘဲ ကုလားထိုင်တွင် ကျောမှီကာ ဦးခေါင်းကို အနောက်သို့ လှန်ရင်း မျက်နှာကျက်ကို မော့ကြည့်နေ၏။

မျက်နှာကျက်ဝယ် ပင့်ကူအိမ်တစ်ခု ရှိနေသည်။

ပင့်ကူအိမ်၌ ယင်ကောင် တစ်ကောင် ငြိတွယ်နေသည်။

ယင်ကောင်သည် ရုန်းထွက်ရန် ကြိုးစားနေ၏။

သို့သော် မလွတ်မြောက်နိုင်ဘဲ ချဉ်းကပ်လာသည့် ပင့်ကူ၏ စားသောက်ခြင်းကို ခံလိုက်ရလေသည်။

'ဘယ်သူ့ လက်ချက်လဲ'

ကျန်းချစ် ထပ်မေးလိုက်သည်။

သူ စိတ်လှုပ်ရှားနေကြောင်း သိသာ၏။

စန်းကျင်းက....

'ဒီကိစ္စဟာ လွန်ခဲ့တဲ့ ခြောက်လလောက်က ကိစ္စတစ်ခုနဲ့ ပတ်သက်နေမယ်လို့ ကျုပ် ထင်တယ်'

'ဆိုစမ်းပါဦး'

'သိုင်းလောကကို ဒုက္ခပေးနေတဲ့ ပင့်ကူဆိုတာကို ခင်ဗျား သိတယ် မဟုတ်လား'

ကျန်းချစ် ခေါင်းညိတ်လိုက်သည်။

'သိတာပေါ့၊ သူဟာ နာမည်ပေါင်း ဆယ်မျိုးမက ရှိတဲ့ လူပေါ့၊ သူ့ကို လူတွေက အမျိုးမျိုး ခေါ်နေကြတာပဲ၊ တော်တော်ဆိုးတဲ့ ခါးပြကြီး တစ်ယောက်ပေါ့'

'သူ့ကို ကျုပ်က ရှင်းပစ်လိုက်တယ်၊ အဲဒီတုန်းက သူ့ နောက်မှာ လျှို့ဝှက်တဲ့ လူတစ်စု ရှိနေတာကို ကျုပ် ရိပ်မိ ခဲ့တယ်'

'ပြောစမ်းပါဦးဗျ'

စန်းကျင်းက ဆက်၍ ရှင်းပြလိုက်လေသည်။

'ပင့်ကူဟာ ဘယ်နေရာမှာ ဘယ်သူ့ကို တိုက်ခိုက် လုယက် ရမယ်၊ ဘယ်သူ့ဆီမှာ ငွေဘယ်လောက် ရှိတယ်၊ သူ့ရဲ့ အားနည်းချက် ဘယ်လိုရှိတယ် ဆိုတာက အစ သိနေတယ်၊ ဒါဟာ တစ်ယောက်ယောက်က သူ့ကို သတင်းလက်တောက် ချနေလို့ပဲ ဖြစ်မှာပေါ့'

'ဒါ မှန်တယ်'

ကျန်းချစ်က ထောက်ခံလိုက်လေသည်။



စန်းကျင်းက....

'ပင့်ကူ လုယက် တိုက်ခိုက်ခဲ့တဲ့ ပစ္စည်း တန်ဖိုးတွေကို တွက် ချက် ကြည့် မယ် ဆို ရင် သိန်းပေါင်း ငါးရာလောက် အနည်းဆုံး ရှိမယ်'

'ဟာ....များလှချည်လား'

'ဟုတ်တယ်၊ ဒါပေမယ့် ပင့်ကူ သေသွားတယ်၊ သူ့ဆီမှာ ငွေငါးထောင် ပြည့်အောင် မတွေ့ရဘူး'

'ဒါဆို သူ လုယက်ထားတဲ့ ငွေ ဘယ်ရောက်သွားပြီလဲ'

စန်းကျင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါကြောင့် ကျုပ်က ဆက်ပြီး စုံစမ်းခဲ့တာ ပေါ့၊ ဒီအခါမှာ ကျုပ်ကို လုပ်ကြံမယ့် အမာရှုတ် ဆိုတာ ပေါ်လာတာပဲ'

ကျန်းချစ်က....

'ခင်ဗျား ဆက်ပြီးစုံစမ်းလို့ မရအောင် နှုတ်ပိတ်ပစ်ချင်တဲ့ သဘောပေါ့'

ဟု စကား ထောက်ပေးလိုက်သည်။

ကျန်းချစ် ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်'

'ဘယ်သူတွေက ဒီလိုလုပ်တာလဲ'

'ကျုပ် စုံစမ်းနေပါတယ်၊ မကြာခင် ဖော်ထုတ်နိုင်ပါ လိမ့်မယ်၊ မိတ်ဆွေကြီးကို ဒီအကြောင်း ဘာကြောင့် ပြောရသလဲဆိုတော့ တကယ်လို့ လိုအပ်လာရင် ကျုပ်ကို ကူညီ နိုင်အောင်ပါ'

ကျန်းချစ် လက်ဝှေ့ယမ်းပြလိုက်၏။

'စိတ်ချ....လိုအပ်တဲ့အခါ ပြောပါ၊ အာမခံဆို ကျုပ် ကူညီပါ့မယ်'

'အေးဗျာ....ဒီလိုကြားလိုက်ရတာ ကျုပ်ဝမ်းသာပါတယ်၊ မိတ်ဆွေရဲ့ အကူအညီ အခုကြောင့် လိုသလဲဆိုရင် ပင့်ကူနဲ့ သူ့ရဲ့နောက်က လျှို့ဝှက် လူစုဟာ မိတ်ဆွေကြီးရဲ့ ကျား အာမခံဌာနနဲ့ ပတ်သက်နေနိုင်တယ်လို့ ကျုပ် ယူဆမိလို့ပါ'

'ဗျာ....

ကျန်းချစ် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

စန်းကျင်းအား နားမလည်နိုင်စွာ ကြည့်လိုက်၏။

ပါးစပ် ဟလိုက်ခြင်းကြောင့် သူ၏သွားများမှာ ရွှေသွား များ ဖြစ်နေသည်ကို တွေ့မြင်နိုင်လေသည်။

စန်းကျင်းက....

'ဒီလိုပါ ပျောက်ဆုံးနေတဲ့ တိုက်ရာပါ ပစ္စည်းတွေကို သူတို့က ကျား အာမခံဌာနမှာ အပ်နှံထားတယ်လို့ ကျုပ် ယူဆမိလို့ပါ'

ဟု ပြောလိုက်၏။

ကျန်းချစ် မကျေမနပ် ဖြစ်သွားလေသည်။

'ဒါတော့ ခင်ဗျား မှားပြီထင်တယ်'

စန်းကျင်း ပါးစပ် ပိတ်ထားလိုက်လေသည်။

ကျန်းချစ်က....



'ကျုပ်ရဲ့ အာမခံဌာနဟာ တရားဝင် ဖွင့်လှစ်ထားတာ ဗျ၊ တိုက်ရာပါ ပစ္စည်းတွေ လက်ခံတဲ့နေရာတစ်ခု မဟုတ်ဘူး ဆိုတာ နားလည်ဖို့ လိုလိမ့်မယ်'

စန်းကျင်း ပြုံးလိုက်သည်။

'ခင်ဗျားတို့ အာမခံဌာနရဲ့ စည်းကမ်းတွေဟာ တရား မဝင် ပစ္စည်းတွေ၊ ငွေတွေအပေါ်မှာ အဏုန်အသတ်မထား တဲ့သဘော ရှိပါတယ်ဗျာ၊ ဒါကို လူဆိုးဓားပြတွေ ရိပ်မိကြ မှာပါ'

ကျန်းချစ်က စန်းကျင်းကို စိုက်ကြည့်လိုက်၏။

မည်သည့်ပစ္စည်းမဆို မည်သူပိုင်ဆိုင်သည်မဆို၊ အပ်နှံခွင့်၊ လွှဲပြောင်းခွင့်၊ ပို့ဆောင်ပေးခွင့် ပြုသည်မှာ ကျား အာမခံ ဌာန၏ စည်းကမ်းဖြစ်သည်။

အာမခံ လုပ်ငန်းနှင့်ပတ်သက်ပြီး မည်သို့သော စုံစမ်း စစ်ဆေးမှုမျိုးမှ မပြုလုပ်ရ ဟူသည့် စည်းကမ်းရှိသည်။

ထို့ကြောင့် ကျား အာမခံဌာန၏ လုပ်ငန်းများ လွန်စွာ မှပင် တိုးတက် အောင်မြင်ခဲ့ခြင်း ဖြစ်ပေသည်။

ထိုစည်းကမ်းချက်များနှင့် ပတ်သက်ပြီး သိုင်းလောက သားများ၏ ဝေဖန် ပြောဆိုမှု၊ ပြင်းထန်စွာ ရှုတ်ချမှု ခံရ၏။

သို့သော် ကျန်းချစ်က လျှင်လျှင်မြန်မြန် အာမခံဌာန တိုး တက် အောင်မြင်ရေးကိုသာ ဦးစားပေးခဲ့သည်။

ယခုလည်း စန်းကျင်းက အပြင်ပင် ဝေဖန်နေပြီ ဖြစ် လေသည်။

ကျန်းချစ် သက်ပြင်းချလိုက်ပြီး....

'အင်း ခင်ဗျားကိုယ်တိုင် အပြစ်တင် ဝေဖန်နေပြီဆိုရင်တော့ ကျုပ်တို့လဲပြန်ပြီး စဉ်းစားရတော့မယ် ထင်တယ်'

ဟု ပြောလိုက်၏။

ထိုစကားကြားလျှင် စန်းကျင်း ကျေနပ်သွားလေသည်။

'ကျေးဇူးပဲဗျာ ပြန်ပြီး သုံးသပ်ဖို့ လိုအပ်နေတာ အမှန်ပဲ'

ကျန်းချစ်က

'ဒါထက် ကျုပ်ရဲ့ ကျား အာမခံဌာနပေါ်မှာ နောက်ထပ် ဘယ်လို အားနည်းချက်တွေ၊ ပေါ့ကွက်တွေ မြင်ထားသေးသလဲ ပြောပါဦးဗျာ'

ဟု မေးလိုက်သည်။

စန်းကျင်းက....

'အရေးအကြီးဆုံးကတော့ လက်ခံ ပို့ဆောင် ပေးရတဲ့ ပစ္စည်းတွေဟာ ဥပဒေနဲ့ လွတ်မလွတ်ဆိုတာ စစ်ဆေးကြည့်ဖို့ပါပဲဗျာ၊ ကျုပ်စိတ်ထဲမှာတော့ ပင့်ကူဟာ သူ လိုက်စုဆောင်းထားခဲ့တဲ့ပစ္စည်းတွေကို ခင်ဗျားတို့ အာမခံဌာနကို အသုံးချပြီး တစ်နေရာရာမှာ ဝှက်ထားတယ်ထင်တယ်'

ကျန်းချစ် ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ ဒီကိစ္စကို ကျုပ် စစ်ဆေးကြည့်လိုက်ပါ့မယ်'

'ကျေးဇူးပဲဗျာ'

ကျန်းချစ် ထိုင်ရာမှ ထလိုက်သည်။

စန်းကျင်းကိုကြည့်ကာ....



'နောက်မှ တွေ့ကြသေးတာပေါ့ဗျာ၊ မိတ်ဆွေကြီး ကျန်းကျန်း မာမာ ရှိနေတာပဲ ဝမ်းသာလှပါပြီ'

စန်းကျင်းက အိမ် အပေါက်ဝအထိ လိုက်ပို့ပေးလေသည်။

ကျန်းချစ်လည်း နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

* * *

ကျန်းချစ် ထွက်သွားပြီ ဖြစ်လေသည်။

သို့သော် စန်းကျင်းအတွက် အားလပ်သွားခြင်း မရှိပါ။

နောက်ထပ် ဧည့်သည်တစ်ယောက် ရောက်လာသည် မဟုတ်ပါလား။

ထို့ကြောင့် စန်းကျင်းက ဆက်ပြီး ဧည့်ခံ လိုက်ရလေသည်။

ရောက်လာသူမှာ အာဏာသား ခေါင်းဆောင် ရှမ်းယို့ချူး ဖြစ်လေသည်။

ရှမ်းယို့ချူးသည် သဘောမနောကောင်းပြီး ပျော်ပျော်ရွှင်ရွှင် နေတတ်သူ ဖြစ်ပေသည်။

ရှမ်းယို့ချူးအား တွေ့ရလျှင် စန်းကျင်း ဝမ်းသာသွားသည်။

ရှမ်းယို့ချူးလည်း အကြံကောင်း ဉာဏ်ကောင်း များ
ပေးတတ်သည့် မိတ်ဆွေကောင်း တစ်ယောက် မဟုတ်ပါ
လား။

'ခင်ဗျား ရောက်လာတာနဲ့ အတော်ပဲဗျ'

'ဘာလဲ ကျွန်းချစ်က ခင်ဗျားကို ဒုက္ခပေးသွားလို့လား'

ရှမ်းယို့ချူးက ရယ်ရယ်မောမော ပြောလေသည်။

စန်းကျင်းက

'ဒုက္ခပေးတာမဟုတ်ပါဘူးဗျာ၊ သူ့ဆီမှာတောင်ကျုပ်က
အကူအညီ တောင်းလိုက်ရပါသေးတယ်'

'ဆိုစမ်းပါဦး'

စန်းကျင်းက အဖြစ်အပျက် များကို ရှင်းပြ လိုက်လေ
သည်။

ရှမ်းယို့ချူး မျက်မှောင်ကြုတ်သွားသည်။

'အမာရွတ်ဆိုတဲ့ လူက ခေတာ မဟုတ်ဘူး၊ ခင်ဗျားကို
ဒုက္ခပေးဖို့ ကြိုးစားတယ် ဆိုတော့ တစ်ယောက်ယောက်က
သူ့ကို ငွေပေးခိုင်းတာပဲဖြစ်လိမ့်မယ်'

'သေချာတာပေါ့ဗျာ'

'ဘယ်သူလဲဆိုတာ ခင်ဗျား ရိပ်မိသလား'

စန်းကျင်း အနည်းငယ် စဉ်းစားလိုက်ပြီးမှ

'ဘယ်သူ ဘယ်ဝါဆိုတာ တိတိကျကျတော့ မသိရသေး
ပါဘူး၊ ဒါပေမယ့် ပင့်ကူရဲ့ နောက်က လူတွေပဲ ဖြစ်လိမ့်
မယ်'

'ပင့်ကူ ဟုတ်လား'



'ဟုတ်တယ်လေ၊ သူ့ကို ရှင်းပစ်တုန်းက ခင်ဗျားလဲ ပါ
တာပဲ မဟုတ်လား'

'နေစမ်းပါဦး၊ ဒီကိစ္စဟာ ဖင့်ကူနဲ့ ဘယ်လို ပတ်သက်
နေလို့လဲ'

စန်းကျင်းက....

'ပင့်ကူဟာ အဆက်အသွယ် ကောင်းတယ်၊ အဖိုးတန်
ပစ္စည်းတွေကိုမှ ရွေးပြီး လုယက်ခဲ့တယ်၊ အမြဲတမ်း သူက
အောင်မြင်မှု ရခဲ့တယ်၊ သူ့ကို သုတ်သင်ရှင်းလင်းဖို့ ကြိုးစား
သူတွေပဲ ဒုက္ခရောက်ခဲ့ ကြတယ်၊ ကျုပ်တို့ အငိုက်ဖမ်းပြီး
တိုက်ခိုက် နိုင်လို့သာ ပင့်ကူ သေသွားတာ၊ ဒါပေမယ့် သူ
လုယက် ထားတဲ့ ပစ္စည်း တစ်ပြား တစ်ချပ်မှ ပြန်မရခဲ့ဘူး၊
အဲဒီပစ္စည်းတွေ ဘယ်မှာလဲ ပင့်ကူရဲ့ နောက်ကွယ်က လူတွေ
ဝှက်ထားတာပဲ ဖြစ်မယ်၊ ဒီကိစ္စကို ခင်ဗျား ဆက်ပြီးမကြိုး
စားနိုင်စေအောင် ရှင်းပစ်ဖို့ ကြံစည်ခဲ့တာ ဖြစ်မယ်'

စန်းကျင်း ခေါင်းညိတ်လိုက်သည်။

'ကျုပ်လဲ ဒီလိုပဲ ယူဆတယ်'

'ခင်ဗျား ဘာဆက်လုပ်မလဲ'

'ဒီကိစ္စ အမှန်အတိုင်း ပေါ်ပေါက် အောင် ကျုပ်က
ကြိုးစားရမှာပဲဗျ'

'ကောင်းတယ်၊ ဒီလိုပဲ ဆက်လုပ်သင့်တယ်'

စန်းကျင်းက

'ပင့်ကူ လုယက်ထားတဲ့ ပစ္စည်းတွေဟာ တန်ဖိုး များ
လွန်းတယ်၊ ထုခွဲ ရောင်းချလို့ မဖြစ်နိုင်လို့ ပစ္စည်း တွေလဲ

ပါတယ်၊ ဥပမာ....မြို့စားကတော် ဝမ်း၏ ရတနာ လည်ဆွဲ ဆိုပါတော့ဗျာ၊ ဒီလည်ဆွဲကို ထုခွဲရောင်းချဖို့ ကြိုးစားတာနဲ့ ချက်ချင်း ပေါ်သွားမှာပဲ'

ရှမ်းယို့ချူး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ပင့်ကူ လုယက်ထားတဲ့ ပစ္စည်းတွေ ရှိနေဦးမှာပဲ၊ သူက ဘစ်နေရာရာမှာ ဝှက်ထားလိမ့်မယ်'

'ဒီပစ္စည်းတွေကို စောင့်ကြပ်နေတဲ့ လူတွေလဲ ရှိမှာပေါ့'

'မှန်တယ်'

'ကျုပ်က စုံစမ်းဖော်ထုတ်မယ်'

'ကျုပ်လဲ ကူညီပါမယ်ဗျာ'

ရှမ်းယို့ချူး ကတိပေးလိုက်လေသည်။

စန်းကျင်း အားတက်သွားသည်။

ရှမ်းယို့ချူးသည် အားကိုးအားထား ပြုထိုက်သူ မဟုတ်ပါလား။

ပင့်ကူအား သုတ်သင်ရှင်းလင်းရာ၌ ရှမ်းယို့ချူး၏ အကူအညီလည်း များစွာ ပါဝင်ခဲ့ပေသည်။

ရှမ်းယို့ချူးက

'အကြောင်းကိစ္စရှိရင် ကျုပ်ဆီကို ချက်ချင်း အကြောင်းကြားလိုက်ပါ၊ ဒီရက်ပိုင်းအတွင်း ကျုပ် အားလပ်နေတယ်၊ အခုလဲ ခင်ဗျား နေမကောင်းဘူး ဆိုတဲ့ သတင်းကြားလို့ အခြေအနေ လာကြည့်တာ'

'ကျုပ် နေကောင်းသွားပါပြီဗျာ'

'ဒါဖြင့် ကျုပ်သွားမယ်'



'ကောင်းပါပြီဗျာ'

ရှမ်းယို့ချူးသည် စန်းကျင်းအား နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။

ရှမ်းယို့ချူး ထွက်သွားပြီးသည်နှင့် စန်းကျင်းက သားနှင့် သမီးဖြစ်သူတို့တို့ ခေါ်လိုက်လေသည်။

စန်းတုံးနှင့် စန်းကျူးတို့ ချက်ချင်းရောက်လာကြသည်၊ စန်းကျင်းက....

'ကဲ....ဖေဖေ နေမကောင်းတဲ့ အချိန်မှာ သားနဲ့သမီးဟာ ဖေဖေ့အနားက တစ်ဖဝါးမခွာ ပြုစုခဲ့ကြတာမို့ ဖေဖေ ဝမ်းသာလှပါတယ်၊ အခု ဖေဖေနေကောင်းသွားပါပြီ၊ သားနဲ့ သမီး လွတ်လွတ်လပ်လပ် အနားယူကြပါ၊ တကယ်လို့ မြို့ထဲထွက်လည်ချင်ကြတယ် ဆိုရင်လဲ လည်ပတ်ဖို့ ဖေဖေ ခွင့်ပြုလိုက်တယ်'

ထိုစကားကြားလျှင် စန်းတုံး၊ စန်းကျူးတို့ဝမ်းသာသွားကြလေသည်။

* * *

တို့ပြန်ခြင်း

ပွဲစား၏မျက်နှာ အဆီပြန်နေသည်။

အရက်ခိုးဝေနေသည့် အကြည့်ဖြင့်သူ၏ရှေ့မှ မိန်းကလေးကို ကြည့်နေ၏။

မိန်းကလေး တစ်ခစ်ခစ်ရယ်မောနေသည်။

သူမသည် လှပသည်။ နုနယ်ပျိုမြစ်သည်။

ထို့ကြောင့် ပွဲစား အစွဲလန်းကြီး စွဲလန်းနေခြင်း ဖြစ်ပေသည်။

စိတ်ညစ်စရာ ကြုံရသည် ဖြစ်စေ၊ စိတ်ပျော်စရာ ကြုံရသည် ဖြစ်စေ သူက ဤနေရာရောက်လာမြဲ....

ထိုမိန်းကလေးသည် သူ့အား အကြံကောင်း ဉာဏ်ကောင်းများ ပေါ်ထွက်လာသည်အထိ ပြုစုပေးမြဲ...

တခစ်ခစ်ရယ်မောနေသည့် မိန်းကလေးကို ကြည့်ကာ ပွဲစား၏ တစ်ကိုယ်လုံး ရမက်သွေးကြွလာသည်။

အရက်ခွက်ကို သေးချကာ ဆတ်ခနဲ ထရပ်လိုက်၏။

မိန်းကလေးက အလိုက်သင့်ပင် သူ၏ ရင်ခွင်ထဲတိုးဝင်လာသည်။

ပွဲစားက သူမအား ပွေ့ဖက်ထားလိုက်လေသည်။

ထိုစဉ်မှာပင်....

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

အခန်းတွင်းသို့ လူတစ်ယောက်ခုန်ဝင်လာသည်။

ထိုလူသည် ပွဲစား၏ ရင်ခွင်ထဲမှ မိန်းကလေးကို ဆောင့်ဆွဲကာ အခန်းအပြင်ဘက်သို့ တွန်းထုတ်လိုက်သည်။

ထို့နောက် အခန်းတံခါး ပြန်ပိတ်ထားလိုက်လေသည်။

ပွဲစားဒေါပွသွားလေသည်။

'ဟေ့ ဒါဘာလုပ်'



သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။ အကြောင်းကား အခန်းတွင်းသို့ ကျူးကျော် ဝင်ရောက်လာသူ၏ မျက်နှာကို သေချာစွာ မြင်တွေ့လိုက်ရသည်မဟုတ်ပါလား။

'ဟင် အမာရွတ်'

ပွဲစား လွတ်ခနဲခေါ်လိုက်၏။

မှန်ပေသည်။ အခန်းတွင်သို့ ဝင်လာသူမှာ အမာရွတ် ဖြစ်လေသည်။

အမာရွတ်က....

'ဟုတ်တယ်၊ ဒါပဲ'

'ခင်....ခင်ဗျား'

'တင်မင်း မင်းကို ဘာကြောင့်လွှတ်လိုက်တာလဲ'

'ကျုပ်....ကျုပ်'

'ဖြန်း'

'အမလေး'

အမာရွတ်က ပါးရိုက်ချလိုက်လျှင် ပွဲစား တစ်ဘက်သို့ လှည့်ထွက်သွားလေသည်။

အမာရွတ်က

'ပြောစမ်း'

'ဟု ဟောက်လိုက်၏။

ပွဲစားမျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်နေသည်။

သူသည် နဂိုကပင် အမာရွတ်ကို ကြောက်ရွံ့မိသည် မဟုတ်ပါလား။

လဲကျနေရာမှ လူးလိမ့်ထကာ....

'ကျုပ်...ကျုပ်ဘာမှ မသိပါဘူးဗျာ'

'ဝုန်း'

'အမလေး'

အမာရွတ်က ကန်ကျောက်လိုက်လျှင် ပွဲစား လွင့်စင်သွားပြန်လေတော့သည်။ အမာရွတ်ထာ ပွဲစားထိုင်ခဲ့သည့် ကုလားထိုင်တွင် ထိုင်ချလိုက်သည်။

ထို့နောက် အရက်တစ်ခွက် ငှဲသောက်လိုက်သည်။

ပွဲစား လူးလှိမ့်ထလာသည်ကို ကြည့်နေ၏။

ပွဲစားမှာ တအင်းအင်း ညည်းညူကာ အတော်ကလေးကြာမှ ထရပ်လာနိုင်၏။

အမာရွတ်က....

'တင်မင်းက ဝှက်ထားတဲ့ ခား မဟုတ်လား'

ဟု မေးလိုက်သည်။

ပွဲစား မတတ်သာတော့ဘဲ ခေါင်းညိတ် ဝန်ခံလိုက်ရလေတော့သည်။

'ဟုတ်...ဟုတ်ပါတယ်ဗျာ'

အမာရွတ် မဲ့ပြုံး ပြုံးလိုက်သည်။

'ဘယ်သူ ငှားတာလဲ'

'ကျုပ်...ကျုပ်ပါ'

အမာရွတ် ခေါင်းယမ်းလိုက်သည်။

'မင်းကို ခိုင်းတဲ့လူ ဘယ်သူလဲဆိုတာ မေးနေတာ'

'ကျုပ်....ကျုပ်....'



'မင်း အသားနာချင်သလား'

'ကျုပ်....'

'ဘယ်သူလဲ ပြောစမ်း'

'အလုပ်ရှင်ပါ'

'အလုပ်ရှင်က ဘယ်သူလဲ'

'ကျုပ်....ကျုပ် မသိဘူးဗျ'

အမာရွတ် ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်လေသည်။

ပွဲစား ကပျာကယာ လက်ကာပြလိုက်လေသည်။

'ကျုပ်....ကျုပ် တကယ်မသိလို့ပါဗျာ'

သူ၏ အသံမှာ ငိုသံပါနေသည်။

ပွဲစား အမှန်တကယ်ပင်မသိကြောင်း အမာရွတ် နားလည်လာသည်။ ထိုအခါ စန်းကျင်းအား လုပ်ကြံခိုင်းသူမှာ မည်သူမည်ဝါဖြစ်ကြောင်း သိလိုစိတ် ပို၍ ပြင်းထန်လာလေတော့သည်။

'သူတို့ကို မင်း ဘယ်မှာ သွားတွေ့တာလဲ'

ဟု မေးလိုက်သည်။

ပွဲစား ခေါင်းယမ်းလိုက်သည်။

'ကျုပ်က သွားတွေ့ရတယ်ဆိုတာ သူတို့က ဘယ်ကို လာခဲ့လို့ ပြောမှ သွားရတာဗျ၊ တစ်ခါနဲ့ တစ်ခါ ချိန်းတဲ့ နေရာတူတာ မဟုတ်ဘူး၊ ဘယ်လောက်ပဲ အရေးကြီးနေနေ ကျုပ်က တွေ့ချင်လို့ အပိုပဲ၊ သူတို့က တွေ့ချင်မှသာ တွေ့လို့ရတာ'

အမာရွတ် သက်ပြင်း ချလိုက်လေသည်။

ပွဲစားအား ခိုင်းစေသူများ မခေကြောင်း အခုကတည်းက တွေးမိထားသည် မဟုတ်ပါလား။

'တင်မင်းရဲ့ မြားဦးက ဘယ်သူလဲ'

ဟု မေးလိုက်သည်။

ပွဲစားက....

'ပြောစရာ လိုသေးလားဗျာ၊ စန်းကျော်ပေါ့'

'မဟုတ်ဘူး၊ ဝှက်ထားတဲ့ ဓားကို ထုတ်သုံးတယ် ဆိုတာ ဟာ ပထမလူကို ရှင်းပစ်ဖို့ပဲ၊ ကျုပ်ကိုပါ နှုတ်ပိတ်ပစ်မယ်လို့ ကြံစည်ထားကြတယ် မဟုတ်လား'

'ကျုပ်....ကျုပ်က....'

'ခင်ဗျား သိတယ်'

ပွဲစား ခေါင်းငိုက်စိုက် ကျသွားလေသည်။

အမာရွတ်က....

'မင်းက ငါနဲ့ ပူးပေါင်းမလား၊ ဒါမှမဟုတ် သူတို့နဲ့ ဆက်ပြီး ပေါင်းနေမလား'

ဟု မေးလိုက်လေသည်။

ပွဲစား သက်ပြင်းချကာ....

'ခင်....ခင်ဗျားနဲ့ ပူးပေါင်းပါ့မယ်ဗျာ'

ဟု ပြောလေသည်။

အမာရွတ် ပြုံးလိုက်သည်။

'ခင်ဗျား သေချာရဲ့လား'

'သေ...သေချာပါတယ်ဗျာ'



'ကောင်းပြီ...သေချာတယ်ဆိုရင် ဒီတစ်ခါ သူတို့နဲ့ တွေ့တဲ့ အခါ ကျုပ်က စန်းကျော်ကို သုတ်သင် ရှင်းလင်းပစ်မယ်လို့ ပြောလိုက်ပါ၊ ဒါပေမယ့် ကျုပ်ကို နှောင့်ယှက်ဖို့ မစဉ်းစား ခိုင်းနဲ့၊ ဝင်ရှုပ်မယ်ဆိုရင်တော့ ကျုပ်က သူတို့ဘက်ကို မြားဦး လှည့်ရလိမ့်မယ်'

'ကောင်း...ကောင်းပါပြီဗျာ၊ ကျုပ် ပြောပြလိုက်ပါ့မယ်'

'နောက်တစ်ခု ရှိသေးတယ်'

'ပြော...ပြောပါဗျာ'

'သူတို့ ဘယ်သူတွေလဲ ဆိုတာ မင်းက စုံစမ်းထားရလိမ့် မယ်'

'ကျုပ်....'

'မင်း ငြင်းဖို့ မစဉ်းစားနဲ့'

'ကောင်း....ကောင်းပါပြီဗျာ'

ပွဲစား ခေါင်းငိုက်စိုက် ကျသွားလေသည်။

အမာရွတ်က....

'သူတို့က ငါ့ကိုတောင် ရှင်းပစ်ဖို့ ကြိုးစားချင်ကြသေး ယ်ဆိုရင် မင်းကိုလဲ လွှတ်ထားပါ့မလား၊ မင်း သေသေ ချာချာ စဉ်းစားဖို့ ကောင်းတယ်'

'ကျုပ်....'

ပွဲစား၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

အမာရွတ်၏ စကား မှန်ကန်နေကြောင်း တွေးမိသည်။

ထို့ကြောင့် ဘဝတူချင်း ဖြစ်သော အမာရွတ်နှင့် ပေါင်းခြင်းက မမှား ဟု တွေးလာမိလေတော့သည်။

အမာရွတ်က....

'သူတို့ဟာ မင်းတို့ ငါတို့လို မဟုတ်ဘူး၊ လူကြီးလူကောင်း ဟန်ဆောင်မျက်နှာဖုံး စွပ်ထားတဲ့ လူယုတ်မာတွေ ဆိုတာ ငါသိတယ်၊ သတိထားပါ'

စကားဆုံးလျှင် ချာခနဲ လှည့်ကာ ထွက်သွားလေသည်။

ပွဲစား ငိုင်ကာ ကျန်ရစ်ခဲ့၏။

သိုင်းလောကၡ ကျင်လည်ကျက်စားခဲ့သည်မှာ နှစ်ပေါင်း များစွာ ကြာမြင့်ခဲ့ပြီ ဖြစ်လေသည်။

သို့သော် ယခုတစ်ကြိမ်ကဲ့သို့ အသက်ဘေးနှင့် နီးသော အချိန်အခါမျိုး မရှိသေးဟု တွက်မိ၏။

သူ၏ အသက်ကို သူပင် စောင့်ထိန်းရပေလိမ့်မည်။

အမာရွတ်နှင့် ပူးပေါင်းမည်ဟု ခိုင်ခိုင်မာမာ ဆုံးဖြတ် လိုက်လေတော့သည်။

* * *

နေခြည် ဖြာကျနေသည်။

လုရန်မြို့မှာ စည်ကား သိုက်မြိုက်နေလေသည်။

စန်းတုံးသည် ဖခင်၏ ခွင့်ပြုချက် ရသည်နှင့် ချက်ချင်းပင် မြို့ထဲ ထွက်လာခဲ့လေသည်။

မြို့ထဲထွက်ကာ လည်ပတ်ခြင်း မပြုရသည်မှာ တစ်လခန့် ရှိနေပြီ မဟုတ်ပါလား။



တစ်လကို သူက တစ်ကမ္ဘာပင် ထင်မှတ်မိသည်။

အိမ်မှ ထွက်လာမိသည်နှင့် လောင်းကစားဝိုင်းသို့ သွားရန် စိတ်ကူးမိလေသည်။

သို့သော် ဖခင်ကြီးက ပြင်းထန်စွာ တားမြစ်ထားခြင်း ကြောင့် သွားရန် မဝံ့မရဲ ဖြစ်နေ၏။

နောက်ဆုံး မြင်းခေါင်းစားသောက်ဆိုင်သို့ ခြေဦးလှည့် လာမိခဲ့လေသည်။

မြင်းခေါင်း စားသောက်ဆိုင်တွင် အပျော်သဘောမျိုး ကစားကြသည့် မာကျောက်ဝိုင်း ရှိလေသည်။

အပျော်ကစားသည်ကို ဖခင်က ဆူပူကြိမ်းမောင်းမည်ဟု မထင်မိပါ။

ထို့ကြောင့် ငါးမြားချိတ် စားသောက်ဆိုင်သို့ မသွား တော့ဘဲ မြင်းခေါင်းစားသောက်ဆိုင်သို့ လာခဲ့ခြင်း ဖြစ်ပေ သည်။

နေ့လယ် နေ့ခင်း အချိန်ဖြစ်၍ မြင်းခေါင်းစားသောက် ဆိုင်ထဲဝယ် လူရှင်းနေပါ၏။

မာကျောက် ကစားနေသူများနှင့် စားသောက်နေသူ သုံးလေးယောက်မျှသာ ရှိပေသည်။

စန်းတုံးက မာကျောက်ဝိုင်း ဘေး၌ ဝင်ရပ်လိုက်၏။

ထိုအခါ ကစားနေသူ တစ်ယောက်က သူ့အား လှမ်းပြီး နှုတ်ဆက်လိုက်သည်။

'ဟေ့....စန်းတုံး၊ မင်း ပျောက်လှချည်လား၊ ဟိုကို မသွားတော့ဘူးလားကွ'

စန်းတုံး သက်ပြင်းချလိုက်သည်။

'မသွားနိုင်သေးပါဘူးကွာ'

'ဘာဖြစ်လို့လဲ၊ မင်းအဖေ ဆူလို့လားကွ'

'ဟုတ်တယ်၊ ဖေဖေက မကြိုက်ဘူးကွ'

'ဒါဖြင့် မင်း အခု ဘာလာလုပ်တာလဲ'

'ကစားမလို့လေကွာ'

'ဟား ဟား ဟား'

မာကျောက် ကစားနေသူများ သဘောကျစွာ ရယ်မောလိုက်ကြ၏။

'ကဲ...လာ...လာ'

တစ်ယောက်က ထိုင်ရာမှ ထ ပေးလိုက်သည်။

စန်းတုံးလည်း မာကျောက်ဝိုင်းသို့ ဝင်ကာ စိတ်ပါလက်ပါ ကစားလေတော့သည်။

ထို့ကြောင့် လည်း သူ့အား အကဲခတ် ကြည့်နေသူ တစ်ယောက် ရှိသည်ကို သတိမပြုမိခဲ့ပါချေ။

ထိုလူသည် ပြတင်းပေါက်နှင့် ကပ်လျက် ရှိနေသော စားပွဲတစ်လုံး၌ ထိုင်နေ၏။

ထိုလူက ဆိုင်လုလင် တစ်ယောက်အား ခေါ်လိုက်ပြီး...

'သူက ဘယ်သူလဲ'

စန်းတုံးကို ညွှန်ပြရင်း တီးတိုး မေးလိုက်လေသည်။

ဆိုင်လုလင်က...



'အစ်ကိုလေး စန်းတုံးကို မေးတာလား၊ သူဟာ သိုင်းလောကမှာ ကျော်ကြားတဲ့ ရွှေစွန်ရဲ့ စန်းကျင်းရဲ့ သားပေါ့ဗျာ'

ဟု ရှင်းပြလေသည်။

ဆိုင်လုလင်၏ စကားကြားလျှင် ထိုလူ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက် တောက်ပလာ၏။

ဆိုင်လုလင်က ရိုက်မမေးရဘဲ အာဘောင်အာရင်းသန်သန်ဖြင့် ပြောနေ၏။

'အစ်ကိုလေးက လောင်းကစား ဝါသနာ ပါတယ်လေဗျာ၊ သူ့အဖေက မကြိုက်ဘူး၊ နို့မဟုတ်ရင် ငါ့မြားချိတ်လောင်းကစားဝိုင်းကို ရောက်သွားလောက်ပြီပေါ့ဗျာ'

ထိုလူ ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်သည်။

ထို့နောက် စားသောက်ခ ကျသင့်ငွေ ပေးလိုက်ပြီး...

'ပိုတာ မင်းယူလိုက်'

ဟု ပြောလိုက်လေသည်။

ဆိုင်လုလင် ကျေနပ်သွား၏။

ထိုလူကို အကြိမ်ကြိမ် ဦးညွှတ်လိုက်လေသည်။

ထိုလူက စန်းတုံးကို လှမ်းကြည့်လိုက်သည်။

သူ၏ မျက်နှာတွင် လျှို့ဝှက်သော အပြုံးတစ်ရပ် ပေါ်ပေါက်လာသည်။

ထိုလူသည် တစ်စုံတစ်ခုအတွက် ကျေနပ်သွားသည့်အလား ဦးခေါင်း တဆတ်ဆတ် ညိတ်ကာ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

* * *

'ဘေးကို....ဘေးကို'

ကျယ်လောင်သော အသံ ထွက်ပေါ်လာ၏။

လမ်းသွားလမ်းလာ များသည် ဘေးသို့ ကပျာကယာ ရှောင်တိမ်းလိုက်ကြသည်။

အကြောင်းမှာ လမ်းပေါ်ဝယ် မြင်းလှည်းတစ်စီး ဒုန်းစိုင်း မောင်းနှင်လာနေခြင်းကြောင့် ဖြစ်ပေသည်။

မြင်းလှည်းမှာ ရွှေစွန်ရဲဂေဟာမှ မြင်းလှည်းဖြစ်ကြောင်း လူတိုင်း သိထားကြပေတော့သည်။

မြင်းလှည်းမောင်းသမားသည် ကျာပွတ်ကို တရွှမ်းရွှမ်း မြည်အောင် ဝှေ့ယမ်းကာ ဒုန်းစိုင်းမောင်းနှင်နေ၏။

လမ်း၌ တွေ့ရသည့် ပစ္စည်းပစ္စယများ မဆိုထားနှင့် လူဆိုလျှင်ပင် ရှောင်မည် မဟုတ်ပါ။

မြင်းလှည်းကိုဒုန်းစိုင်းမောင်းနှင်မှု သာလျှင်သခင်မလေး စန်းကျူးက သဘောကျမည် ဖြစ်လေသည်။

စန်းကျူး သဘောမကျလျှင် သူ့အားအလုပ်မှ ချက်ချင်း ထုတ်ပစ်လိုက်မည် ဖြစ်သည်။



စန်းကျူး သဘောကျမောင်းလျှင် ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက် လာသည်တိုင် သူမ တာဝန်ယူ ဖြေရှင်းပေးလိမ့်မည်။

ထို့ကြောင့် လူရှင်းသည် ဖြစ်စေ၊ လူရှုပ်သည် ဖြစ်စေ မြင်းလှည်းကို ဒုန်းစိုင်းမောင်းရစမြဲ...

ကြာသော် မြင်းလှည်းဒုန်းစိုင်း မောင်းနှင်သည့် အကျင့်ပင် စွဲကပ်လာလေတော့သည်။

ဒုန်းစိုင်း မောင်းနှင်လာသည့် မြင်းလှည်းမှာ စားသောက်ဆိုင်ကြီး တစ်ဆိုင်ရှေ့တွင် ရပ်တန့်သွား၏။

မြင်းလှည်း တံခါး ပွင့်သွားပြီး လှပ ချောမောသည့် မိန်းမလေးတစ်ယောက် ဆင်းလာလေသည်။

ထိုမိန်းမလေးမှာ ရွှေစွန်ရဲစန်းကျင်း၏ သမီး စန်းကျူး ဖြစ်လေသည်။

စန်းကျူးသည် ဆိုင်ထဲသို့ ရင်ကော့ပြီး လှမ်းဝင်သွားလေသည်။

ဆိုင်လုလင် များသည် သူမအား ပျာပျာသလဲ ဆီးကြို နှုတ်ဆက် လိုက်ကြ၏။ နေရာထိုင်ခင်း စီစဉ် ပေးလိုက်လေသည်။

စန်းကျူးသည် သီးသန့် စားပွဲကြီး တစ်လုံး၌ ထိုင်ချလိုက်၏။

ထို့နောက် အကောင်းဆုံး ဈေးအကြီးဆုံး ဟင်းလျာများ မှာကြားလိုက်၏။

သူမ၏ ရှေ့တွင် စားသောက်ဖွယ်ရာ ဟင်း ပန်းကန်များ ပြည့်နှက်လေတော့သည်။

စန်းကျူး သဘောကျစွာ ရယ်မောလိုက်သည်။

ယခုလို ခမ်းခမ်းနားနား စားသောက်ခြင်း မပြုရသည်မှာ ကြာပြီ မဟုတ်ပါလား။

ဆိုင်လုလင်များသည် သူမ၏ ဘေး၌ ဝိုင်းနေ၏။

စန်းကျူးက ဟင်းတစ်ခွက်ကိုနှိုက်ကာ မြည်းကြည့်သည်။

အရသာမကြိုက်လျှင် ချက်ချင်း ပြန်ပြင်ခိုင်းသည်။

သူမသည် ဟိုဟိုသည်သည် တို့ကနန်းဆိတ်ကနန်း စားလိုက်သည်။

ပြီးလျှင်

'ဘယ်လောက်ကျသလဲ'

ဟု မေးကာ ထိုင်ရာမှ ထလိုက်လေသည်။

ဝဝလင့်လင့် စားသောက်ခြင်း မပြုဘဲ စား၍ မကုန်အောင် မှာထားသည့် ဟင်းလျာများ၏ တန်ဖိုးမှာ ဆင်းရဲနွမ်းပါးသူ တစ်ယောက်၏ တစ်လတာဝင်ငွေနှင့် ညီမျှနေပေသည်။

သို့သော် စန်းကျူး မမှုပါ။

သူမသည် စားသောက်ဖွယ်ရာများ အတွက် ကျသင့်ငွေကို ပေးချေကာ ဆိုင်ထဲမှ ထွက်သွား၏။

နောက်ထပ် စားသောက်ဆိုင် တစ်ဆိုင်သို့ ကူးပြောင်းကာ စားသောက်ဦးမည် ဖြစ်သည်။



သူမ၏ အပြုအမူကို ဆိုင်လုလင်များ အံ့သြခြင်း မရှိကြချေ။

လုရန်မြို့သူမြို့သားတိုင်းသည် စန်းကျူး၏ အကျင့်ကို သိထားကြသည် မဟုတ်ပါလား။

စန်းကျူး၏ အကျင့်ကိုမသိသူတစ်ယောက်မှာ တအံ့တသြ ငေးမောနေကြ၏။ စန်းကျူး ထွက်သွားလျှင် ဆိုင်လုလင် တစ်ယောက်အနီးသို့ ချဉ်းကပ်ကာ စုံစမ်းလိုက်သည်။

ဆိုင်လုလင်က အာသောင်အာရင်းသန်သန်ဖြင့် ပြောပြလေသည်။ ထိုလူမှာ ဆိုင်လုလင် ပြောပြသမျှ ကောင်းစွာ မှတ်ထားလိုက်၏။

ထိုလူသည်မာကျောက်ကစားနေသည့် စန်းတုံးအကြောင်း စုံစမ်းခဲ့သူ ဖြစ်ပေသည်။

ထိုလူသည် စန်းတုံးနှင့်စန်းကျူးတို့၏ အကျင့်စရိုက်များကို တစ်နေ့တည်းနှင့် သိသွားခဲ့၏။

ထိုလူအား ကျေနပ်သွားကြောင်း သူ၏ မျက်နှာပေါ်မှ အပြုံးက ဖော်ပြနေ၏။

ထိုလူမှာ အမာရွတ်ဖြစ်လေသည်။

* * *

'အခြေအနေ ဘယ်လိုလဲ'

အမာရွတ်က မေးလိုက်သည်။

ပွဲစား ခေါင်းခါယမ်းလိုက်သည်။

'မထူးဘူး'

'သူတို့က မင်းကို မဆက်သွယ်ကြသေးဘူး ဆိုပါတော့'

'ဟုတ်တယ်'

'ခါတိုင်းကော....'

'ခါတိုင်းဆိုရင် တစ်ပတ်တစ်ကြိမ်လောက်တော့ အမြဲတမ်း ဆက်သွယ်လာတာပဲဗျ'

အမာရွတ် အနည်းငယ် စဉ်းစားလိုက်ပြီး

'သူတို့က မင်းကို အသုံးမလိုတော့ဘူး ထင်တယ်'

ဟု ပြောလိုက်လေသည်။

ထိုစကားကို ပွဲစား လက်မခံပါချေ။

'ဟာ....မဖြစ်နိုင်တာ၊ စန်းကျင်း မသေသေးတဲ့ သူတို့က ကန့်ထုတ်လိုက်မှာ မဟုတ်ဘူး'

အမာရွတ်က အေးတိအေးစက်ဖြင့်....

'မင်းက ဘာကြောင့် ဒီလို ယူဆတာလဲ'

'တကယ်လို့ သူတို့သာစန်းကျင်းကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှင်းပစ်နိုင်တယ် ဆိုရင် ကျုပ်ကို အပင်ပန်းခံ ငွေကုန်ခံပြီး ငှားနေစရာ လိုပါ့မလားဗျာ'

အမာရွတ် ပြုံးလိုက်သည်။

'ဒီလို ဆိုတော့လဲ မင်းက မှန်မှန်ကန်ကန် တွေးတတ်သားပဲ'

ပွဲစားက



'ကျုပ် အတွေးမညံ့ပါဘူး၊ ခင်ဗျားနဲ့တွေ့မှ အကြံတုံး ဉာဏ်တုံး ဖြစ်ရတာဗျ'

အမာရွတ် သဘောကျစွာ ရယ်မောလိုက်သည်။

ပွဲစားက....

'နေစမ်းပါဦး၊ အခု ခင်ဗျား ဘာလုပ်မယ် စိတ်ကူးထားသလဲ'

'စန်းကျင်းကို ရှင်းပစ်မယ်လေ'

ပွဲစား ပါးစပ် ပိတ်ထားလိုက်လေသည်။

အမာရွတ်က ဆက်ပြောလိုက်သည်။

'စန်းကျင်းရဲ့ အားနည်းချက်တွေကို ကျုပ် ရှာတွေ့ထားပြီ၊ မင်းက ကျုပ်အတွက် လူနှစ်ယောက် ရှာပေးရလိမ့်မယ်'

ပွဲစား မျက်မှောင် ကြုတ်သွား၏။

'လူနှစ်ယောက် ဟုတ်လား'

'ဟုတ်တယ်'

'ဘယ်သူတွေလဲ'

'တစ်ယောက်က မင်းသား၊ နောက်တစ်ယောက်က မျက်လှည့် ဆရာ'

'ဗျာ....'

ပွဲစား မျက်လုံးပြူးသွားလေသည်။

အမာရွတ်က သူ့အားစိုက်ကြည့်လိုက်ပြီး....

'သူ့တို့ကို မင်းသိပါတယ်'

ဟု လေသံအေးအေးဖြင့် ပြောလေသည်။

'ခင်ဗျားက တကယ့်ဇော်တွေကိုမှ တွေ့ချင်တာကိုး'

‘ဟုတ်တယ်’

‘ဘာလုပ်ဖို့လဲဗျ’

‘အသုံးချစရာ ရှိလို့ပေါ့’

ပွဲစား ပခုံးတွန့်လိုက်သည်။

‘ခင်ဗျားကို ငှားဖို့ခလွယ်သလို သူတို့ကို ငှားဖို့လဲ မလွယ်ဘူးဗျ’

‘မင်းက ငါ့ကိုရအောင် ငှားနိုင်ခဲ့တာပဲ’

‘ဒါက....’

‘သူတို့ကို ငှားလို့မရဘူးလို့ မင်းက ပြောချင်တာလား’

ပွဲစား မတတ်သာတော့ချေ။

‘ကောင်းပြီ၊ ကျုပ် ကြိုးစားပါ့မယ်၊ ဒါပေမယ့် သူတို့အတွက် ဘယ်သူက ပိုက်ဆံပေးမှာလဲ’

‘ကျုပ်....’

‘ဗျာ....’

‘ကျုပ်က ပေးမယ်လေ’

ပွဲစားက....

‘နည်းမှာ မဟုတ်ဘူးနော်’

ဟု ပြောလိုက်၏။

အမာရွတ်က

‘သူတို့ နှစ်ယောက်အတွက် တစ်လစာအလုပ် တစ်ခုအတွက် ငွေတစ်သိန်းစီ ပေးမယ်၊ သူတို့နဲ့ဆက်သွယ်ခ မင်းအတွက် နှစ်သောင်းရမယ်’

ပွဲစားက နားမလည်နိုင်စွာဖြင့်....



‘ခင်ဗျားက ဘာကြောင့် ငွေကုန်ခံချင်ရတာလဲဗျာ’

ဟု မေးလိုက်လေသည်။

အမာရွတ်က

‘သူတို့နှစ်ယောက်သာ ငါခိုင်းတဲ့အတိုင်း လုပ်နိုင်မယ်ဆိုရင် စန်းကျော်ဟာ ငါ့ရှေ့မှာ ဒူးထောက်လာရလိမ့်မယ်’

ဟု ပြတ်သားစွာ ပြောလိုက်၏။

အမာရွတ်သည် စန်းကျော်အား သုတ်သင် ရှင်းလင်းနိုင်မည့် နည်းလမ်း တွေ့ထားပြီဟု ပွဲစားတွက်မိ၏။

စန်းကျော် သေဆုံးသွားလျှင် အမာရွတ်၏ တာဝန်ပြီးဆုံးသွားပြီဖြစ်သလို သူ၏ တာဝန်လည်း ပြီးဆုံးသွားပေလိမ့်မည်။

စန်းကျော်အား သုတ်သင်မည့်ကိစ္စတွင် ပါဝင်ပတ်သက်မိသည်က သူ့အတွက် အန္တရာယ်တွင်းထဲ သက်ဆင်းမိသလို ရှိကြောင်း တွေးမိသည်။

ထို့ကြောင့် မြန်မြန်ပြီးသွားလေလေ၊ ကောင်းလေလေဟု တွေးမိ၏။

အမာရွတ်က လက်သုံးချောင်း ထောင်ပြလိုက်ပြီး....

‘သုံးရက်အတွင်း မင်းသားနဲ့ မျက်လှည့်ဆရာကို တွေ့အောင်ရှာပါ၊ သူတို့ကို ငါလိုချင်တယ်လို့ ပြောလိုက်ပါ’

ဟု ပြောလိုက်၏။

သူတို့သည် ယခင်ကလည်း လက်တွဲ လုပ်ကိုင်ခဲ့ဖူးကြပေသည်။

ထို့ကြောင့် အမာရွတ်ပြောလိုက်လျှင် ချက်ချင်း လက်ခံလာကြလိမ့်မည်ဟု ပွဲစား တွေးမိသည်။

'ကောင်းပြီ ကျုပ်စီစဉ်လိုက်မယ်'

ဟု ပြောလိုက်လေတော့သည်။

*　*　*

'ပွဲစား....'

အမှောင်ထဲမှ ခေါ်သံ ထွက်ပေါ်လာလေသည်။

ပွဲစား၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

အမှောင်ထဲ စူးစိုက်ကြည့်ရင်း....

'အမိန့်ရှိပါခင်ဗျာ'

ဟု ပြောလိုက်လေသည်။

အသံရှင်က

'ပွဲစား မင်း ဘာတွေလုပ်နေတယ်ဆိုတာ မင်း သိတယ်နော်....'

ဟု မေးလာလေသည်။

ပွဲစား ကြောင်အမ်းအမ်း ဖြစ်သွား၏။

'ကျုပ်....ကျုပ်'

'မင်းက မင်းသားနဲ့ မျက်လှည့်ဆရာကိုငှားဖို့ စိုင်းပြင်းနေတာက ဘာသဘောလဲ ပြောစမ်းပါဦး'

'ဒါ....ဒါက'



'မင်းက ကျုပ်တို့အလုပ် မပြီးပြတ်သေးပဲ တခြားလူရဲ့ အလုပ်ကို လက်ခံလုပ်ပေးနေတယ် ဆိုပါတော့'

ထိုစကား ကြားမှ ပွဲစား သက်ပြင်းချနိုင်ခဲ့လေသည်။

'တခြားလူရဲ့အလုပ် မဟုတ်ပါဘူးဗျာ'

'ဘာကွ'

'အမာရွတ် အလုပ်ပါ'

မှောင်ထဲမှအသံ တိတ်ဆိတ် ကွယ်ပျောက်သွားလေသည်။

ပွဲစားက မလှုပ်မယှက် ရပ်နေလိုက်၏။

သူ၏ရင်ထဲ၌ ဝယ် အမာရွတ်နှင့် ပူးပေါင်းခြင်းသည် မှန်ကန် နေပြီဟု တွေးနေမိသည်။

အကြောင်းကား အမှောင်ထဲမှ အသံရှင်သည် အမာရွတ် နှင့် ပတ်သက်လာလျှင် ထင်တိုင်း မလုပ်ပံ့ကြောင်း သိနိုင်သည် မဟုတ်ပါလား။

တစ်ချိန်ချိန်တွင် အမှောင်ထဲမှ အသံရှင်သည် မည်သူ မည်ဝါဖြစ်ကြောင်း သိရပေလိမ့်မည်။

ပွဲစားတွေးတောစဉ်းစားနေစဉ်မှာ အမှောင်ထဲမှ အသံ ထွက်ပေါ်လာသည်။

'အမာရွတ်က ဘာလုပ်မလို့လဲ'

ပွဲစားက ခပ်သွက်သွက် အဖြေပေးလိုက်လေသည်။

'သူက စန်းကျင်းကို ရှင်းပစ်မလို့ပါ'

'စန်းကျင်းကို ရှင်းမလို့ဟုတ်လား'

'ဟုတ်တယ်'

'သူ့မှာ အကူအညီလိုနေတယ်ပေါ့'

'ဖြစ်နိုင်ပါတယ်'

'သူက အကူအညီရရင် စန်းကျင်းကို ရှင်းနိုင်မှာလား'

ပွဲစားခေါင်းညိတ်လိုက်သည်။

'ဒါတော့ သေချာပါတယ်'

'ကောင်းပြီ သူ့ကို အစွမ်းကုန် အကူအညီ ပေးလိုက်ပါ'

ပွဲစားရင်ထဲ လှုပ်ရှားသွားလေသည်။

အသံရှင်သည် အမှာရှတ်အား ကူညီရန် ခွင့်ပြုလိုက်သည်၊ ထို့ကြောင့် စန်းကျင်း အဘယ်သို့တုဘ်သင် ရှင်းလင်းပစ်လိုကြောင်းသိနိုင်လေသည်။

ပွဲစားဇာတိပြလာသည်။

'ထူထပ်ငွေးရမယ်ဆိုတဲ့အတွက် ငွေလိုမှာ သေချာတယ်'

'လိုသလောက် ကျွား အာမခံဌာနမှာ ထုတ်ပါ'

ပွဲစားပြုံးလိုက်သည်။

'ကောင်းပါပြီဗျာ'

'နောက်ထပ်သုံးလ အချိန်ပေးမယ်၊ သုံးလပြည့်လို့ စန်းကျင်း အသက်ရှင်လျက် ရှိနေဦးမယ်ဆိုရင် အမှာရှတ်က စပြီးမင်းတို့အားလုံးသေဖို့သာ ပြင်ထားကြပေတော့'

အသံရှင်က ပြတ်သားစွာ ပြောလိုက်လေသည်။

ပွဲစားကျောချမ်းသွားသည်။

'စန်းကျင်းသေသွားရမှာပါ'

ဟုပြောလိုက်၏။

သူ၏ အသံခြောက်သွေ့ အက်ကွဲနေသည်။

အသံရှင်က....



'မင်းသွားနိုင်ပြီ'

ဟု ပြောလိုက်၏။

ပွဲစားဘာမှ မပြောပဲ ချာခနဲ လှည့်ကာ ထွက်လာခဲ့လေတော့သည်။

* * *

မိဘစကား ပယ်ရှားသော်

ချစ်စရာ....

ချစ်စရာဆိုသည့် အမည်မှာ မကြာသေးမီကမှ အသစ်ဖွင့်လှစ်လိုက်သည့် စားသောက်ဆိုင်တစ်ဆိုင် ဖြစ်လေသည်။

ဟင်းလျာမှာ ရသာထူးကဲသလို ဆိုင်အပြင်အဆင်မှာလည်း အခြားဆိုင်များနှင့် မတူဘဲ လှပသန့်ရှင်းစွာ ပြင်ဆင်ထား၏။

ဆိုင်လုလင်များသည်လည်းလွန်စွာမှပင် ယဉ်ကျေးချိသာစွာဖြင့် စားသောက်သူများ စိတ်တိုင်းကျ ဆောင်ရွက်ပေးကြ၏။

ထို့ကြောင့် ဆိုင်သစ်ဖြစ်သော်လည်း လုရန်မြို့၏ လူကုံထံအသိုင်းအဝိုင်းတွင် တစ်ခဏအတွင်း ကျော်ကြားသွားလေတော့သည်။

ချစ်စရာစားသောက်ဆိုင်သို့ စန်းကျူးရောက်လာသည်မှာ မဆန်းပါတော့ချေ။

စားသောက်ဆိုင် အပေါ်ထပ်တွင် စားပွဲဝိုင်း ဆယ်ဝိုင်း ခင်းကျင်းထား၏။ သို့သော် ယနေ့နံနက်စာ စားသောက်ချိန်တွင် အပေါ်ထပ်၌ စားပွဲတစ်လုံးတွင်သာလူရှိနေပါ၏။

လူဆယ့်ငါးယောက် ရှိနေသော်လည်း ထိုင်ကာ စားသောက်နေသူမှာ တစ်ယောက်တည်းသာ ရှိလေသည်၊

ထိုင်ပြီး စားသောက်နေသူမှာ စန်းကျူး ဖြစ်လေသည်။

စန်းကျူး၏ ဘေးတစ်ဘက်တစ်ချက်တွင်ရွှေရောင်ဝတ်ဆင်ထားသည့်မိန်းကလေးနှစ်ယောက် ရပ်နေကြ၏။

သူတို့နောက်တွင် အဖြူရောင် ဝတ်ဆင်ထားသည့် မိန်းကလေးလေးယောက်ရပ်နေ၏။

သူတို့၏ နောက်တွင် လူသန်ကြီးရှစ်ယောက် ရပ်နေကြလေသည်။

စန်းကျူးသည် အခြားသော စားသောက်ဆိုင်များထက် ချစ်စရာ စားသောက်ဆိုင်မှ အစားအစာများကို ခံတွင်းတွေ့နေမိလေသည်။

သူမသည် ခေါင်းမဖော်ဘဲ အားရပါးရ စားသောက်နေမိ၏။

ထိုစဉ် ဆိုင်အောက်ဘက်မှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စန်းကျူး မျက်မှောင်ကြုတ်သွား၏။

အသံများကို နားစွင့်လိုက်လေသည်။



ထိုအခါ....

'ဆိုင်အပေါ်ကို တက်မသွားပါနဲ့ဗျာ'

'ဘာဖြစ်လို့လဲဗျာ၊ တက်ခွင့်မရှိလို့လား'

'သခင်မလေး စန်းကျူး တစ်ယောက်တည်း လွတ်လွတ်လပ်လပ် စားသောက်နေတာကို နှောင့်ယှက်သလို ဖြစ်သွားပါလိမ့်မယ်'

'ကျုပ်ကလဲ အေးအေးဆေးဆေး စားသောက်ချင်လို့ပါဗျာ'

စကားသံများနှင့် မရှေးမနှောင်းမှာပင် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စန်းကျူး နှာခေါင်းရှုံ့လိုက်သည်။

'သိကြသေးတာပေါ့'

ဟုလည်း စိတ်ထဲ ကြိတ်ပြီး ကြုံးဝါးလိုက်၏။

ဆိုင်လုလင်များ တားမြစ်နေပါလျက် တက်လာသူမှာ သူမအား နှောင့်ယှက်လိုသူ မဟုတ်ပါလား။

စားသောက်မှုကို ရပ်တန့်ကာ ဆိုင်အပေါ် တက်ရာလှေကားဆီသို့ လှမ်းကြည့်လိုက်လေသည်။

မကြာပါချေ၊ ဆူဆူညံညံ ခြေသံများ ထွက်ပေါ်လာသည်။

သို့သော် အပေါ်ဘက်သို့ ရောက်လာသောအခါ ခြေသံမှာ လူတစ်ယောက်၏ ခြေသံသာလျှင် ကျန်တော့၏။

ဆိုင်လုလင်များသည် တားမရသဖြင့် လက်လျှော့လိုက်ကြပုံ ရှိ၏။ အပေါ်ထပ်သို့ တက်ရန် မဝံ့ရဲသဖြင့် ဆိုင်လုလင်များ နေရစ်ခဲ့ကြပုံ ရှိ၏။

ခြေသံသည် ပေါ့ပါး ညင်သာစွာဖြင့် အပေါ်တက်သို့ တဖြည်းဖြည်း ရွေ့လျားလာလေသည်။

စန်းကျူး ကြည့်နေစဉ်မှာပင် လူနှစ်ယောက် လှမ်းတက်လာသည့်ကို တွေ့မြင်လိုက်ရ၏။

ထိုလူမှာ အပြာရောင် ဝတ်ဆင်ထားသည့် လုလင်တစ်ယောက် ဖြစ်လေသည်။

ယောကျ်ားပီသစွာ ချောမောပြီး ဆွဲဆောင်မှု အပြည့်ရှိသူဖြစ်၏။ သူ၏ကျောပေါ်တွင် ဗျတ်စောင်းတစ်လက်ပိုးထား၏။

လုလင်သည် အပေါ်ထပ်ရောက်လာသည်နှင့် စန်းကျူးတို့လူစုကို လှမ်းကြည့်လိုက်သည်။

စန်းကျူးတို့ ခပ်တည်တည် ကြည့်နေသည်ကို တွေ့ရလျှင် နှစ်လိုဖွယ်ကောင်းသည့် အပြုံးဖြင့်....

'ကျုပ်ကို ခွင့်လွှတ်ဖို့ အားလုံးကို တောင်းပန်ပါတယ်ဗျာ၊ ကျုပ်ဟာ ခရီးဝေးက လာခဲ့ရတာမို့ အတော်ကလေး ပင်ပန်းနွမ်းနယ်နေပါတယ်၊ အေးအေးဆေးဆေး စားသောက်ပြီး အနားယူရအောင် အပေါ်ထပ်ကို တက်လာမိခဲ့ပါတယ်ဗျာ'

သူ၏ စကားသံမှာလည်း ဆွဲဆောင်မှု အပြည့် ပါရှိလေသည်။ စန်းကျူးမှာ ဒေါသတကြီး အော်ငေါက်ရန် ဟန်ပြင်ထားသော်လည်း လုလင်ကို တွေ့ရသောအခါ ဘာမှ မပြောနိုင်ဘဲ ဖြစ်နေ၏။



လုလင်သည် စန်းကျူးနှင့် မျက်နှာချင်းဆိုင်ရှိ စားပွဲတစ်လုံး၌ ထိုင်လိုက်၏။

လုလင်အတွက် စားသောက်ဖွယ်ရာများယူဆောင်ပေးမည့် ဆိုင်လုလင်များ ရောက်မလာကြပါ။

စန်းကျူးက အခြေအနေကို အကဲခတ် ကြည့်နေ၏။

လုလင်က....

'ကျုပ်ကို ဘယ်သူမှ ညှော်မခံဘူးဆိုရင် ကျုပ်ကပဲ ပြန်ပြီး ညှော်ခံပါ့မယ်ဗျာ'

ပြောပြောဆိုဆို ကျောပိုးထားသည့် ဗျတ်စောင်းကို ဖြုတ်ယူလိုက်၏။ ထို့နောက် စန်းကျူးကို ပြုံးပြလိုက်သည်။ ပြီးလျှင် စိတ်ပါလက်ပါ တီးခတ်လိုက်လေသည်။

ချိုလွင်သာယာသော စောင်းသံများ ထွက်ပေါ်လာလေသည်။

စောင်းသံသည် စန်းကျူးတို့ လူစုကို ညို့ယူ ဖမ်းစားလိုက်၏။

သူတို့၏ မျက်နှာမှာ ရန်လိုသော အကြည့်များ ကွယ်ပျောက်သွားသည်။

စောင်းသံ၌ စိတ်ပါဝင်စားလာကြပုံ ရှိသည်။

စောင်းသံသည် ပျော်ရွှင်စရာကောင်းလှသည့် လှပသည့် ကမ္ဘာတစ်ခုအတွင်းသို့ ခေါ်ဆောင်သွားသကဲ့သို့ ခံစားနေကြရ၏။

အားလုံး စောင်းသံဝယ် နစ်မျော်သွားကြ၏။

စောင်းသံ၏ သံစဉ် တဖြည်းဖြည်း ပြောင်းလဲ သွားသည်။

လှပသော ပန်းဥယျာဉ် အတွင်း လုလင်တစ်ယောက်နှင့် လုံမငယ် တစ်ယောက်တို့ ချစ်ရည်လူး ပျော်ရွှင်နေပုံကို ဖော်ကျူးသည့် ရှေးဟောင်း သားသွားအလိုက် တစ်ခုကိုတီးခတ်နေခြင်း ဖြစ်၏။

စောင်းသံ ကြားရသူ တိုင်းသည် ကိုယ်တိုင် လှပသော ပန်းဥယျာဉ်ကြီး တစ်ခု အတွင်း ရောက်သွားပြီး ချစ်ရသူနှင့်အတူ ပျော်ရွှင် ကြည်နူး နေရသည်ဟု ခံစား လာကြရလေသည်။

ထိုမှတစ်ဖန် သံစဉ်ပြောင်းလဲသွားသောအခါ ရုတ်တရက် လေမုန်တိုင်းကြီး ကျရောက်လာပြီး ပန်းဥယျာဉ်၏ အလှပျက်သုဉ်းသွားပုံ၊ မိုးမှောင်ကြီး ကျရောက်လာသဖြင့် ချစ်သူနှစ်ဦး ကွဲကွာသွားကြပုံများ ခံစားလာကြရပြန်သည်။

ပျော်ရွှင် ကြည်နူးမှုမှသည် ဝမ်းနည်းကြေကွဲသည့် စိတ်များ ဝင်ရောက်လာချိန်မှာပင်....

'တူး'

စူးရှသောမြည်သံနှင့်အတူ စောင်းသံ ရပ်တန့် သွားလေသည်။

စောင်းသံ ပျောက်သွားမှ အားလုံး အိပ်မက်မှ လန့်နိုးလာသလို ခံစားကြရလေသည်။

'ဖျောင်း ဖျောင်း ဖျောင်း'



စန်းကျူးသည် မအောင့်အည်း နိုင်တော့ဘဲ လက်ခုပ်တဖျောင်းဖျောင်း တီးကာ ချီးကျူး ဩဘာ ပေးလိုက်လေသည်။

သူမ၏ လူများလည်း မနေနိုင်တော့ဘဲ ဩဘာပေးလိုက်ကြ၏။

လုလင် ပြုံးလိုက်သည်။

'အခုလို ဩဘာပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်ဒီမှာ ထိုင်ပြီး စားသောက်နိုင်ပြီလားဗျာ'

ဟု မေးလိုက်လေသည်။

စန်းကျူး ခေါင်းညိတ်လိုက်သည်။

'စားနိုင်ပါတယ်၊ ကျေးဇူးပြုပြီး ဒီဘက်ကို ကြွလာခဲ့ပါလား'

ဟုလည်း ဖိတ်ခေါ်လိုက်သည်။

လုလင်သည် ချက်ချင်းပင် စန်းကျူး ထိုင်နေသည့် စားပွဲဆီသို့ ကူးလာလေတော့သည်။

စန်းကျူးနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

စန်းကျူး ပြုံးလိုက်သည်။

သူမ၏ ရင်ထဲ၌ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်နေသည်။

လုလင်ကို စိတ်ဝင်စားနေမိပြီ ဖြစ်လေသည်။

'စိတ်တိုင်းကျ သုံးဆောင်ပါရှင်'

ဟု ချိုသာစွာ ပြောမိလေသည်။

လုလင်က....

'အို... အားနာစရာ ကောင်းလိုက်တာဗျာ'

'ကိစ္စမရှိပါဘူးရှင်၊ စားသာ စားပါ'

စန်းကျူး ကိုယ်တိုင် လုလင်အတွက် ဟင်းလျာများ ခပ်ထည့် ပေးလေ၏။

လုလင်က....

'ကျေးဇူးတင်လိုက်တာဗျာ၊ ချောမောလှပပြီး စေတနာကောင်းတဲ့ ညီမလေးဟာ ဘယ်သူဘယ်ဝါဆိုတာ မသိရဘူးလားဗျာ'

ဟု မေးလိုက်လေသည်။

စန်းကျူး ရှက်ပြုံးလေး ပြုံးလိုက်သည်။

ကျွန်မနာမည် စန်းကျူးလို့ ခေါ်ပါတယ်ရှင်'

'စန်းကျူး ဟုတ်လား၊ နာမည်လေးက လှလိုက်တာဗျာ'

စန်းကျူး တစ်ခစ်ခစ် ရယ်မောနေမိလေတော့သည်။

လုလင်က

'အစ်ကို့ နာမည်က ဝမ်းထင်းလို့ ခေါ်ပါတယ်၊ နေပြည်တော်မှာ ပညာ သင်ကြားပြီး ဗဟုသုတရှာဖွေဖို့ ခရီးထွက်လာခဲ့တာပါ'

'ဪ.... အစ်ကိုက နေပြည်တော်မှာ ပညာ သင် လာတာကိုး'

'ဟုတ်ပါတယ်ဗျာ၊ ညီမလေးဟာ ဒီမြို့ကပဲလား'

'ဟုတ်ပါတယ်ရှင်'



'ဟာ ဒါဆို အတော်ပဲ ဒီမြို့ရဲ့ အမိကရ လေ့လာကြည့်ရှုသင့်တဲ့ နေရာတွေကို ညီမလေးက ညွှန်ပြပေးနိုင်မယ် ထင်ပါတယ်'

စန်းကျူး ရှက်သွား၏။

'အို....ရပါတယ်ရှင်'

'ညီမ ညွှန်ပြပေးနိုင်မယ် မဟုတ်လား'

စန်းကျူး ခေါင်းညိတ်လိုက်သည်။

'ရပါတယ်ရှင်၊ ကျွန်မလဲ အားလပ်နေတာမို့ လိုက်ပြီး ပြသ ပေးပါမယ်၊ တကယ်လို့ အစ်ကိုက စိတ်ဝင်စားတယ်ဆိုရင် မြို့ပြင်က ရှေးဟောင်းဘုံကျောင်းပျက်တွေကို လိုက်ပြပေးပါမယ်၊ ရှေးဟောင်း ရှေးခေတ် အနုပညာ လက်ရာတွေကို ကြည့်ရှု လေ့လာနိုင်တာပေါ့'

ဝမ်းထင်း ဝမ်းသာအားရ ဖြစ်သွားလေသည်။

'ကျေးဇူးတင်လိုက်တာ ညီမရယ်၊ အစ်ကိုဖြင့် အခုချက်ချင်းတောင် ပြေးကြည့်ချင်မိတော့တယ်'

သူတို့နှစ်ယောက် ပြိုင်တူ ထပ်လိုက်ကြလေသည်။

စန်းကျူး၏လူများ အံ့သြနေကြ၏။

စန်းကျူးသည် အလွန်မာနကြီးသူ ဖြစ်သည်။

မည်သူ့ကိုမျှ အရေးမစိုက်ခဲ့သည့် စန်းကျူးသည် ဝမ်းထင်းဆိုသည့် လူရွယ်နှင့်တွေ့မှ အပြောင်းလဲကြီး ပြောင်းလဲသွားချေပြီ။

မည်သို့ဆိုစေ၊ စန်းကျူးအလိုကျ သူတို့ တသွေမတိမ်း လိုက်နာ လုပ်ကိုင်ကြရမည် ဖြစ်ပေသည်။

စန်းကျူးက သူမ၏လူများကို တစ်ချက် ငေ့ကြည့်လိုက်ပြီး....

'ကဲ....အားလုံး ပြန်ကြတော့၊ မေမေမေးရင် ညနေ ငါ ပြန်လာမယ်လို့ ပြောလိုက်'

ဟု အမိန့်ပေးလိုက်လေသည်။

သူမ၏ အခြွေအရံများ အုံ့ဩသွားကြလေသည်။

စန်းကျူးက လုံးဝ အရေးမစိုက်ပါချေ။

ဝမ်းထင်းဘက်လှည့်ကာ....

'ကဲအစ်ကို ကျွန်မတို့ သွားကြစို့'

ဟု ပြောလိုက်သည်။

ဝမ်းထင်း သဘောကျစွာ ပြုံးလိုက်သည်။

'ကောင်းပြီလေ'

သူတို့နှစ်ယောက်သည် ပခုံးချင်းယှဉ်ကာ အောက်ဘက်သို့ ဆင်းသွားကြလေတော့သည်။

* * *

'ဟောဒီမှာကြည့်၊ ခေါင်းနော်၊ သေချာတယ်နော် ကြည့်ကြစမ်းပါဦး'

'ဟာ....ပန်းဖြစ်သွားပါလား'

'တယ်တော်တဲ့ မျက်လှည့်ဆရာပါလား'

'ဟုတ်တယ်ဟေ့'



ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်။

စန်းတုံးက လှမ်းကြည့်လိုက်လေသည်။

ထိုအခါ စားသောက်ဆောင့်ရှိ စားပွဲတစ်လုံးတွင် အဘိုးအို တစ်ယောက် ထိုင်ကာ အရက်သောက်နေသည်ကို တွေ့ရလေသည်။

အဘိုးအို အနီးတွင် ဆိုင်လုလင်များ ဝိုင်းနေ၏။

မြင်းခေါင်း စားသောက်ဆိုင်မှာ ခါတိုင်းထက်ပိုပြီး စည်ကားနေသည်ဟု ထင်ရပေတော့သည်။

အမြဲတမ်း ရှိနေကျ အပျော်ကစားသည့် အံစာဝိုင်းမှ လူများပင်လျှင် အဘိုးအိုကို ဝိုင်းကြည့်နေကြလေသည်။

အဘိုးအိုသည် အရက်တစ်ငုံသောက်လိုက်၊ ရယ်ရွှင်ဖွယ် မျက်လှည့်ပြကွက်တစ်ခုကို ပြလိုက်ဖြင့် အလုပ်ရှုပ်နေ၏။

အဘိုးအို၏ ဆန်းပြားသော မျက်လှည့်ပြကွက်များကြောင့် ဝိုင်းကြည့်နေသူများ တဝါးဝါး တဟားဟား ရယ်မောနေကြလေသည်။

စန်းတုံး စိတ်ဝင်စားသွား၏။

အကြောင်းကား အဘိုးအိုသည် အံစာတုံး တစ်တုံးကို ဆော့ကစား ပြနေခြင်းကြောင့် ဖြစ်ပေသည်။

သူက အံစာကို အကြမ်းပန်းကန်လုံး တစ်လုံးတွင်ထည့်ကာ

'ကဲ ကြိုက်သလောက် ပန်းကျ မှန်တဲ့လူကို အဆတစ်ရာ လျော်မယ်'

ဟု အော်ပြောလိုက်၏။

ပြီးလျှင် အံစာကို မြင်သာအောင်ပြပြီး စားပွဲပေါ် ချလိုက်သည်။

အကြွမ်းပန်းကန်လုံးဖြင့် မှောက်ကာ အုပ်လိုက်သည်။

အံစာမှာ နှစ်ပွင့်ပေါ်နေသည်ကို လူတိုင်း တွေ့မြင်လိုက်ရ၏။

ထို့ကြောင့် ဆိုင်လုလင်များသည်....

'နှစ်ပွင့်....'

ဟု အော်ကာ ကြေးပြားကလေးများထုတ်ကာ ထိုးကြလေသည်။

စန်းတုံးမှာ မျက်တောင်မခတ် စိုက်ကြည့်နေမိလေသည်။

အဘိုးအိုက....

'ကဲ မင်းတို့ကျေနပ်ပြီနော်၊ ဟောဒီမှာကြည့်'

ပြောပြောဆိုဆို အကြွမ်းပန်းကန်လုံးကို ဖယ်ရှားလိုက်၏။

'ဟာ....'

'ဟင်....'

'ခြောက်ပွင့်ပါလား'

ဆိုင်လုလင်များ၏ အော်သံများ ထွက်ပေါ်လာလေသည်။

အဘိုးအိုက အနိုင်ရလိုက်သည့် ကြေးပြားများကို ဖယ်ယူပြန်လည် ပေငှပေးလိုသိလေသည်။

'ကဲ မင်းတို့ကြေးပြားတွေ ပြန်ယူကြ၊ မကျေနပ်သေးလို့ နောက်တစ်ခါ ထိုးချင်တယ်ဆိုရင် ထိုးကြဦး'



သူက ခြောက်ပွင့်ပေါ်နေသည် အံစာတုံးကို လက်ဖြင့် ထိတို့ခြင်းပင်မပြုတဲ အကြွမ်းပန်းကန်လုံးဖြင့် အုပ်လိုက်လေသည်။

'ခြောက်ပွင့်ကွ....'

'ဟုတ်တယ်ဟေ့'

ဆိုင်လုလင်များ ဝိုင်းတိုးလိုက်ကြလေသည်။

'ဟား... ဟား....ဟား'

အဘိုးအို သဘောကျစွာ ရယ်မောကာ....

'မင်းတို့ စဉ်းစားကြဦးနော်၊ သေချာမှ ထိုးကြ၊ တော်ကြာ အစားခံနေရဦးမယ်'

ဟု ပြောလိုက်လေသည်။

ဆိုင်လုလင်များက....

'ဖွင့်ပါ....ဖွင့်ပါ'

'ခြောက်ပွင့်ပါလား'

ဟု အော်ဟစ်နေကြ၏။

အဘိုးအိုသည် စိတ်ဝင်စားစွာ ကြည့်နေသည့် စန်းတုံးကို လှမ်း၍ ပြုံးပြလိုက်သည်။

'ဟေ့ သူငယ် မင်းကော ထိုးဦးမလား'

ဟု လှမ်းမေးလိုက်လေသည်။

စန်းတုံး မကျေမနပ် ဖြစ်သွားလေသည်။

'ကောင်းပြီ၊ ကျုပ် ထိုးမယ်'

သူက အင်္ကျီအိတ်ထဲမှ ငွေဒင်္ဂါးများ ထုတ်ယူလိုက်လေသည်။

ထို့နောက်....

'ခြောက်ပွင့်'

ဟု ပြောကာ စားပွဲပေါ်ချထိုးလိုက်လေသည်။

အဘိုးအိုက....

'မင်း စဉ်းစားဦးနော်၊ တော်ကြာ နှစ်ပွင့်ဖြစ်ချင် ဖြစ်နေဦးမှာ'

စန်းတိုးက....

'ဖွင့်မှာသာ ဖွင့်စမ်းပါဗျာ'

ဟု ပြောလိုက်လေသည်။

အဘိုးအိုက....

'ကောင်းပြီ၊ ကြည့်ထားကြပေတော့'

ပြောပြောဆိုဆို အကြမ်းပန်းကန်လုံးကို လှန်လိုက်လေသည်။

'ဟာ....'

'နှစ်ပွင့်ပါလား'

ဆိုင်လုလင်များ၏ အော်သံ ထွက်ပေါ်လာ၏။

စန်းတိုး မျက်စိလည်သွားလေသည်။

ခြောက်ပွင့်ပေါ်နေသည်ကို မျက်စိနှင့် တတ်အပ် တွေ့ခဲ့ရသည် မဟုတ်လား။

ယခုတော့ နှစ်ပွင့်ပေါ်နေ၏။

'ဘယ်လို ဖြစ်တာလဲ'

စန်းတိုး ညည်းညူမိလေသည်။

'ဟား....ဟား....ဟား'–



အဘိုးအို သဘောကျစွာ ရယ်မောလိုက်သည်။

လက်ဝှေ့ ယမ်းပြလိုက်ပြီး....

'ကဲ....ကိုယ့်ပိုက်ဆံ ကိုယ်ပြန်ယူသွားကြပေတော့'

ဟု ပြောလိုက်လေသည်။

ဆိုင်လုလင်များသည် ကိုယ့်ပိုက်ဆံကိုယ် ပြန်ယူလိုက်ကြလေသည်။

စန်းတိုးက သိ၏ ငွေကို မယူပါ။

အဘိုးအိုကို တစ်ချက်ကြည့်လိုက်ပြီး ချာခနဲ လှည့်ထွက်သွား၏။

အဘိုးအို ကြောင်အမ်းအမ်း ဖြစ်သွားလေသည်ငေ

'ဟေ့....ဟေ့.... သူငယ် မင်း ငွေတွေ ယူမသွားဘူးလား'

ဟု လှမ်းပြောလိုက်လေသည်။

စန်းတိုး ခေါင်းယမ်းလိုက်သည်။

'ကျုပ် ရှုံးသွားပြီပဲ၊ မယူတော့ဘူး'

'ဟေ့....ဒီလို မလုပ်နဲ့လေကွာ၊ ကျုပ်က ပျော်စေပြက်စေ ကစားပြတာပါကွာ'

'ကျုပ်ရှုံးသွားပြီ မလိုချင်တော့ဘူး'

ဟု ငြင်းလိုက်လေသည်။

အဘိုးအို....

'မင်းဟာ တကယ့်ကို လောင်းကစားသမား ပီသတာပဲ၊ တကယ်လို့ မင်းက လောင်းကစားပညာ သင်ချင်တယ်ဆိုရင် ငါ သင်ပေးနိုင်ပါတယ်ဗျာ'

ဟု ပြောလိုက်လေသည်။

'ဗျာ....'

စန်းတိုး ခြေလှမ်း တုန့်ခနဲ ရပ်သွား၏။

အဘိုးအိုကို လှမ်းကြည့်လိုက်သည်။

အဘိုးအိုက သူ့အား ပြုံးပြုံးပြရင်း....

'ဘယ်လိုလဲကွ'

ဟု မေးလိုက်၏။

စန်းတိုးက....

'ကျွန်တော့်ကို သင်ပေးမယ် ဟုတ်လား'

'ဟုတ်တယ်လေ၊ မင်း မသင်ချင်ဘူးလား'

'ဘာဘာ ဘာတွေ သင်ပေးနိုင်လို့လဲ'

'ကစားတိုင်း အနိုင်ရတဲ့နည်းကို သင်ပေးနိုင်တာပေါ့'

'တ....တကယ် ပြောတာလား'

'တယ်ပေါ့၊ ဘာလဲ မင်းက မယုံဘူးလား၊ ဒါဖြင့် ငါ့တို့ လက်တွေ့ ကစားကြည့်ကြရအောင်'

စန်းတိုး မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပသွား၏။

ငါးမျှားချိတ်စားသောက်ဆိုင် အနောက်ဘက်မှ လောင်းကစားဝိုင်းများကို မြင်ယောင်လာသည်။

လောင်းကစားတိုင်း ရှုံးသွားရသဖြင့် သူ့အား မိတ်ဆွေအပေါင်းအသင်းများက လှောင်ပြောင်ခဲ့ကြသည် မဟုတ်ပါလား။

'ကောင်းပြီ၊ ဘာဘာ လက်တွေ့နိုင်အောင် ကစားပြမယ်ဆိုရင် ကျွန်တော် သင်မယ်'



ဟု ပြောလိုက်၏။

အဘိုးအိုက....

'ဒီတော့ ကဲ....ဘယ်မှာ ကစားပြရမလဲ ပြော'

'ကျွန်တော့် နောက်လိုက်ခဲ့ပါ'

စန်းတိုးက လမ်းပြခေါ်ဆောင်သွား၏။

အဘိုးအိုက နောက်မှ လိုက်သွားလေတော့သည်။

* * *

'ဟား....ဟား....ဟား'

ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အမာရွတ်က သဘောကျစွာ ရယ်မောလိုက်ခြင်း ဖြစ်လေသည်။

ပွဲစားက သူ့အား ငေးကြည့်နေ၏။

အမာရွတ် ဤမျှ သဘောကျ နှစ်ခြိုက်စွာ ရယ်မောနေပုံမျိုးကို သူ မမြင်ဖူးခဲ့ပါချေ။

အမာရွတ်သည် အမြဲတမ်း တည်တည်နေသူ ဖြစ်သည်။

စန်းကျင်းနှင့် ရင်ဆိုင် တိုက်ခိုက်ပြီးသည့် နောက်ပိုင်း ပို၍ပင် တည်တည် နေခဲ့သည်။

အမာရွတ်ကြီးကြောင့် အရုပ်ဆိုးလှသည့် သူ၏ မျက်နှာမှာ ကောက်ကျစ်စဉ်းလဲသော လျှို့ဝှက်ချက်တစ်ခုဖြင့် အမြဲတမ်း အမြဲတမ်း မှုန်ကုပ်ကုပ် ဖြစ်နေတတ်သည်။

ယခုတော့ အမာရှုတ်သည် လွတ်လပ်ပျော်ရွှင်စွာ ရယ်မောနေပါ၏။

သူသည် အဘယ့်သို့သော သဘောသကျစရာ ကိစ္စများ တွေ့သွားပါနည်း။

ပွဲစားမှာ အမာရှုတ်ကို ငေးမော ကြည့်နေ မိလေတော့သည်။ အမာရှုတ်သည် အတန်ကြာသည်အထိ ရယ်မောလိုက်ပြီးမှ....

'ပွဲစား ကြေးစားပဲဖြစ်ဖြစ်၊ အဖြူရောင် သိုင်းသမားပဲဖြစ်ဖြစ် ယောကျ်ားပီသတဲ့ သိုင်းသမား တစ်ယောက်ဟာ ဒဏ်ရာရထားတဲ့ ရန်သူကို တန်းတူ ရင်ဆိုင်နိုင်စွမ်း မရှိတဲ့ ရန်သူကို အခွင့်အရေး မပေးဘဲ လူအင်အားသုံးပြီး သုတ်သင်ရှင်း ပစ်တာ တရားသလား၊ 'မတရားဘူးလား'

ဟု မေးလိုက်လေသည်။

ပွဲစား ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူလည်း သိုင်းပညာတတ်မြောက်ထားသည့် သိုင်းလောကသားတစ်ယောက် ဖြစ်လေသည်။

သို့သော် သူသည် အဖြူရောင် သိုင်းသမား တစ်ယောက် မဟုတ်သလို အနက်ရောင်သိုင်းလောကသားလည်း မဟုတ်ပါ။

ကြေးစား တစ်ယောက်လည်း မဟုတ်ပါ။

သူသည် ကြားပွဲစား တစ်ယောက်သာလျှင် ဖြစ်ပေသည်။

ထို့ကြောင့် အမာရှုတ် ပြောသည့် စကားအဓိပ္ပာယ်ကို နားမလည်နိုင်ခြင်း ဖြစ်ပေတော့သည်။

အမာရှုက်က ဆက်ပြောလိုက်သည်။



'ကောက်ကျစ်စဉ်းလဲတဲ့ အနက်ရောင် သိုင်းလောကသားတွေကလွဲရင် ဘယ်သူမှ မတရားတဲ့ နည်းလမ်းကို မသုံးကြဘူး၊ ယောကျ်ားပီပီ ရင်ဆိုင်တိုက်ခိုက်ကြတယ် အနိုင်ယူကြတယ်၊ တကယ်လို့ ယုတ်မာတဲ့နည်း လမ်း အသုံးပြုတဲ့လူဆိုရင် သူ့နည်းအတိုင်း တန့်ပြန်တာ တရားတယ်၊ သဘာဝကျတယ်'

ဟု ပြောလိုက်လေသည်။

ပွဲစားလည်း ရောယောင်ကာ ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်... တရားတယ်'

အမှန်တော့ အမာရှုတ်သည် အဘိုးအိုရှမ်း လုပ်ကြံခံလိုက်ရသည့် ကိစ္စနှင့် ပတ်သက်ပြီး ပြောနေခြင်း ဖြစ်ပေသည်။

အဘိုးအိုရှမ်း သေဆုံးသွားရသည်မှာ စန်းကျင်း လွှတ်လိုက်သူများ၏ လက်ချက် ဖြစ်သည်ဟု သူက တစ်ထစ်ချ ယုံကြည်ထား၏။

ထိုလူများသည် သူ့အား နှုတ်ပိတ်ပစ်ရန် ပွဲစား ခေါ်လာသူများ ဖြစ်ကြောင်း မသိခဲ့ပါတကား။

ထို့ကြောင့်လည်း သူသည် စန်းကျင်းအား သုတ်သင်ရှင်းလင်းရန် အကွက်ချ စီစဉ်ခဲ့ခြင်း ဖြစ်သည်။

ထိပ်တိုက်ရင်ဆိုင်သည့် နည်းလမ်းမှနေပြီး ကောက်ကျစ်စဉ်းလဲစွာ အလဲထိုး အနိုင်ယူမည့် နည်းလမ်းကို ပြောင်းလဲအသုံးပြုလိုက်ခြင်းလည်း ဖြစ်သည်။

မင်းသားနှင့် မျက်လှည့်ဆရာသည် သူ၏ အစီအစဉ်တွင် အဓိက အကျောင်အထည် ဖော်ပေးမည့်သူများ ဖြစ်ကြပေတော့သည်။

ပွဲစားက ထောက်ခံလိုက်သဖြင့် အမာရွတ် သဘောကျသွား၏။

'ဒါပေါ့....တရားရမှာပေါ့၊ ဆယ်ရက်အတွင်း စန်းကျင်းလောကပေါ်က ပျောက်ကွယ်သွားရလိမ့်မယ်လို့ အလုပ်ရှင်ကို ပြောလိုက်ပါ'

ပွဲစား၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

'စန်းကျင်းကို ဆယ်ရက်အတွင်း ဟုတ်လား'

'ဟုတ်တယ်'

'ကောင်းပြီ၊ သူတို့ သိပ်ဝမ်းသာသွားကြမှာပဲ'

အမာရွတ် ပြုံးလိုက်သည်။

'သူတို့နဲ့ တွေ့တဲ့အခါ အရေးကြီးတဲ့ အချက် တစ်ချက်ကို ဘယ်တော့မှ မမေ့နဲ့'

'ဘာများလဲဗျာ'

'သူတို့ ဘယ်သူ ဘယ်ဝါဆိုတာ သိရဖို့ပဲ'

ပွဲစား ပါးစပ်ပိတ်ထားလိုက်လေသည်။

အမာရွတ်က....

'စန်းကျင်း သေသွားပြီဆိုရင် သူတို့ရဲ့ လက်ချက်ဖြစ်တယ်ဆိုတာ မပေါ်ပေါက်အောင် တို့ကိုပါ နှုတ်ပိတ်ပစ်နိုင်တယ်၊ ဒါကို မင်း နားလည်မယ်ဆိုရင် ငါပြောတာကို သဘောပေါက်မှာပါ'

ပွဲစား မျက်နှာပျက်သွား၏။

ဦးခေါင်း ဆတ်ခနဲ ညိတ်လိုက်ပြီး....

'ကျုပ် နားလည်ပါတယ်ဗျာ'



'ဒါဆိုရင် မင်းကို တွေတွေထူးထူး ပြောနေစရာ မလိုတော့ဘူး ထင်တယ်'

'စိတ်ချ၊ ကျုပ် ကြိုးစားမယ်လို့ ကတိပေးပါတယ်ဗျာ၊ ကျုပ်တို့ တွေဝေနေရင် သူတို့ လက်ချက် မိသွားမှာပဲ'

'ဟွား ဟား ဟား၊ ဒါကြောင့် မင်းဟာ ပွဲစား ဖြစ်နေတာပေါ့ကွာ'

အမာရွတ် သဘောကျစွာ ရယ်မောလိုက်ပြန်သည်။

သူတို့သည် နှစ်ဘက်သော ရန်ကို ရင်ဆိုင်နေကြရသည် မဟုတ်လား။

ရန်အားလုံးကို အောင်မြင်စွာ ကျော်ဖြတ်သွားနိုင်လိမ့်မည်ဟု ယုံကြည်နေကြလေတော့သည်။

* * *

သစ်လုံးအိမ်ကလေး။

သစ်လုံးအိမ်ကလေးအတွင်း၌ လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေကြ၏။

ရှေသွားများ ရှိသူက စကား စ လိုက်လေသည်။

'ကျုပ်တို့ ပွင့်ပွင့်လင်းလင်း ပြောဆိုဖို့ အချိန်ရောက်ပြီ ထင်တယ်'

သူ၏ စကားကြားလျှင် ကျန်နှစ်ယောက် ခေါင်းညိတ်သဘောတူလိုက်ကြလေသည်။

'ဟုတ်တယ်'

'ကျုပ်တို့ဟာ စန်းကျင်းကို သုတ်သင်ရှင်းလင်းဖို့ ကြိုးစားခဲ့ကြတယ်၊ တကယ်ဆိုရင် ကျုပ်တို့ရဲ့ ဆွေးဆောက်...'

'ဆွေးဆောက်တွေ မိတ်ဆွေတွေ လုပ်မနေစမ်းပါနဲ့ဗျာ၊ ကျုပ်တို့ အသုံးချခဲ့တဲ့ ပင့်ကူဆိုရင် တော်ပါပြီ'

ရွှေသွားနှင့် လူ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ပင့်ကူ လုပ်ကြံခံလိုက်ရလို့ ပင့်ကူအတွက် လက်တုံ့ပြန်တဲ့ သဘောမျိုး မဟုတ်ဘဲ ကျုပ်တို့ရဲ့ လုပ်ရပ်တွေ ပေါ်ကုန်မှာစိုးရိမ်လို့ စန်းကျင်းကိုရှင်းပစ်ချင်ကြတာပဲ၊ ဒါကို အမှန်အတိုင်း ဝန်ခံကြဖို့ လိုလိမ့်မယ်'

လက်စွပ်များ စွပ်ထားသူက....

'မလိုပါဘူး၊ အစကတည်းက သိထားကြတာပဲ'

အဖြူရောင် ဝတ်ဆင်ထားသူ သဘောကျစွာ ပြုံးလိုက်သည်။

သို့သော် သူက ဘာမှ မပြောချေ။

ရွှေသွား ရှိသူက....

'ထားပါလေ၊ အခု အချိန်မှာတော့ ပွင့်ပွင့်လင်းလင်း ပြောဆိုသင့်ကြပြီလို့ ကျုပ်ထင်တယ်'

ဟု ပြောလိုက်လေသည်။

လက်စွပ်များနှင့်လူက....

'ဘယ်ကိစ္စကို ပြောကြမှာလဲ၊ စန်းကျင်းနဲ့ ပတ်သက်လို့လား'



'မဆိုင်တော့ ပါဘူး၊ မကြာခင် သူ သေသွားတော့မှာပါ'

'ခင်ဗျားက အမာရွတ်ရဲ့ စကားကို ယုံကြည်တယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ သူ တစ်ယောက်တည်း ရင်ဆိုင်ရမယ်ဆိုရင် ကျုပ် သံသယရှိနေဦးမှာပဲ၊ ဒါပေမယ့် မင်းသားနဲ့ ချစ် လှည့်ဆရာတို့ ပူးပေါင်း ဆောင်ရွက်ကြတဲ့ နောက်တော့ စန်းကျင်း ပြေးစရာမြေမရှိတော့ပါဘူး'

'ကောင်းပြီ....စန်းကျင်းနဲ့ မပတ်သက်တော့ဘူး ဆိုရင် ဘယ်သူနဲ့ ပတ်သက်နေသလဲပြောပါ'

ရွှေသွား ရှိသူ၏ မျက်နှာ တည်တည်ကြည်ကြည် ဖြစ်သွား၏။

အားလုံးကို ဝေ့ကြည့်လိုက်ပြီး....

'စန်းကျင်း သေသွားပြီ ဆိုရင် ဘယ်သူတွေ ကျန်ရစ်ခဲ့မလဲ'

'အမာရွတ်ပေါ့'

'သိပ်မှန်တာပေါ့ဗျာ'

'ဒါဖြင့်....ကျုပ်တို့က....'

'ကျုပ်တို့ အမာရွတ်ကို ရှင်းပစ်ဖို့ အခု ကတည်းက စီစဉ်ကြရတော့မယ်'

'ဒါတော့ ဟုတ်တယ်ဗျို'

လက်စွပ်များ စွပ်ထားသူ ထောက်ခံလိုက်လေသည်။

စန်းကျင်းအား သုတ်သင် ရှင်းလင်းပြီးသည့် နောက်ဝယ် အမာရွတ်နှင့် အပေါင်းပါတစ်စုသည် သူတို့အတွက်အန္တရာယ် ဖြစ်လာနိုင်သည် မဟုတ်ပါလား။

မွေးသွား ရှိသူက

'အမာရွတ်၊ မင်းသားနဲ့ မျက်လှည့်ဆရာ တို့ကို ဘယ်လို ရှင်းမလဲ'

'ကျုပ် တာဝန်ယူမယ်'

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေခဲ့သည့် အဖြူရောင် ဝတ်ဆင်ထားသူက ပြောလိုက်လေသည်။

မွေးသွားရှိသူနှင့် လက်စွပ်များ စွပ်ထားသူတို့ လှည့်ကြည့်လိုက်ကြသည်။ အဖြူရောင်ဝတ်ထားသူ၏မျက်နှာ တည်တည်ကြည်ကြည် ဖြစ်နေပါ၏။

ထိုလူသည် နေပုံ ထိုင်ပုံ အေးစက်စက် ရှိသော်ငြားလည်း ကြောက်စရာ ကောင်းသူ ဖြစ်ကြောင်း သိနိုင်လေသည်။

အဖြူရောင် ဝတ်ဆင်ထားသူက....

'သူတို့ကို ကျုပ် တာဝန်ယူမယ်၊ ပြီးတော့ ပင့်ကူ ထားခဲ့တဲ့ ပစ္စည်းတွေကိုလည်း ကျုပ်က တာဝန်ယူ စီစဉ်မယ်'

ဟု ပြောလိုက်လေသည်။

မွေးသွားရှိသူနှင့် လက်စွပ်များ စွပ်ထားသူတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

စန်းကျင်းကိုလည်းကောင်း၊ အမာရွတ်နှင့် အပေါင်းပါများကို လည်းကောင်း သုတ်သင် ရှင်းလင်း ပစ်ရန် မည်သူက တာဝန်ယူသည် ဖြစ်စေ အကြောင်းမဟုတ်ပါ။



သို့သော် ပစ္စည်းများနှင့် ပတ်သက်လျှင်ကား....

မွေးသွားရှိသူက....

'ခင်ဗျားက ဘယ်လိုစီစဉ်ချင်လို့လဲ ပြောစမ်းပါဦး'

ဟု မေးလေသည်။

သူ၏ စကားသံတွင် ရန်လိုသည့် အရိပ်အယောင်များ ရောယှက် ပါဝင် နေပေတော့သည်။

လက်စွပ်များ စွပ်ထားသူကလည်း....

'ဟုတ်တယ်၊ ဘယ်လိုစီစဉ်မှာလဲ၊ ဒါတွေဟာ ကျုပ်တို့ အားလုံးနဲ့ သက်ဆိုင်တာပဲ မဟုတ်လား'

အဖြူရောင် ဝတ်ဆင်ထားသူက....

'အားလုံးနဲ့ သက်ဆိုင်တယ် ဆိုတာ ကျုပ် သိပါတယ်၊ ဒါကြောင့် ကျုပ်ကပဲ တာဝန်ယူပြီး စီစဉ်ပါ့မယ်'

'ဘယ်လို စီစဉ်မှာလဲ'

အဖြူရောင် ဝတ်ဆင်ထားသူက တည်ငြိမ်သော လေသံဖြင့်....

'ကျုပ် တို့ဟာ သူဌေး သူကြွယ်တွေ၊ ကုန်သည်တွေ၊ မတရားစီးပွားရှာတဲ့လူတွေ အကြိုက်၊ လူဆိုး ဓားပြတွေ အကြိုက်ဖြစ်အောင် လုပ်ငန်းကြီး တစ်ခုကို ပူးပေါင်း တည်ထောင် ခဲ့ကြတယ်၊ ကျုပ်တို့စီစဉ်တဲ့အတိုင်း အောင်မြင်မှုလဲ ရခဲ့ကြတယ်၊ ဘယ်လူတွေမှာ ပစ္စည်း ဘယ်လောက် ရှိတယ် ဘယ်က ယူတယ်၊ ဘယ်ကို ပို့တယ်က အစ နောက်ဆုံး ငွေထားတဲ့ နေရာက စပြီး အသေးစိတ်သိခဲ့ကြတယ်၊ ဒီမှာပဲ ကျုပ်တို့က ပင့်ကူကိုမွေးပြီး အသုံးချခဲ့ကြတာပဲ'

ဟု ပြောလိုက်သည်။

ပြီးလျှင် ကျန်လူ နှစ်ယောက်ကို လှမ်းကြည့် လိုက်လေသည်။

ကျန် နှစ်ယောက်က ဘာမှ မပြောဘဲ ငြိမ်သက်စွာနားထောင် နေကြသည်ကို တွေ့ရမှ ဆက်ပြောလိုက်လေသည်။

'ပင့်ကူဟာ ကျုပ်တို့ ခိုင်းသမျှ လုပ်နိုင်ခဲ့တယ်၊ ပင့်ကူကြောင့် သိန်းပေါင်း ငါးရာလောက် ရှိတဲ့ ပစ္စည်းတွေကို ကျုပ်တို့ ရခဲ့ကြတယ်၊ ပင့်ကူကိုယ်တိုင်ကလဲ ဒီပစ္စည်းတွေကို မက်မောလာတယ်၊ ဒါကြောင့် ကျုပ်တို့ အပဲ တစ်ဘက်လှည့်နဲ့ ပင့်ကူကို ရှင်းပစ်ဖို့ စီစဉ် ခဲ့ကြတယ်၊ နောက်ဆုံးအဖြူရောင် သိုင်းသမားတွေ လက်ချက်နဲ့ ပင့်ကူ သေသွားရတယ်၊ ကျုပ်တို့က သူ့ အတွက် လက်တုံ့ပြန် ကြမယ်လို့အသံကောင်း ဟစ်ကြဖြန့်တယ်'

ပြောပြီး သဘောကျစွာ ပြုံးလိုက်လေသည်။

ရွှေသွားက....

'ပင့်ကူ သေသွားရင် ဒီကိစ္စ အေးသွားမယ် ထင်ပေမယ့် ပင့်ကူရဲ့ နောက်ကွယ်မှာ လူတစ်စု ရှိနေတာကို စန်းကျင်းက ရိပ်မိသွားတာကိုး၊ ဒါကြောင့် စန်းကျင်းကို ရှင်းပစ်ဖို့ လိုအပ်လာတာပေါ့၊ သူ့ကို ရှင်းမယ်ဆိုရင် ပင့်ကူ အတွက် လက်တုံ့ပြန်တာလို့ မပြောရင် ဘယ်လို ပြောကြမလဲ'

ဟု ပြောလေသည်။

အဖြူရောင် ဝတ်ဆင်ထားသူ ခေါင်းညိတ် လိုက်လေသည်။



'ဟုတ်တယ်၊ ဒီလိုပဲ ပြောရမှာပေါ့'

'စန်းကျင်းကို ရှင်းပြီးပြီ၊ အမာရွတ်တို့ လူစုကိုလဲ ရှင်းပြီးပြီ ထားလိုက်ပါတော့ ကျန်တဲ့ပစ္စည်းတွေနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်ကြမယ်ဆိုတာ ပြောပါဗျာ'

လက်စွပ်များ စွပ်ထားသူက ဝင်ပြောလေသည်။

ရွှေသွားရှိသူက

'ဘာလုပ်ရမလဲ၊ ကျုပ်တို့ သုံးယောက် ဝေယူကြတာပေါ့....'

အဖြူရောင် ဝတ်ဆင်ထားသူ ခေါင်းညိတ်လိုက်ပြန်သည်။

'ဟုတ်တယ်၊ အညီအမျှ ဝေယူကြတာပေါ့'

'ဒါဖြင့် ပြီးတာပဲ'

လက်စွပ်များ စွပ်ထားသူက ကျေနပ်စွာ ပြောလေသည်။

အဖြူရောင် ဝတ်ဆင်ထားသူ လက်ကာပြလိုက်သည်။

'မပြီးသေးဘူး'

သူ၏ စကားကြောင့် ရွှေသွားရှိသူနှင့် လက်စွပ်များ စွပ်ထားသူတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

အဖြူရောင် ဝတ်ဆင်ထားသူကို နားမလည်နိုင်စွာ ကြည့်လိုက်ကြလေသည်။

ရွှေသွားရှိသူက

'ဘာဖြစ်လို့လဲ'

ဟု မေးလိုက်သည်။

အဖြူရောင် ဝတ်ဆင်ထားသူက

'ပစ္စည်းတွေအားလုံးဟာ ပြန့်ကျဲနေတယ်၊ တချို့ ပစ္စည်းတွေဆိုရင် ရင်းနှီးမြှုပ်နှံထားတဲ့ စီးပွားရေး လုပ်ငန်းတွေမှာ ရှိနေတယ်၊ ဒါကြောင့် ကျုပ်တို့က အညီအမျှ ခွဲဝေယူကြမယ်ဆိုရင် ရှိသမျှ လုပ်ငန်းအားလုံး ရပ်ပစ်ရလိမ့်မယ်၊ ဖျက်သင့်တာကို ဖျက်ပြီး ရောင်းသင့်တာကို ရောင်းပစ်ရလိမ့်မယ်၊ ဒီလိုလုပ်ပြီး ရသမျှ ငွေကြေးအားလုံး စုဆောင်းရမယ်'

'အားလုံး စုံလင်မှ ဝေစုခွဲနိုင်မယ် ဆိုပါတော့'

'ဟုတ်တယ်'

'ခင်ဗျားပြောသလိုဆိုရင် အချိန်ယူပြီး လုပ်ရမှာပဲ'

'သေချာတာပေါ့၊ အနည်းဆုံး တစ်လလောက် အချိန်ယူရလိမ့်မယ်'

ရွှေသွားရှိသူနှင့် လက်စွပ် စွပ်ထားသူတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

အဖြူရောင် ဝတ်ဆင်ထားသူက

'ခင်ဗျားတို့ ဘယ်လိုသဘောရသလဲ'

ဟု မေးလိုက်၏။

ရွှေသွားရှိသူနှင့် လက်စွပ် စွပ်ထားသူတို့ ခေါင်းညိတ်လိုက်ကြ၏။

'ကျုပ်တို့ သဘောတူတယ်'

ဟု ပြိုင်တူ ပြောလိုက်ကြလေသည်။

အဖြူရောင် ဝတ်ဆင်ထားသူက

'ကောင်းပြီ၊ ဒီက ပြန်သွားတာနဲ့ ကိုယ် တာဝန်ယူထား အလုပ်တွေကို စပြီး ဖျက်သိမ်းကြပါ၊ ကျုပ်တို့ဟာ လုပ်



ငန်းတွေ ရင်းနှီးမြှုပ်နှံမှုတွေ ရောင်းဝယ်မှုတွေ အားလုံးကို ရွှေတို့ စိန်တို့နဲ့ လဲကြမယ်၊ ဒါမှ ခွဲယူလို့ လွယ်မယ်'

ဟု ပြောလိုက်၏။

ကျန် လူနှစ်ယောက် သဘောတူလိုက်ပြန်သည်။

သူတို့ သုံးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် ထိုင်ရာမှ ပြိုင်တူ ထ,ရပ် လိုက်ကြ လေတော့သည်။

* * *

## ညွှတ်ကွင်းအတွင်းမှ သားကောင်

လေပြည်လေညင်း ငွေ့ယမ်း တိုက်ခတ်လာသည်။

မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံလာသည်။

ပန်းဥယျာဉ်အတွင်းဝယ် ရောင်စုံပန်းများ ငွားငွားစွင့်စွင့် ပွင့်နေကြ၏။

ပျားပိတုန်း လိပ်ပြာများလည်း ဟိုမှ သည်မှ ဝဲပျံကာ ပန်းဝတ်ရည် စုပ်ယူနေကြလေသည်။

ပန်းဥယျာဉ်အတွင်းရှိ ကျောက်ပြားခင်းထားသည့် လမ်းကလေး အတိုင်း လူနှစ်ယောက် လျှောက်လှမ်း လာနေကြသည်။

ထိုလူနှစ်ယောက်မှာ လုလင် တစ်ယောက်နှင့် လုံမငယ် တစ်ယောက်တို့ ဖြစ်ကြ၏။

လုလင်မှာ ဝမ်းထင်း ဖြစ်သေသည်။

လုံမငယ်သည်ကား ရွှေစွန်ရဲစန်းကျင်း၏သမီး စန်းကျူး ဖြစ်လေသည်။

စန်းကျူးနှင့် ဝမ်းထင်းတို့ တွေ့ဆုံကြသည်မှာ ကြာမြင့်လှသေးသည်တော့ မဟုတ်ပါချေ။

သို့သော် သူတို့သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် တွေ့ဆုံခဲ့ကြသူများပမာ ရင်းရင်းနှီးနှီး ရှိနေကြပြီ ဖြစ်လေသည်။

ပန်းဥယျာဉ်အတွင်းသို့ ရောက်လျှင်

'သိပ်သာယာတာပဲနော်....အစ်ကို'

စန်းကျူးက ကြည်လင်သော အပြုံးဖြင့် ပြောလေသည်။

ဝမ်းထင်းလည်း ပြုံးလိုက်သည်။

'ဒါပေါ့ ညီမရယ်၊ အလှနတ်သမီးခလေးတစ်ပါး ရောက်သွားတဲ့ အရပ်တိုင်း သာယာလှပသွားရမှာပေါ့'

ဟု ပြောလိုက်၏။

စန်းကျူး သဘောကျသွားပြီး တခစ်ခစ် ရယ်မောလိုက်လေသည်။



'ဟင်း....ဟင်း....ဟင်း....အစ်ကိုက သိပ်ကို မြှောက်ပြောတတ်တာပဲ'

'မြှောက်ပြောတာ မဟုတ်ရပါဘူး ညီမရယ်၊ အစ်ကို ဘဝတစ်သက်တာမှာ ညီမလို ရှားမှရှားတဲ့ အလှရတနာမျိုး မတွေ့ခဲ့ဖူးသေးပါဘူး၊ အစ်ကိုဟာ လုရန်မြို့က မပြန်ချင်အောင် ဖြစ်နေရပါပြီ'

ဝမ်းတင်း၏စကား ကြားလျှင် စန်းကျူးက

'အစ်ကို့ကို ဘယ်သူက ထွက်သွားလို့ ပြောလို့လဲ'

'မပြောနိုင်ဘူးလေ၊ တစ်နေ့ အစ်ကို့ကို နှင်ထုတ်လိုက်လေမလားလို့တွေးပြီး အိပ်မပျော်တဲ့ရက်တွေ များလှပါပြီကွယ်'

'အို....အစ်ကိုရယ်'

စန်းကျူးက ပန်းဥယျာဉ်အတွင်းရှိ ကျောက်ထိုင်ခုံ တစ်ခုတွင် ထိုင်ချလိုက်၏။

ဝမ်းထင်းက သူမ၏ နံဘေး၌ကပ်ကာ ထိုင်ချလိုက်သည်။

သူက ဗျတ်စောင်းကို ရင်ခွင်ပိုက်ကာ

'ညီမ ခွင့်ပြုမယ်ဆိုရင် အစ်ကိုတော့ တစ်ပုဒ်လောက် တီးခတ်ပြချင်ပါတယ်ကွယ်'

ဟု ခွင့်ပန်လိုက်လေသည်။

စန်းကျူး ခေါင်းညိတ်လိုက်သည်။

'ပြောနေရသေးသလား အစ်ကိုရယ်၊ ညီမဟာ အစ်ကိုရဲ့ လက်သံကို အမြဲတမ်း နားဆင်နေချင်သူပါ'

'ဒါဖြင့် ညီမ နားထောင်တော့နော်'

'ဟုတ်ကဲ့'

ဝမ်းထင်းက ကျွမ်းကျင်လိမ္မာစွာဖြင့် တေးသီချင်း တစ်ပုဒ် တီးခတ်လိုက်လေသည်။

တေးသံ ချိုလွင် သာယာစွာ ပေါ်လာလေသည်။

စန်းကျူးက စိတ်ဝင်စားစွာ နားစွင့်နေသည်။

တေးသံတွင် စိတ်အာရုံ နစ်မြုပ်သွား၏။

ဝမ်းထင်းလ စန်းကျင်းအား ညွှတ်ကွင်းအတွင်း ဝင်လာစေရန် အစွမ်းကုန် ကြိုးစားလေတော့သည်။

တေးသံသည် သံစဉ်အမျိုးမျိုး ပြောင်းလဲသွားလေသည်။

စန်းကျူး၏ ရင်ထဲဝယ် ချစ်သူ၏ရင်ခွင်ထဲ တိုးဝင်လိုစိတ်များ ဖြစ်ပေါ်လာ၏။

လှပပြီး အရွယ်ရောက်နေသည့် မိန်းကလေးတစ်ယောက်သည် ချစ်ရသူ တစ်ယောက်အား မျှော်လင့်မိကြမည် မဟုတ်ပါလား။

သူမသည် ဝမ်းထင်းအပေါ် တိမ်းညွှတ်မိပြီ ဖြစ်လေသည်။

သူမအား မည်သူမျှ တားဆီး၍ ရတော့မည် မဟုတ်ပါ။

ရုတ်တရက် တေးသံ တိတ်ဆိတ် ကွယ်ပျောက်သွား၏။

စန်းကျူး၏ မျက်လုံးများ ရီဝေနေသည်။

ဝမ်းထင်းကို ကြည့်လိုက်၏။

ဝမ်းထင်းက ပြုံးပြလိုက်သည်။

စောင်ကိုဘေးချကာ လက်နှစ်ဘက် ဆန့်တန်းရင်း....

'ညီမ....'

ဟု ခေါ်လိုက်လေသည်။



စန်းကျူးသည် ဘာဆိုဘာမျှ မစဉ်းစားတော့ဘဲ ဝမ်းထင်း၏ ရင်ခွင်ထဲ တိုးဝင်လိုက်လေသည်။

ဝမ်းထင်းက အလိုက်သင့် ပွေ့ဖက်ထားလိုက်၏။

ပိတုန်းတစ်ကောင်သည် တဝီဝီမြည်ကာ ပျံဝဲရင်း ဖျပ်ခနဲ ပန်းပွင့်တစ်ပွင့်ပေါ် နားခိုလိုက်၏။

ထို့နောက် ချိုမြိန်သော ပန်းဝတ်ရည်ကို စုပ်ယူ သောက်သုံးနေလေတော့သည်။

* * *

'ဟေး....'

စန်းတုံး ဝမ်းသာအားရ ဖြစ်သွားလေသည်။

လက်နှစ်ဘက် ဆန့်တန်းကာ အော်ဟစ်လိုက်၏၊

ယနေ့သည် သူ့အတွက် ကံကောင်းသည့် နေ့တစ်နေ့ မဟုတ်ပါလား....။

ငါးများချိတ် စားသောက်ဆိုင်၏ အနောက်ဘက်ရှိ လောင်းကစားခန်းမအတွင်း၌ ရောက်ရှိနေခြင်း ဖြစ်ပေသည်။

စန်းတုံး၏ဘေး၌ အဘိုးအိုတစ်ယောက် ရှိနေ၏။

ထို အဘိုးအို၏အမည်ကို ယန်ဝီးဟု သိရလေသည်။

အဘိုးအိုသည် မျက်လှည့်ပြရာ၌ အလွန်တော်သူ ဖြစ်၏။

လောင်းကစားရာ၌လည်း လက်ဖျားခါရသူ ဖြစ်ပေသည်။

စန်းတိုးသည် လောင်းကစား ပညာနှင့်ပတ်သက်ပြီး ယန်ဝီးကို ဆရာတင်မိပြီဖြစ်သည်။

ယန်ဝီးအ သူ့အား မည်သို့မည်ပုံ လိမ်ညာကစားရမည်ကို သင်ကြားပေး၏။

ယခု စန်းတိုးက လောင်းကစားဝိုင်းတွင် ယန်ဝီး သင်ပေးသည့် ပညာများအသုံးပြုကာ လိမ်လည် ကစားနေခြင်း ဖြစ်သည်။

တို့ကြောင့်လည်း ပွဲတိုင်း အနိုင်ရရှိနေခြင်း ဖြစ်ပေတော့သည်။

ကစားတိုင်း ရှုံးခဲ့သူမို့ ယခုလို အနိုင်ရရှိလာသောအခါ ဝမ်းသာအားရ ဖြစ်နေမိခြင်းပင်။

သူ၏ မိတ်ဆွေ သူငယ်ချင်းများက....

'စန်းတိုး ဒီကနေ့ ကံကောင်းနေပါလား'

'ဟုတ်တယ်ဟေ့ သူ့ချည့်ပဲ နိုင်နေတယ်'

'ဝိုင်းပြီးရင်တော့ သူ့ကို ကျွေးမွေးပြုစုခိုင်းရမှာပဲ'

တစ်ယောက်တစ်ပေါက် ပြောကြလေသည်။

စန်းတိုးသည် လောင်းကစားဝိုင်း၌ ရှိသမျှငွေအားလုံး၏ သုံးပုံနှစ်ပုံခန့်ကို အနိုင်ရနေပြီ ဖြစ်လေသည်။

အခြေအနေကို စောင့်ကြည့်နေသည့် ယန်ဝီးက....

'ကဲ....တော်လောက်ပြီ၊ နောက်နေ့မှ ဆက်ကစားကြတာပေါ့....'

ဟု တီးတိုး သတိပေးလိုက်သည်။

ပြီးလျှင် ထိုင်ရာမှ ထလိုက်လေသည်။



စန်းတိုး မကျေမနပ် ဖြစ်သွား၏။

ဆက်ကစားလျှင် တစ်ဝိုင်းလုံးရှိသမျှ သူ အနိုင်ရမည် ဖြစ်လေသည်။

သို့သော် ယန်ဝီးက ထရပ်လိုက်ခြင်းကြောင့် မသချင်သချင်ဖြင့် ထလိုက်ရ၏။

သူတို့နှစ်ယောက် အပြင်ထွက်လာကြသောအခါ စန်းတိုး၏ မိတ်ဆွေများ နောက်မှ လိုက်လာကြလေသည်။

'ဟေ့ စန်းတိုး ဒီကနေ့ မင်းနိုင်တယ်'

'ဟုတ်တယ် တို့ကို ဘာကျွေးမလဲ'

'မကျွေးလို့ဘယ်ရမလဲ တစ်ဝကျွေးရမှာပေါ့'

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြလေသည်။

စန်းတိုးက ယန်ဝီးကို လှမ်းကြည့်လိုက်၏။

ယန်ဝီး ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်သားပဲ၊ မင်းရဲ့မိတ်ဆွေတွေအတွက် အနည်းဆုံး ငွေငါးထောင်လောက် အကုန်အကျ ခံသင့်တာပေါ့၊ သူတို့အတွက် စီစဉ်ပေးပြီးရင် တို့တစ်နေရာရာမှာ အေးအေးဆေးဆေး နားကြမယ်'

ဟု ပြောလိုက်လေသည်။

ယန်ဝီး ဆိုလိုသည့် စကားအဓိပ္ပါယ်ကို စန်းတိုးနားလည်သဘောပေါက်မိ၏။ ထို့ကြောင့်....

'ကဲ သူငယ်ချင်းတို့ ကြိုက်သလို စားသောက်ကြပေတော့'

ဟု ပြောကာ ငွေငါးထောင် ထုတ်ပေးလိုက်သည်။

သူကိုယ်တိုင်ကမူ ယန်ဝီးနောက်သို့ လိုက်သွား၏။

သူ၏မိတ်ဆွေ သူငယ်ချင်းများမှာလည်း ငွေရပြီမို့ နှောက်ယှက်ခြင်း မပြုတော့ပဲ နေရစ်ခဲ့ကြလေသည်။

ယန်ဝီးက မြို့ထဲရှိ စားသောက်ဆိုင် တစ်ဆိုင်ဆီသို့ဦးတည်သွား၏။ စန်းတုံးလည်း လိုက်သွားလေသည်။

စားသောက်ဆိုင်အတွင်းသို့ဝင်ကာ ချောင်ကျကျ စားပွဲတစ်လုံး၌ ထိုင်လိုက်ကြ၏။

စန်းတုံးကပင် ဦးဆောင်ကာ အရက်နှင့် စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်။

ယန်ဝီးက....

'စန်းတုံး....'

'ခင်ဗျာ ပြောပါဆရာ'

'မင်းက သိပ်ပြီး လောဘကြီးတယ်၊ တကယ်လို့ တစ်ဝိုင်းလုံးမှာရှိတဲ့ ငွေတွေအားလုံး အနိုင်ရအောင်ကစားရင် ဘာဖြစ်မလဲဆိုတာ မင်းသိရဲ့လား'

'ကျွန်....ကျွန်တော်....'

'အေး....မင်းက လိမ်ညာပြီး ကစားနေတယ်ဆိုတာ သူတို့ ရိပ်မိသွားကြမှာပဲ'

စန်းတုံး သက်ပြင်းချလိုက်သည်။

'ကျွန်တော် မှားသွားပါတယ် ဆရာ'

'အခုဆိုရင် မင်းကို သူတို့ အထင်မခသေး ရဲတော့ဘူး၊ မ ်းဝင်ကစားလိုက်တာနဲ့ မျက်လုံးဒေါက်ထောက်ကြည့်နေကြတော့မှာပဲ၊ မင်းကပိပိရိရိ လိမ်ရင်လိမ် မလိမ်နိုင်ရင် မင်းဒုက္ခရောက်မှာပဲ'



စန်းတုံး သက်ပြင်းချလိုက်လေသည်။

ကစားရာ၌ လောကြီး သွားကြောင်း သူ ကိုယ်တိုင်လည်း နားလည်ထားလေသည်။

ယန်ဝီးက....

'လောင်းကစားမှုဆိုတာ ငွေနဲ့ပတ်သက်နေတယ်၊ ငွေနဲ့ပတ်သက် လာရင် လူတွေရဲ့ စိတ်ထားဟာ ကြောက်စရာကောင်းအောင် ပြောင်းလဲ သွားတတ်ကြတယ် ဆိုတာ မင်းနားလည်ရမယ်၊ အနိုင်ရတိုင်း မယူရဘူး၊ မင်းက ရှိသမျှအားလုံး အနိုင် ယူလိုက်မယ် ဆိုရင် အားလုံးဟာ မင်းကို ဂရုစိုက်လာကြလိမ့်မယ်၊ တစ်ယောက်မဟုတ် တစ်ယောက်က မင်း လိမ်ပြီး ကစားနေတယ်ဆိုတာကို ရိပ်မိ သွားလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

စန်းတုံး ခေါင်းညိတ်လိုက်၏။

'စိတ်ချပါ ဆရာ၊ နောက်ဆို ကျွန်တော် သတိထားပါ့မယ်'

ဟု ဝန်ခံလိုက်သည်။

ယန်ဝီးက....

'ငါက စီမံဖွဲ့စည်းကြာနေနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် အချိန်ရတုန်း ငါ့ရဲ့ မျက်လှည့်ပညာတွေ မင်းကို သင်ပေးခဲ့မယ်'

'ကျေး....ကျေးဇူးပါပဲ ဆရာရယ်'

'အေး....ဒီကနေ့တော့ မဟုတ်သေးဘူး၊ မင်း အဆင်သင့်ဖြစ်ထားပေါ့၊ တစ်ရက် နှစ်ရက် အတွင်း မြို့ပြင်က ရှေ့ရှင်းတဲ့ တစ်နေရာရာကို သွားပြီး သင်ကြမယ်'

စန်းဆုံးမှာ ပညာ သင်ရမည် ဆိုခြင်းကြောင့် ဝမ်းသာနေသော်လည်း ယန်ဝီး ထွက်သွားတော့မည်ဟု သိရသဖြင့် စိတ်မကောင်း ဖြစ်နေ၏။

မည်သို့ ဆိုစေ သူသည် လူရှန်မြို့တွင် အကောင်းဆုံး လောင်းကစားသမား တစ်ယောက် ဖြစ်လာပေလိမ့်မည်။

သူ၏ ဆန္ဒ ပြည့်ဝတော့မည် မဟုတ်ပါလား။

သူတို့ နှစ်ယောက် စားသောက်ဆိုင်မှ တိတ်ဆိတ်စွာပင် ပြန်ထွက်လာ ခဲ့ကြလေတော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ကွယ်ပျောက်သွားတော့မည် ဖြစ်လေသည်။

အမှောင်ရိပ်များသည် လူရန်မြို့တွင်းသို့ ချင်းနင်း ဝင်ရောက်လာသည်။

အိမ်တိုင်း အိမ်တိုင်းလိုလို မီးထွန်းညှိ ထားလိုက် ကြပြီ ဖြစ်လေသည်။

မိုးချုပ်တော့မည်မို့ လမ်းပေါ်တွင် လူသွားလူလာ ရှင်းစပြုလာပြီ ဖြစ်လေသည်။



လူရန်မြို့၏ အနောက်ဘက်အခြမ်းရှိ လမ်းကြားကလေးတစ်ခုအတွင်း၌ အိမ်ကလေးတစ်လုံး ရှိနေပါ၏။

ထိုအိမ်ကလေးမှ မီးရောင်များ ထွက်ပေါ်နေသည်။

အိမ်တိုင်း အိမ်တိုင်း မီးရောင် ထွက်ပေါ် နေသည်မို့ ဆန်းလှသည်တော့ မဟုတ်ပါ။

ဆန်းကြယ်သည်မှာ အိမ်ထဲရှိ စားပွဲ တစ်လုံး၌ ဝိုင်းဖွဲ့ထိုင်နေသူ လေးယောက်ဖြစ်လေသည်။

ထိုလူလေးယောက်မှာ သိုင်းလောက၌ မကောင်းသတင်းဖြင့် ကျော်ကြားနေကြသူများ ဖြစ်ပေသည်။

ထိုလူ လေးယောက် လူရန်မြို့သို့ ရောက်ရှိ နေသည်ကို သိုင်းလောကသားများ သိခဲ့ကြပါလျှင်....

ထိုလူ လေးယောက် ယခုလို စုရုံး နေကြသည်ကို သိခဲ့ကြပါလျှင်....

ထိုလူ လေးယောက်မှာ....

အမာရွတ်၊ ပွဲစား၊ မင်းသားနှင့် မျက်လှည့်ဆရာတို့ ဖြစ်ကြလေသည်။

သူတို့သည် စားပွဲတစ်လုံး၌ မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

မျက်လှည့် ဆရာက အရက်ကို တစ်ခွက်ပြီး တစ်ခွက် ငှဲ့သောက်နေသည်။ မင်းသားက အစားအသောက်များကို စားသောက်နေလေသည်။

အမာရွတ်နှင့် ပွဲစားမှာမူ မလှုပ်မယှက် ထိုင်နေ၏။

အမာရွတ်၏ မျက်နှာ တည်ခနေသလို ပွဲစား၏ မျက်နှာတွင်အရေးကြီးသည့် အသွင်သဏ္ဌာန် ရှိနေသည်။

အခန်းတွင်းဝယ် တိတ်ဆိတ် ငြိမ်သက်မှု လွှမ်းမိုး နေသည်။

'အဟမ်း'

အမာရွတ်က ချောင်းတစ်ချက် ဟန့်လိုက်သည်။

သူ၏ ချောင်းဟန့်သံကြောင့် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွား ကြသည်။ အမာရွတ်ကို လှမ်းကြည့် လိုက်ကြလေသည်။

အမာရွတ်က....

'ကျုပ်တို့ စကားပြောဖို့ အချိန်ရောက်ပြီ'

ဟု စကားစ လိုက်လေသည်။

ပွဲစား ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ အချိန်ကျပြီ'

ဟု သံယောင်လိုက်ကာ ပြောလိုက်၏။

မင်းသားက....

'ကောင်းတယ်၊ ကျုပ်ကလဲ ဘာလုပ်ရမယ် ဆိုတာကို ပြတ်ပြတ်သားသား သိချင်နေတာ'

ဟု ပြောလေသည်။

မျက်လှည့်ဆရာကမူ သဘောကျစွာ ပြုံးလေသည်။

အမာရွတ်က....

'ကျုပ်ဟာ ရွှေစွန်ရဲ့ စန်းကျင်းကို ရှင်းပစ်ဖို့ စီစဉ်နေတယ်ဆိုတာ အားလုံး သိကြလိမ့်မယ်'



ပြောပြီး အားလုံးကို ဝေ့ကြည့်လိုက်လေသည်။

အားလုံးက ရှေ့ဆက် ပြောမည့် သူ၏စကားကို နားစွင့်နေကြ၏။

အမာရွတ်က ဆက်ပြောလိုက်သည်။

'စန်းကျင်းဟာ ဘယ်လိုလူစားဆိုတာ အားလုံးကသိကြပါတယ်၊ ဒါကြောင့် ကျုပ်က ခင်ဗျားတို့ နှစ်ယောက်ကို ခေါ်လိုက်ရတာ'

မင်းသားက....

'ကျုပ်ကိုခေါ်လိုက်တာ ဟုတ်ပါပြီ၊ ခင်ဗျားက ကျုပ်အတွက် စီစဉ်ပေးတဲ့ အလုပ်ဟာ တော်တော်ကို စိတ်ဆင်းရဲစရာ ကောင်းနေတယ်ဗျ'

ဟု ပြောလာသည်။

အမာရွတ်က....

'ဘာဖြစ်လို့လဲ ပြောစမ်းပါဦး'

'ဘာဖြစ်ရမလဲ၊ စန်းကျင်းရဲ့ သမီး စန်းကျူး ဟာ တော်တော်ချောနေလို့ပေါ့ဗျာ'

ထိုစကားကြားလျှင်၊

'ဟား ဟား ဟား'

မျက်လှည့်ဆရာက သဘောကျစွာ ရယ်မော လိုက်လေတော့သည်။

ပွဲစားလည်း ပြုံးစိစိ ဖြစ်သွား၏။

အမာရွတ်က....

'ခင်ဗျားဟာ မိန်းမချောလေးတွေနဲ့ အကျိုးပေးတယ် ဆိုတာ ကျုပ် သိပါတယ်၊ ဒါကြောင့် ခင်ဗျားကို ရွေးပြီး ငှားလိုက်တာပေါ့၊ ကဲ....ခင်ဗျားရဲ့ အခြေအနေ ဘယ်လို ရှိတယ် ဆိုတာ ပြောစမ်းပါဦး'

ဟု မေးလိုက်သည်။

မင်းသား ပြုံးလိုက်သည်။

ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချသည့် သဘောဖြင့် ရင်ကော့ လိုက်ပြီး....

'သူဟာ ကျုပ်ကို မတွေ့ရရင် မနေနိုင်တော့တဲ့ အခြေ အနေကို ရောက်နေပြီလို့ ကျုပ် ပြောနိုင် တယ်၊ ကဲ.... ဘယ်လိုလဲ ခင်ဗျားတို့ ယုံကြရဲ့လား'

မျက်လှည့်ဆရာက....

'ဒီလိုပြောတဲ့လူပေါ့ ကျုပ် အများကြီး တွေ့ဖူးတယ်၊ နောက်ဆုံးတော့ ကောင်မလေးတွေက ခြေစုံကန်ပြီး ထွက် သွားတာကို ခံလိုက်ကြရတာချည်းပဲ'

ဟု ကြားငင် ပြောလေသည်။

မင်းသား ကွဲမြီးတိုသွားသည်။

'စန်းကျင်းရဲ့ သမီးဟာ ကျုပ်ရဲ့ရင်ခွင်ထဲမှာ အရှုံးအမှုံးဖြစ် ခဲ့တယ်ဆိုရင်ကော ခင်ဗျား ဘာပြောမလဲ'

ဟု ဒေါ်ပွပွဖြင့် ပြောလိုက်၏။

မျက်လှည့်ဆရာ ပါးစပ်ပိတ်ထားလိုက်လေသည်။

အမာရွတ် လက်ကာပြလိုက်သည်။



'ကောင်းပြီလေ၊ ခင်ဗျားက သူ့ကို စည်းရုံး သိမ်းသွင်း နိုင်ခဲ့ပြီဆိုရင် မနက်ဖြန် ညနေပိုင်းမှာ သူ့ကို အရှေ့ဘက် မြို့ပြင်က ဘုံကျောင်းပျက်တစ်ခုကို ခေါ်လာခဲ့ပါ၊ ဘုံကျောင်း ပျက် ရောက်တာနဲ့ သူ မလှုပ်နိုင်အောင် လုပ်ထားဖို့ လိုလိမ့် မယ်၊ ဒီလိုလုပ်ပြီးရင် ခင်ဗျား တာဝန်ကျေပါပြီ၊ သူ့ကို ထားပစ်ခဲ့ပြီး ထွက်သွားနိုင်တယ်'

မင်းသား လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'ကျုပ်တာဝန်ပြီးပြီ ဟုတ်လား'

'ဟုတ်တယ်'

'တောက်....နှမြောစရာကောင်းလိုက်တာ၊ သူ့ကို ကျုပ်က ခေါ်သွားလို့ မဖြစ်ဘူးလား'

အမာရွတ် ပြုံးလိုက်သည်။

'စန်းကျင်းကို ရှင်းပြီးသွားပြီဆိုရင်တော့ ခင်ဗျားအတွက် လက်ဆောင်ပေးနိုင်ပါတယ်ဗျာ'

ထိုအခါ မင်းသား ကျေနပ်သွားလေသည်။

'ကျေးဇူးပဲဗျို့'

အမာရွတ်က မျက်လှည့်ဆရာဘက် လှည့်လိုက်သည်။

'ခင်ဗျားကော'

ဟု မေးလိုက်လေသည်။

မျက်လှည့်ဆရာ သဘောကျစွာ ပြုံးလိုက်ပြီး....

'သူ့ကို ကျုပ်က အချိန်မရွေး ခေါ်လာနိုင်ပါတယ်ဗျာ'

ဟု အာမခံလေသည်။

အမာရွတ်က....

'ခေါ်လာနိုင်တာ ဟုတ်တယ်၊ သူ့ကို မလှုပ်ရှားနိုင်အောင် လုပ်ပြီး ကျုပ်လက်ထဲအပ်ဖို့ ဆိုတာကော'

'ဒါ လွယ်ပါတယ်ဗျာ'

'ကောင်းပြီ၊ မနက်ဖြန် ညနေ—အရှေ့ဘက် မြို့ပြင်က တံကျောင်းပျက်ကို ခေါ်လာခဲ့ပါ'

မျက်လှည့်ဆရာနှင့် မင်းသားတို့ ပါဝင်နေရသည့် အခန်းကဏ္ဍမှာ ပြီးဆုံးသွားပြီ ဖြစ်လေသည်။

အမာရွက်သည် သူ၏ အစီအစဉ်ကို အပြီးသတ် အကောင်အထည် ဖော်ပေလိမ့်မည်။

အမာရွတ်က....

'ဟောဒီမှာ ခင်ဗျားတို့နှစ်ယောက်အတွက် တစ်သိန်းတန် ငွေလွှဲ လက်မှတ်တွေ'

ပြောပြောဆိုဆို ငွေလွှဲ လက်မှတ်နှစ်စောင် ထုတ်ယူကာ ပေးလိုက်လေသည်။

ကျား၊အာမခံဌာန တံဆိပ်ပါသော ငွေလွှဲလက်မှတ်များ ဖြစ်ကြပေသည်။

မင်းသားနှင့် မျက်လှည့်ဆရာတို့ သဘောကျသွားကြ၏။

ငွေလွှဲလက်မှတ်များ ယူကာ သိမ်းဆည်းထားလိုက်ကြလေသည်။

အမာရွတ်က လက်ဝှေ့ယမ်းပြလိုက်သည်။

'ခင်ဗျားတို့ သွားနိုင်ပါပြီဗျာ'

ဟု ပြောလိုက်၏။

မင်းသားနှင့် မျက်လှည့်ဆရာတို့ ထိုင်ရာမှ ထ,လိုက်ကြ၏။



မင်းသားက....

'ခင်ဗျား ပြောသွားတဲ့ စကား မမေ့နဲ့နော်'

အမာရွတ်ကို ကြည့်ကာ ပြောလေသည်။

အမာရွတ် ခေါင်းညိတ်ပြလိုက်သည်။

'စိတ်ချစမ်းပါ၊ စန်းကျင်းသာ သေသွားပါစေ၊ ခင်ဗျားစိတ်တိုင်းကျ ဖြစ်စေရမယ်'

'ကျေးဇူးပဲဗျို့'

မင်းသားက ကျေနပ်စွာ ပြောလိုက်သည်။

ထို့နောက် မျက်လှည့်ဆရာနှင့်အတူ အိမ်ကလေးအတွင်းမှ ထွက်သွားလေသည်။

သူတို့ ထွက်သွားသောအခါ အိမ်ထဲဝယ် အမာရွတ်နှင့် ပွဲစားတို့ နှစ်ယောက်သာလျှင် ကျန်ရစ်ခဲ့ကြပေတော့သည်။

* * *

မင်းသားနှင့် မျက်လှည့်ဆရာတို့ ထွက်သွားကြပြီ ဖြစ်လေသည်။

ထိုအခါမှ အမာရွတ် သက်ပြင်းချလိုက်သည်။

ပွဲစားကို ကြည့်ကာ....

'သူတို့နှစ်ယောက်အပေါ် ဘယ်လို သဘောရသလဲ'

ဟု မေးလိုက်၏။

ပွဲစား ခေါင်းညိတ်လိုက်သည်။

'မဆိုးပါဘူး၊ တာဝန်ကျေအောင် လုပ်ကြတဲ့ လူတွေပါပဲ'

'သူတို့က ကျုပ်နဲ့ပတ်သက်နေတော့ အလုပ်ရှင်က သဘောကျပါ့မလား'

ပွဲစားမှာ ထိုမေးခွန်းကို မဖြေနိုင်သဖြင့် ပါးစပ်ပိတ်ထားလိုက်ရလေသည်။

အမာရွတ်က....

'သူတို့က တာဝန်ကျေကြတယ်ဆိုရင် ခင်ဗျားကော'

ဟု မေးလိုက်လေသည်။

ပွဲစား အထိတ်တလန့် ဖြစ်သွား၏။

'ကျုပ် ဘာလုပ်မိလို့ဗျာ'

ဟု ကပျာကယာ ပြန်မေးလေသည်။

အမာရွတ်က....

'အလုပ်ရှင်တွေက ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျားစုံစမ်းရမယ်လို့ ကျုပ်ပြောခဲ့တယ်လေ'

ဟု ပြောလိုက်သည်။

ပွဲစား သက်ပြင်းချလိုက်လေသည်။

'ကျုပ် စုံစမ်းကြည့်ခဲ့ပါတယ်ဗျာ'

'ဒီလိုဆိုရင်....'

'သူအားလုံး သုံးယောက်ရှိတယ်၊ ဘယ်သူဘယ်ဝါဆိုတာ မသိရပေမယ့် ကျော်ကြား ထင်ရှားတဲ့လူတွေ၊ လူသိများကြတဲ့ လူတွေဆိုတာတော့ အမှန်ပဲဗျ'

ပြောရင်း အမာရွတ်ကို လှမ်းကြည့်လိုက်လေသည်။



အမာရွတ်က သူ့အား စိုက်ကြည့်နေသည်။

ပွဲစားက ဘက်ပြင်းချကာ ရှေ့ဆက်ပြောလိုက်လေသည်။

'အဲဒီ လူသုံးယောက်မှာ တစ်ယောက်က ကျားအာမခံဌာနနဲ့ ပတ်သက်နေတယ်ဆိုတာ ထင်ရှားတယ်ဗျ'

'ဘယ်လို ထင်ရှားတာလဲ'

'သူဟာ ငွေပေးတိုင်း ကျားအာမခံဌာနက ငွေလွှဲ လက်မှတ်တွေပဲ ပေးတယ်၊ သူ့ရဲ့ငွေလွှဲလက်မှတ်ကို ဘယ်သူမှ မစစ်ဆေးကြဘူး၊ အာမခံဌာနဆိုတာ ဝေ့စပ် သေချာကြတာချည်းပဲ၊ ကျုပ် သတိထားကြည့်တော့ ကျုပ်ငွေထုတ်တိုင်း ကျုပ်ရခဲ့တဲ့ ငွေလွှဲသက်မှတ်ကို အာမခံဌာနက လူတွေဟာ တခြား ငွေလွှဲလက်မှတ်တွေနဲ့မရောပဲ ဘေးဖယ်ထားလိုက်ကြတယ်၊ ငွေကိုလဲ ချက်ချင်း ထုတ်ပေးတယ်၊ ကျုပ်က မသိမသာ စုံစမ်းကြည့်တဲ့အခါ ကျုပ်ယူလာတဲ့ငွေလွှဲလက်မှတ်ဟာ ကျားအာမခံဌာနမှာ ဩဇာအရှိဆုံးလူနဲ့ ပတ်သက်နေတယ်ဆိုတာ သိခဲ့ရတယ်'

'ဘယ်သူလဲ'

'ကျား အာမခံဌာနပိုင်ရှင် ကျန်းချစ်ပါ'

အမာရွတ် ပြုံးလိုက်လေသည်။

ကျန်းချစ်သည် အာမခံဌာနကို ထူထောင်ထားပြီး ချမ်းသာ ကြွယ်ဝနေသူ ဖြစ်သည်။

အခြားသော အာမခံဌာနများမှ အာမခံပစ္စည်းများ လုယက် တိုက်ခိုက်ခြင်း ခံရသည်ဟု မကြာခဏ ကြားခဲ့ရသော်

လည်း ကျား အာမခံဌာနမှုပစ္စည်းများ လုယက်တိုက်ခိုက်ခြင်း ခံရသည်ဟူ၍ မကြားဖူးချေ။

ကျန်းချစ်သည် အမာရွတ် အတွက် ဝိတ်ဝင်စားစရာကောင်းသူ ဖြစ်လာပြီ။

ပွဲစားက ဆက်ပြောလိုက်သည်။

'ကျန်းချစ်ဟာ ရွှေစွန်ရဲ စန်းကျင်းနဲ့ အတော်ကို ခင်မင်ရင်းနှီးကြတယ်၊ သူတို့နှစ်ယောက်အပြင် အာကာသား ရှမ်းယို့ချူးနဲ့ သိုင်းဆရာ စုအိမ်းတို့ဟာ သွေးသောက်လေးဖော်လို့ အများက တင်စားခေါ်ရအောင် ရင်းရင်းနှီးနှီး ရှိခဲ့ကြသူတွေပဲ'

အမာရွတ်က....

'သူတို့လေးယောက်မှာ စန်းကျင်းကို နှုတ်လိုက်ရင် ဘယ်နှစ်ယောက်ကျန်မလဲ'

'သုံးယောက်ကျန်မှာပေါ့'

'ခင်ဗျားကို ခိုင်းနေတဲ့လူတွေဟာ သုံးယောက်ရှိတယ်ဆို'

'ဗျာ....'

ပွဲစား ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

အမာရွတ်က....

'သူတို့လေးယောက်ဟာ ပင့်ကူကို သုတ်သင်ရှင်းလင်းရာမှာ လက်တွဲ ဆောင်ရွက်ခဲ့ကြတယ်ဆိုတာသိရင် မင်းပိုပြီးအံ့သြသွားမှာပေါ့၊ အခြေအနေကို ကျုပ် ရိပ်မိပါပြီ၊ အခုမင်းလုပ်ရမှာက အကောင်းဆုံး အပြေးအသန်ဆုံး မြင်းတစ်ကောင် ရှာပေးဖို့ပဲ'



ပွဲစား ပါးစပ် ပိတ်ထားလိုက်လေတော့သည်။

အမာရွတ်က....

'မနက်ဖြန် စန်းကျင်းကို ရှင်းပစ်လိုက်မယ်၊ စန်းကျင်းသေသွားတာနဲ့ ကျုပ်တို့အလှည့် ရောက်လာမှာပဲ မင်းကသူတို့ကိုရင်ဆိုင်မယ်ဆိုရင် အသက်ကို မနှမြောနဲ့၊ ဒါမှ မဟုတ်ရင် ဝေးဝေးကို ပြေးပေတော့'

ဟု ပြောလိုက်လေသည်။

* * *

## အန္တရာယ်ပျိုးသော စာတစ်စောင်

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

ရယ် မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

စန်းကျင်းနှင့် စုအိမ်းတို့ ပြိုင်တူ ရယ်မောလိုက်ကြခြင်းဖြစ်ပေသည်။

စန်းကျင်း နေကောင်းလာသည့်နောက်ဝယ် ရှမ်းယို့ချူးနှင့် ကျန်းချစ်တို့ ရောက်လာခဲ့ကြသည်။

ယခု စုအိမ်း ရောက်လာခြင်း ဖြစ်ပေသည်။

စုအိမ်းသည် စန်းကျင်းကဲ့သို့ ထင်ရှားသော သိုင်းသမား တစ်ယောက် ဖြစ်၏။

သူသည် အမြဲတစေ အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားသဖြင့် သိုင်းလောကသမားများက သူ့အား အဖြူရောင် ဓားသမားဟု ခေါ်ကြလေသည်။

စုအိမ်းသည် စန်းကျင်းနှင့် လက်ရည်တူ အဆင့်ရှိသော သိုင်းသမားကြီးတစ်ယောက် ဖြစ်ပေသည်။

စုအိမ်း ရောက်လာသဖြင့် စန်းကျင်း အားရဝမ်းသာ ဖြစ်ကာ ကြိုဆိုနှုတ်ဆက်ခဲ့လေသည်။

သူတို့သည် စားရင်းသောက်ရင်း ရှေးဟောင်းနှောင်းဖြစ်များပြောကာ ရယ်မောကြ၏။

အတန်ကြာမှ စုအိမ်းက....

'ဒါထက် ခင်ဗျားကို အမာရွတ်က ဒုက္ခပေးဖို့ ကြိုးစားခဲ့တယ်လို့ ကျုပ်သတင်းကြားတယ်၊ ဒါက အမှန်ပဲလားဗျ'

ဟု မေးလိုက်လေသည်။

စန်းကျင်း၏ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါပေမယ့် သူ ဘာမှ မတတ်နိုင်ခဲ့ပါဘူးဗျာ'

စုအိမ်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

'သိမှန်တာပေါ့ဗျာ၊ ရွှေစွန်ရဲစန်းကျင်းဟာ နှယ်နှယ်ရရ သိုင်းသမားတစ်ယောက်မှ မဟုတ်တာ၊ အမာရွတ် သေသွားပြီပေါ့'



'သူ ထွက်ပြေးသွားတယ်၊ ဒါပေမယ့် သိုင်းလောကမှာ ရပ်တည်နိုင်တော့မှာ မဟုတ်ပါဘူးဗျာ'

'သူ အသက်ရှင်နေတယ်ပေါ့'

'ဟုတ်တယ်'

'ဟာ....ဒါဆို မိတ်ဆွေဘက်က သတိထားဖို့တော့ လိုလိမ့်မယ်၊ အမာရွတ်ဟာ အငြိုးကြီးတဲ့လူလို့ သတင်းကြီးနေတယ်ဗျ'

စန်းကျင်း ပြုံးလိုက်သည်။

'သူ ဘာမှ မတတ်နိုင်တော့ပါဘူးဗျာ'

'ဒါထက် ပင့်ကူ သေဆုံးသွားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျား ရင်ထဲမှာ မရှင်းတာတွေ ရှိနေတယ်ဆို'

'မှန်ပါတယ်ဗျာ'

'ပြောစမ်းပါဦးဗျ၊ ဒီကိစ္စကို ကျုပ်လဲ စိတ်ဝင်စားမိတယ်'

စန်းကျင်းက....

'ပင့်ကူဟာ လုယက်တိုက်ခိုက်လို့ရတဲ့ ပစ္စည်းတွေကို တစ်နေရာရာမှာ ဝှက်ခဲ့တာပဲ ဖြစ်မယ်၊ သူ့ကို နောက်ကွယ်က အကူအညီပေးနေတဲ့လူတွေ ရှိလိမ့်မယ်၊ ဘယ်သူဘယ်ဝါဆိုတာတော့ မသိသေးဘူး၊ ဒါပေမယ့် မကြာပါဘူး၊ သိရတော့မှာပါ'

ထိုစကားကြားလျှင် စုအိမ်း၏ မျက်နှာ တည်သွားလေသည်။

စန်းကျင်းက ဆက်ပြောသည်။

'ဒီလူတွေဟာ လူကြီးလူကောင်းဟန်ဆောင်မျက်နှာဖုံးစွပ်ထားတဲ့ လူတွေဆိုတာ သေချာတယ်၊ ကျုပ် သတိပြုမိတဲ့အချက်က ပင့်ကူကို သိုင်းလောကသားတိုင်း ဖမ်းဆီးဖို့ ကြိုးစားခဲ့ကြတယ်၊ ဒါပေမယ့် ဘယ်သူမှ ဖမ်းလို့ မမိခဲ့ကြဘူး၊ ကျုပ်တို့ကျတော့ လွယ်လိုက်တာလို့ ခင်ဗျား မထင်ဘူးလား'

စုအိမ်း ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ ဒါစဉ်းစားစရာပဲ'

စန်းကျင်းက....

'ကျုပ်တို့ဆီကို စာတစ်စောင် ရောက်လာတယ်၊ ပင့်ကူဟာ ဘယ်နေ့ ဘယ်အချိန် ဘယ်နေရာမှာ ရှိလိမ့်မယ်ဆိုတာ ရေးထားတယ်၊ ဒါပေမယ့် ဘယ်သူဘယ်ဝါက သတင်းပေးတယ်ဆိုတာ မပါဘူး၊ ကျုပ်တို့ သွားကြတော့ ပင့်ကူကို ဆိုက်ဆိုက်မြိုက်မြိုက်ပဲ တွေ့ခဲ့ရတယ်၊ ပင့်ကူကို သူ့ရဲ့ လူတစ်ယောက်ယောက်က သစ္စာဖောက်ပြီး သတင်းပေးခဲ့ကြတာလို့ ကျုပ်တို့ ထင်မှတ်ခဲ့ကြတယ် မဟုတ်လား'

'ဟုတ်တယ်လေ'

'တကယ်တော့ ပင့်ကူကို အသုံးချနေတဲ့ လူက အသုံးမလိုတော့လို့ တဘက်လှည့်နဲ့ ရှင်းပစ်လိုက်တဲ့ သဘောပဲဗျ'

စုအိမ်း ပါးစပ်ပိတ်ထားလိုက်လေသည်။

စန်းကျင်းက....

'ပင့်ကူကို ရှင်းပစ်ဖို့ဆိုတာ မလွယ်ဘူး၊ ဒါကြောင့် ကျုပ်တို့ကို အသုံးချလိုက်တာပဲ၊ ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်ထိအောင် ပစ်လိုက်တာပေါ့ဗျာ၊ ဒါပေမယ့် ပင့်ကူ သေသွားပြီးတဲ့နောက်မှာ သူ လုယက်ခဲ့တဲ့ ပစ္စည်းတွေ ဘယ်ရောက်သွားသလဲဆိုတာဟာ ပြဿနာဖြစ်လာလိမ့်မယ်လို့ သူတို့ တွေးမိပုံ မရခဲ့ဘူးဗျ၊ ပိုဆိုးတာက ပင့်ကူရဲ့ နောက်က လူတွေအကြောင်း ဖော်ထုတ်ဖို့ ကြိုးစားနေတဲ့ ကျုပ်ကိုပါ ရှင်းပစ်ဖို့ ကြိုးစားခဲ့ကြတာပဲ'



စုအိမ်းက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး....

'အဲဒီလူတွေဟာ ဘယ်သူဘယ်ဝါဆိုတာ သိချင်လိုက်တာဗျာ၊ ကျုပ်သာ သိရမယ်ဆိုရင် တစ်ယောက်မှ သက်သာမှာ မဟုတ်ဘူး'

ဟု ပြတ်သားစွာ ပြောလိုက်လေသည်။

စန်းကျင်းက....

'မပူပါနဲ့ဗျာ၊ မကြာခင် သိရတော့မှာပါ'

ဟု ပြောလိုက်၏။

သူတို့နှစ်ယောက် စကားကောင်းနေကြစဉ်မှာပင်အိမ်ဖော်လုလင်တစ်ယောက် ခပ်သွက်သွက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလုလင်၏ လက်ထဲ၌ စာတစ်စောင် ကိုင်လာ၏။

အိမ်ဖော်လုလင်သည် စန်းကျင်းအား ဂါရဝ ပြုလိုက်ပြီး

'ကလေးတစ်ယောက်က စာတစ်စောင် လာပို့သွားပါတယ်....'

ဟု ပြောလိုက်လေသည်။

စန်းကျင်း ပြုံးလိုက်သည်။

'ကလေးတစ်ယောက်ကို အသုံးချလိုက်တယ်ဆိုတော့ စာပို့ခိုင်းတဲ့လူဟာ သူ ဘယ်သူဘယ်ဝါဆိုတာ မသိစေချင်လို့ပဲ ဖြစ်ရမယ်'

ဟု ပြောလိုက်၏။

ထို့နောက် စာကို ဖောက်ဖတ်လိုက်လေသည်။

စာထဲတွင်...

စန်းကျင်း....

မကျော့ပွဲ နွဲ့ရအောင်
မနက်ဖြန်ညနေ အရှေ့ဘက်မြို့ပြင်က ဘုံကျောင်းပျက်ကို လာခဲ့ပါ။

အမာရွတ်

ဟု ရေးသားထားသည်ကို တွေ့မြင်လိုက်ရလေသည်။

စန်းကျင်း သက်ပြင်းချလိုက်သည်။

စာကို စုအိမ်းအား မပြဘဲ လုံးချေပစ်လိုက်သည်။

စုအိမ်းက....

'ဘယ်က စာလဲဗျ'

ဟု မေးလေသည်။

စန်းကျင်းက....

'အမာရွတ်ရဲ့ စာပါ'

'အမာရွတ် ဟုတ်လား'



'ဟုတ်တယ်၊ သူက ကျုပ်နဲ့ မကျော့ပွဲ နွဲ့ချင်တယ်လို့ ပြောနေတယ်'

'ဟား....ဟား....ဟား'

စုအိမ်းက သဘောကျစွာ ရယ်မောလိုက်လေသည်။

စန်းကျင်း ပြုံးနေလိုက်၏။

စုအိမ်းက ရယ်မောလိုက်ပြီးမှ....

'ဘယ်ဆိုးလို့တုံး၊ ဒီတစ်ခါတော့ အမာရွတ်ရဲ့ အလောင်းကို သိုင်းလောကတစ်ခုလုံး တွေ့မြင်သွားအောင် ပြနိုင်တော့မယ် ထင်တယ်'

ဟု ပြောလိုက်လေသည်။

စန်းကျင်း ခေါင်းညိတ်လိုက်သည်။

'သူ ဘာမှ မတတ်နိုင်တော့ပါဘူးဗျာ'

'ဘယ်မှာ ချိန်းလိုက်တာလဲ'

စန်းကျင်း လက်ကာပြလိုက်သည်။

'ကျေးဇူးပြုပြီး မပြောပါရစေနဲ့ဗျာ'

စုအိမ်း မျက်မှောင်ကြုတ်သွား၏။

'ဘာဖြစ်လို့လဲ'

'သူဟာ ကျုပ်အတွက်မို့ပါ'

စုအိမ်း သက်ပြင်း ချလိုက်လေသည်။

'ကောင်းပြီလေ၊ တကယ်လို့ ခင်ဗျားမှာ အကူအညီ လိုတယ်ဆိုရင် ကျွားအာမခံဌာနကို လာခဲ့ပါ၊ ကျုပ်က ကျန်းချစ်ဆီမှာ ရှိနေမယ်'

စန်းကျင်းက ယခုမှ သတိရလာဟန်ဖြင့်—

'ဒါထက် ကျန်းချစ်က ကျွားအာမခံဌာနကို ဖျက်သိမ်းပစ်လိုက်တော့မယ်ဆို'

ဟု မေးလိုက်လေသည်။

စုအိမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒီလိုသတင်းတွေ ထွက်နေတာပဲ'

'ကျွားအာမခံဌာနကို ဖျက်သိမ်းလိုက်မယ်ဆိုရင် အတော်ကို လှုပ်လှုပ်ရှားရှား ဖြစ်သွားလိမ့်မယ်ဗျ'

'မှန်ပါတယ်၊ ဒါကို ကျန်းချစ် သိပါတယ်၊ သူက အားလုံးမြေလည်သွားအောင် ဖြေရှင်းပြီးမှ အာမခံဌာန ဖျက်သိမ်းတယ် ဆိုတာကို ကြေညာမှာပါ၊ အခုတော့ လျှို့ဝှက်ထားသေးတာပေါ့ဗျာ'

'သူက ဘာကြောင့် ဒီလိုလုပ်ရတာလဲ'

'သူက ချမ်းသာ ကြွယ်ဝနေပြီလေ၊ ရှေ့ဆက် အလုပ်လုပ်စရာ မလိုတော့ဘူးလို့ ယူဆပုံရတယ်၊ အသက်လဲ ကြီးလာပြီမဟုတ်လား၊ အေးအေးဆေးဆေး အနားယူဖို့ကောင်းပါပြီဗျာ'

စန်းကျင်း သက်ပြင်းချလိုက်သည်။

'မှန်ပါတယ်ဗျာ၊ ကျုပ်လဲ တစ်ခါတစ်ခါသိုင်းလောက ထနွတ်ထွက်ပြီး အေးအေးဆေးဆေး အနားယူတော့မယ်လို့ စိတ်ကူးမိတယ်၊ ဒါပေမယ့်....'

သူက စကားကို တင်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

စုအိမ်းက....



'ဘာဖြစ်လို့လဲဗျ'

ဟု မေးလေသည်။

စန်းကျင်း သက်ပြင်းချလိုက်သည်။

သူ၏ မျက်နှာတွင် စိတ်ပျက်အားလျော့သည့် အသွင်အထင်းသား ပေါ်လွင်လာလေသည်။

'ရှင်းရှင်းပြောရရင် ကျုပ် သားနဲ့ သမီးကြောင့်ပါဗျာ'

'ဘာဖြစ်လို့လဲ၊ သူတို့ နှစ်ယောက်ဟာ လိမ္မာရေးခြားရှိကြတဲ့ ကလေးတွေပဲ မဟုတ်လား'

'သူတို့က ပြန်မပြော နားမထောင်တဲ့ လူစားတွေမှာ ထိပ်ဆုံးက ပါနေကြတာပဲ၊ ကျုပ် ဘယ်လောက် ဆုံးမ ဆုံးမ သူတို့ အရေးမစိုက်ကြဘူး၊ စန်းတုံးဆိုရင်လဲ လောင်းကစားဖို့လောက်ပဲ စိတ်ကူးနေတယ်၊ ကျုပ် သမီး စန်းကျူးကလဲ လည်ပတ်ဖို့ အဝတ်အစားအသစ် ချုပ်ဖို့လောက်ပဲ တွေးနေတယ်လေ၊ သူတို့ မပြုပြင်သမျှ ကျုပ်က စိတ်အေးရပါ့မလားဗျာ'

စုအိမ်း လက်ကာပြလိုက်လေသည်။

'ကလေးတွေ ငယ်ပါသေးတယ်ဗျာ၊ သူတို့ တစ်နေ့ နားလည်လာကြမှာပါ'

စန်းကျင်း ပါးစပ် ပိတ်ထားလိုက်လေသည်။

စုအိမ်းက....

'ကဲ....ကျုပ် သွားဦးမယ်၊ နောက်မှ တွေ့ကြသေးတာပေါ့'

'ကောင်းပါပြီဗျာ'

စုအိမ်းသည် စန်းကျင်းအား နှုတ်ဆက်ကာ ထွက်သွား၏။
စန်းကျင်းက အိမ်ပေါက်ဝသို့ ရောက်သည်အထိ လိုက်ပို့ပေးခဲ့လေတော့သည်။

* * *

'အခြေအနေ ဘယ်လိုလဲ'
အမှောင်ထဲမှ အသံရှင်က မေးလိုက်လေသည်။
ပွဲစား ပြုံးလိုက်သည်။
'အားလုံး အဆင်သင့်ပါပဲဗျ'
'အမာရွတ်က စန်းကျင်းကို ရှင်းပစ်တော့မယ် ဟုတ်လား'
'ဟုတ်တယ်'
'ဘယ်တော့လဲ'
'မနက်ဖြန် ညနေ'
'ကောင်းတယ်၊ သူ့အစီအစဉ်ကို မင်း ဘယ်လို သဘောရသလဲ'
ပွဲစားက....
'စန်းကျင်း သေသွားမှာပဲ'
တိကျပြတ်သားသော လေသံဖြင့် ပြောလိုက်သည်။
အသံရှင် ကျေနပ်သွားပုံ ရ၏။
ဘာမျှ မပြောသေးဘဲ အတန်ကြာသည်အထိ ငြိမ်နေ၏။
ပွဲစားက....



'သူ့ကို နောက်ထပ် ငါးသိန်း ပေးရလိမ့်မယ်'
ဟု ပြောလိုက်သည်။
အမှောင်ထဲမှ အသံထွက်ပေါ်လာသည်။
'သူ့ရဲ့ ကိစ္စမှ မပြတ်သေးတာ'
'မှန်ပါတယ်၊ ဒါပေမယ့် ကျေးအာမခံဌာန ဖျက်သိမ်းမယ်လို့ သတင်းတွေ ထွက်နေတယ်လေ၊ ဒါကြောင့် သူက စိုးရိမ်နေတယ်'
အသံရှင် မကျေမနပ် ဖြစ်သွားပုံ ရလေသည်။
'သူ့ကို ခိုင်းပြီး ငွေမပေးဘဲ နေမယ်လို့များ ထင်နေသလား'
'အမာရွတ်က ဘယ်သူ့ကိုမှ ယုံတာ မဟုတ်ဘူးဗျ'
'ကျုပ်တို့ ကတိအတိုင်း ပေးမယ်လို့ သူ့ကို ပြောပြလိုက်ပါ'
ပွဲစား ခေါင်းယမ်းလိုက်လေသည်။
'ကျုပ်ပြောတဲ့ စကားထက် ငွေဒင်္ဂါးတွေပြောတဲ့ စကားကို သူက ပိုပြီး သဘောကျမှာပါ'
'မင်းဆိုလိုတဲ့ သဘောက'
'သူ့ကို ငွေအကြေ မပေးဘူးဆိုရင် သူက ဘာမှ ဆက်လုပ်တော့မှာ မဟုတ်ဘူးဗျ'
'ဘာကွ'
အမှောင်ထဲမှ အသံ ဟိန်းထွက်လာလေသည်။
ပွဲစား ပါးစပ် ပိတ်ထားလိုက်သည်။
အသံရှင်က

'ငွေအကြေပေးပြီးမှ သူက ဆက်မလုပ်ဘူး ဆိုရင်ကော'

ဟု မေးလေသည်။

ပွဲစား ပြုံးလိုက်သည်။

'သူက စန်းကျင်းနဲ့ ရင်ဆိုင်ပြီး သေလုမြောပါး ဒဏ်ရာ ရသွားတယ်ဗျာ၊ ဒါပေမယ့် သူက နောက်ဆုတ်မသွားဘူး၊ ဒဏ်ရာတွေ သက်သာလာတာနဲ့ စန်းကျင်းကို သုတ်သင် ရှင်းလင်းပစ်ဖို့ ကြိုးစား ခဲ့တယ် ဆိုတာ အားလုံး အသိ ပါဗျာ'

ဟု ပြောလိုက်လေသည်။

အသံရှင်က—

'မင်းက သူ့ကို ယုံကြည်တယ်ပေါ့'

'ဟုတ်တယ်'

'ကောင်းပြီ၊ မင်း တာဝန်ယူတယ် ဆိုရင် ငွေပေးလိုက် မယ်'

ပွဲစား ပြုံးလိုက်လေသည်။

'စိတ်ချ ကျုပ် တာဝန်ယူပါတယ်ဗျာ၊ ခင်ဗျားက ငွေ ပေးမယ်ဆိုရင် ကျား အာမခံ ဌာနက ငွေလွှဲ လက်မှတ်နဲ့ ပေးလို့တော့ မဖြစ်ဘူးဗျ'

'ဒီအတွက်မပူပါနဲ့ အခုအချိန် ကျားအာမခံဌာနမပိတ် သေးဘူး၊ ငွေသားချည်းပဲ ထုတ်ယူလို့ ရအောင် ကျုပ် စီစဉ် ပေးမယ်'

'ကောင်းပါပြီဗျာ'



'အမာရွတ်က စန်းကျင်းကို တာဝန် မယူနိုင်ဘူး ဆိုရင် တော့ မင်းလဲ အသက်ရှင်နေမယ် မထင်နဲ့'

ဟု ပြောလိုက်လေသည်။

ပွဲစား ခေါင်းညိတ်လိုက်သည်။

'ကျုပ် နားလည်ပါတယ်ဗျာ'

'ဒါဖြင့် မင်း သွားတော့'

ပွဲစား ဘာမှမပြောဘဲ လှည့်ထွက်လာလေသည်။

အပြင်ဘက်ရောက်လျှင်

'ပွဲစား ကျားအာမခံ ဌာနကို အမြန်ဆုံး ရောက် အောင် သွား'

နောက်ဘက်မှ အသံရှင်၏ စကားသံထွက်ပေါ်လာသည်။

ပွဲစားက ဘာမှ မပြောဘဲ ခပ်သုတ်သုတ် ထွက်သွားလေ တော့သည်။

* * *

မိုးချုပ်သွားပြီ ဖြစ်သည်။

လုရန်မြို့မှ ကျားအာမခံဌာနမှာ မီးရောင်များ ထိန်ထိန် လင်းနေဆဲ။

အဆောက်အဦးရှေ့ဝယ် အစောင့်အကြပ်များ ရှိနေကြ၏။ ဤအဆောက်အဦးသည် ကျားအာမခံဌာန၏ ဌာနချုပ် အဆောက်အဦ ဖြစ်လေသည်။

ပွဲစားသည် အဆောက်အဦရှေ့သို့ ရောက်ရှိ လာပြီ ဖြစ်
သည်။ အမာရွတ်အား ငှားရမ်းဖို့အတွက် သူ့အားအလုပ်
အပ်ပြီးသည့် နောက်ပိုင်းတွင် ကျား အာမခံဌာနသို့ အကြိမ်
ပေါင်းများစွာ ရောက်ခဲ့ရ၏။

ထို့ကြောင့် အစောင့်အကြပ် များသည် ပွဲစားအား
ကောင်းစွာ မှတ်မိနေကြပြီ ဖြစ်လေသည်။

ပွဲစား ရောက်လာသည်ကို မြင်လျှင် တားဆီး မေးမြန်း
ခြင်း မပြုကြချေ။

'နေကောင်းကျန်းမာရဲ့လား'

အစောင့် တစ်ယောက်ကပင် လှမ်းပြီး နှုတ်ဆက် လိုက်
လေသည်။

ပွဲစားက အသိအမှတ်ပြုသည့် သဘောဖြင့် ခေါင်းညိတ်
ပြလိုက်၏။

အဆောက်အဦ အတွင်းဝယ် လူရှင်းနေပါ၏။

ပွဲစားကိုမြင်လျှင် လူတစ်ယောက် ခပ်သုတ်သုတ်လျှောက်
လာပြီး....

'ခင်ဗျား ငွေလာထုတ်တာ မဟုတ်လား'

ဟု မေးလေသည်။

ပွဲစား ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်'

'မိတ်ဆွေအတွက် ငွေငါးသိန်း အဆင်သင့် ထုတ်ပိုးထား
ပါတယ်ဗျာ'



ပြောပြောဆိုဆို ဆွဲလာသည့် အိတ်ကြီးတစ်လုံးကို ကမ်း
ပေးလိုက်သည်။ ပွဲစား အံ့သြသွား၏။

ကျားအာမခံဌာနမှ လူများသည် သူ ရောက်လာမည်ကို
ကြိုတင် သိရှိနေကြသည် မဟုတ်ပါလား။

အမှောင်အတွင်းမှ အသံရှင်သည် ကျား အာမခံ ဌာန
အပေါ် ဩဇာညောင်းသူ ဖြစ်ရမည် ဆိုသော ယူဆချက်မှာ
လည်း ပို၍ ခိုင်မာလာလေတော့သည်။

'ကျုပ် စစ်ဆေးကြည့်ဦးမယ်'

ပြောပြီး အိတ်ထဲ၌ အသင့် ထည့်ထားသည့် ငွေစက္ကူ
များကို စစ်ဆေးကြည့်လိုက်လေသည်။

ထိုစဉ်....

'တံခါးတွေ ပိတ်ကြတော့ဟေ့'

စကားသံတစ်ချက် ထွက်ပေါ် လာသည်ကို ကြားလိုက်
ရလေသည်။

ပွဲစား၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

စကားသံ ထွက်ပေါ် လာရာဆီသို့ လှမ်းကြည့် လိုက်၏။
ထိုအခါ လူတစ်ယောက် အတွင်းဘက်မှ ထွက်လာသည်ကို
တွေ့မြင်ရ၏။

ထိုလူအား အလုပ်သမားများ၊ အစောင့်အကြပ် များက
ဦးညွတ် ဂါရဝ ပြုလိုက်ကြလေသည်။

ထိုလူသည် ပွဲစားကိုမြင်လျှင် ခြေလှမ်းတုန့်ခနဲ ရပ်သွား
သည်။

သို့သော် ဘာမှ မပြောဘဲ တစ်ဘက်သို့ လှည့်ကာ အလုပ်သမားများအား အမိန့်ပေးခိုင်းစေနေသည်။

ထိုလူမှာ ကျား အာမခံဌာန ပိုင်ရှင် ကျန်းချစ် ဖြစ်လေသည်။

ပွဲစားသည် ရှည်ရှည်ဝေးဝေး တွေးတော စဉ်းစား မနေတော့ပါချေ။

ငွေငါးသိန်း တည့်ထားသည့် အိတ်ကိုဆွဲကာ အဆောက်အဦ အတွင်းမှ ခပ်သွက်သွက် ထွက်လာ ခဲ့လေ တော့သည်။

* * *

နေခြည် ကွယ်ပျောက်သွားပြီ ဖြစ်လေသည်။

ပတ်ဝန်းကျင်ဝယ် အမှောင်ထု စိုးမိုးနေရာယူထား၏။

လမ်းဘေးတစ်ဘက်တစ်ချက်ရှိ အိမ်များမှ ထွန်းညှိထားသည့် မီးရောင်များသည် လမ်းပေါ်သို့ မသဲမကွဲ ဖြာကျနေသည်။

ပွဲစားက ငွေအိတ်ကိုဆွဲကာ ခပ်သုတ်သုတ် လျှောက်လာခဲ့၏။

ကျားအာမခံဌာနသည် အတော်ဝေးဝေးတွင် ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

ပွဲစား သက်ပြင်းချလိုက်သည်။

'တော်ပါသေးရဲ့၊ ငါ ရိပ်မိသွားတယ်ဆိုတာ သူ မသိလို့'



ဟု ညည်းညူလိုက်လေသည်။

ထိုစဉ်....

'မင်း ဘာတွေ ပြောနေတာလဲ'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပွဲစား၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

နောက်သို့ ချာခနဲ လှည့်ကြည့်မိလေသည်။

ထိုအခါ အနောက်ဘက်တွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူအား တွေ့မြင်လိုက်ရသည်နှင့်....

'ကျန်းချစ်'

ပွဲစား လွှတ်ခနဲ ခေါ်လိုက်လေသည်။

မှန်ပေသည်။ သူ၏ အနောက်ဘက်တွင် ရပ်နေသူမှာ ကျားအာမခံဌာနပိုင်ရှင် ကျန်းချစ် ဖြစ်ပေသည်။

ကျန်းချစ် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ မင်းက ငါ့အသံကို မှတ်မိသွားတယ် မဟုတ်လား....'

ဟု မေးလေသည်။

ပွဲစား မျက်နှာပျက်သွား၏။

'ကျုပ်....ကျုပ်က....'

'မင်းက ငွေယူပြီး ထွက်သွားလောက်ပြီလို့ ကျုပ်က ထင်ထားမိတယ်၊ ဒါကြောင့် ကျုပ် ဘယ်သူဘယ်ဝါဆိုတာ သိသွားတာပေါ့၊ အင်း....မင်း သိအောင် ပြောပြရရင် ပင့်ကူလို့

ခေါ်တဲ့ ညာတီလူးဂိုဏ်းချုပ် ယန်ဝှက်ကို ကျုပ်တို့ အကျိုးအတွက် အသုံးချခဲ့ကြယ်လေ၊ ကျုပ်တို့အတွက် ပြည့်စုံသွားတဲ့အခါ သူ့ကို ရှင်းပစ်ဖို့ စန်းကျင်းကို အသုံးချခဲ့တာပဲ၊ တစ်ခါ စန်းကျင်းကို ရှင်းပစ်ဖို့ မင်းတို့ကို အသုံးချရပြန်တာ'

ပွဲစား အံကြိတ်လိုက်သည်။

'ကျုပ်တို့ကို ရှင်းပစ်ဖို့ကော'

'ဒီတစ်ခါတော့ ကျုပ်တို့ကိုယ်တိုင် တာဝန်ယူပါ့မယ်ကွာ'

ပွဲစားက ငွေအိတ်ကို လွှတ်ချလိုက်လေသည်။

သူ၏ အသက်သည် ငွေငါးသိန်းထက်ပိုပြီး တန်ဖိုး ရှိနေသည် မဟုတ်ပါလား'

ကျန်းချစ်က....

'ပွဲစား မင်းရဲ့ သိုင်းပညာဟာ ဒုတိယတန်းအဆင့်ပဲ ရှိပါတယ်ကွာ'

ဟု ပြောလေသည်။

ပွဲစား အံကြိတ်လိုက်သည်။

'ခင်ဗျားအကြောင်းကို အမာရွတ် သိနေပြီဗျ'

ဟု လှမ်းပြောလိုက်သည်။

အမာရွတ်၏အမည်ကြားလျှင် ကျန်းချစ် ထိတ်လန့်သွားမည်ဟု ယူဆထားလေသည်။

သို့သော် ကျန်းချစ် အရေးမစိုက်ပါချေ။

'အမာရွတ်ကို ကျုပ် ဂရုမစိုက်ပါဘူး၊ သူလဲ မကြာခင် သေရတော့မှာပါ'



ပွဲစားမှာ လွှတ်မြောက်ရာလမ်း မရှိတော့မှန်း ရိပ်မိလိုက်လေသည်။

ထို့ကြောင့်....

'ယား....'

ညာသံပေးကာ ကျန်းချစ်ထံ ခုန်ဝင် တိုက်ခိုက်လိုက်၏။

သူသည် အထက်မြက်ဆုံး ဓားကွက်ကို ထုတ်ဖော်ကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ကျန်းချစ်အား တောင်းပန်၍ရမည် မဟုတ်သည့် အတူတူ အသက်စွန့် တိုက်ခိုက်ရတော့မည် မဟုတ်ပါလား။

ကျန်းချစ် ခေါင်းယမ်းလိုက်သည်။

'မင်း ဘာတတ်မှာလဲ'

ပြောရင်း လက်ဝှေ့ ယမ်းလိုက်၏။

'ဝုန်း....'

ကျယ်လောင်သွားသော အသံတစ်ချက် ထွက်ပေါ်လာသည်။

ပွဲစားသည် လူတခြား ဓားတခြားဖြစ်ကာ အဝေးသို့ လွင့်စဉ်သွား၏။

ကျန်းချစ်က အလွတ်မပေးဘဲ နောက်မှ ထက်ကြပ်မကွာ လိုက်သွား၏။

ပွဲစားသည် ဇက်ရာရသွားသည့် ကြားမှ လူးလိမ့်ထရန် ကြိုးစားလိုက်၏။ ကျန်းချစ်မှာ သူ၏အနီးသို့ ရောက်သွားပြီ ဖြစ်လေသည်။

ပွဲစားက....

'လူယုတ်မာကြီး'

ဟု အော်ငေါက်လိုက်၏။

ကျန်းချစ်က ရယ်မောရင်း လက်ငွေ့ယမ်းလိုက်လေသည်။

'အား'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာ၏။

ပွဲစား မြေပြင်သို့ ဘိုင်းခနဲ လဲကျသွားသည်။

ယခုတစ်ကြိမ် သူ ပြန်မထနိုင်ပါတော့ချေ။

ကျန်းချစ်က—

'မင်းက ငါ့အတွက် အလုပ်ပေးခဲ့တာကို ကျေးဇူးတင်ပါတယ်ကွာ'

ဟု ပြောလိုက်သည်။

ထို့နောက် ငွေအိတ်ကို ဆွဲကာ ချာခနဲ လှည့်ပြီး ထွက်သွား၏။

တစ်ခဏအတွင်း မှာပင် အမှောင်ရိပ်ထဲ တိုးဝင် ကွယ်ပျောက်သွားလေတော့သည်။

* * *

အမာရွတ် သက်ပြင်းချလိုက်သည်။

ပွဲစား ထွက်သွားသည်မှာ အချိန်အတန်ကြာသွား ဖြစ်သည်။

သို့သော် ယခုထိ ပြန်ရောက်မလာသေးပါချေ။



ပွဲစား အဘယ့်ကြောင့် နောက်ကျနေရပါသနည်း။

အပြင်ဘက်ဝယ် မှောင်လာပြီ ဖြစ်သည်။

မင်းသားနှင့် မျက်လှည့်ဆရာတို့ကား ထွက်သွားကြပြီ ဖြစ်လေသည်။

သူတို့သည် မနက်ဖြန် ညနေတွင် သူတို့၏ တာဝန်ကို ပြတ်သားစွာ ဆောင်ရွက်ကြမည်မှာ သံသယရှိစရာ မလိုချေ။

မနက်ဖြန် ညနေတွင် အားလုံးသော ကိစ္စများ ပြီးပြတ်သွားပေလိမ့်မည်။

ထိုနည်းတူ....

အမာရွတ်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားသည်။

ကိစ္စများ ပြီးပြတ်တော့မည်ဟု တွေးမိသဖြင့် ပွဲစား၏ နောက်ကွယ်မှ လူများသည်လည်း ပြတ်သားစွာ ဖြေရှင်းရန် အသင့်ဖြစ်နေပေတော့သည်။

သူတို့၏ ဖြေရှင်းမည့် နည်းလမ်းမှာ အားလုံးကို နှုတ်ပိတ်ပစ်ရန်ပင် ဖြစ်ပေသည်။

ဤသို့ဆိုလျှင် ပွဲစား ရောက်မလာသည်မှာ ပထမဦးစွာ နှုတ်ပိတ်ခံရသူ ဖြစ်သွား၍လော။

အကယ်၍ ထိုလူများသည် မိမိကိုပါ နှုတ်ပိတ်ရန် ကြိုးစားလာကြမည်ဆိုလျှင်....

အမာရွတ် မဲ့ပြုံး ပြုံးလိုက်သည်။

လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး....

'သိကြသေးတာပေါ့ကွာ'
ဟု ကြုံးဝါးလိုက်လေတော့သည်။

* * *

## မရဏ သားကောင်များ

အချိန်ကုန်ဆုံးသွားသည်မှာ လျင်မြန်လွန်းလှသည် ထင်မှတ်ရပေသည်။

တစ်ညတာအချိန် ကုန်ဆုံးသွားပြီး တစ်နေ့တာ အချိန်ရောက်ရှိလာပြီ ဖြစ်၏။

တစ်နေ့တာ အချိန်သည်လည်း လျင်မြန်စွာ ကုန်ဆုံးသွား၏။

နေ့ပြီးလျှင် ည၊ ညပြီးလျှင် နေ့ ဆိုသည့် လောကဓမ္မတာအတိုင်း အချိန်ရွေ့လျားလာရာ ညနေပိုင်း အချိန်သို့ပင် ရောက်ရှိလာပြီ ဖြစ်လေသည်။

လုရန်မြို့သည် ထုံးစံအတိုင်း လူစည်ကားနေသည်။

သို့သော် မြို့ပြင်၌ကား လူခြေတိတ်ဆိတ်လျက် ရှိပါသည်။

လုရန်မြို့၏ အရှေ့ဘက်တွင် တောအုပ်တစ်ခု ရှိသည်။

တောအုပ်အတွင်း၌ ဘုံကျောင်းပျက် တစ်ခု ရှိလေသည်။



လူခြေတိတ်ဆိတ်သော တောအုပ်အတွင်းသို့ လူနှစ်ယောက် ရောက်ရှိလာကြပါသည်။

ထိုလူနှစ်ယောက်မှာ ဝမ်းထင်းနှင့် စန်းကျူးတို့ ဖြစ်ကြလေသည်။

သူတို့ နှစ်ယောက်သည် သာယာလှပသော ပတ်ဝန်းကျင် ရှုမျှော်ခင်းများကို ကြည့်ရင်း တောအုပ် အတွင်းပိုင်းသို့ ဝင်မှန်းမသိ ဝင်လာမိခဲ့ကြလေသည်။

အမှန်တော့ ဝမ်းထင်းသည် အကြံဖြင့် စန်းကျူးအား ခေါ်လာခြင်း ဖြစ်လေသည်။

ဝမ်းထင်းမှာ သိုင်းလောကတွင် ထင်ရှားသည့် 'မင်းသား' ဆိုသူပင် မဟုတ်ပါလား။

ဝမ်းထင်းသည် အမာရွတ်ထံမှ ငွေကို လက်ခံခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် အမာရွတ် ခိုင်းစေသည့်အတိုင်း ဆောင်ရွက်ရတော့မည် ဖြစ်လေသည်။

ဝမ်းထင်းမှာ မင်းသားပင် ဖြစ်သည်ကို စန်းကျူး လုံးဝ ရိပ်မိခဲ့ပါတကား။ သူတို့နှစ်ယောက် ရှေ့သို့ တရွေ့ရွေ့ လှမ်းလာရင်း—

'ဟင်....ဟိုမှာ ကြည့်စမ်း'

ဝမ်းထင်းက တစ်နေရာဆီသို့ ညွှန်ပြကာ ပြောလိုက်လေသည်။ စန်းကျူးက လှမ်းကြည့်လိုက်သည်။

ထိုအခါ ဘုံကျောင်းပျက် တစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

စန်းကျင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

'ခစ်....ခစ်....ခစ်၊ အစ်ကိုက တော်တော်ကို အလန့်တကြား လုပ်တတ်တာပဲ၊ အဲဒါ ဘုံကျောင်းပျက် တစ်ခုပေါ့'

ဟု ပြောလိုက်လေသည်။

ဝမ်းထင်းက....

'ညီမ ရောက်ဖူးသလား'

ဟု မေးလိုက်၏။

စန်းကျူးက....

'ရောက်ဖူးတာပေါ့၊ ညီမတို့ ငယ်ငယ်က ဘုံကျောင်းပျက် ထဲတောင် ဝင်ပြီး ကစားဖူးသေးတယ်'

'ဒါဆိုရင် အစ်ကိုတို့ သွားကြည့်ကြရအောင်'

'ဘာလုပ်ဖို့လဲ၊ အုတ်ကျိုး အုတ်ပဲ့တွေ၊ နတ်ရုပ်တု အကျိုးအပဲ့တွေပဲ ရှိတဲ့ဟာ'

'ဪ....ညီမရယ်၊ အစ်ကို စိတ်ဝင်စားမိလို့ပါ၊ ကဲ.... လာ သွားကြရအောင်'

စန်းကျူးသည် ဝမ်းထင်းအတွက် ဆိုလျှင် ဘာမဆို လိုက်လျောရန် အသင့် ရှိနေပေသည်။

ထို့ကြောင့် ဘာမှ မပြောတော့ဘဲ ဝမ်းထင်း၏ လက်ကို ဆွဲကာ ခေါ်သွားလေသည်။

သူတို့နှစ်ယောက် ဘုံကျောင်းပျက်ရှေ့သို့ ရောက်သွားကြ၏။

'ကဲ အပေါ်တက်ကြည့်ကြရအောင်'



ဟု ပြောကာ မြက်ပင်များဖုံးလွှမ်းနေသည့် ကျောက်လှေကားထစ်များအတိုင်း ဘုံကျောင်းပျက်ပေါ်သို့ တက်သွားလေသည်။

စန်းကျူးက နောက်မှ လိုက်သွား၏။

အမှန်တော့ ဝမ်းထင်းသည် ဘုံကျောင်းပျက်၏ အခြေအနေကို လာရောက် အကဲခတ်ကြည့်ပြီး ဖြစ်သည်။

နတ်ရုပ်တုများထားသည့် အခန်းတွင် စန်းကျူးအား သေးကြောပိတ်ကာ ဖမ်းဆီးထားရန် အကြောင်းဆုံးနေရာ ဖြစ်သည်ကိုလည်း သိထားပြီး ဖြစ်သည်။

သူမအား သေးကြောပိတ်ပြီးသည်နှင့် သူ၏တာဝန် ကုန်ဆုံးသွားပြီ ဖြစ်သည်။

သူမအား ထားပစ်ခဲ့ကာ ထွက်သွားရတော့မည် ဖြစ်ပေသည်။

ဝမ်းထင်း သက်ပြင်းချလိုက်သည်။

'လာ ညီမ....'

စန်းကျူး၏ လက်ကိုဆွဲကာ နတ်ရုပ်တုများထားသည့် အခန်းသို့ ခေါ်သွားလေသည်။

နတ်ရုပ်တုများ ထားသည့်အခန်းသို့ ရောက်သွားကြပြီ ဖြစ်သည်။

စန်းကျူးသည် ကျိုးပဲ့ ပျက်စီးနေသည့် နတ်ရုပ်တုများကို ညွှန်ပြကာ နောက်ကြောင်းရာဇဝင်ကို ရှင်းပြနေသည်။

ဝမ်းထင်းက စိုက်ကြည့်နေသည်ကို သတိမပြုမိပါ။

ဝမ်းထင်း သက်ပြင်းချလိုက်သည်သည်။

သူကိုယ်တိုင်လည်း စန်းကျူးကို စွဲမက်မိပါသည်။ မိန်း
မချော မိန်းမလှလေးပေါင်းများစွာ တွေ့ဖူးခဲ့ပါသော်လည်း
စန်းကျူးကဲ့သို့ သူ့အား စိတ်လှုပ်ရှားလာအောင် မလှုပ်နိုင်
ခဲ့ကြချေ။

စန်းကျူးက သူ့အားလှည့်ကြည့်လိုက်ပြီး....

'အစ်ကို ဘာတွေ ငေးနေတာလဲ၊ ညီမပြောတာ ကြား
ရဲ့လား'

ဟု မေးလေသည်။

ဝမ်းထင်းက

'ညီမ....'

အက်ကွဲသော လေသံဖြင့်ခေါ်ကာ သူမအား ရင်ခွင်ထဲ
ဆတ်ခနဲ ဆွဲသွင်းလိုက်၏။

'အို့ အစ်ကိုရယ်....'

စန်းကျူးလည်း အလိုက်သင့်ပင် တိုးဝင်လာလေသည်။

မွှေးကြိုင်သော ပန်းလေးတစ်ပွင့်အား လက်လွှတ် ဆုံးရှုံး
တော့မည်မို့ ပျားပိတုန်းများ မချင့်မရဲ ဖြစ်ကြမည်သာ
တည်း။

လမ်းမခွဲမီ အချိန်ကလေးသည် လွမ်းမောကြည်နူးဖွယ်ရ
ရင်နာစရာ အချိန်ကလေးပမာ ဖြစ်တည်နေပေတော့သည်။

ထိုအချိန်တွင်....

* * *



'ဆရာ'

'မင်း ဘာပြောမလို့လဲ'

ဘယ်လိုကစားနည်းမဆို မနိုင်ရတောင်ကစားတဲ့ လျှို့ဝှက်
ချက်တွေရှိတယ်ဆိုတာ တကယ်ပဲလား'

'တကယ်ပေါ့၊ ဒါကြောင့်လဲ မင်းကိုလက်တွေ့သင်ပေး
မလို့ ဒီကို ခေါ်လာတာပေါ့'

'တစ်ခြားနေရာမှာ သင်ပေးလို့ကော မရဘူးလားဟင်'

'ရပါတယ်၊ ဒါပေမယ့် တစ်ယောက်ယောက်တွေ့သွားရင်
လျှို့ဝှက်ချက်တွေ ပေါက်ကြားကုန်မှာပေါ့'

'ဒါလဲ ဟုတ်တာပဲ'

လူနှစ်ယောက်သည် စကားတပြောပြောဖြင့် သစ်ပင်များ
ကြားမှ ဖြတ်ကာ လျှောက်လာနေကြပါသည်။

ထိုလူနှစ်ယောက်မှာ မျက်လှည့်ဆရာ (ဂျီ) ယန်ဝီးနှင့်
စန်းတိုးတို့ ဖြစ်ကြလေသည်။

သူတို့သည် ဘုံကျောင်းပျက်အနီးသို့ ရောက်ရှိလာကြ၏။
ယန်ဝီး သဘောကျစွာ ပြုံးလိုက်သည်။

'တို့အတွက် အလုံခြုံဆုံးနေရာကိုတော့ ရောက်ပြီကွ'

ဟု ပြောလိုက်လေသည်။

စန်းတိုး ပြုံးလိုက်သည်။

'ဆရာက ဒီဘုံကျောင်းပျက်ကို ရွေးထားတာကိုး'

'ဟုတ်တယ်၊ တို့ကိုဒီမှာလာပြီး ချောင်းကြည့်မယ့်လူ မရှိ
ဘူးကွ'

'ဟား...ဟား....ဟား'

စန်းတုံး သဘောကျစွာ ရယ်မောလိုက်သည်။

သူတို့နှစ်ယောက် ကျောက် လှေကားထစ်များကို ဖြတ်ကျော်ကာ ဘုံကျောင်းအပေါ်ဘက် တက်သွားကြလေသည်။

ဘုံကျောင်းပျက် အစပ်ဝသို့ ခြေချလိုက်မိသည်နှင့် အတွင်းဘက်မှ လူသံများ ထွက်ပေါ်နေသည်ကို ကြားလိုက်ရ၏။

သူတို့နှစ်ယောက် ခြေလှမ်းတုံ့ခနဲ ရပ်သွားကြ၏။

စန်းတုံးက....

'အထဲမှာ လူရှိတယ်'

ပြောပြောဆိုဆို အတွင်းဘက် ခုန်ဝင်လိုက်လေသည်။

ယန်ဝီးမှာ ဟန့်တားရန် အချိန်မရလိုက်ပါချေ။

စန်းတုံး ခုန်ဝင်သွားမှ အတွင်းဘက်၌ ရောက်နှင့်နေသူများမှာ ဝမ်းထင်းနှင့် စန်းကျင်းတို့ ဖြစ်နိုင်ကြောင်း တွေးမိလိုက်သည်။

'ဒုက္ခပဲ....'

လွတ်ခနဲညည်းညူကာ ကပျာကယာ ခုန်ဝင်လိုက်လေသည်။

မှန်ပေသည်။ အတွင်းဘက်ဝယ် ဝမ်းထင်းနှင့် စန်းကျူးတို့ ရှိနေကြပါ၏။

သူတို့ကိုတွေ့ရလျှင် စန်းတုံး ဒေါသချောင်းချောင်း ထွက်သွား၏။

'ထိရစ္ဆာန်မ နင်က ဒီမှာလာပြီး ခွေးဇာတ် ခင်းနေတာကိုး၊ သေပေတော့'



အော်ဟေါက်ရင်း စန်းကျူးအား ကန်ကျောက်လိုက်လေသည်။

စန်းကျူးမှာ အစ်လိုဖြစ်သူအား မမျှော်လင့်ပဲ တွေ့လိုက်ရခြင်းကြောင့် ထိတ်လန့်နေ၏။

စန်းတုံးက ခြေထောက်ဖြင့် ကန်ကျောက်လိုက်လျှင်....

'အမလေး....'

အော်ဟစ်ရင်း အခဝးသို့ လွင့်စင်သွားလေသည်။

စန်းတုံးသည် ဝမ်းထင်းကိုလည်း တရကြမ်း တိုက်ခိုက်လိုက်၏။

မမျှော်လင့်ပဲ ခံလိုက်ရသည့်မို့....

'ဝုန်း....'

'အား'

ဝမ်းထင်းလည်း မြေပေါ် လဲကျသွားလေသည်။

'ရပ်လိုက်စမ်း'

ယန်ဝီးက အော်ဟေါက်ရင်း ခုန်ဝင်လိုက်၏။

သို့သော် စန်းတုံးသည် ယန်ဝီးစကားကို နားမထောင်ဘဲ ဝမ်းထင်းအား ထပ်မံ တိုက်ခိုက်လိုက်လေသည်။

'တော်ကြပါတော့'

စန်းကျူးမှာ သနားစဖွယ် အော်ဟစ် တောင်းပန် နေလေသည်။

ထိုစဉ်မှာပင် အခြေအနေ မဟန်သည်ကို ရိပ်မိလိုက်သည့် ယန်ဝီးက ဓားတစ်လက် ဆွဲထုတ်ကာ စန်းတုံးအား ခုတ်ချလိုက်လေတော့သည်။

'အား'

စန်းတုံး ရှူးရှူး အော်ဟစ်ကာ မြေပေါ် လဲကျ သွားသည်။

ဝမ်းထင်းက ခုန်ထလာသည်။

ယန်ဝီးက သူ့အား မကျေမနပ်ဖြင့် ကြည့်လိုက်ပြီး....

'မင်း တော်တော်အသုံးမကျတဲ့ကောင်ပဲ၊ ကောင်မလေးကို သွားကြောပိတ်ပြီး ထားခဲ့လို့ အမာရွတ် ခိုင်းတဲ့အတိုင်း ဘာကြောင့် မလုပ်တာလဲ'

ဟု ငေါက်လိုက်၏။

ဝမ်းထင်း ခေါင်းငုံ့သွား၏။

'ငါ့ကိစ္စကို ငါရှင်းနိုင်တယ်၊ မင်းက ဘာကြောင့် ဟို.... ကောင်လေးကို ခေါ်လာတာလဲ'

'အမာရွတ်က စန်းတုံးကို ဒီရောက်အောင် ခေါ်သွားပြီးမှ ရှင်းပစ်ရမယ်လို့ မှာလိုက်တာ မင်းမသိဘူးလား'

'ငါ နားမလည်ဘူး၊ မင်းက တမင်သက်သက် ငါ့ကို နှောင့်ယှက်ခဲ့တာပဲ'

'မင်း'

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြ၏။

နှစ်ယောက်စလုံး ဒေါသ ထွက်နေကြပြီ ဖြစ်လေသည်။

ထိုစဉ်မှာပင်....

'လက်စသတ်တော့ ရှင်တို့က ကြိုတင်စီစဉ်ပြီး၊ ကျွန်မတို့ မောင်နှမကို ဖျက်ဆီးခဲ့ကြတာပေါ့၊ အမာရွတ်ဆိုတဲ့ လူဟာ



ကျွန်မဖေဖေကို သုတ်သင်ပစ်ဖို့ ကြိုးစားနေတဲ့လူ ဆိုတာ ကျွန်မ သိတယ်၊ လူယုတ်မာတွေ သေပေတော့'

စန်းကျူး၏ အော်ငေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဝမ်းထင်းနှင့် ယန်ဝီးတို့ ထိတ်လန့်သွားကြသည်။

ကပျာကယာ နောက်လှည့်ကြည့်လိုက်ကြ၏။

ထိုအချိန်တွင် စန်းကျူးသည် သူတို့ အနီးသို့ ရောက်ရှိနေပြီ ဖြစ်၏။

သူမ၏ လက်ထဲ၌ ဝင်းလက် တောက်ပြောင် နေသည့် ဓားတစ်လက် ရှိနေပေတော့သည်။

'အား'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။

ဝမ်းထင်းမှာ စန်းကျူးအား ယုံကြည်နိုင်စွာကြည့်ရင်း လဲကျသွား၏။

စန်းကျူးသည် အဖြစ်မှန်ကို ရိပ်မိသွားသဖြင့် ဝမ်းထင်းအား အငြိုးကြီးစွာ တိုက်ခိုက်လိုက်ပြီ မဟုတ်ပါလား။

ယန်ဝီး ရင်ထိတ်သွား၏။

ဓားမြှောင်တစ်လက်ကို ကပျာကယာ ထုတ်ယူကာ ပစ်ပေါက် လိုက်၏။

သူ ပစ်ပေါက်လိုက်သော ဓားမြှောင်သည် ဝမ်းထင်းအား မဲနေသည့် စန်းကျူးအား ထိမှန် သွားလေတော့သည်။

'အမယ်လေး'

စန်းကျူး စူးရှစွာ အော်ဟစ်ရင်း လဲကျ သွားလေသည်။

အစီအစဉ်များကား ပျက်သုဉ်း သွားချေပြီ။

ယန်ဝီးသည် ဘုံကျောင်းပျက်အတွင်း၌ ဆက်နေ၍ မဖြစ်မှန်း သိရာ ချာခနဲ လှည့်ကာ ထွက်ပြေးသွား၏။

ထိုစဉ်မှာပင် စန်းတုံး လူးလွန့် လူးပ်ရှားလာသည်။

ယန်ဝီး ထွက်ပြေးရန် ဟန်ပြင်နေသည်ကို မြင်လျှင် မြေပေါ် ကျနေသည့် ဓားရှည်ကို ယူကာ နို့သမျှ အင်အားဖျစ်ညှစ်ထုတ်ပြီး ပစ်ပေါက်လိုက်၏။

'အား'

ယန်ဝီးအသံနက်ကြီးဖြင့် အော်ကာ ဘိုင်းခနဲ လဲကျသွား၏။

သူ၏ နောက်ကျောတွင် စန်းတုံး ပစ်ပေါက်လိုက်သည့် ဓားစိုက်ဝင်နေပြီ ဖြစ်လေသည်။

သူ၏ အော်သံကြောင့် စန်းတုံး၏ မျက်နှာတွင် အပြုံးရိပ်များ ထွက်ပေါ်လာသည်။

ထို့နောက် သူလည်း ငြိမ်သက်သွားလေတော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် တိမ်းစောင်းသွားပြီ ဖြစ်လေသည်။



လူတစ်ယောက်သည် ဘုံကျောင်းပျက် ရှေ့သို့ ရောက်ရှိလာသည်။

ထိုလူမှာ သိုင်းလောကဝယ် လျှမ်းလျှမ်းတောက် ကျော်ကြားသည့် ရွှေစွန်ရဲ စန်းကျင်းဖြစ်လေသည်။

စန်းကျင်းသည် ဘုံကျောင်းပျက် အခြေအနေကို တစ်ချက် အကဲခတ် ကြည့်လိုက်၏။

ထို့နောက် ကျောက် လှေကား ထစ် များကို ဖြတ်ကာ အပေါ်ဘက် ခပ်သွက်သွက် လှမ်းတက်လိုက်လေသည်။

ဘုံကျောင်းပျက် တံခါးဝ၌ ခြေချမိလိုက်လျှင်

'ဟင်'

မမျှော်လင့်သော မြင်ကွင်းကြောင့် လွတ်ခနဲ ရေရွတ်မိလိုက်လေသည်။

ဘုံကျောင်းပျက် အကွင်းဝယ် လူလေးယောက် လဲကျသေဆုံးနေသည် မဟုတ်ပါလား။

'သား....သမီး'

စန်းကျင်း ဆို့နင့်စွာ ခေါ်လိုက်၏။

သူ၏ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင် လာသည်။

မျက်ဝန်း အစုံတွင် မျက်ရည်များ ပြည့်လျှံ လာလေသည်။

သူ၏ သားနှင့် သမီးသည် ဖရိုဖရဲ လဲကျ သေဆုံးနေကြချေပြီ။

'ဘယ်လိုဖြစ်ရတာလဲကွယ်'

စန်းတုံး မချီတင်ကဲ ရေရွတ်လိုက်လေသည်။

ယခုလို အဖြစ်မျိုး ကြုံတွေ့ ရမည်ဟု ဘယ်သောအခါမှ မထင်မိခဲ့ပါချေ။

ချက်ချင်းပင် ခပ်သွက်သွက် လှမ်းသွားပြီး စစ်ဆေး ကြည့်လိုက်၏။

စန်းကျူးကော စန်းတုံးပါ သူ၏ ခေါ်သံကို ကြားနိုင်တော့မည် မဟုတ်ပါ။

'သား....သား'

'သမီး'

စန်းကျင်း မျက်ရည်ဖြိုင်ဖြိုင် ကျလာသည်။

သူ၏ သားနှင့် သမီးသည် တဇွတ်ထိုးစိတ်ရှိသူများ ဖြစ်ကြောင်း သူ နားလည်ထားပါသည်။

ထို့ကြောင့်လည်း မကြာခဏဆို ဆုံးမခဲ့သည် မဟုတ်ပါလား။

မိဘစကား နားမထောင်ဘဲ ကိုယ်ထင်ရာ ကိုယ်လုပ်ခဲ့ကြသူများသည် ယခုတော့ ဘေးတွေ့ရချေပြီ။

စန်းကျင်းမှာ သားနှင့်သမီး အလောင်းကို ပွေ့ဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေမိ၏။

အချိန်များ မည်ရွေ့မည်မျှ ကုန်ဆုံးသွားသည်ကိုပင်မသိနိုင်တော့ပါ။

သူ၏ ရင်ခွင်ထဲမှ စန်းကျူးနှင့် စန်းတုံးတို့၏ ခန္ဓာကိုယ်များ တဖြည်းဖြည်း အေးစက်တောင့်တင်းလာသည်။

စန်းကျင်း မျက်ရည်ဝဲသွားပြီ ဖြစ်သည်။



ပထမဆုံး သူ အသိဝင်လာသည်မှာ မည်သူ၏ လက်ချက်ဖြင့် စန်းကျူးတို့ သေဆုံးသွားရသနည်း ဆိုသည်ကိုပင် ဖြစ်လေသည်။

ချက်ချင်းပင် နံဘေးမှ အလောင်းနှစ်လောင်းကိုစစ်ဆေး ကြည့်လိုက်၏။

'ဟင်....မင်းသားနဲ့ မျက်လှည့်ဆရာပါလား'

စန်းကျင်း လွှတ်ခနဲ ရေရွတ်မိသည်။

အခြေအနေမှန်ကို သဘောပေါက် နားလည်လာပြီ ဖြစ်လေသည်။

စန်းကျူးသည် အလှအပနှစ်သက်သည် စိတ်တည်ငြိမ်မှု မရှိ၊ ထို့အတူ စန်းတုံးသည်လည်း လောင်းကစားဝါသနာပါသည်။

သူတို့အား မင်းသားနှင့် မျက်လှည့်ဆရာတို့က အယုံသွင်းကာ လှည့်စားခဲ့ကြခြင်း ဖြစ်ပေသည်။

'တောက်....'

စန်းကျင်း တက်ခေါက်လိုက်မိသည်။

ထိုစဉ်....

'ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသထွက်နေရတာလဲ ဗျာ....'

အေးတိအေးစက် စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

စန်းကျင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

အနောက်ဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်၏။

ထိုအခါ တုံကျောင်းပျက် တံခါးဝ၌ လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

'အမာရွတ်'

စန်းကျင်း လွှတ်ခနဲ ခေါ်လိုက်၏။

မှန်ပေသည်၊ အမာရွတ် ရောက်ရှိလာပြီ ဖြစ်လေသည်။

စန်းကျင်း ဆတ်ခနဲ ထရပ်လိုက်သည်။

အမာရွတ် လှမ်းဝင်လာသဖြင့် သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိလိုက်ကြလေတော့သည်။

* * *

စန်းကျင်း၏ ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာသည်။

သူ၏ သားနှင့်သမီး သေဆုံးသွားရသည့် အဓိက လက်သည် တရားခံမှာ မည်သူမည်ဝါ ဖြစ်သည်ကို သူ ကောင်းစွာ ရိပ်မိလိုက်ပြီ ဖြစ်လေသည်။

ထိုလူမှာ အမာရွတ် ဖြစ်နေသည် မဟုတ်ပါလား။

ဒေါသကြောင့် သူ၏ တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ် နေခြင်းတည်း။

အမာရွတ်ကို စိုက်ကြည့်ရင်း....

'မင်း....မင်း ယုတ်မာလှချည်လား'

ဟု ပြောလိုက်လေသည်။

အမာရွတ် ပြုံးလိုက်သည်။



'ကျုပ်က ကျုပ်အပေါ် ဆက်ဆံသလို ပြန်ပြီး ဆက်ဆံတတ်တယ်ဆိုတာ ခင်ဗျား မသိသေးပဲကိုး'

'ဘာ....ဘာကွ'

'ဘယ်သူက အရင်စပြီး ယုတ်မာခဲ့တာလဲ၊ ပြောစမ်းပါဦး'

'ငါက ယုတ်မာတယ် ဟုတ်လား'

'ဟုတ်တယ်၊ ခင်ဗျား လက်ချက်ကြောင့် ကျုပ်ဟာသေလု မြောပါး ဒဏ်ရာရခဲ့တက်၊ ကျုပ်က ဆေးကုနေတုန်းမှာပဲ ခင်ဗျားက ကျုပ်ကို ရှင်းပစ်ဖို့ လူသုံးယောက်ကို လွှတ်လိုက်တယ် မဟုတ်လား'

'ဘာပြောတယ်'

စန်းကျင်း၏အသံ ဟိန်းထွက်လာလေသည်။

အမာရွတ်က....

'ခင်ဗျားရဲ့ ယုတ်မာမှုလေဗျာ၊ ခင်ဗျားလွှတ်လိုက်တဲ့ လူတွေဟာ ကျုပ်ရဲ့အသက်ကို ကယ်တင်ခဲ့တဲ့အသက်သခင် ကျေးဇူးရှင် အဘိုးအိုရှမ်းကို သတ်ပစ်လိုက်ကြတယ်၊ ဒါကြောင့် ကျုပ်က ခင်ဗျားကို လက်တုံ့ပြန်ဖို့ စီစဉ်လိုက်တာပဲ၊ ခင်ဗျား အလှည့်ကျတော့ ခင်ဗျား သိပြီပေါ့ မဟုတ်လား၊ ဟား....ဟား....ဟား'

ပြောပြီး သူ သဘောကျစွာ ရယ်မောလိုက်လေသည်။

စန်းကျင်း ခေါင်းယမ်းလိုက်သည်။

'မှားပြီ၊ မင်း မှားပြီ၊ ငါက ဘယ်သူ့ကိုမှ မလွှတ်ခဲ့ဘူး'

'သူတို့ကိုယ်တိုင် ဖွင့်ပြောသွားတာ ခင်ဗျား ငြင်းလို့ အပိုပဲ'

အမာရွတ်က လက်မခံဘဲ ပြန်အော်သည်။

စန်းကျင်း အံကြိတ်လိုက်သည်။

'တောက်....မင်းဟာ သူများရဲ့ ဘောင်ချောက်ထဲကျခဲ့ပြီ ဆိုတာ မှတ်ထားစမ်းပါ၊ မင်းရဲ့ ရက်စက်ယုတ်မာမှုကြောင့် မင်း သေရမယ်ဆိုတာ မှတ်ထား'

အော်ဟစ်ရင်း တိုက်ခိုက်ရန် အသင့်ပြင်လိုက်လေသည်။

အမာရွတ် ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားရဲ့ ယုတ်မာမှုကိုလဲ ခင်ဗျား ခံစားရမယ်'

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြသည်။ နှစ်ယောက်စလုံး ဓားတစ်လက်စီ ကိုင်ဆောင်ထားကြပြီး ဖြစ်သည်။ လေပြည်လေညင်း ဝှေ့ယမ်း တိုက်ခတ်လာသည်။

အပြင်ဘက်မှ သစ်ရွက်ကြွေကျသံများ ထွက်ပေါ်လာ၏။

ရှတ်တရက်....

'ယား....'

ဘုံကျောင်းအတွင်းမှ ညာသံပေးသံများ ထွက်ပေါ်လာသည်။

စန်းကျင်းနှင့် အမာရွတ် တစ်ယောက်ကို တစ်ယောက် ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြလေတော့သည်။

* * *



'ဝုန်း....'

'ချွမ်း....'

ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

အမာရွတ်နှင့် စန်းကျင်းတို့ ပြင်းထန်စွာ တိုက်ခိုက်နေကြလေသည်။

သူတို့နှစ်ယောက်သည် တစ်ကြိမ် ရင်ဆိုင်ခဲ့ကြပြီးဖြစ်သည်။ ထိုစဉ်ကလည်း တစ်ညလုံး ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြရ၏။ နောက်ဆုံး မိုးသောက်ရောင်နီ ထွက်လာချိန်ရောက်မှ အမာရွတ် ရှုံးနိမ့်သွားခဲ့သည်။

စန်းကျင်းလည်း မသက်သာလှချေ။ သူတို့၏ သိုင်းအားများ ဆုံးရှုံးခဲ့သဖြင့် သိုင်းလောက၌ ရပ်တည်နိုင်ရန်ပင် မလွယ်တော့ချေ။

သို့သော် သူတို့သည် အစွမ်းထက်မြက်သော ဆေးကောင်းဝါးကောင်းများ မှီဝဲကြရသဖြင့် မမျှော်မှန်းနိုင်လောက်အောင်ပင် အချိန်တိုတိုအတွင်း လူကောင်း ပကတိ ဖြစ်လာခဲ့လေသည်။

မည်သို့ဆိုစေ သူတို့နှစ်ယောက်၏ အခြေအနေမှာ တစ်ယောက်ကိုတစ်ယောက် ပြတ်ပြတ်သားသား အနိုင်ယူနိုင်လောက်သည့် အခြေအနေ မရှိပါ။

စန်းကျင်းနှင့် အမာရွတ်တို့သည် ရှိသမျှ ခွန်အား အကုန်ထုတ်ကာ ပြင်းထန်စွာ တိုက်လိုက်နေကြလေသည်။

'ဝုန်း....'

'အား....'

'အမယ်လေး'

စူးရှသော အသံများ ထွက်ပေါ်လာ၏။

အမာရွတ်နှင့် စန်းကျင်းတို့ နောက်သို့ ပြိုင်တူ ဆုတ်လိုက်ကြ၏။

သူတို့၏ ကိုယ်ပေါ်ဝယ် ဓားဒဏ်ရာများ ရသွားကြပြီ ဖြစ်သည်။

မည်သို့ဆိုစေ ဒဏ်ရာရရုံဖြင့် သူတို့၏ တိုက်ပွဲ အဆုံးသတ်သွားမည် မဟုတ်ပါ။

'ယား....'

ညာသံများပေးကာ နှစ်ယောက်သား ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြပြန်လေတော့သည်။

တိုက်ပွဲမှာ တစ်စတစ်စ ပြင်းထန်လာသည်။

အရှုံးအနိုင် သဲကွဲစ ပြုလာ၏။

ဒေါသနှင့် အမုန်းတရားသည် စန်းကျင်းအတွက် ခွန်အားများ ဖြစ်လာစေသည်။

ထို့ကြောင့် သူ၏ ပြင်းထန်သော တိုက်ကွက်များသည် အမာရွတ်အား ရှုံးနိမ့်ခြင်းသို့ ဦးတည် သွားစေတော့သည်။

သူတို့နှစ်ယောက် လူချင်း ပူးကပ်သွားပြီး....

'အား....'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာ၏။

ချက်ချင်းပင် လူချင်းကွဲသွား၏။

စန်းကျင်းအား မလှုပ်မယှက် ရပ်လျက်....

အမာရွတ်၏ ခန္ဓာကိုယ် ဆတ်ဆတ် တုန်ယင်နေ၏။



'ခြင်'

သူ၏ လက်ထဲမှ ဓားသည် မြေပေါ်လွတ်ကျသွား၏

သူ၏ ခန္ဓာကိုယ်လည်း တအိအိ ကွေးညွတ်ကာ ဒူးထောက်ကျသွား၏။

မားမားမတ်မတ် ရပ်တည်နိုင်စွမ်း မရှိတော့....

'ခင်....ခင်ဗျား'

စန်းကျင်းအား မယုံကြည်နိုင်စွာ ကြည့်ကာ ရေရွတ်မိသည်။

စန်းကျင်းက....

'မင်းအတွက် နောင်တရဖို့ အချိန်မရှိတော့ဘူး'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

အမာရွတ် အံကြိတ်လိုက်သည်။

မတ်တတ်ရပ်ရန် ကြိုးစားအားယူလိုက်၏။

စန်းကျင်း၏ မျက်ဝန်းထဲဝယ် သားနှင့် သမီး တို့၏ အလောင်းများကို မြင်ယောင်လာသည်။

ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ရှေ့တိုးသွားသည်။

အမာရွတ်က သူ့အား မမှိတ်မသုန် ကြည့်နေသည်။

'သွားစမ်း'

စန်းကျင်း၏ အော်ဟောက်သံ ထွက်ပေါ်လာ၏။

သူ၏ လက်တစ်ဘက် အပေါ် မြောက်တက် သွား၏။

ဓားရောင်တစ်ချက် ဝင်းခနဲ လက်သွားပြီ။

'အား....'

အမာရွတ်၏ အသံနက်ကြီး ထွက်ပေါ်လာလေတော့သည်။

*　　*　　*

'ခြွမ်း....'

စန်းကျှင်း၏ လက်ထဲမှ ဓားလွတ်ကျသွား၏။

သူလည်း မဟန်နိုင်တော့ဘဲ မြေပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

အမာရွတ်ကား သေဆုံးသွားချေပြီ။

ထို့နည်းတူ မိုက်မည်းလှသည့် သူ၏ သားနှင့် သမီးကို လည်း ပေးဆောက်ခဲ့ရသည် မဟုတ်ပါလား။

အမာရွတ်က သူ့အားရန် ရှာလာသည်မှာ တစ်စုံတစ် ယောက်၏ ခိုင်းစေမှုကြောင့် ဖြစ်ပေသည်။

အမာရွတ်အား ခိုင်းစေသူမှာ မည်သူ ဖြစ်ပါသနည်း။

ထိုလူအား ဖော်ထုတ်ရပေလိမ့်မည်။

ထိုသို့ ဖော်ထုတ်နိုင်ရန် သူ့အတွက် အနားယူဖို့ လိုအပ် နေ၏။

ဒဏ်ရာ ဗရပွ ရရှိထားခြင်းကြောင့်လည်းကောင်း၊ သား နှင့် သမီး သေဆုံးသောကြောင့်လည်းကောင်း သူ အနားယူ နိုင်ပါဦးမည်လော၊

စန်းကျှင်း ခေါင်းငိုက်စိုက် ကျသွား၏။



သူ၏ ဘဝသည်ကား အသက်ရှင်လျက် သေဆုံးနေသူ တစ်ယောက်နှင့် မခြားတော့ပြီ။

ထိုစဉ်....

'ဟား ဟား ဟား'

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်....'

စန်းကျှင်း လွတ်ခနဲ ရေရွတ်လိုက်၏။

နောက်သို့ ချ ခနဲ လှည့်ကြည့်မိ၏။

ထိုအခါ လူသုံးယောက် လှမ်းဝင်လာကြသည်ကို တွေ့ မြင်လိုက်ရလေသည်။

ထိုလူသုံးယောက်မှာ ကျန်းချစ်၊ ရှမ်းယို့ချူးနှင့်စုအိမ်းတို့ ဖြစ်ကြပေသည်။

မိတ်ဆွေ သုံးယောက် ရောက်ရှိလာသည်ကို မြင်လျှင် စန်းကျှင်း ဝမ်းသာအားရ ဖြစ်သွားလေသည်။

ထိုင်ရာမှ အားယူ ထ လိုက်ပြီး....

'အမာရွတ်ကို ကျုပ် ရှင်းပစ်လိုက်ပြီဗျ'

ဟု ပြောလိုက်၏။

စုအိမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ အမာရွတ်ဟာ နောက်ဆုံးတော့ မရှုမလှ ဇာတ်သိမ်းသွားရမှာပါပဲ'

ဟု ပြောလေသည်။

စန်းကျှင်းက....

'သူက ကျုပ် သားနဲ့ ကျုပ် သမီးကို...'

သူ၏ စကားမဆုံးမီ ရှမ်းယို့ချူးက ကြားဖြတ် ပြောလိုက်၏။

'သူတို့က အရည်အချင်းမှ မရှိတာ'

'ဘာ....ဘာပြောတယ်'

'သူတို့က ခင်ဗျား အရှိန်အဝါနဲ့ ထင်ရာ လျှောက်လုပ်နေကြတာကိုး'

'ခင်....ခင်ဗျား....'

စန်းကျင်း ဒေါပွသွားလေသည်။

ရှမ်းယို့ချူးက....

'တကယ်ဆိုရင် ခင်ဗျားဟာ ကိုယ့်ဘာသာ အေးအေးဆေးဆေး နေခဲ့ဖို့ ကောင်းတယ်ဗျ' .

'ဘာ....'

'ခင်ဗျားက ညာတီလူးဂိုဏ်းချုပ် ယန့်ဝှက်သို့ ခေါ်တဲ့ ပင့်ကူရဲ့ နောက်က လူတွေကို ဖော်ထုတ်ဖို့ ကြိုးစားခဲ့တာကြောင့် အခုလို ဒုက္ခရောက်ရတာပေါ့ဗျာ'

စန်းကျင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

အခြေအနေ အရပ်ရပ်ကို သူ နားလည် သဘောပေါက်လာပြီ ဖြစ်လေသည်။

ရှမ်းယို့ချူး၊ စုအိမ်းနှင့် ကျန်းချစ်တို့က သူ့အား စိုက်ကြည့်နေကြ၏။

သို့သော် ဒဏ်ရာပြင်းစွာရထားသည့် မိတ်ဆွေတစ်ယောက်အား ကူညီမည့် အကြည့်မျိုး မဟုတ်ပါ။



သားရဲတိရစ္ဆာန်များ၏ အကြည့်နှင့် တူလှပေတော့သည်။

စန်းကျင်း အံကြိတ်လိုက်သည်။

'လက်စသတ်တော့ မင်းတို့ကိုး'

ဟု ရေရွတ်လိုက်လေသည်။

စုအိမ်းက....

'မင်း နောက်ကျသွားပြီ'

ဟု ပြောလိုက်၏။

စန်းကျင်းက....

'မင်းတို့ ဘာကြောင့် ဒီလိုလုပ်ကြတာလဲ'

'ငွေ....ငွေကြောင့်ပေါ့'

စုအိမ်းက မခိုးမခန့် ပြော၏။

ရှမ်းယို့ချူးက....

'ပင့်ကူကို ငါတို့ အသုံးချခဲ့တယ်လေ၊ ပင့်ကူ လုယက်လို့ရတဲ့ ငွေတွေနဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်တယ်၊ ကျန်းချစ်က အာမခံဌာန ထောင်တယ်၊ တစ်ခါတစ်ခါ ငါတို့ကိုယ်တိုင်တောင် လုယက်မှုတွေ ဝင်ပြီး ကျူးလွန်ကြသေးတယ်လေ၊ ဒါကြောင့် ပင့်ကူရဲ့ နောက်က လူတွေကို ဖော်ထုတ်မယ်ဆိုတာ ငါတို့ ဘယ်လိုလုပ် လက်ခံနိုင်မှာလဲ'

'မင်း....မင်းတို့ လူယုတ်မာတွေပဲ'

'မင်း ကြိုက်သလို ပြောနိုင်ပါတယ်ကွာ'

ရှမ်းယို့ချူးနှင့် စုအိမ်းနှင့် ကျန်းချစ်တို့ ဝေ့တိုးလာကြလေသည်။

စန်းကျင်း အံကြိတ်လိုက်သည်။

မြေပေါ် လွတ်ကျ ခဲ့သော သူ၏ဓားကို ကောက်ယူလိုက်သည်။

ထိုစဉ်မှာပင် ရှမ်းယို့ချူး ဟို့ ကလည်း ဓား ကိုယ်စီဆွဲထုတ် လိုက်ကြလေသည်။

ရုတ်တရက် ဓားရောင်များ ဝင်းလက်သွား၏။

မရှေးမနှောင်းမှာပင်

'အား'

စူးရှသော အော်ဟစ်သံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထို့နောက် ဘုံကျောင်းပျက် တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက် သွားလေတော့သည်။

* * *

## အန္တရာယ်မျဉ်း

'ဟား ဟား ဟား'

'ဟွား ဟား ဟား'

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ် လာလေသည်။



သစ်လုံးအိမ်ကလေး အပြင်ဘက်ရှိ သစ်ပင် တစ်ပင်တွင် နားခို နေသည့် ငှက်ကလေး တစ်ကောင် လန့်ဖျန့်ကာ အဝေးသို့ပျံပြေးသွား၏။

သစ်လုံးအိမ် ကလေး အတွင်းရှိ စားပွဲတစ်လုံးတွင် လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

လူသုံးယောက်မှာ ရှမ်းယို့ချူး၊ ကျန်းချစ်နှင့် စုအိမ်းတို့ ဖြစ်ကြသည်။

သစ်လုံးအိမ် အပြင်ဘက်ဝယ် မြင်းလှည်းတစ်စီး ရပ်တန့်ထား၏။

မြင်းလှည်းပေါ်ဝယ် သံသေတ္တာကြီး တစ်လုံး တင်ထား၏။

မြင်းလှည်းမောင်းသူကား မရှိ။

စုအိမ်းတို့လူစု သဘောကျစွာ ရယ်မောလိုက်ပြီး ရှမ်းယို့ချူး ငှဲပေးသော အရက် တစ်ခွက်စီ သောက်ချလိုက်ကြလေသည်။

စုအိမ်းက

'အန္တရာယ်တွေ အားလုံး ရှင်းသွားပါပြီဗျာ'

ဟု ပြောလိုက်လေသည်။

ရှမ်းယို့ချူးနှင့် ကျန်းချစ်တို့ ခေါင်းညိတ် လိုက်ကြသည်။

'ဟုတ်ထယ်၊ ကျုပ်တို့ကို ဘယ်သူမှ ဒုက္ခမပေးနိုင်ကြတော့ဘူး'

'အဓိက ကျတဲ့ စန်းကျင်းကို ရှင်းပြီးမှတော့ အေးပြီ ပေါ့ဗျာ'

စုအိမ်းက....

'ကျုပ်တို့က လုပ်ငန်းတွေ ဖျက်ပြီး ဝေစုခွဲယူကြမလား၊ ဒါမှမဟုတ် ဟန်မပျက် ဆက်နေသွားကြမလား'

ဟု မေးလိုက်သည်။

ကျန်းချစ်က....

'ဆက်လုပ်ကြတာပေါ့'

ဟု ပြောလိုက်လေသည်။

သူသည် ကျား အာမခံ ဌာနကို ဦးစီးခဲ့သူ ပီပီ ငွေပင် ငွေရင်းဖြင့် ရင်းနှီးလုပ်ကိုင်ခြင်းဖြင့် အကျိုးအမြတ် များစွာ ရသည်ကို နားလည် သဘောပေါက်ထားပြီး ဖြစ်သည်။

ရှမ်းယို့ချူးက သဘောမတူပါချေ။

'ကျုပ်ကတော့ ဝေစုခွဲလိုက်ချင်တယ်'

စုအိမ်း၏ ဆုံးဖြတ်ချက်သာ လိုပေတော့သည်။

စုအိမ်း ပြုံးလိုက်သည်။

'ကောင်းပြီ၊ ဝေစုခွဲချင်တယ်ဆိုရင် ဝေစုရမှာပေါ့ဗျာ'

စကားဆုံးလျှင်သူ၏လက်တစ်ဘက် လျှပ်တစ်ပြက်လှုပ်ရှား လိုက်သည်။

ဓားရောင် တစ်ချက် ဝင်းခနဲ လင်းသက်သွားလေသည်။

'အား'

ရှမ်းယို့ချူး စူးရှစွာ အော်ဟစ်လိုက်သည်။

စုအိမ်းကို မယုံကြည်နိုင်စွာ ကြည့်ရင်း....



'ခင်....ခင်ဗျား'

စကားဆုံးအောင် မပြောနိုင်တော့ချေ။

စားပွဲပေါ် မှောက်လျက်လဲကျကာ သေဆုံး သွားတော့ သည်။

စုအိမ်းက ကျန်းချစ်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ကျန်းချစ်က

'သူက အခြေအနေကိုမှ နားမလည်ဘဲကိုး'

ဟု ပြောလေသည်။

စုအိမ်းက....

'ခင်ဗျားကော'

'ကျုပ်က ခင်ဗျားရဲ့ မဟာမိတ်ပေါ့ဗျာ'

'ဟား....ဟား....ဟား'

သူတို့နှစ်ယောက် သဘောကျစွာ ရယ်မောလိုက်ကြ၏။

စုအိမ်းက အရက်နှစ်ခွက် ငှဲ့လိုက်ပြီး တစ်ခွက်ကို ကျန်းချစ်ထံ ကမ်းပေးလိုက်၏။

'ကျုပ်တို့ မဟာမိတ်ဖြစ်တဲ့ အထိမ်းအမှတ်နဲ့ သောက် လိုက်ကြရအောင်'

'ကောင်းပြီလေ'

သူတို့နှစ်ယောက် ပြိုင်တူ မော့သောက်လိုက်ကြလေသည်။

အရက်သောက်ပြီး အရက်ခွက်ကို ပြန်လည် ချထားလိုက် သည်နှင့် စုအိမ်း၏ လက်တစ်ဘက် သွက်လက်စွာ လှုပ်ရှား သွားလေသည်။

ဓားရောင် ဝင်းခနဲ လင်းလက်သွား၏။

'အင့်....'

ညည်းသံတစ်ချက် ထွက်ပေါ်လာ၏။

ကျွန်းချစ် ထိုင်ရာမှ ထရပ်လိုက်၏။

သူ့အား မျက်လုံးပြူးကာ ကြည့်နေသည့် စုအိမ်းအား ပြုံးပြလိုက်သည်။

'ရှမ်းယို့ချူး ခံလိုက်ရကတည်းက ကျုပ်အလှည့်ရောက်လာနိုင်တယ်ဆိုတာ သိတယ်လေဗျာ၊ ကျုပ်က ရှမ်းယို့ချူးလို အ,တဲ့လူ မဟုတ်ဘူးဗျ'

ဟု ပြောလိုက်၏။

စုအိမ်း၏ ရင်ဝ၌ ဓားတစ်လက် စိုက်ဝင်နေသည်။

ကျွန်းချစ်၏ဓား ဖြစ်လေသည်။

ကျွန်းချစ် ထိုင်ရာမှ ထလိုက်သည်။

ရှမ်းယို့ချူးသည် လည်းကောင်း၊ စုအိမ်းသည် လည်းကောင်း သေဆုံးနေကြပြီ ဖြစ်လေသည်။

မြင်းလှည်းပေါ်မှ ရတနာသေတ္တာသည် သူ တစ်ယောက်တည်း အပိုင်ဖြစ်ချေပြီ။

ကျွန်းချစ် သဘောကျစွာ ပြုံးလိုက်သည်။

ဦးခေါင်းကို အပေါ်သို့ မော့ကာ....

'ဟား....ဟား....ဟား'

သဘောကျစွာ ရယ်မောလိုက်၏။

သစ်လုံးအိမ်ကလေး အပြင်ဘက် လှည့်ထွက်လိုက်၏။

အိမ့်တံခါးပေါက်ရောက်လျှင် သူ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။



ရယ်မောသံ တစ်ဝက်တစ်ပျက်ဖြင့် ရပ်သွားသည်။

သူ၏ လက်နှစ်ဘက်သည် သူ၏ ရင်ဝကို ဖိလိုက်မိ၏။

ရင်ထဲဝယ် မခံမရပ်နိုင်အောင် ပူလောင်လာသည် မဟုတ်လား....။

အူအသည်း ကလီစာများပင် ပြတ်ထွက်ကုန်ပြီဟု ခံစားရသည်။

အဘယ့်ကြောင့် ထိုသို့ ခံစားနေရပါသနည်း။

အဖြေရှာရင်း နောက်ဆုံးတွင် ရှမ်းယို့ချူး၏ အရက်ကို သောက်မိခဲ့ကြောင်း သတိရလာ၏။

အရာရာအားလုံး နောက်ကျသွားပြီ ဖြစ်သည်။

ငွေတည်းဟူသော အန္တရာယ်မျဉ်းပေါ်၌ လျှောက်လှမ်းနေကြသူများသည်....။

(ပြီး၏။)

ဝဏ္ဏအောင်